ဆုထူးပန် ဆရာတော်

အရှင်နာယက

# ကျောင်းထိုင်ဘုန်းကြီးရေးရာ

ပဒေသာ

(အဌမအကြိမ်)



ဆုထူးပန် ဆရာတော် အရှင်နာယက

ဗုဒ္ဓသာသန ဒီဃဘာဏက – ဒီဃနိကာယကောဝိဒ ( တိပိဋကဓရ )

သာသနဓဇ သိရီပဝရ ဓမ္မစရိယ ( ပါဠိတက္ကသိုလ် )

ဆုထူးပန် ဆရာတော်
အရှင် နာယက

ဒီဃနိကာယကောဝိဒ (တိပိဋက)

# ကျောင်းထိုင်ဘုန်းကြီးရေးရာ ပဒေသာ

အဋ္ဌမအကြိမ်

မြင်သာစာပေ ဖြန့်ချိရေး

အမှတ် ၁၅၈၊ အခန်း(၁) ၁၀ လမ်း
အုပ်စု (၉) မြင်သာစုပေါင်းအိမ်ရာ
တောင်ဥက္ကလာ၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် ၃၈၂/ ၉၁ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၀/၉ (၉)

၁၉၉၁ - ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ - ၂၀၀၀
ပန်းချီ - နေလင်း
ဘလောက်ကာလာ မောင်ဝင်း
တန်ဖိုး -

ထုတ်ဝေသူ
ဦးသန်းညွန့် (၀၆၈၇)
လက်ရွေးစင်စာပေ
၅၂၀၊ ဇောတိကလမ်း၊ ၁၆ ရပ်ကွက်
သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။

မျက်နှာဖုံး ကာလာမောင်ဝင်း ပုံနှိပ်တိုက်။

အတွင်းစာသားပုံနှိပ်သူ
ဦးချစ်သိမ်း (၀၃၃၂၀) သဇင်နီပုံနှိပ်တိုက်
အမှတ် ၁၄၈၊ ၂၂ လမ်း၊ ၁၂ ရပ်ကွက်၊
တောင်ဥက္ကလာ၊ ရန်ကုန်မြို့။
ဖုန်း - ၅၆၆၆၁၆
မှူပိုင် (ဒေါ်လှကြွယ်)

# ကတညုတာ; ကတဝေဒီ

၂၄ ပစ္စည်း ပဋ္ဌာန်းနည်းဖြင့် စစ်ကြောဝေဖန်လျှင် ရန်သူသည်ပင် မိမိ၏ ကျေးဇူးရှင်ဖြစ်ရကား လောက တစ်လွှား၌ ကျေးဇူးရှင် မဟုတ်သော သက်ရှိ,သက်မဲ့ အရာဟူ၍ ဘာတစ်ခုမျှ မရှိပါ။

ထို့ကြောင့်

* ရတနာသုံးပါး ကျေးဇူးရှင်များကိုလည်းကောင်း။

* လက်ဦးဆရာ မည်ထိုက်စွာသား, ပုဗ္ဗာစရိယ မိနှင့်ဘဟု နှစ်ဝသော ကျေးဇူးဂုဏ်အင် အနန္တမေတ္တာရှင်များကို လည်းကောင်း။

* တစ်လုံး, တစ်ဂါထာ, တစ်ပါဒမှစ၍ တ,န,ပဲ့ပြင် သွန်သင်ပေးတတ် ဆရာအရှင်မြတ်တို့ကိုလည်းကောင်း။

* ကိစ္စကြီးငယ် အသွယ်သွယ်အဝဝ၌ ဖေးဖေးမမ မေတ္တာမျှ၍ တကွစိတ်ထား မိတ်ဆွေများ, ဉာတကာများ, ဒကာ, ဒကာမများကိုလည်းကောင်း။

* ထိုမှတစ်ပါး ဂဏန်းသား၍ ပိုင်းခြား မပြနိုင်သည့် အနန္တများဖြင့် ကျေးဇူးရှင် မှန်သမျှတို့ကိုလည်းကောင်း။

မိမိထက် အသက်သိက္ခာ ဂုဏ်ဝါအားဖြင့် ကြီးဘိမှု ဦးနှိမ်မာန်လျှော့ မြတ်နိုးစွာ ကန်တော့ပါ။

မိမိအောက်ငယ်ပါမူ ကရုဏာနှင့်မေတ္တာဆင့်ကာ ပွားများပါ၏။

အရှင်နာယက

# ကျောင်းထိုင်ဘုန်းကြီးဟူသည်

ကျောင်းထိုင်ဘုန်းကြီးဟူသည်ကား အတ္တ, ပရ နှစ်ဝသော အကျိုးကို ထမ်းရသော ဘုရားရှင်၏သားတော်ပင် ဖြစ်ပေသည်။ ဘုရားရှင် ပွင့်တော်မူပြီးစ စောစောပိုင်းက ကျောင်းထိုင်ဘုန်းကြီးဟု ရှိခဲ့သေးဟန် မတူပါ။ ရဟန်းတော်များ အားလုံးပင်လျှင် တစ်ခု တည်းသောကျောင်း၌ အမြဲနေထိုင် သီတင်းသုံးလေ့မရှိဘဲ တစ်တောမှ တစ်တော, တစ်ရွာမှ တစ်ရွာ သပ္ပာယမျှရာသို့ လှည့်လည်ကာသာလျှင် မိမိကိုယ်တိုင်လည်း တရားကျင့်၍ သူတစ်ပါးတို့အားလည်း တစ်ဆင့် ဟောကြားရင်း ဒေသစာရီ ခရီးလှည့်နေခဲ့သည့် အလေ့သာ ရှိခဲ့ပေသည်။ ဤအလေ့မှာ အတော်ကြာပင် ရှည်ကြာစွာ တည်နေခဲ့ဟန် တူပေသည်။

နောင်အခါ ဗုဒ္ဓသာသနာသည်လည်း တဖြည်းဖြည်း စည်ပင် လာလေရာ မဇ္ဈိမဒေသနှင့် အပြည့်များပြားခဲ့သည်ဟု ဆိုနိုင်လောက် ခဲ့ပေသည်။ ဗုဒ္ဓသာသနာတော်၌ သက်ဝင်ယုံကြည်သူ လူအပေါင်း တို့သည် အစက ဖော်ပြခဲ့သည့်အတိုင်း ဒေသစာရီ လှည့်လည်ကြွချီ နေသော စနစ်အတိုင်းဆိုပါက ခရီးသွား ရဟန်းတော်များနှင့် ကြုံခိုက်ခဏသာလျှင် ကိုးကွယ်ဆည်းကပ်ခွင့်ရ၍ ထိုရဟန်းတော်များ

တစ်ဖန် ခရီးဆက်ကြပြန်လျှင် ကိုးကွယ်ဆည်းကပ်ခွင့် မရနိုင်ဘဲ ရှိရပြန်သည်။ ဤသို့ ကြုံကြိုက်ခိုက်သော ဆည်းကပ်ကိုးကွယ်ခွင့် ရရုံနှင့်သာသနာတော် အပေါ်ဝယ် ပုံအပ်၍ ယုံမှတ်ကြည်ညိုကြသော ဒကာ, ဒကာမများမှာ အားရတင်းတိမ်ခြင်း မဖြစ်နိုင်တော့ပါ။ အမြဲတစေ ကိုးကွယ် ဆည်းကပ်ခွင့်ကို သဒ္ဓါဆန္ဒအရ လိုလားလာကြပေသည်။

ရဟန်းတော်များအဖို့လည်း ခရီးလှည့်လည် သွားလာရင်း သာသနာပြုရခြင်းက ပို၍ ခရီးရောက်နိုင်ပေသည်။ သာသနာ့ ခေတ်ဦးပိုင်းကဆိုလျှင် ရဟန်းဦးရေ နည်းသေးသဖြင့် "စရထ ဘိက္ခဝေ စာရိကံ၊ ဒေသေထ ဘိက္ခဝေ ဓမ္မံ၊ မာဒွေ ဧကေန အာဂမိတ္ထ" ခရီးထွက်ကြ၊ တရားဟောကြ တစ်လမ်းတည်း နှစ်ပါးတွဲ၍ မကြွကြနဲ့ဟု နည်းနည်း ကျဲကျဲဝိုင်းစေသောနည်းကို သုံးခဲ့ရပါသည်။ ယခုအခါမူကား သာသနာပြု သံဃာဦးရေလည်း လိုသလောက် များများကို လက်ရွေးစင်ချည်း ရနိုင်သော အခြေအနေတွင် တည်ရှိနေပေပြီ၊ သာသနာတော်ကလည်း ဒေသအနှံ့ပြန့်၍တည်ပြီ၊ ဤအချိန်တွင် ကျောင်းထိုင်၍ သာသနာပြုရန် ခွင့်ပြုဖို့ အချိန်တန်ပေပြီ။ သို့သော် ကျောင်းထိုင် ဘုန်းကြီးအလုပ်ကား အလွန်ပင် အန္တရာယ်များလှပေသည်။ ကူးစက်ရောဂါသည်များ အကြား၌ အနီးကပ်ဝင်၍ ဆေးဝါးကုသ ပြုစုရသည့် ဆေးဆရာနှင့် တူပေသည်။ ကျောင်းထိုင် ဘုန်းကြီး ဆိုကတည်းက "ဂါမဝါသီ" ရွာနေ ရဟန်းဖြစ်နေချေပြီ။ ရွာဆိုက တည်းက "ဂါမ ဓမ္မ"ဖြစ်သည့် ကိလေသာ အနံ့တို့သည် ထိုကျောင်းထိုင် ဘုန်းကြီးထံသို့ ပျံ့၍လွင့်၍ လာကြပေရော့မည်၊

ဤအနံ့အသက်များကား ကူးစက်ရောဂါသည်များထံမှ အနံ့အသက် များတည်း။ အဆိပ်လည်း အလွန်ပြင်းထန်လှပေသည်။ ဤအနံ့ အသက်ကြောင့် သွေးတက်၍ သေချင်လည်း သေစေနိုင်သည်။ မသေသော်မှ နူနာရောဂါဖြင့် ခွေချင်လည်း ခွေစေနိုင်သည်။

ဤမျှ အန္တရာယ်ကြီးလှသော်လည်း အနာခံ၍ အသေခံ၍ မတိုက်လျှင် မည်သည့်စစ်ပွဲမျှ အောင်မြင်ရိုး မရှိခဲ့ပေ။ ထို့ကြောင့် အနာခံ, အသေခံ၍ တိုက်ရမည်။ သို့သော် မနာသင့်, မသေသင့်ဘဲ မနာစေရန် မသေစေရန် ကိုယ်ခံကောင်းများကို အကာအကွယ် ပေးရဦးမည်။ တစ်ဖက် ရန်သူအား အထိနာစေမည့် လက်နက်ကောင်း များကို တပ်ဆင်ပေးရမည်။ ကြိုတင်လေ့ကျင့်မှုများကို ကျင့်စေရမည်။ ထို့ကြောင့် ကျောင်းထိုင်၍ သာသနာပြုလိုလျှင် အောက်ပါအတိုင်း ကြိုတင်ပြင်ဆင်ကြဟု ဘုရားရှင် မိန့်တော်မူသည်။

| | | |
|---|---|---|
| ၁။ ဆယ်ဝါပြည့်ပြီး | = | မထေရ်ဖြစ်ရမည်။ |
| ၂။ ဝိဘင်းနှစ်ဖြာ | = | ဝိနည်းဒေသနာကို သေချာစွာ ကျွမ်းကျင်၍ သေနင်္ဂဗျူဟာတွင် ဆရာတင်ရသူဖြစ်ရမည်။ |
| ၃။ ကမ္မာကမ္မ | = | ဝိနည်းတော်လာ ကံကြီး, ကံငယ် အသွယ်သွယ်အဝဝကို နားလည် အောင် နည်းပရိယာယ်လည်း ကြွယ်ဝရပေမည်။ |

၄။ ခန္တကပုဒ် = တည်းဟူသော စူဠဝါ, မဟာဝါ ခန္ဓကဝတ်၌လာသော ကျင့်ဝတ်များကိုလည်း မချွတ်အောင် နားလည်ထားရမည်။

၅။ နာမ်ရုပ်ပိုင်ပိုင် = ဟောစွမ်းနိုင်လျက် ကိုယ်တိုင်, ကိုယ်ကျ ဝိပဿနာနည်းကို ရရုံ တင်မက သူတစ်ပါးတို့အားလည်း နားလည်အောင် ဟောပြနိုင်ရမည်။

အနည်းဆုံးအားဖြင့် ဤမျှပြည့်စုံလျှင်ကား ကျောင်းထိုင်၍ သာသနာပြုလေတော့ဟု ဘုရားရှင် ခွင့်ပြုတော်မူပါပေသည်။

ဤမျှဖြင့် ကျောင်းထိုင်ဘုန်းကြီး သမိုင်းအခြေပြကလေးမျှကို တင်ပြခဲ့လေပြီ၊ ဆုထူးပန်ဆရာတော်လေး အရှင်နာယက ပြုစုသော ဤ "ကျောင်းထိုင်ရေးရာ ပဒေသာကျမ်း"ကား သာသနာ့စစ်ပွဲ ဆင်နွှဲရာဝယ် အားသစ်အားကောင်းများဆင့်ကာ လောင်းပေးနိုင်လိမ့် မည်ဟု ထင်မြင်မိပေသတည်း။

ဘဒ္ဒန္တ နရိန္ဒာဘိဝံသ
သံတွဲမြို့။

# ကြည့်လွယ်စေရာ မာတိကာ

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | စာပြုဆရာတော်၏ နိဒါန်း | ... | ၁၇ |
| ၂။ | ပဏာမ | ... | ၂၃ |

အခန်း (၁)

| | | | |
|---|---|---|---|
| ၃။ | ကန်တော့ခန်းနှင့်ဆုပေးခြင်း | ... | ၂၇ |
| ၄။ | ငါးပါးသီလပေးပုံ | ... | ၃၀ |
| ၅။ | ရှစ်ပါး (ဥပုသ်) သီလပေးပုံ | ... | ၃၃ |
| ၆။ | အာဇီဝဋ္ဌမက သီလပေးပုံ | ... | ၃၅ |
| ၇။ | ကောမာရဗြဟ္မစရိယ သီလပေးပုံ | ... | ၃၇ |
| ၈။ | ၉-ပါး (နဝင်္ဂ) သီလပေးပုံ | ... | ၃၈ |

ဓမ္မဒေသနာ တရားဟောခန်း

| | | | |
|---|---|---|---|
| ၉။ | ဒါနတရား | ... | ၄၁ |
| ၁၀။ | ဒါန သက်သေ သုမနသုတ္တန် တရားတော် | ... | ၄၂ |
| ၁၁။ | ကောင်းကင်ပြင်ဝယ် စန်းလနှယ် | ... | ၅၂ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၂။ | ရိုးရိုးသန့်သန့် ဒါနအကြောင်းပြောရန် | ... | ၅၃ |
| ၁၃။ | သီလတရားတော် | ... | ၅၉ |
| ၁၄။ | သီလသက်သေ စက္ကုလ ညီနောင်ဝတ္ထု | ... | ၆၁ |
| ၁၅။ | သီလစိတ္တာန်မြတ်သစ္စံရောဂါပျောက်စေသည် | ... | ၆၄ |

အခန်း (၂)

| | | | |
|---|---|---|---|
| ၁၆။ | ဝိပဿနာ တရားတော် | ... | ၆၇ |
| ၁၇။ | ဝိပဿနာ ဘာကြောင့် လုပ်ရသလဲ | ... | ၆၈ |
| ၁၈။ | ဝိပဿနာမလုပ်ရင် ငရဲကျမလား | ... | ၆၉ |
| ၁၉။ | နေကာမျက်မှန်လေးနှင့်ဆိုတော့ | ... | ၇၀ |
| ၂၀။ | ဉာဏ်စဉ် လက်ာများ | ... | ၇၅ |
| ၂၁။ | ဉာဏ်စဉ်သာခကေ ပါဠိတော်အထကထာ ဋီကာပါဠိများ | ... | ၇၅ |
| ၂၂။ | ပစ္စုပ္ပန်မှစ၍ ရှုရကြောင်း | ... | ၈၀ |
| ၂၃။ | လက္ခဏာရေး ၃ ပါးတွင် ၁ ပါးမြင်လျှင် ၃ပါးမြင် | ... | ၈၁ |
| ၂၄။ | ငါးဖမ်းယောက်ျား အလားတူစွာ | ... | ၈၅ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၅။ | ဘယ, အာဒီနဝ, နိဗ္ဗိဒါဉာဏ်တို့ပုံ | ... | ၈၈ |
| ၂၆။ | မုဉ္စိတုကမျတာ, ပဋိသင်္ခါ, သင်္ခါရုပေက္ခာ ဉာဏ်တို့ပုံ | ... | ၈၈ |
| ၂၇။ | မဂ်ဝင်၍ နိဗ္ဗာန်ကိုမြင်ပုံ | ... | ၈၉ |
| ၂၈။ | နိဗ္ဗာန်ရောက်တယ်ဆိုတာ | ... | ၉၁ |
| ၂၉။ | ဝိပဿနာ ဘယ်လိုအားထုတ်မလဲ | ... | ၉၂ |
| ၃၀။ | သတိနှင့်ဘာကြောင့် ရှုမှတ်ရသလဲ | ... | ၉၃ |
| ၃၁။ | ဝိပဿနာပညာဆိုတာ တက္ကပညာမဟုတ် | ... | ၉၃ |
| ၃၂။ | ပညတ်ဖြင့်စ၍ ရှုရသလား | ... | ၉၅ |
| ၃၃။ | ဗုဒ္ဓဘာသာတွေ၏ အရေးကြီး ၃ပါး | ... | ၉၆ |
| ၃၄။ | အသုဘ တရား | ... | ၁၀၃ |
| ၃၅။ | တစ်နည်း အသုဘတရား | ... | ၁၀၆ |
| ၃၆။ | ဆွမ်းသွတ်တရား | ... | ၁၁၁ |
| ၃၇။ | ရေစက်ချမျှား | ... | ၁၁၄ |
| ၃၈။ | ရေစက်ချအတွက် နည်းပေးချက် | ... | ၁၁၉ |
| ၃၉။ | ရဟန်းခံ ရှင်ပြုတရားတော် | ... | ၁၂၅ |
| ၄၀။ | ဘာကြောင့် ငယ်ငယ်က ရဟန်းပြုရသလဲ | ... | ၁၃၃ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၁။ | ပရိတ်တရားတော် ... | ၁၃၈ |
| ၄၂။ | ပရိတ်ရွတ်ရန် စည်းမျဉ်းများ ... | ၁၃၈ |
| ၄၃။ | အနေကဇာတင်ရန် ... | ၁၄၅ |
| ၄၄။ | ဆွမ်းအလှူ တရားတော် ... | ၁၅၂ |
| ၄၅။ | ကထိန်တရားတော် ... | ၁၅၇ |
| ၄၆။ | ဘုရားရှင်၏ အာဏာကို နှတ်ပယ်နိုင်သော ကထိန် ... | ၁၅၉ |
| ၄၇။ | နိဗ္ဗုရိပ်ခွင် အတူဝင် ... | ၁၆၄ |
| ၄၈။ | ကထိန်တရား သက်သေဝတ္ထု ... | ၁၆၆ |
| ၄၉။ | ကျောင်းအလှူ တရားတော် ... | ၁၇၈ |
| ၅၀။ | ဆေးအလှူတရားတော် ... | ၁၈၄ |

## အခန်း (၃) ကမ္မာ ကမ္မ

| | | |
|---|---|---|
| ၅၁။ | ကထိန်ကံဆောင်ခြင်းနှင့် သိမှတ်ဖွယ်ရာ ... | ၁၉၁ |
| ၅၂။ | ကထိန်ကမ္မဝါစာ ... | ၁၉၅ |
| ၅၃။ | ဥပုသ်ပြုပုံ ... | ၁၉၆ |
| ၅၄။ | ဥပုသ် အမေးအဖြေ ... | ၁၉၇ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၅။ | ပဝါရဏာပြုပုံ အစုံစုံ | ... | ၂၀၇ |
| ၅၆။ | ပဝါရဏာ အမေးအဖြေ | ... | ၂၀၉ |
| ၅၇။ | ဒေသနာကြားပုံ အစုံစုံ | ... | ၂၁၉ |
| ၅၈။ | ဆန္ဒ ပါရိသုဒ္ဓိပေးပုံ, ဆောင်ပုံ | ... | ၂၂၀ |
| ၅၉။ | သင်္ကန်းအဓိဋ္ဌာန်တင်ပုံ အစုံစုံ | ... | ၂၂၁ |
| ၆၀။ | ဝိကပ်ပုံ, ဝိပန်ပုံ | ... | ၂၂၃ |
| ၆၁။ | ကမ္မဝါစာဖတ်ရာ၌ ဗျဉ္ဇနဗုဒ္ဓိများ | ... | ၂၂၄ |
| ၆၂။ | ကံပျက်သော ရွတ်ဖတ်နည်း, မပျက်သော ရွတ်နည်း | ... | ၂၂၆ |
| ၆၃။ | အန္တရာယ်ကင်း ကမ္မဝါစာများ | ... | ၂၂၇ |
| ၆၄။ | ပရိတ်အကျိုးပြ လင်္ကာများ | ... | ၂၃၉ |
| ၆၅။ | အရပ်ဆယ်မျက်နှာ စည်းချဂါထာ | ... | ၂၄၁ |
| ၆၆။ | လောကပါလ နတ်မင်းကြီးလေးပါးစောင့် ဂါထာ | ... | ၂၄၁ |
| ၆၇။ | ရှင်ပြုအစီအစဉ် | ... | ၂၄၄ |
| ၆၈။ | သာမဏေများ နာမည်ပေးခြင်း | ... | ၂၅၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၆၉။ | ပုတီးစိပ်ခေါ် ပစ္စဝေက္ခဏာ | ၂၅၁ |
| ၇၀။ | ရဟန်းခံ ဥပသမ္ပဒကံ အခန်း | ၂၅၂ |
| ၇၁။ | နာရသူကြည်ညိုဖွယ်ရာ ရဟန်းလောင်းဆုံးမခြင်း | ၂၅၂ |
| ၇၂။ | ဒွန် ရဟန်းလောင်း ဆုံးမခြင်း | ၂၆၇ |
| ၇၃။ | သုဒ္ဓ ဥပသမ္ပဒ ကမ္မဝါစာ | ၂၇၆ |
| ၇၄။ | ဒွန္န ဥပသမ္ပဒ ကမ္မဝါစာ | ၂၇၈ |
| ၇၅။ | ဩဝါဒပြုခန်း | ၂၇၉ |
| ၇၆။ | ကထိန်, သိမ် ပရိဝါသ် စသည် | ၂၈၃ |
| ၇၇။ | ဝိသုံဂါမ အမိန့်ခံ၍ သိမ်သမုတ်ခြင်း | ၂၈၄ |
| ၇၈။ | နယ်သိမ်း၍ သိမ်သမုတ်ခြင်း | ၂၈၅ |
| ၇၉။ | နိမိတ်တိုင်စိုက်ပြီးသော သိမ်ပုံ | ၂၈၉ |
| ၈၀။ | သိမ်နုတ်ရန် အကွက်ချပုံ | ၂၉၁ |
| ၈၁။ | သိမ်နုတ် ကမ္မဝါစာများ | ၂၉၂ |
| ၈၂။ | သိမ်သမုတ်ခြင်း | ၂၉၃ |
| ၈၃။ | သိမ်သမုတ် ကမ္မဝါစာများ | ၂၉၅ |
| ၈၄။ | သိမ်ကိုချဲ့၍ သမုတ်နိုင်ခြင်း | ၂၉၆ |
| ၈၅။ | ရေသိမ်နှင့်ပတ်သက်၍ သိမှတ်စရာ | ၂၉၈ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၆။ | ကံမပြုထိုက်သော ရေသိမ် | ၃၀၀ |
| ၈၇။ | ကံပြုထိုက်သော ရေသိမ် | ၃၀၁ |
| ၈၈။ | ပရိဝါသ် မာနတ်ဆောက်တည်ခန်း | ၃၀၂ |
| ၈၉။ | အဋ္ဌသမောဓာနပရိဝါသ် အစီအစဉ်များ | ၃၀၃ |
| ၉၀။ | ပရိဝါသ်ပေးခြင်း | ၃၀၃ |
| ၉၁။ | ပရိဝါသ် ဆောက်တည်ခြင်း ကြားခြင်း၊ ချထားခြင်း | ၃၀၅ |
| ၉၂။ | မာနတ်ကျင့်ရန် အစီအစဉ် | ၃၁၁ |
| ၉၃။ | အဗ္ဘာန်သွင်းရန် အစီအစဉ် | ၃၁၅ |

အခန်း (၄)

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၄။ | ဆက်ဆံရေးကဏ္ဍ | ၃၁၉ |
| ၉၅။ | အောင်မြင်သော ကျောင်းတိုင်ရဟန်း | ၃၂၇ |
| ၉၆။ | မေတ္တာ, ကရုဏာ သရုပ်ပေါ်အောင် | ၃၂၂ |
| ၉၇။ | ငါးရံ့မင်း ပရိတ် | ၃၂၅ |
| ၉၈။ | ဓာရဏ ပရိတ် | ၃၂၆ |
| ၉၉။ | ကပ္ပိ ကုဋိသမုတ်ရန် | ၃၂၉ |
| ၁၀၀။ | အာသီသ | ၃၃၁ |
| ၁၀၁။ | နိဂုံး | ၃၃၅ |
| ၁၀၂။ | အမျှဝေသော ရပါစေ | ၃၃၅ |

# နိဒါန်း

ဤစာအုပ်ကို "ကျောင်းထိုင်ဘုန်းကြီးရေးရာ ပဒေသာ"ဟု အမည်တပ်ထားပါသော်လည်း ကျောင်းထိုင်ဆရာတော် ဘုရားကြီးများနှင့် ကျောင်းထိုင်ဝါရင့်များအတွက် မရည်ရွယ်ပါ။ အခြေအနေအရ ဒကာ, ဒကာမများ၏ အကျိုးကို ရှေ့ထားကာ မေတ္တာ ကရုဏာများစွာဖြင့် စောင့်ရှောက်ပေးရင်း ကျောင်းထိုင်ဘုန်းကြီး ဖြစ်ရသော ကျောင်းထိုင်ပျိုနု အခြေပြုတို့နှင့် ကြီးပြင်းမှ ရဟန်းပြုကာ ကျောင်းထိုင်လုပ်ကြရသော ပရဟိတ (သူ့ကျိုးဆောင်) သာသနာပြု ရဟန်းတော်များအတွက်သာ ရည်ရွယ်ပါသည်။

ကျောင်းထိုင်ဘုန်းကြီးဟူသည် မိမိအကျိုးကို ထိုက်တန်သလောက် စွန့်လွှတ်၍ သူတစ်ပါးအကျိုး ဆောင်ရွက်သူများဖြစ်ရာ တော်ရုံတန်ရုံ စေတနာ မေတ္တာအနစ်နာခံရုံမျှဖြင့် ကျောင်းထိုင်ဘုန်းကြီး ဖြစ်မလာနိုင်ပါ။ ကျောင်းထိုင်ဘုန်းကြီး၏ တာဝန်ကြီးမားပုံကို မြင်တော်မူသော မြတ်စွာဘုရားသည် တစ်ကိုယ်တည်းနေ၍ တစ်ကိုယ်တည်းအလွတ်ရုန်းသော ရဟန်းတော်များအတွက်

(၁) ငါးဝါပြည့်ခြင်း၊

(၂) ဒွေမာတိကာကိုရခြင်း

(၃) ကံကြီးကံငယ်ကို နားလည်ခြင်းဟု အင်္ဂါ (၃) ရပ်ကိုသာ ပြတော်မူသော်လည်း ကျောင်းထိုင်ဘုန်းကြီး အတွက်ကိုမူကား

(၁) ဆယ်ဝါပြည့်တင်း

(၂) ဝိဘင်းနှစ်ဖြာ

(၃) ကမ္မာကမ္မ

(၄) ခန္ဓကပုဒ်

(၅) နာမ်ရုပ်ပိုင်ပိုင် ဟောစွမ်းနိုင် ကျောင်းထိုင်အင်္ဂါ ငါးဟု အင်္ဂါငါးရပ်ဖြင့် ကြီးမားစွာ သတ်မှတ်တော်မူပါသည်။ ကျောင်းထိုင်ဘုန်းကြီးကို တော်ရုံတန်ရုံမျှဖြင့် ဖြစ်ရန် ဘုရားရှင် မလိုလားပေ၊ ကျောင်းထိုင်ဘုန်းကြီး၏ တာဝန်ကား အများနှင့် စပ်နေသည်ဖြစ်၍ အလွန်ပင် ကြီးမားကျယ်ပြန့်လှပေသည်။

အထူးသဖြင့် ရာဇဝင် စာတင်ကတည်းက ဗုဒ္ဓသာသနာတော်ဖြင့် နိုင်ငံတော်ကို အဘက်ဘက်မှာ ပြုစုပျိုးထောင်ခဲ့ရသော ဤမြန်မာပြည်အတွက် ကျောင်းထိုင်ဘုန်းကြီး တာဝန်ကား ပို၍ပင် ကြီးမားလှပေသည်။ ဗုဒ္ဓသာသာ မြန်မာလူမျိုးတို့၏ နှလုံးသားတွင် ရာဇဝင်သမိုင်းနှင့်ချီ၍ ဗုဒ္ဓယဉ်ကျေးမှုများ ပျံ့နှံ့ စိမ့်ဝင်ပြီးဖြစ်ရာ ဗုဒ္ဓ၏အမွေကို ခံယူကြကုန်သော ရဟန်းတော်များနှင့် ၎င်းတို့၏ ဦးဆောင်ညွှန်ပြမှုများအပေါ်တွင် ပင်ကိုပြီး လိုက်နာလျက်သား ဖြစ်နေကြပါသည်။ ကျောင်းထိုင်ဘုန်းကြီးဟူသည် အနည်းဆုံး ကျေးရွာတစ်ရွာ၏ ခေါင်းဆောင်ဖြစ်၍ အများဆုံး တစ်နိုင်ငံလုံး ဟစ်သာသာလုံး၏ ခေါင်းဆောင်ထိ ဖြစ်နိုင်ပါသည်။ သူ၏တာဝန်မှာ သူ၏စွမ်းရည်ကို လိုက်၍ ကျယ်ဝန်းလှပါပေသည်။ ဤမျှတာဝန်ကြီးလှသော ကျောင်းထိုင်ဘုန်းကြီးများကို စနစ်တကျ လေ့လာသင်ကြား

ပေး၍ စနစ်ချကာ သာသနာပြုရလျှင် ဤမြန်မာနိုင်ငံသည် ရေဝယ်ပွင့်လန်း ရွှေကြာပန်းကဲ့သို့ အေးချမ်းသာယာ ငြိမ်သက်ပျော်ရွှင်စွာ တိုးတက် ထွန်းကားပေလိမ့်မည်ဟု ယုံကြည်ပါသည်။

ဤသို့ရေးလိုက်သဖြင့် စိတ်ကူးယဉ်လွန်း၍သာ ဘာသာရေးအတွေးသမားဟု ထင်နိုင်ပါသော်လည်း စိတ်ကူးယဉ်မက လက်တွေ့ကျကျ ဆောင်ရွက်ချက် ရှိခဲ့သည်ကိုလည်း သာဓကထုတ်နိုင်ပါသည်။ စာရေးသူ ဘုန်းကြီးကိုယ်တိုင် လွန်ခဲ့သော (၁၀)နှစ်လောက်က ညောင်ခြေထောက်ဟု အမည်ရှိသော ကျေးရွာတစ်ရွာ၌ ကျောင်းထိုင်ဘုန်းကြီး (၄)နှစ်တိတိ လုပ်ခဲ့ဖူးပါသည်။ ယခုလည်း ၎င်းကျေးရွာကို ကျောင်းထိုင် နေသည်နှင့်မခြား အရာရာ စောင့်ရှောက်ပေးနေရဆဲဖြစ်ပါသည်။ ၎င်းရွာ၌ အထက်ကျော်ကာလကပင် ရွာကွဲ၍ တောင်ကျောင်း မြောက်ကျောင်းဟု နှစ်ကျောင်း ကိုးကွယ်ကြသည်။ လူအချင်းချင်းလည်း ပူးပေါင်းလုပ်ကိုင် မရကြပါ။ စာရေးသူသည် တစ်ဘက်သောကျောင်းသို့ ကျောင်းထိုင်အဖြစ် ရောက်သွားခဲ့သည်။ စာရေးသူနှင့် ထိုရွာမှာ ကုသိုလ်ရေစက် ဆုံခဲ့ဟန်တူပါသည်။ ထိုရွာသို့ ရောက်သွားရသည်မှာ မိဘအိမ်သို့ ရောက်သွားရသလို စာရေးသူထင်မှတ်မိပါသည်။ ထိုရွာသူရွာသား နှစ်ဘက်များကို မည်သူငါ့ဒကာဟု ရွေးလည်းမရွေးမိ၊ မှတ်လည်းမမှတ်မိ၊ အားလုံးကို မိသားစုတစ်ခုတည်းလို ခင်မင်မိပါသည်။ ၎င်းတို့၌ ကျေးလက်တောရွာဖြစ်သည့်အလျောက် ချို့တဲ့ဆင်းရဲကြသော ဒုက္ခများကိုလည်း

သူတို့နှင့်ထပ်တူထပ်မျှ ခံစားမိပါသည်။ သူတို့ကို ကြည့်၍ အလိုလို ကရုဏာတရားတွေ ပွားမိပါသည်။ ဤအခြေခံဖြင့်ပင် ထိုရပ်ရွာနှင့် တကွ ပတ်ဝန်းကျင်ရွာများ၌ လိုအပ်နေသည့် ကျေးရွာတိုးတက်ရေး၏ အဓိကအကြောင်းဖြစ်သော ပညာရေးကို မြှင့်တင်လိုသဖြင့် ကိုယ်ထူ ကိုယ်ထ အလယ်တန်းကျောင်းကို စတင်ဖွင့်လှစ်ပေးပါသည်။ ၎င်းရပ်သူရွာသားတို့ကလည်း မိမိ၏မေတ္တာကို အစွမ်းကုန်တုံ့ပြန် လိုက်နာကြပါသည်။ ၎င်းကျောင်းမှာလည်း နှစ်နှစ်ကြာလျှင် အစိုးရ အလယ်တန်းကျောင်းအဖြစ် အစိုးရက တာဝန်ယူလိုက်ပါသည်။

ဤနည်းဖြင့်ပင် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးစသော လူမှုရေးတို့ကို ကိုယ်ထူကိုယ်ထနည်းဖြင့်ပင် ညွှန်ပြခေါင်းဆောင်လာရာ မအောင်မြင်သည် မရှိခဲ့ပါ။ တစ်ရွာလုံးလည်း ဘုန်းကြီးနှင့်အတူ တစ်သွေး တသားတည်းဖြစ်ကာ အလွန်ဝမ်းသာ ပျော်ရွှင်လျက် ရှိကြပါသည်။ သူတို့သည် ဘုန်းကြီးညွှန်ပြသမျှကို လိုက်နာ ဆောင်ရွက်ရန် အသင့်ရှိကြပါသည်။

ဤရွာ၌ ဤသို့ အောင်မြင်သလို အခြားရွာများ၌လည်း ကျောင်းထိုင် ဘုန်းကြီးများ၏ ကရုဏာ စေတနာပါသော ဆောင် ရွက်ချက်များသည် အောင်မြင်ကြပါသည်။ ဤအကြောင်းကြောင့် လည်း အထက်ပါစကားရပ်ကို ဆိုခဲ့ခြင်းဖြစ်ပါသည်။

ကျောင်းထိုင်ဘုန်းကြီး၏ အခန်းကဏ္ဍသည် ကြီးမားကျယ်ပြန့် လှပေရာ ကျောင်းထိုင်ဘုန်းကြီးများအား ကူညီလိုသော စိတ် စေတနာသည် စာရေးသူ၌ (ဘဝချင်းတူမို့ ခံစားချက် အတူတူဖြစ်

မိသည့် အားလျော်စွာ) စောစီးစွာကပင် ရှိခဲ့ပါသည်။ (အထူးသဖြင့် တောရွာများ၌ ကျောင်းထိုင်ကာ ဒကာ, ဒကာမများအား ကရုဏာ ရှေ့ထား စောင့်ရှောက်တော် မူကြသော မေတ္တာစေတနာဖြင့် အနစ်နာခံ ညီတော် နောင်တော်ကျောင်းထိုင် အရှင်မြတ်များအား စာရေးသူက ကိုယ်ချင်းစာ၍ အကူအညီ ပေးချင်နေပါသည်။)

အရှင်မြတ်များဘုရား

ဤစာအုပ်ငယ်သည် အရှင်မြတ်များ၏ ကရုဏာ ရှေ့ရှုလျက် သာသနာပြုရာတွင် အုပ်တစ်ချပ် သဲတစ်ဆုပ် အဖြစ်ဖြင့် အကူအညီ ပေးနိုင်အံ့ဟု ထင်မြင်မိပါသည်။ ထင်မြင်သည့်အတိုင်း အကူအညီ ပေးနိုင်ခဲ့ပါအံ့။ ဘုရားတပည့်တော် ဝမ်းသာရွှင်နပ် ရပါပြီ၊ အကယ်၍ များ ချွတ်ချော်တစ် လိုသည်ရှိမူ ဖြည့်စွက်ကာသာ ကရုဏာပွား မေတ္တာထားတော်မူပါဟူ၍–

ကျောင်းထိုင် ရဟန်းတော် အရှင်များ၏
မေတ္တာကရုဏာရိပ်ဝယ် မြန်မာပြည်သူပြည်သားများ
"ချမ်းမြေ့ပျော်ရွှင်နိုင်ကြပါစေ"

အရှင်နာယက
ဆုထူးပန် ဆရာတော်
(၁၃၃၉– ခု၊ ဝါခေါင်လဆန်း ၁၂ ရက်)
ရန်ကုန်မြို့။



## ကျောင်းထိုင်ဘုန်းကြီးရေရာ ပဒေသာ

### နမော ဗုဒ္ဓါယ သိဒ္ဓမ်

နတွာ ဝိနယဒေသန္တံ၊ သန္တကာယ ဝိနာယကံ။
ဒါနိ ပရိသုပဋ္ဌကာနံ၊ ရစယိဿံ ဓမ္မသင်္ဂဟံ။

ဝိနယဒေသန္တံ၊ ကိုယ်နှုတ်နှလုံး အယဉ်ကျေးဆုံးဖြစ်အောင် ဖော်ဆောင်ညွှန်ပြ ဓမ္မဦးကိုင် ဗဟိုမဏ္ဍိုင်ကြီး ဖြစ်တော်မူပေထသော။ သန္တကာယ ဝိနာယကံ၊ မိမိကိုယ်တိုင် မယိုင်မလည်း သိပ်သည်းတည်ငြိမ် ဣန္ဒြေရရ ချမ်းအေးမြလျက် ဝေနေယျကြာ သတ္တဝါနေ များသမုတို့ကို ကိုယ်စိတ်နှစ်ဖြာ အေးချမ်းသာအောင် ဖော်ဆောင်ညွှန်ကြား လမ်းပြသမားကြီးဖြစ်တော်မူထသော သုံးလောကထွတ်တင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ နာယကဟု နာမည်မှည့်ခေါ် ဘုရားတပည့်တော်သည်။ နတွာ၊ ကိုယ်ရောစိတ်ပါ လွန်စွာနှိမ်ချ ဂါရဝဖြင့် ကျကျနနကြီး ရှိခိုးပြီး၍။ ဒါနိ၊ ယခုခေတ်အခါ၌။ ယုဝသောတူနံ ကျောင်းထိုင်ပို့နှ အခြေပြုတို့၏။ အတ္ထာယ၊ အကျိုးငှာ။

(ဝ၁) အဋ္ဌာယ၊ မပင်မပန်း တစ်ကျမ်းတည်းဖြင့် ဟောနည်း၊ ပြနည်း၊ ကျင့်ကြံနည်းကို သိပ်သည်းကျစ်လျစ် နည်းစနစ်စုံ အကုန်သိစေတတ်ပါစေခြင်း အကျိုးငှာ။ ဓမ္မသင်္ဂဟ၊ ကျောင်းထိုင်နည်းပြ ဓမ္မသင်္ဂဟ မည်သော ကျမ်းကို။ ရစယိသံ၊ မေတ္တာစေတနာ နှစ်ဖြာ ရှေ့သွား ရေးသားပါအံ့။

* အေးနိဗ္ဗာန် လမ်းညွှန်ပြ၊ အေးဘဂဝါအာရုံ၊
အေးမြဖို့ ပဏ္ဏာလှူသည်၊ သဒ္ဓါဂုဏ် ရှိကျိူ။

* ကျောင်းထိုင်နည်းသင်တန်းစာကို၊
အကျဉ်းသာ ရေးပြမှာမို့။

* ဆန်းသစ်တဲ့ ခေတ်အခါ စနစ်သာ တထင်လို့၊
ခေတ်အမီ သွင်မချို့ပါမှ အရှင်တို့တည်မှာ။

* ခေတ်အမြန် ဤသင်တန်းကိုဖြင့်
တီထွင်လမ်း၊ စမ်း၍ဖွင့်တာ။

* ကျောင်းထိုင်နည်းအဖြာဖြာကို၊
ဤကျမ်းမှာ အကုန်စုပါလို့၊
များသောတုနည်းယူဖွယ်၊ ရှုတော်လွယ်လွယ်၊
သာသနာ့ပွဲအလယ်မှာ၊
ရဲတကယ် အောင်ပန်းပန်လိမ့်လေး။

## ဤကျမ်းရေးသားပုံ အစီအစဉ်

(ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောစွမ်းနိုင်၊ ကျောင်းထိုင်အင်္ဂါ၊) ဟူသော အလင်္ကာနှင့်အညီ ကျောင်းထိုင်အင်္ဂါများတွင် ဆယ်ဝါပြည့်တင်း ဆိုသည်မှာ သိသာပါပြီ။ ဝိဘင်းနှစ်ဖြာကိုကား ကျမ်းစာအုပ်ကြီးကြီး တစ်အုပ်ရေးရမည်ဖြစ်၍လည်းကောင်း၊ သီးသန့်ဖြစ်သော ဒွေမာတိကာ (ပါတိမောက် နှစ်စောင်) အဖွင့်စာအုပ်များရှိပြီးဖြစ်၍ လည်းကောင်း၊ ဤစာအုပ်၌ ၎င်းတို့ကို ချန်ထားခဲ့၍ ကမ္မာကမ္မအကြောင်းနှင့် နာမ်ရုပ်ပိုင်ပိုင် ဟောစွမ်းနိုင် ဟူသောအင်္ဂါနှစ်ရပ်မှာ ကျောင်းထိုင် ပုဂ္ဂိုလ်ဝိုင်း ရှောင်မရသဖြင့် ၎င်းတို့ကို အကျယ်ရေးသားပါသည်။

(ခန္ဓကပုဒ်များကိုကား ရှင်ကျင့်ဝတ်များ၌လည်းကောင်း၊ စူဠဝါ မဟာဝါများ၌လည်းကောင်း အလွယ်တကူရှာယူ မှတ်သား နိုင်ပါသည်။)

# ကျောင်းထိုင်ဘုန်းကြီးရေးရာ
# ပဒေသာ

## အခန်း (၁)
## ကန်တော့ခန်းနှင့် ဆုပေးခြင်း

ရဟန်းတော်များကို ဒကာ, ဒကာမများက ကန်တော့ကြပါလိမ့်မည်။ ထိုအခါ ရဟန်းတော်က ဆုပေးရပါသည်။ ဆုပေးပုံများမှာ...

### သမားရိုးကျဆုပေး

ဗုဒ္ဓံ ဓမ္မဥ္စ သံဃဥ္စ၊ ဝိပ္ပသန္နေန စေတသာ။
ဝန္ဒိတွာ ဝန္ဒနာမာန-ပူဇာသက္ကာရဘာဇနံ။

ကျမ်းဂန်ပါဠိ လာရှိသည်နှင့်အညီ ရှိခိုးခြင်း၏ တည်ရာ, မြတ်နိုးခြင်း၏ တည်ရာ, ပူဇော်ခြင်း၏တည်ရာ, အရိုအသေပြုခြင်း၏တည်ရာ ဖြစ်တော်မူကုန်သော ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ဤရတနာမြတ် သုံးပါးတို့အား ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျော့ အတန်တန် ကန်တော့ကြ

ရသော ရတနတ္တယ ပဏာမဂါရဝ ကုသိုလ်ကံစေတနာတို့ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး ဘေးရှစ်ပါး၊ ဒဏ်ဆယ်ပါး၊ အနာမျိုး ကိုးဆယ့်ခြောက်ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ် ငြိမ်းကြကုန်သည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ဝင့်ဘဝတိုတိုနှင့် ရလွယ် ရောက်လွယ် နိုင်ကြသည် ဖြစ်စေကုန်။

## တနည်း ဆုပေးအကျယ်

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။

ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။

သံဃော လောကေ သမုပ္ပန္နော၊ ပုညခေတ္တံ အနုတ္တရံ။

ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိတေ ဟောတု သဗ္ဗဒါ။

လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းများစွာ သတ္တဝါတို့၏။ ဟိတာယ၊ လောကုတ်၊ လောကီ နှစ်လီပွားတိုး အကျိုးများစိမ့်သောငှာ။ သမုပ္ပန္နော၊ ဥဒည် တောင်စွန်း တက်နေဝန်းသို့ ပွင့်ထွန်း ပေါ်ပေါက်တော် မူလာပါပေ၏။

လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ ဓမ္မော၊ မဂ်ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန် ပရိယတ် ဆယ့်ပါးသော တရားတော်မြတ်သည်။ သဗ္ဗပါဏိနံ ခပ်သိမ်းများစွာ သတ္တဝါတို့၏။ ဟိတာယ၊ လောကုတ်၊

လောကီ နှစ်လီပွားတိုး အကျိုးများစိမ့်သောငှာ။ သမုပ္ပန္နော၊ ဥဒည်တောင်စွန်းတက်နေဝန်းသို့ ပွင့်ထွန်းပေါ်ပေါက်တော် မူပါပေ၏။

လောကေ၊ လောကသုံးခွင် ဘုံအပြင်၌၊ အနုတ္တရ၊ အတုမရှိသော။ ပုညခေတ္တံ၊ ကောင်းမှုမျိုးတို့၏ စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်ပေထသော။ သံဃော၊ သုပ္ပဋိပန္နတာ အစလာသည့် ကိုးဖြာသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော သံဃာတော်အရှင်မြတ်သည်။ သဗ္ဗပါဏီနံ၊ ခပ်သိမ်းများစွာ သတ္တဝါတို့၏။ ဟိတာယ၊ လောကုတ်, လောကီ နှစ်လီပွားတိုး အကျိုးများစိမ့်သောငှာ။ သမုပ္ပန္နော၊ ဥဒည်တောင်စွန်း တက်နေဝန်းသို့ ပွင့်ထွန်းပေါ်လာတော် မူပါပေ၏။

ဧတေန သစ္စဝဇ္ဇေန ဥပမာ ထုတ်ပြန်၍ ဟုတ်မှန်စွာ မြွက်ဆိုရသော ဤဂါထာ သစ္စာစကားကြောင့်။ ဝေါ တုမှာကံ၊ တရားနာပရိသတ်အပေါင်း သင် သူတော်ကောင်းတို့အား။ သဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ သုခိ၊ ကိုယ်ရောစိတ်ပါ ဘယာမသန်း အေးချမ်းကြည်သာ ကြကုန်သည်။ ဟောန္တု၊ မုချမသွေ ဖြစ်ကြပါစေ ကုန်သတည်း။

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တို့အား ရှိသေမြတ်ခိုး လက်အုပ်မိုး၍ ရှိခိုးကော်ရော် ဖူးမြော်မာန်လျှော့ ကန်တော့ကြရသော ရတနတ္တယ ပဏာမ ဂါရဝ ကုသိုလ်ကံ စေတနာတို့ကြောင့် ခပ်သိမ်းသောဘေးဒဏ် ရန်အသွယ်သွယ် အန္တရာယ် ဟူသမျှတို့သည် ပိန်းကြာဖက်ပေါ်တွင် ရေမတင် လျှောကျဘိသကဲ့သို့ ကင်းစင်ပပျောက်ကြကုန်လျက် မရသေးသော

စည်းစိမ်ဥစ္စာ ရတနာ ရာထူးဂုဏ်သိန်တို့ကို ရရှိခြင်း၊ ရပြီးသော စည်းစိမ်ဥစ္စာရတနာ ရာထူးဂုဏ်သိမ်တို့သည် တစ်နေ့တခြား တိုးပွားခြင်းတည်းဟူသော ဂုဏ်ထူးဝိသေသ မင်္ဂလာအဝဝတို့နှင့် ပြည့်စုံနိုင်ကြကုန်သည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ဝဋ္ဋဘဝတိုတိုနှင့် ရလွယ် ရောက်လွယ် မျက်မှောက်ပြုလွယ် နိုင်ကြသည်ဖြစ်စေကုန်။

ကန်တော့ခန်းပြီး၏။

❑

ကန်တော့ပြီးသောအခါ သီလခံယူခြင်းဖြစ်ပါက အောက်ပါ အတိုင်း သီလပေးပါ။

## ငါးပါးသီလပေးရန်

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ၊ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေ။

(တစ်ပိုဒ်တစ်ပိုဒ်စီ တိုင်ပေး ဒကာ၊ ဒကာများက တစ်ပိုဒ်စီ လိုက်ဆိုပါစေ။)

ဘုန်းကြီး - (ယမဟံ ဝဒါမိ တံ ဝဒေထ)ဟု ဆိုပါ။
ဒကာများ - အာမဘန္တေဟု ဆိုပါစေ။

ဘုန်းကြီး - နမော တဿ ဘဂဝတော အဟတော သမ္မာသမ္ဗုဒ္ဓဿ။
ဒကာများ - နမော တဿ (၃-ခေါက် လိုက်ဆိုပါ။)

ဘုန်းကြီး - ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။
ဒကာများ - လိုက်ဆိုကြပါစေ။

ဘုန်းကြီး - ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ၊ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
ဒကာများ - လိုက်ဆိုကြပါစေ။

ဘုန်းကြီး - တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
ဒကာများ - လိုက်ဆိုကြပါ။

ဘုန်းကြီး - တိသရဏဂမနံ မရိပုဏ္ဏံ။
ဒကာများ - အာမဘန္တေ။

ဘုန်းကြီး- ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊ (လိုက်ဆိုစေ။)

အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

မုသာဝါဒါဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဘုန်းကြီးတိုင်ပေး - ဣဒံမေ ပုည္ဉံ အာသဝက္ခယာ ဝဟံဟောတု။ ဣဒံမေပုည္ဉံ နိဗ္ဗာနဿ ပစ္စယော ဟောတု၊ (လိုက်ဆိုကြပါစေ။)

ဘုန်းကြီးဆိုရန်နိဂုံး- တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

ဒကာများ- အာမဘန္တေဟု ဆို။

ငါးပါးသီလပေးပုံပြီး၏။

(အခြားသီလများကိုလည်း တိုင်ပုံ လိုက်ဆိုပုံများကို ဤအတိုင်း မှတ်ပါ။)

## ရှစ်ပါး (ဥပုသ်) သီလ

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ..............

တတိယမ္ပိ အဟံ ဘန္တေ............

ရဟန်း - ယမဟံ ဝဒါမိ တံ ဝဒေထ။

လူများ - အာမ ဘန္တေ။

ရဟန်း - နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဒကာများ - (၃) သုံးခေါက်လိုက်ဆို။

ရဟန်း - ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။
(လူများလိုက်ဆို)

ရဟန်း - ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
။ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
။ သံဃံ သရဏံ ဂစ္ဆာမိ။

(သံဃာတော်ဆုံးလျှင် ရဟန်းက တိသရဏဂုံနှင့် ပရိပုဏ္ဏံ ဟု
ဆို၊ ဥပါသကာများက အာမဘန္တေဟု ဆို။)

ထို့နောက် သီလကို တိုင်ပေးပါ။

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၃) အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ
သမာဒိယာမိ။
(၆) ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိ-
ယာမိ။
(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေ-
ပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာ-
ပဒံ သမာဒိယာမိ။
(၈) ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ
သမာဒိယာမိ။

ရဟန်းက ဆိုပေးပါ။ ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟော
တု။ ဣဒံ မေ ပုညံ နိဗ္ဗာနဿ
ပစ္စယော ဟောတု။

ရဟန်း— ဤပုညကြောင့် သင်တို့ အစွမ်းသမန္တာဂတ် ဥဒါယ်သော
သိမ်းခဲ့ ယာရုံကျော် အပ္ပမာဒေန သမ္ပာဒေထ။

(လူများက အာမဘန္တေဟု အဆုံးသတ်စေ။)

သီလပေး၏ နိဂုံးကို မြန်မာပြန်ဖြင့် အဆုံးသတ်လိုလျှင်- (တိသရဏေန၊ ဘုရား,တရား,သံဃာ အားဖြင့် သုံးပါးအစုံ သရဏဂုံနှင့်။ သဟ၊ တကွ။ အဋ္ဌင်္ဂသမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံတော်မူသော။ ဥပေါသထသီလံ၊ စင်ကြယ်သန့်ရှင်းစွာ စောင့်ရှောက်ရာ စောင့်ရှောက်ကြောင်း ဥပုသ်သီလဖြစ်သော။ ဓမ္မံ၊ ကျင့်ဝတ်တရားမြတ်ကို။ သာဓုကံ ကတွာ၊ မကျိုးမပေါက် မပြောက် မကျားအောင် စောင့်ရှောက်ထိန်းသိမ်း နိုင်ကြကုန်သည်ဖြစ်၍။ တုမှေ၊ သီလဝန္တဖြစ်ကြကုန်သော သင်သူတော်ကောင်းတို့သည်။ အပ္ပမာဒေန၊ ရုပ်နာမ်ဓမ္မသင်္ခါရဟု ခေါ်သော မိမိတို့၏ ခန္ဓာကိုယ်အပေါ်၌ အနိစ္စမမြဲသော သဘောရှိသော ခန္ဓာကိုယ်ပါတကား။ ဒုက္ခ၊ ဆင်းရဲသော သဘောရှိသော ခန္ဓာကိုယ်ပါတကား။ အနတ္တ၊ အစိုးမရအလိုသို့ မလိုက် အနှစ်သာရ မရှိသောခန္ဓာကိုယ်ပါတကားဟု ဆင်ခြင်သုံးသပ် ဆုံးဖြတ်သော အပ္ပမာဒ သတိသမ္ပဇညတရားနှင့်။ သမ္ပာဒေထ၊ ကိုယ်စီကိုယ်င ပြည့်စုံနိုင်ကြပါစေ ကုန်သတည်း။) ဟူ၍ မြန်မာပြန်ဆို နိဂုံးသတ်နိုင်ပါသည်။

## အာဇီဝဋ္ဌမက သီလခံပုံ, ပေးပုံ

အဟံ ဘန္တေ တိသရဏေန သဟ အာဇီဝဋ္ဌမကံ ဂဟဋ္ဌ ဓမ္မ နိစ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ၊ တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ စသည် ဆက်ဆိုလေ။

နမော တဿနှင့် သရဏဂုံမှာ ယခင်အတိုင်း။

သီလများ၊ (၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၃) ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၅) ပိသုဏာဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၆) ဖရုသဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၇) သမ္ဖပ္ပလာပါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၈) မိစ္ဆာဇီဝါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ရဟန်းက နိဂုံးသတ်- တိသရဏေန သဟ အာဇီဝဋ္ဌမကာ ဂရု မ္မ နိစ္စသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

လူများ- — အာမဘန္တေ ဟုဆိုလေ။

## ကောမာရ ဗြဟ္မစရိယသီလ

အမှာ။ ။ဤသီလများကို ငယ်ရွယ်စဉ်ကပင် မေထုန်အမှုကို ရှောင်ကြဉ်လိုကြသော ဥပ္ပလဝဏ်ထေရီအလောင်း ကဲ့သို့သော ပုဂ္ဂိုလ်များ (အမျိုးစင် လူမျိုးစင် ဘဝဖြင့်) သန့်သန့်ရှင်းရှင်း နေလိုသူ လူများ စော[င့်] ကြသည်။)

ရဟန်းက တိုင်ပေးပါ။ ။အဟံ ဘန္တေ တိသရဏေန သဟ ကောမာရ ဗြဟ္မစရိယသီလံ ဓမ္မံ- ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ- ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ၊ တတိယမ္ပိ အဟံ ဘန္တေ—ဆက်တိုင်ပေး။ နမော တဿနှင့် သရဏဂုံ အတူတူတိုင်ပေးလေ။

သီလများ-(၁) ပါဏာတိပါတာ

(၂) အဒိန္နာဒါနာ

(၃) အဗြဟ္မစရိယာ

(၄) မုသာဝါဒါ

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဤငါးပါးဖြင့်လည်း ကောမာရ ဗြဟ္မစရိယ သီလ ပြီးနိုင် သည်။ ထို့ထက်အလွန်လည်း ယခင် အာဇီဝဋ္ဌမက သီလတွင် ကာမေသုနေရာ၌ အဗြဟ္မစရိယာကို ထည့်၍ ဆောက်တည်နိုင် သည်။

ရဟန်းက ပြန်ဆိုသည်။ ဟံသရဏေန သဟ ကောမာရ ပြဗ္ဗ-ဇ္ဇိယသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

## (၉) ပါး နဝင်္ဂသီလ

အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေ၊

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ-ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာ-ဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ-ဒေထ မေ ဘန္တေ။

ရဟန်း– ယမဟံ ဝဒါမိ၊ တံ ဒေထ။

လူများ– အာမ ဘန္တေ။

နမော တဿနှင့် သရဏဂုံများ ယခင်အတိုင်းဆို။

သီလများ– (၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ (ဝေရမဏီ ဆက်ဆို)

(၃) အဗြဟ္မစရိယာ

(၄) မုသာဝါဒါ

(၂) အဒိန္နာဒါနာ

(၆) ဝိကာလဘောဇနာ

(၇) နစ္စဂီတ ဝါဒိတ ဝိသူကဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ

(၈) ဥစ္စာသယန မဟာသယနာ

(၉) မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ။

**နိဂုံး။** ။တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထ သီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္မာ ဒေထ။

**သီလပေးခန်း အားလုံးပြီး၏။**

ဓမ္မဒေသနာ (တရားဟောခန်း)

# ဒါနတရား

ဒါနံ သဂ္ဂဿ သောပါနံ၊
ဒါနံ ပါထေယျမုတ္တမံ။
ဒါနံ ဥဇုဂတံ မဂ္ဂံ၊
ဒါနံ မောက္ခပဒံ ဝရံ။

ဒါနံ၊ ပုဗ္ဗ,မုဥ္စ,အပရဟု သုံးဝစေတနာ ပြဋ္ဌာန်းကာဖြင့် ကြည်သာရွှင်လန်း လှူဒါန်းရသောဒါနသည်။ သဂ္ဂဿ၊ ဇာတ္ထ အာရုံ,အကောင်းဆုံးသည့် ပျော်ဂုဏ်ဆန်းတည် အသက်နတ်ပြည် သို့းသောပါနံ၊ မပူမပင် ရွှင်ရွှင်လန်းလန်း တက်လှမ်းဖွယ် ကောင်း စောင်းတန်းပမာဖြစ်ပါပေ၏။ ဒါနံ၊ ပ၊သည်။ ဥတ္တမံ သုံး၍မကုန် လှူ၍မခန်း မညှိုးနွမ်းရိုး သူခိုးမှားပြု လုမရအာပ် အလွန်မြတ်ပေထသော။ ပါထေယျံ၊သံသရာသမ်း ခရီးကြမ်း ဝယ် မပန်းလွယ်ကာ စားသောက်ရာ ရိက္ခာထုပ်လည်း ဖြစ်ပါ ပေ၏။ ဒါနံ၊ ပ၊ သည်။ ဥဇုဂတံ၊ မဂ်ဖိုလ်ရောက်လွယ် မကွယ် မထောင့် တဖြောင့်တည်းသာဖြစ်သော။မဂ္ဂံ၊ ဘုရားအလောင်း သူတော်ကောင်းတို့ သွားကြောင်းမှန်ရာ လမ်းသာယာကြီး လည်း မည်ပါပေ၏။ ဒါနံ၊ ပ၊ သည်။ ဝရံ၊ ယှဉ်လာလျှင်မနိုင်

ရှုံးရသဖြင့် တစ်ခရိုင်လုံးအတွက် သူသာလျှင် မြတ်ပေထသော။ မောက္ခပုဒ်၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း ကျေနပ် အမြတ်ဆုံး မှန်လုပ်ပါပေ၏။

စကားပြေပြောရန်။ ဒါနဆိုကဲ့ အဓိပ္ပာယ်ကပေးကမ်းခြင်း၊ လှူဒါန်းခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ဒါဒီ ဒါနဟာ လောကုတ်လောကီ နှစ်လီ အကျိုးတရားတို့ကို တိုးပွားပြီးစီးနိုင်တဲ့ ဂုဏ်သသယ ပတ္တမြားမျက်ရှင်ကြီး နဲ့ တူပါတယ်။ လောကီ အကျိုးတွေကိုတင်မကဘဲ လောကုတ္တရာမှာ ဘုရားအဖြစ်ဆိုတာ အမြတ်ဆုံးဖြစ်ပါတယ်။ အဲဒီ ဘုရားအဖြစ်ကိုတောင်မှ ဒါနနဲ့ လုပ်ယူလို့ရတယ်။ ဒါကြောင့် ဘုရား အလောင်း မျာနှင့်တကွ ထိုထိုဆုတောင်းအမျိုးမျိုးပြည့်ချင်တဲ့ ပုဂ္ဂိုလ်အလောင်းတော် မြတ်တွေဟာ ဒါနပါရမီကိုဖြည့်ကျင့်ကြရတယ်။ ဒါန မပါရင် လောကုတ္တရာမပြီးဘူး။ လောကီလဲမပြီးဘူး။ ခုတင်ကရွတ်လိုက်တဲ့ ဂါထာရဲ့ အဓိပ္ပာယ်ဟာ ထင်ရှားပါတယ်။ ဒါကြောင့် အဓိပ္ပာယ်ကို အကျယ်ရှင်းမပြတော့ဘဲ သက်သေသာဓကအဖြစ် အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ်ထဲက သုမနသုတ်တော်ကို ထုတ်ဖော်ဟောပြပါ့မယ်။

## သုမနသုတ္တန် တရားတော်

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူသော အခါကဖြစ်ပါတယ်။ အာသောကမင်းကြီးရဲ့ သမီးတော် သုမနာမင်းသမီး

ဟာ မင်းသမီးအခြံအရံ ငါးရာ၊ ရထားအခြံအရံ ငါးရာ၊ ခြံရံပြီးတော့ မြတ်စွာဘုရားထံလာရောက်ဖူးမြော်ပါတယ်။ မြတ်စွာဘုရားထံလာရောက်တဲ့အခါ အခုအခါမှာလို ကျောင်းအောက်အရောက် ကျောင်းဆင်ဝင်အရောက် မော်တော်ကားစီးပြီး ဝင်လာတာမဟုတ်ပါဘူး။ ကျောင်းဝင်းတံခါးဝမှာ ရထားကိုရပ်ခဲ့ပြီးတော့ ရထားပေါ်မှဆင်း ခြေကျင်လျှောက်လို့ ဘုရားထံမှောက် အရောက်လာခဲ့တယ်။ ဒီယဉ်ကျေးမှုဟာပဋိတော်တိုင်းမှာပါလို့ အတုယူသင့်ပါတယ်။ ယူနိုင်ပါစေလို့ တိုက်တွန်းပါတယ်။ ယူနိုင်ကြရင်ဖြင့် ယဉ်ကျေးမှုတစ်ခု တိုးတက်လာကြမှာပေါ့။ မြန်မာတွေမှာက ကျောင်းထဲဖိနပ်တောင်စီးမဝင်ရဲကြဘူး၊ မော်တော်ကား မြင်းလှည်းတော့ စီးဝင်ရဲကြတယ်။ တချို့များ မော်တော်ကား စီးလာရင် မော်တော်ကားပေါ်မှာ ဖိနပ်တော့ချွတ်ကြတယ်။ ကားပေါ်ကတော့ မဆင်းကြဘူး။

ကဲ—ရှိစေတော့။ သုမနာ မင်းသမီးဟာ အစွန် အဖျားနားကျတဲ့နေရာက ထိုင်ပါတယ်။ တနည်းဆိုရင် ဝေး၊ နီး၊ လေညာ၊ မြင့်ရာ၊ ရှေ့နောက်ဆိုတဲ့အပြစ်ခြောက်ပါးကင်းတဲ့ နေရာကထိုင်ပါတယ်။ ဒါဟာ ကြီးသောသူတို့နှင့်နေတဲ့အခါ ယဉ်ကျေးမှုပါပဲ။ ပြီးတော့ ဘုရားရှင်ကိုခြေ၊ လက်၊ နဖူး၊ တံတောင်၊ ဒူးဟုငါးဦးသော သိခြင်းတို့ဖြင့် ထိပြီး ရှိသေစွာ ရှိခိုးပါတယ်။ ဒီနောက်မှာ အောက်ပါအတိုင်း ဖလျှောက်ထား ပါတယ်။

လျှောက်ထားပုံကတော့အရှင်မြတ်ဘုရား....ဤသာသနာတော်၌အရှင်ဘုရား၏ တပည့်နှစ်ဦးတို့ဟာ သီလလဲတူကြတယ်။ သဒ္ဓါအားဖြင့်လဲတူတယ်။ ပညာအားဖြင့် (ဝါ)

အားဖြင့်လဲတူဘယ်။ ထူးတာကကော့ တစ်ဦးကလူ့ဖို့ ါသနာ သိပ်ကြီးပါတယ်။ တစ်ဦးကတော့ မပေးလှူတတ်ဘူးတဲ့။ (တရားနာ ပရိသတ်က ဒီလျှောက်ထားချက်ကို သေချာမှတ် ခဲ့ပါ။) ထို ၂-ဦးတို့ဟာ သေလွန်ကြလို့ နတ်ပြည်၌ ဖြစ်ကြ ပါတယ်ဆိုပါစို့။ နတ်ဖြစ်တဲ့ ထို အမျိုးကောင်းသား နှစ် ယောက်တို့ဟာ နတ်ပြည်မှာ ထူးသော အကျိုးများကို ခံစားရကြပါမလား။ ဒါမှမဟုတ် အတူဘူပဲ ဖြစ်ပါမလားလို့ လျှောက်ထားတယ်၊ မြတ်စွာဘုရားက ထူးခြားတယ်ချစ်သမီး။ ဘယ်လိုထူးခြားသလဲဆိုရင် သီလပညာတူလို့ နတ်ပြည်မှာအတူ ဖြစ်ကြပေမယ့် ဒါနမတူတဲ့အတွက် ဒါနရှင်က ဒါနမဲ့သူကို အကျိုးထူး ၅-မျိုးတို့ဖြင့် သာလွန် လွှမ်းမိုး နိုင်ပါတယ်။ ဘယ်လိုငါးမျိုးလဲဆိုရင်—

(၁) နတ်တို့၏ အသက်။
(၂) နတ်တို့၏ အဆင်း။
(၃) နတ်တို့၏ ချမ်းသာ။
(၄) နတ်တို့၏ အခြံအရံ။
(၅) နတ်တို့၏ အစိုးတရ (ကိုယ်က ဖြစ်စေ ချင်တာ ဖြစ်နိုင်ခြင်း)—

ဆိုတဲ့ အကျိုးတရားများဖြင့် သာလွန်နိုင်ပါတယ်လို့ ဟော တော်မူပါတယ်။

လူချင်းတူသော်လဲ အသက်ရှည်ချင်းကွဲ ဆိုတာလို နတ်ချင်း တူသော်လဲ စည်းစိမ်ချမ်းသာ အကျိုးပေးပုံကတော့ ကွာခြား ပါတယ်။ ဒီကွာခြားခြင်းကို မိမိပြုခဲ့တဲ့ဒါနက ဖန်တီးပေးပါ

တယ်တဲ့။ တို့ဒကာ ဒကာမတွေဟာ ဘယ်နေရာမှာမဆို ကိုယ်က သာချင်ကြတာချည်းပဲ မဟုတ်လား။ ဒီလိုသာချင်ကြရင်ဖြင့် ဒါနကိုသာ ကြိုးစားအားထုတ်ကြပါ။ ဒီနေရာမှာ သုမနာ မင်းသမီးလျှောက်တဲ့ ပုဂ္ဂိုလ်နှစ်ဦးရဲ့ အကြောင်းကို ကြား ညှပ်ပြီး နောက်ကြောင်း ရာဇဝင်အကျဉ်းချုပ် ဟောပါမယ်။ ဒါမှ တရားကပိုပြီး ပေါ်လွင်ပါလိမ့်မယ်။ သူတို့ ၂-ဦးရဲ့ အတိတ်ကတော့–

ကဿပ မြတ်စွာဘုရား လက်ထက်တော်အခါက အမျိုး ကောင်းသား ရဟန်းတော်နှစ်ပါးဟာ ကဿပဘုရားရှင်ထံမှာ နည်းယူပြီးတော့ တရားအားထုတ်နေကြပါတယ်။ သူတို့နှစ်ပါး ဟာ သဒ္ဓါတရား အတူတူ အားကောင်းကြပါတယ်။ သီလ အရာ, ဝိပဿနာပညာအရာမှာ ထို့အတူတူပင်အားကောင်းကြ ပါတယ်။ ထူးခြားတာကတော့ ရဟန်းတော်တစ်ပါးကအလှူ ဒါန သိပ်ဝါသနာပါတယ်။ တစ်ပါးက ဒါနပြုရန်ဝါသနာ မပါဘူး။ ဒါနဝါသနာပါတဲ့ရဟန်းတော်က သရဏီယဝတ်ကို ဖြည့်ကျင့်ပြီး ဒါနပြုပါတယ်။

သရဏီယဝတ်ဆိုတာ ဒါနအထူးပဲ။ မိမိ ဆွမ်းခံရသမျှကို သံဃာလှူပြီး သံဃာအကျန်မှ မိမိကစားရတယ်။ တကယ်လို့ ကျန်လည်မကျန်ဘူး၊ ဆွမ်းခံချိန်လဲမရှိတော့ဘူးဆိုရင် ရေသောက် ပြီး ကြော် ငါသည် ဒါနထူးကိုပြုရလေပြီ။ မိမိကိုယ်ကိုအငတ် ခံပြီး ဒါနပြုရလေပြီလို့ ပီတိသောမနဿဖြစ်နိုင်ရမယ်။ ဒီလို ကျင့်လို့အမြန်ဆုံး (၁၂) နှစ်၊ အနှေးဆုံးဆိုရင် (၂၅) နှစ်

ပြည့်မြောက်လို့ ဒီဝတ် မပျက်မကွက်ဘူးဆိုရင် သရဏီယဝတ် ပြည့်စုံပြီလို့ မှတ်ရမယ်။ ဒီလိုပြည့်စုံတဲ့ပုဂ္ဂိုလ်အတွက် အကျိုး ကတော့ လူမရှိတဲ့နေရာဆိုရင် သစ်ပင်သွားပြီး ဆွမ်းရယ်ရင် ဆွမ်းရ,ရမယ်။ ဒါလောက်အထိ လက်ငင်းအကျိုးပေးပါတယ်။ တစ်ပါးသော ရဟန်းတော်က ဒီနည်းအတိုင်း သရဏီယဝတ် ကိုဖြည့်ကျင့်တယ်။ တစ်ပါးသော ရဟန်းတော်ကတော့ မျှတရှိ တစ်ပါးစာပဲ ဆွမ်းခံပြီး ကိုယ့်ဆွမ်းကိုယ်စား တရားအားထုတ် နေတယ်။ ဒါနရှင်ကလဲ ကျန်တဲ့မိတ်ဆွေရဟန်းကိုဒါနပြုဖို့တိုက် တွန်းလို့ မရဘူး။ ဒီလိုနဲ့ပဲ နေလာလိုက်တာ စုတေမနေ သေ လွန်တော့ နတ်ပြည်မှာ ဖြစ် ကြပါတယ်။နတ်ပြည်မှာဖြစ်တော့ နတ်ချင်းတူပေမယ့် ဒါနချင်းကတော့ပြခဲ့တဲ့ အကျိုးငါးပါးဟာ သာလွန်နေတာပေါ့။

နတ်ဘဝက စုတေပြီးတော့ လူ့ဘဝကိုရောက်လာတဲ့ အခါ မှာ သူတို့နှစ်ပါးဟာ ကောသလမင်းကြီးရဲ့ နန်းတော်မှာတစ်နေ့ တည်းအတူတူ ဖြစ်လာကြပါတယ်၊ ဖြစ်လာတာ တူပေမယ့် အ သက်ရှူခြင်း ကွာနေပြန်တယ်။ဒါနရှင်က မိဖုရားခေါင်ကြီးသား ဖြစ်တယ်။ ဒါနဝါသနာမပါသူက မိဖုရားရဲ့ အစေအပါး သား ဖြစ်တယ်။ တစ်နေ့တော့ ရှင်ဘုရင်ကြီးက ငါ့သားတော်ကိုရော ဖွားဖက်တော်ကိုပါ နာမည်ပေးမင်္ဂလာ လုပ်မယ်ဆိုပြီး အစီ အစဉ်တွေလုပ်တယ်။ အစီအစဉ်လုပ်တော့ မင်းသားကို ထီးဖြူနဲ့ ပလ္လင်နဲ့ ပိုးဖဲကမ္ဗလာအခင်းတွေနဲ့ အကြီးအကျယ် ပြင်ဆင် မွမ်းမံကြပေမယ့် အစေအပါးရဲ့ သားကိုတော့ တော်ရုံသာ အခင်း ခင်းပြီးထားတယ်။

ဒီအခါမှာ ဒါနရှင်မင်းသားလေးက မျက်လုံးဖွင့်ကြည့်လိုက်တော့ မိမိရဲ့ကျက်သရေမင်္ဂလာရှိတဲ့ ထီးဖြူတို့ ပြာသာဒ်တို့ကို မြင်ရလို့ ဘောဓိ ငါဟာ မင်းသားဘဝမှာ လာဖြစ်တယ်။ ဘာ့ကြောင့် ဖြစ်ရသလဲလို့ စဉ်းစားကြည့်လိုက်တော့ မိမိရဲ့ ဒါနကြောင့်ပဲလို့ သိတယ်။ သူ့ဘဝကိုသူ အလွန်အားရတယ်။ တဆက်တည်းမှာပဲ ငါ့မိတ်ဆွေရဟန်းက ဘယ်မှာဘာဖြစ်နေသလဲလို့ ကြည့်လိုက်တော့ အပါးမှာ အစေအပါး ဘဝဖြင့် ခပ်နွမ်းနွမ်းကလေးတွေ့ရတယ်။ သူတို့က ဘဝဟောင်းကို ပြန်ပြောင်းအောက်မေ့နိုင်တဲ့ ဇာတိဿရဉာဏ်ကို ရကြတာကိုး။ ဒါကြောင့် ကိုယ့်ဘဝ ဇာတ်ကြောင်းကို ပြန်ပြောင်ပြီး အတိအကျ သိနိုင်ကြတယ်။ ဇာတိဿရဉာဏ်မရကြသော်လဲ တူသော အကျိုးပေးတတ်တယ်ဆိုတဲ့ ဒေသနာတော်ကိုထောက်ဆပြီး တို့ဒကာတွေမှာလဲ မိမိရဲ့ နောက်ကြောင်း ဘဝဟောင်းကို ခန့်မှန်းနိုင်ကြပါတယ်။

ဒီလိုဘဝနွမ်းနွမ်းနင့်တွေ့ရတော့ ငါ့သူငယ်ချင်းကိုခေါ်မေးအုံးမှပဲ၊ သူဒါလောက်တောင် ဒါနပြုဖို့ဝါသနာမပါဘာ နည်းနည်းတော့နိမ့်ပြီး ဆိုမှပဲလို့ စိတ်ကူးရတာနဲ့ စကားစလိုက်တယ်။ "သူငယ်ချင်း ဟို—ဘဿပဘုရား လက်ထက်တော်ကတည်းကိုက ဒါနပြုပါလို့ တိုက်တွန်းတာကို သင်ကဒါနကို အရေးမစိုက်ခဲ့ဘူး၊ အခုဘယ့်နှယ်နေသေးသလဲ၊ သာမညအတန်းအစားမှာလာပြီးတော့ နွမ်းနွမ်းပါးပါးဖြစ်နေရတယ် မဟုတ်သား" လို့ ပြောလိုက်တယ်။ ဒီတော့ ဟိုသူငယ်လေးကလဲ မခံချင်တဲ့စိတ်နဲ့ "မင်းသားဖြစ်ဖြစ် ဆင်းရဲသားဖြစ်ဖြစ်(၃၂)ပါးသော

ကောင်္ဘာသအစုအဝေး၊ ခတ်လေးပါး အစုအဝေးပါပဲကွာ၊ ဘာမှမထူးပါဘူး” လို့ပြန်ပြောလိုက်တယ်။ အောက်တန်းကျနေပေမယ့် လူဆိုတာက မလျှော့ချင်ဘူး မဟုတ်လား။

ဒီလို မွေးကင်းစ သူငယ်ကလေးနှစ်ဦး စကားပြောနေတာကို သုမနာမင်းသမီးကလေးက သူတို့အပါးသွားစဉ်မှာ ကြားလိုက်ရတော့ အံ့ဩသွားတယ်။ ပြီးတော့ အသာကလေးချောင်းနားထောင်လိုက်တော့ သူတို့အချင်းချင်း အောက်ကျမခံ ပြောနေကြတဲ့စကားတွေက ဓာတ်စကား, ပရမတ်စကားတွေ ဖြစ်နေတာတွေ့ရတော့ မင်းသမီးက စဉ်းစားမိတယ်။ ( ဒီမင်းသမီးဆိုတာလဲ ဒီကလေးရဲ့ အစ်မပဲ၊ ကောသလမင်းကြီးရဲ့ သမီးပဲဖြစ်တယ်။ ) ဒါကြောင့် ဒီသူငယ်ကလေးတွေရဲ့ အကြောင်းကို ဒီနေရာမှာ ဖွင့်ပြောပြရင် မင်းမှုးမတ်ပရိသတ်တွေက ယုံမှာမဟုတ်ဘူး။ မယုံတဲ့အပြင် မွေးစကတည်းက စကားပြောတယ်။ စုန်းပဲ,နတ်ပဲလို အစွဲတွေဝင်ပြီး ကလေးတွေမှာ အလိုလိုပြဿနာ တက်ကုန်မယ်။ ဒီမှာအားကိုးစရာ ဘုရားရှိတယ်။ ဒီအကြောင်းကိုဖြင့် ဘုရားရှင်ကို လျှောက်ထားမှ တော်မယ်ဆိုပြီးတော့ လျှောက်ထားနေခြင်း ဖြစ်ပါတယ်။ ဒီလို လာရောက်လျှောက်ထားတော့ မြတ်စွာဘုရားက ချစ်သမီးသုမနာ၊ အကျိုးပေးအားဖြင့် ထူးခြားပါတယ်။ ဘယ်လိုထူးသလဲဆိုရင် သူတို့နှစ်ဦးဟာ နတ်ပြည်မှာဖြစ်ရင်—

(၁) နတ်ဘို့၏အသက်၊

(၂) နတ်တို့၏အဆင်း၊

(၃) နတ်တို့၏ချမ်းသာသုခ၊

(၄) နတ်တို့၏ အခြံအရံ အကျော်အစော၊

(၅) နတ်တို့ကို မိမိအလိုသို့ လိုက်စေနိုင်ခြင်း၊

ဆိုတဲ့ ဒီငါးမျိုးဖြင့် သာလွန်တယ်လို့ ဖြေကြားလိုက်ပါတယ်။ ဒီလိုဖြေကြားလိုက်တော့ သုမနာမင်းသမီးက ဆက်ပြီးလျှောက်ထားပြန်တယ်။ ကောင်းပါပြီဘုရား၊ နတ်ဖြစ်တဲ့ဘဝမှာအကျိုးပေးထူးပုံကိုတော့ သိရပါပြီ။ အဲဒီ ပုဂ္ဂိုလ်နှစ်ဦးဟာ လူဖြစ်လာရင်ကော အကျိုးပေးထူးပါမည်လား ဘုရားတဲ့။ ချစ်သမီး သုမနာ— အဲဒီနှစ်ယောက်ဟာ လူဖြစ်လာရင်လဲ ထူးခြားပါတယ်။ ဘယ်လိုလဲဆိုရင်....

(၁) လူတို့၏အသက်၊

(၂) လူတို့၏အဆင်း၊

(၃) လူတို့၏ချမ်းသာ၊

(၄) လူတို့၏အခြံအရံ အကျော်အစော၊

(၅) လူအပေါင်းတို့ကို မိမိအလိုသို့ လိုက်စေခြင်း။

ဤငါးပါးတို့ဖြင့် အကျိုးပေးသာလွန်ပါတယ်တဲ့၊ ဒီတော့ သုမနာမင်းသမီးက ဆက်လက် လျှောက်ထားပြန်တယ်။ အရှင်ဘုရား၊ ဒီနှစ်ယောက်ဟာ ရဟန်းပြုကြရင်ကောဘယ်လိုလဲ ဘုရားလို့ လျှောက်ထားတော့ ရဟန်းဖြစ်တဲ့ဘဝမှာလဲ ထူးပါတယ်၊ ဘယ်လိုလဲဆိုတော့ ဒါနရှင်ရဟန်းဟာ— အရှင်

ဘုရားကို လှူပါရစေ၊ အလှူခံတော်မူပါလို့ အလှူရှင်တွေက တောဝင်းပန်ပြီးတော့ လှူရတဲ့ ဘဝထူးမျိုးကို ရပါတယ်။ မိမိက အလှူခံနေစရာ တောင့်တနေစရာ မလိုဘူးတဲ့။ ဒီလိုအလှူရှင် တွေက တောဖင်းပန်ပြီးလှူလို့ (၁) သင်္ကန်း၊ (၂) ဆွမ်း၊ (၃) ကျောင်း၊ (၄) ဆေး၊ ပစ္စည်း ၄-ပါးကို သုံးဆောင် ရတယ်။(၅) အတူနေရဟန်းတော်များက ဆိုရင်လဲ ဒါနရှင် ရဟန်းကို ရိုသေမြတ်နိုးလေးစားကြတယ်။ဒါနရှင် ရဟန်း၏ အကြိုက်ကိုသာ လိုက်လျှောကြရတယ်။ ဒါနမဲ့တဲ့ ရဟန်းတော် ကျတော့ ခြေပေါက်အောင်လိုက်ပြီး အလှူခံတာတောင်မှ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးမပြည့်စုံဘူး။ ပြီးတော့ အတူနေ သီတင်းသုံးဘော်တို့ရဲ့ ချစ်ခင်ခြင်းကိုလဲမခံ ရဘူး။ အမြဲတမ်း ငြူစူခြင်းသာ ခံနေရပါတယ်တဲ့။ မျက်နှာ မြင်ရင် မုန်းပါစေ၊ အသံကြား နားခါးပါစေဆိုတဲ့အတိုင်း ဖြစ်တတ်ပါတယ်တဲ့။

ဒီတော့ သုမနာ မင်းသမီးက အရှင်မြတ်ဘုရား၊ ဒါန၏ အကျိုးဟာဖြင့် ရဟန်းဘဝအထိတောင်မှထူးသော အကျိုးကို ပေးကြောင်းကြားနာရ၍ အလွန်ပင် ဝမ်းသာလှပါတယ်ဘုရား၊ ရှေ့ဆက်ပြီးတော့လျှောက်ပါရစေ၊ဒီပုဂ္ဂိုလ်နှစ်ဦးဟာ ရဟန္တာ ဖြစ်တဲ့ အခါကျတော့ ကိလေသာကုန်ပုံချင်း တူပါသလား၊ မတူပါသလားလို့ လျှောက်ထားတယ်။ ဒီတော့မြတ်စွာဘုရားက ရဟန္တာဖြစ်တဲ့ အခါကျတော့ ကိလေသာကုန်ပုံချင်း အတူတူ ပါပဲလို့ ဖြေတော်မူပါတယ်။ဒါနရှင်ရဲ့ အရဟတ္တမဂ်က ကိလေ- သာ ကို အကုန်သတ်တယ်။ ဒါနမဲ့လို့ သူ့ရဲ့ အရဟတ္တမဂ်က

ကိလေသာကို မစင်ကြယ်ဘဲ သတ်တယ်လို့ ဒီလို မခွဲခြားပါဘူး။ အားလုံး ကိလေသာကုန်တဲ့နေရာ အတူတူပါပဲလို့ ဖြေတော်မူပါတယ်။

ကဿပဘုရားရှင်လက်ထက်က အတူတူဖြစ်ခဲ့ကြတဲ့ သူငယ်ချင်းရဟန်းတော်နှစ်ပါးဟာ အခု ဂေါတမမြတ်စွာဘုရားသခင်လက်ထက်တော်မှာ အားလုံးအတူတကွပင် ရဟန္တာဖြစ်တော်မူကြပါလိမ့်မယ်။ ဒီနေရာမှာ ရှင်းလင်းချက်ကလေး တစ်ခုထုတ်ရပါလိမ့်မယ်၊ ဘယ်လိုလဲဆိုတော့—

(၁) ဒါနရှင်နဲ့ ဒါနမဲ့သူဟာ ကျွတ်တမ်းဝင်တော့ အတူတူဝင်တယ်။ ဒါနကြောင့် သံသရာပို့ရှည် မနေဘူး။

(၂) ဒါန် အလောဘဟောတု၊ ဒါန ပေးတယ်ဆိုတာ အလောဘကို အကြောင်းခံပြီး သံသရာမှာ ပြည့်ဝစေတယ်။ ဒါနသည် သံသရာကို တိုစေတတ်သော တရားသာ ဖြစ်တယ်လို့ အဋ္ဌသာလိနီ အဋ္ဌကထာ စကားဖြင့်မှတ်ပြီး ဒါန သံသရာရှည်တယ်ဆိုတဲ့ မိစ္ဆာဝါဒကို ပယ်ရမယ်။

(၃) ဒါနကြောင့် ထူးတာက သံသရာမှာ ကျင်လည်နေရတဲ့အခိုက်မှာ စည်းစိမ်ချမ်းသာအဖြာဖြာတို့နှင့် ပြည့်စုံပြီး မိမိကိုယ်၏အလိုသို့ သူတစ်ပါးတွေက လိုက်ရခြင်း၊ မိမိကိုသူတစ်ပါးတို့က ချစ်ခင်ခြင်း စတဲ့ လောကအလယ်မှာ ချစ်ဖွယ်အကျိုးများကိုသာ ပိုမို၍ ရတတ်တဲ့အတွက် ဒါနကို ပညာရှိသူတော်ကောင်းများ၏ ဥစ္စာသာဖြစ်တယ်လို့ မှတ်ကြရမယ်၊ ဒါနမဲ့တဲ့ ပုဂ္ဂိုလ်ကျတော့ ရဟန္တာဖြစ်ရတဲ့ ဘဝများတောင်မှ

လောကတိဿ ရဟန္တာတို့လို မဝရေစာဖြင့် ပရိနိဗ္ဗာန် ပြုတတ်ကြရပါတယ်။

ဒီလိုဘုရားရှင် ဖြေတော်မူတော့ သုမနာ မင်းသမီးဟာ အလွန်ဝမ်းမြောက် ဝမ်းသာဖြစ်သွားပါတယ်၊ ဘုရားရှင်က ဒါနအကြောင်းကိုဆက်ပြီး ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာ ပြုပြန်ပါတယ်။

ယထာပိ စန္ဒော ဝိမလော၊ ဂစ္ဆ အာကာသဓာတုယာ။
သဗ္ဗေ တာရာဂဏေ လောကေ၊ အာဘာယ အတိရောစတိ
တထေဝ သီလသမ္ပန္နော၊ သဒ္ဓေါ ပုရိသပုဂ္ဂလော၊
သဗ္ဗေ မစ္ဆရိနော လောကေ၊ စာဂေန အဘိရောစတိ၊

ယထာပိ၊ ဥပမာအားဖြင့်သော်ကား။ ဝိမလော၊ အညစ်အကြေး ကင်းစင်သော။ စန္ဒော၊ ဘော်ခင်္ဃယုန်စန်းလပြည့်ဝန်းသည်။ အာကာသ ဓာတုယာ အာကာ ဝေဟင်ထက်ကောင်းကင်၌။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တာရာဂဏေ၊ ကြယ်နက္ခတ်တာရာ ပေါင်းများစွာတို့ကို။ အာဘာယ၊ ထွန်းတောက်ဝင်းပြောင် မိမိအလင်းရောင်ဖြင့်။ အတိရောစတိ၊ ဝင့်ဝင့်ထယ်ထယ် တင့်တယ်စေသကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။ သီလ-သမ္ပန္နော၊ အကျင့်သီလ အာစာရနှင့် ပြည့်စုံသော။ သဒ္ဓေါ၊ ခိုင်တည်သတ်မှတ်ယုံကြည်တတ်သော သဒ္ဓါတရားရှိသော။ ပုရိသ-ပုဂ္ဂလော၊ လောက်လောက်လားလား ထောက်ထားသတ်မှတ် ယောကျ်ားမြတ်သည်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ မစ္ဆရိနော၊ နှမြောဝန်တို စဉ်းလဲအိုကြကုန်သော။ လောကေ၊ သတ္တဝါ အညှံ့

စား လောကသားတို့ကို။ စာဂေနူးစွန့်လှူပေးရ မြတ်ဒါနဖြစ်၏။ အတိရေစတိ၊ ဝင့်ထယ်ကြွားမြင့် တင့်တင့်တယ်တယ် အသွ ကြွယ်လေတော့သတည်း။

ဤသို့လျှင် ဘုရားရှင်ကိုယ်တော်မြတ် ဟောတော်မူသော ပါရမီဆယ်ပါး အစထားသည့် ဒါနတရားတော်အပေါ်၌ သူတော်ကောင်းအပေါင်းတို့သည် ကောင်းစွာရပ်တည်ကြကုန် ပြီးလျှင် ငါးပါး, ရှစ်ပါးသီလများကို ဆောက်တည်၍ဖြစ်ခြင်း, ပျက်ခြင်း, မမြဲခြင်း ဘာဝနာတရားကို သစ္စာတိုက် ဆိုက်အောင် ကောင်းစွာ ပွားများနိုင်ကြကုန်ပြီးလျှင် နိဗ္ဗာန် ချမ်းသာသို့ လျင်မြန်စွာ ဝင်ရောက်နိုင်ကြပါစေကုန်သတည်း။

## ဝတ္ထုသက်သေမပါဘဲ ဒါနသက်သက် အတိုချုပ်ဟောရန်

ယေ စ ဗုဒ္ဓါ အတီတာ စ၊ သမုဒ္ဒါ ဝါဠုကူပမာ၊
ဒါနံဝ အာဒိကံ ကတွာ၊ သမ္ဗောဓိဉ္စ လဘန္တိတေ။

သမုဒ္ဒါ ဝါဠုကူပမာ၊ သမုဒ္ဒရာသဲလုံး နှုန်းတုစရာ ပမာတူလှ ကုန်သော။ အတီတာ၊ ရှေးရှေးကာလ ပွင့်တော်မူကြကုန်သော။ ယေဗုဒ္ဓါစ၊ သစ္စာလေးပါး ပိုင်းခြားသိမြင် ဘုရားရှင်တို့သည် လည်း။ ဒါနံဝ၊ အလှူဒါန ပေးစွန့်ချခြင်းကို သာလျှင်။

အာဒိက် ကတ္တာ၊ စေတနာရှင်လန်း သဒ္ဒါပန်းဖြင့် ဝမ်းသာအားရ အစဉ်းစွာ ပြုဆည်းပူဇော်ဖြင့်။ သမ္မာဒိဋ္ဌိ ဥာဏ်ယှဉ် ညီသုံ အလုံးစုံကို အကုန်သိမြင် သမ္မာဒိဟု ဆုကြီးမြတ်မွန် ဗောဓိဉာဏ်ကို။ လဘန္တိ၊ လက်ထိလက်ရောက် မျက်မှောက်ပိုင်ပိုင် ရရှိတော်မူနိုင်ကြပေကုန်သတည်း။

ဤဒေသနာတော်နှင့်အညီ ဒါနဆိုတဲ့တရားဟာ ဘုရားဖြစ်ချင်ရင်လဲ သူနဲ့ပဲဖြစ်ရတယ်။ ပစ္စေကဗုဒ္ဓါ သာဝကဗောဓိ သဘောရှိကြိုက် အလိုရှိထိုက်တဲ့ စကြဝတေးပါမကျန် လောကီ လောကုတ္တရာ အကျိုးမှန်သမျှကို သူက ပေးနိုင်ပါတယ်။ ဒါကြောင့်- ဒါနံ သဗ္ဗတ္ထသာဓကံ၊ ဒါနဟာအကျိုးအားလုံးကို ပြီးစေတတ်သော ဆေးမြတ်အကျော် ဂုဏ်သသယ ဆေးတော်ပါ။

ဂင်္ဂါသဲဘုံ ပွင့်တော်မူကြသော ဘုရားရှင်တွေဟာလဲ ဒီဒါနကိုဘဲ အရင်းတည်ကြရတယ်။ ဒါနဟာ လောကီမှာရော လောကုတ္တရာမှာပါ သူမပါရင် မပြီးပါဘူး၊ အောက်ဆစ်ဆုံး အိပ်ယောင်တစ်ခုမှာတောင်မှ လင်နှင့်မယား သမီးသားအချင်းချင်းတွေဟာ ကြည်ကြည်ဖြူဖြူ ပေးလှူဝေငှခြင်းဆိုတဲ့ ဒါနမပါခင် လင်နှင့်မယား သားနှင့်သား ညီအစ်ကိုမောင်နှမ များတောင် မတည့်နိုင်တော့ဘူး။ ဆွေမျိုးအဘွင်း ရပ်ရွာမြို့နယ်အဘွင်းမှာလဲ ဒါနသာ ခေါင်းပါးမယ်ဆိုရင် အလိုလိုခေါင်းပါပြီး ပျက်စီးကြရတော့မှာဘဲ။ ဒါနဟာ ဒီအထိ အခြေခံကာပြီး နိဗ္ဗာန်တိုင် အရေးကြီးပါတယ်။ ဒါတောင်မှ တချို့ကဒါနဟာ သံသရာရှည်ပါတယ်လို့ မစွေ့ရစိတ်နှင့် ပြောဆိုကြပါတယ်။

အဲဒီလူတွေဟာ ပရမတ္ထသဘာဝကို အသေအချာ မစိစစ်မိလို့ပါဘဲ။ သံသရာရှည်စေတတ်သော တရားဟာ တဏှာ, မာန, ဒိဋ္ဌိ သုံးပါးဖြစ်ပါတယ်။ ဒါနဟာ ဒီသုံးပါးထဲက လောဘတဏှာကို ပယ်သတ်ပေးပါတယ်။ ဒါနံ အလောဘဟေတု။ ဒါန်၊ ဒါနသည်။ အလောဘဟေတု၊ လောဘတဏှာ ကင်းခြင်းလျှင် အကြောင်းရင်းရှိ၏။ ဒါကြောင့် ဒါနကြောင့်တော့ သံသရာ မရှည်ပါဘူးလို့ မှတ်ကြရမယ်။

ဒါနကို ပြုတဲ့အခါမှာလည်း စေတနာသုံးတန် ကံ, ကံ၏ အကျိုးကို ယုံကြည်ပြီးပြုရမယ်။ စေတနာသုံးတန်ဆိုတာက ဒါန မပြုမီ ရှေးအဖို့က ဖြစ်ရမယ့်စေတနာကို (ပုဗ္ဗစေတနာ) လို့ ခေါ်ပါတယ်။ ဒါနပြုဆဲမှာ စင်ကြယ်ရမယ့် စေတနာကို (မုဉ္စစေတနာ)လို့ ခေါ်ပါတယ်။ဒါနပြုပြီးနောက် တွေးပြီး ဝမ်းမြောက်ရမယ့် စေတနာကို ပရစေတနာ)လို့ ခေါ်ပါတယ်။ ဒီစေတနာသုံးတန် ညီညွတ်မှ အရှယ်သုံးပါးမှာ ဆယ်အရွယ်မှ မချို့တဲ့ဘဲ အကျိုးပေးသန်ဟတ်ပါတယ်။

ကံ၏အကျိုးကို ယုံကြည်ရမယ်ဆိုတာက ဒါနကြောင့် ငါဖြင့် မချကောင်းကျိုးတွေ ရမှာပါကလားလို့ ယုံကြည်ခြင်းပါပဲ။ ပြီးတော့ "ဣဒံ ဘိက္ခဝေ ပတ္တေကာနေ ဒါနံ ဒါတဗ္ဗံ" ချစ်သားတို့၊ နိဗ္ဗာန်ကို မျည်မှန်းပြီး ဒါနပြုကြမ့လို့ ဟောတော်မူတဲ့ အတိုင်း၊ဒီဒါနကြောင့် တို့တတွေ နိဗ္ဗာန်ရောက်နိုင်ကြပါစေလို့ အေးချမ်းရာမှန် မြတ်နိဗ္ဗာန်ကို စိတ်ရည်သန်ပြီး ပြုလိုက်ရင် ဒါနသည်ပင်လျှင် ဝိဝဋ္ဋနိဿိတ ခေါ်တဲ့ ဝဋ်မှလွတ်ကြောင်း ဒါနဖြစ်သွားပါတယ်။ ဒါကြောင့် တို့ဒကာ ဒကာမအပေါင်း

သူတော်ကောင်းတို့သည် ဘုရားအလောင်း သူတော်ကောင်း၏ အကျင့်ကောင်းဖြစ်တဲ့ ဒါနကို အခြေခံထားပြီး နိဗ္ဗာန်လမ်းကို အမြန်ကြီး ပွင့်နိုင်ပါစေလို့ တိုက်တွန်းပါတယ်။

(ဤထွင် တရားနိဂုံး အဆုံးသတ်ပါပြီ၊ ဂါထာကိုရွတ်၍ အဆုံးသတ်ချင်ပါကလည်း အလွန်ကောင်းပါသည်၊အောက်ပါ ဂါထာကိုဖြစ်စေ၊ မိမိသင့်တော်ရာ တစ်ခုခုသော ဂါထာကို ဖြစ်စေ ရွတ်၍ အဆုံးသတ်ပါ။

ဝေဿဝတာ စ အမ္ဗေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေဒေဝါ နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။
ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာ-ဘိရတာဟောန္တု ဂစ္ဆန္တု ဒေဝတာ ဂတာ။

ဝေဿဝတာစ၊ ဤမျှကြီးကုတ် စွမ်းအားထုတ်၍ မယုတ် စေရ ပြုလုပ်ရသဖြင့်လည်း။ အမ္ဗေဟိ၊ ဘဝဝဋ္ဋကမ်း လွတ်ခွာ သန်းဖို့ ကျွတ်တမ်းပန်ဆု ငါတို့တစ်စုသည်။ သမ္ဘတံ၊ယခုအေးမှု နောင်တွေးရှုလျက် ဆည်းစုအပ်သော၊ ပုညသမ္ပဒံ အပေါင်း၊ စုမြှုပ် ကောင်းမှုထုပ်၍ မယုတ်မယွင်း ပြည့်စုံခြင်းကို။ သဗ္ဗေ၊ ရှိန်ဝါတောက်လင်း နောက်ပါသင်းနှင့် ခပင်းဥဿုံ အလုံးစုံ ကုန်သော။ ဒေဝါ စကြဝဠာသောင်းတိုက် ပေါင်း တစ်ဝိုက်မှ ရောက်ဆိုက်လာငြား ရှင်နတ်များလည်း၊ အနုမောဒန္တု၊ ကြည် လင်မနော ဘဝင်ဇောဖြင့် ရှင်မောဝမ်းမြောက် နိုင်ကြပါစေ ကုန်သတည်း။

သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ ကံကြောင့်မျိုးမှန် အကျိုးခံဟု ရှေးကံနို့ရင်း ပြီးစီးခြင်းငှာ။ သဒ္ဓါယ၊ ကံကြောင့် အကျိုး မထေင်ညိုးဟု ဖြောင့်ရိုးစွဲကပ် အမြဲမှတ်သဖြင့်။ ဒါန်၊ နည်း သည်, များသည် ခြားမရည်ဘဲ ရှင်ကြည်လှူရိုး ဒါနမျိုးကို။ ဒဒန္တု၊ သူတော်ရဟန်း ရည်မျှော်မှန်းလျက် လှူဒါန်းနိုင်ကြ ပါစေကုန်သတည်း။

သီလ၊ ပဉ္စ အဋ္ဌ ဒသင်္ဂဟု ကိုယ်မှမချတ် ကျင့်ခါးဝတ်ကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ အနုရက္ခန္တု၊ မညိုးမခြောက် မကျိုး ပေါက်အောင် စောင့်ရှောက်နိုင်ကြပါစေ ကုန်သတည်း။

ဘာဝနာဘိရတာ၊သမထဝိပဿနာ လက်မကွာဘဲဆက်ကာ နေ့ည အားထုတ်နိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။

အာဂတာ၊ အများညီညာ တရားနာဖို့ တားကာစွဲမှိတ် ခဲအကြိတ်ဖြင့် သိက်မြိုက်စုဆုံရောက်လာကြကုန်သော။ ဒေဝါ၊ စကြဝဠာသောင်းတိုက် ပေါင်းတစ်ဝိုက်မှ ရောက်ဆိုက်လာငြား ရှင်နတ်များသည်။ ဂစ္ဆန္တု၊ တရားတော်ပွဲ ပြီးကုန်စဲ၍ နေမြဲ ရပ်ဘုံ၊ ပြန်ကြပါစေကုန်သတည်း။

ဒါနတရားပြီး၏။

# သီလ တရားတော်

သဂ္ဂါရောဟဏ သောပါနံ၊
အညံ သီလသမံ ကုတော။
ဒွါရံ ဝါ ပန နိဗ္ဗာန-
နဂရဿ ပဝေသနေ။

(ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ)

သီလသမံ၊ သီလနှင့်တူသော။ (ဝါ) ဂေါသီစန္ဒကူး၊ အထူးအေးကြည် ထုံကြည်သင်းစွ စောင့်သီလနှင့် မျှတအနေ သံဘောတူပေထသော။ အဂ္ဂရောဟဏ သောပါနံ၊ နတ်ပြည် ရောက်ကြောင်းစောင်းတန်းကောင်းသဖွယ် ဖြစ်ပေထသော။ အညံ၊ တင်မျိုးတခြား တစ်ပါးသောတရားသည်။ ကုတော အတ္ထိ၊ ရှော်ရှည်မှန်းဆ ရှာ ဖွေကြသော်လည်း အဘယ်မှာရရှိနိုင်ပါအံ့နည်း။

ဝါပန၊ မှိုရာကျန တစ်နည်းသာပြသော်။ တော သီလံ၊ ချမ်းကြည်အေးမြ ဤသီလသည်။ နိဗ္ဗာန နဂရဿ၊ ချမ်းသာစစ်မှန်မြတ်နိဗ္ဗာန်ဟုကောန်သတ်မှတ် မြို့တော်မြတ်သို့။ ပဝေသနေ၊ မတိမ်းမစောင်းကောင်းကောင်းလျင်စွာ ဝင်ရောက်ရာ၌။ ဒွါရံ၊ ရွှေတံခါးကြီး ဖွင့်ပြီးမခြား အလားတူပါပေသတည်း။

အဲဒီဂါထာက သီလဂုဏ်ကို အစကလေးမျှ ထုတ်ပြတဲ့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာလာ ဂါထာပါပဲ။ သီလသည် နတ်ပြည်သွားရန် စောင်းတန်းလှေကားနှင့်တူတယ်။ စောင်းတန်းလှေကားမရှိဘဲနှင့်မျှအပေါ်ကိုမရောက်နိုင်သလို သီလမရှိဘဲနှင့်တော့ဘယ်လိုနည်းနှင့်မျှ သုဂတိ ဘဝတွေကို မရောက်နိုင်ပါဘူး။ နတ်ပြည်တင်လားဆိုရင် မဟုတ်ပါဘူး။ နိဗ္ဗာန်ကို ဝင်တော့မယ်ဆိုရင်လဲ သီလမပါရင်တော့ တံခါးက မပွင့်ပါဘူးတဲ့။ တံခါးမပွင့်ရင် ဘယ်လိုဝင်လို့ရတော့မှာလဲ။ ဒါကြောင့်သီလဟာ နတ်ပြည်ရောက်ရေးကစပြီး နိဗ္ဗာန်ရောက်ရေ အထိ အရေးကြီးဘယ်။ သူမပါမပြီးမှတ်ကြ၊ မြေကြီးမရှိရင် သက်ရှိ, သက်မဲ့ဘာမှမတည်နိုင်သလိုသုဂတိကအစ နိဗ္ဗာန်အထိ သီလမရှိဘဲနှင့်ကတော့ ဘယ်အရေး ကြီးငယ်မှ မပြီးဘူးမှတ်ပါ။

အခါတစ်ပါးမှာ နတ်သားတစ်ယောက်က ဘုရားရှင်ကို "အရှင်ဘုရား၊ အတွင်းအပြင် စပ်ပြီးရှုပ်နေတဲ့ လောကဇာတ်ရှုပ်ကြီးကို ဘယ်လိုရှင်းပါမလဲ" လို့ လျှောက်တားတော့ ဘုရားရှင်က–

> သီလေ ပတိဋ္ဌာယ နရော သပညော၊
> စိတ္တံ ပညဉ္စ ဘာဝယံ။
> အာတာပီ နိပကော ဘိက္ခု၊
> သော ဣမံ ဝိဇဋယေ ဇဋံ။

သီလမှာ အစပြု၍ ရပ်တည်ပါ၊ ပြီးတော့ သမာဓိနှင့်ပညာကိုပွားပါ။ သည်လိုဆိုရင် သံသရာ ဇာတ်ရှုပ်ကြီးဆို

ရှင်းနိုင်ပါလိမ့်မယ်လို့ (ဒေဝတာ သံသုတ်ပါဠိတော်) ထဲမှာ ဟောပါတယ်။

ဒီလို လောကုတ္တရာရေးတင် သီလဟာ အရေးကြီးသလား ဆိုရင် မဟုတ်ပါဘူး။ လောကီရေးရာမှာလဲ သီလဟာ အရေး အကြီးဆုံးပဲ။ သီလမရှိရင် အကျင့်ပျက်တယ်။ အကျင့်ပျက်ရင် တိုင်းပြည်ရော လူမျိုးပါပျက်တတ်ပါတယ်။ ဒါကြောင့်သီလကို ဘာသာရေးအတွက်သာ မဟုတ်ပါဘူး။ လူမှုရေးမှာလဲ အဓိက ဖြစ်ပါတယ်ဆိုတာကို သိနိုင်ကြပါတယ်။ သည်လို အရေးကြီး သောသီလကို ယခု ဆောက်တည်ပြီးကြပါပြီ။ သီလကိုအခြေ ခံပြီး ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့မှာ သမာဓိ ပညာကိုပွား၍ နိဗ္ဗာန်နန်းသို့ စံမြန်နိုင်ကြပါစေကုန်။

အမှာ။ ။ဂါထာရွတ်၍ အဆုံးသတ်လိုလျှင်လည်း ယခင် အတိုင်း ဂါထာရွတ်ပါလေ။ ဤကား အတို ချုပ်ဟောနည်း။ အကယ်၍ ဝတ္ထု ဆက် ဟော လိုလျှင် နိဂုံးကို မသတ်ပါလေနှင့်။ ဝတ္ထု ဆက်ဟောပါဦး။ ပြီးမှ နိဂုံးသတ်ပါ။

## ဝတ္ထု ဆက်ဟောရန်

ရှေးအခါက သီဟိုဠ်ကျွန်းခေါ်တဲ့ (ယခု သီရိလင်္ကာ) နိုင်ငံ မှာ ရောဟနဇနပုဒ်ခေါ်တဲ့ အရပ်ဒေသကြီး တစ်ခုရှိတယ်။ အဲဒီအရပ်မှာ စူဠစက္ကလ, မဟာစက္ကလခေါ်တဲ့ ညီနောင် နှစ်ယောက်ဟာ အမေမိခင်အိုကြီးတစ်ယောက်ကို အလွန်ရိုသေ

စွာဖြင့် ပြုစုလုပ်ကျွေးနေကြတယ်။ မိဘကျေးဇူး အသူးသိ တတ်တဲ့ ပုဂ္ဂိုလ်တွေ သားကောင်း၊သားမြတ်တွေပေါ့။ အဲဒါနဲ့ တစ်နေ့ကျတော့ မိခင်ကြီးမှာ ရောဂါဝေဒနာ စွဲကပ်လာ တယ်။ သမားတော်တွေ လိုလေသေးမရှိ ကုသသော်လဲ ရောဂါမပျောက်ပါဘူးတဲ့။

တစ်နေ့တော့ သမားတော် တစ်ယောက်က ဒီရောဂါကို ယုန်သားကိုကျွေးပြီး ကုသရင် ပျောက်ရစေ့မယ်လို့ တာဝန်ယူ သတဲ့။ မိဘကိုချစ်လှတဲ့သားတွေဖြစ်တော့ ယုန်သားတင်မကာ ဘူး။ ကောင်းကင်ကကြယ်တောင် ဆွတ်ယူ ပေးရမယ်ဆိုရင် မိဘအတွက် မရ ရအောင် လုပ်ပေးကြမယ့် သားတွေပဲ။ အင်မတန်တော်တဲ့သားတွေပေါ့။ ဒီတော့ ညီငယ် စက္ကလ က ကဲ—အစ်ကိုကြီး၊ ကျွန်တော်ယုန်သားရအောင် အရှာထွက်မယ် ဆိုပြီး ထွက်လာခဲ့တာ တောထဲရောက်တော့ ယုန်လိုက်တာ ပေါ့လေ။ အမေ့ရောဂါ ပျောက်စေလိုသောစေတနာနဲ့ ယုန် ကလေး တစ်ကောင်ကို လိုက်လိုက်တာ ယုန်ကလဲပြေးနိုင် သလောက်ပြေး။ သူက လိုက်နိုင်သလောက်လိုက်။ နောက် တော့ ယုန်ကလေးက မပြေးနိုင်တော့ မောမောနဲ့ ချုံထဲ ဝင်ပုန်းနေတာပေါ့လေ။ နောက်ကလူကမီလာတော့ မျက်လုံး ကလေး နီနီရဲရဲနဲ့ ကြောက်လွန်းလို့ တစ်ကိုယ်လုံး တုန်နေရှာ တယ်။ သူ့အမူအရာကလည်း အသက်ကို ချမ်းသာပေးပါလို့ တောင်းပန်သလိုပဲတဲ့။

ယုန်ကလေးများဆိုတာ သိပ်သနားစရာကောင်းတဲ့သတ္တဝါ မျိုးပဲ။ ဘယ်သူ့မှလဲ ရန်မလုပ်၊ ဘာမှလဲ မဖျက်ဆီးဘူး။

စက္ကလ ကလဲ ယုန်ကလေးကိုရပဟော့၊ ငါ့အမေရောဂါတော့ ကောင်းပဟောလို့ ဝမ်းသာအားရနဲ့ တုတ်ကောင်းကောင်းနဲ့ ရိုက်မယ်လုပ်တော့ ယုန်ကလေးဟာ ပြေးလို့လဲမရ၊ သေဘေး ကြောက်လွန်းလို့ မျက်ရည်တွေတောင်မှကျလာသတဲ့။ သတ္တဝါ များသေဘေးသိပ်ကြောက်ကြတယ်၊ နွားတွေလဲ သူဘ်ကိုသတ် တော့မယ်ဆိုရင် သိပ်သိတာ။ ကြောက်လွန်းလို့ မျက်ရည်တွေ ကျပြီး အသနားခံတဲ့ မျက်နှာနဲ့ တစ်ဘက် လှည့်ကြည့်ရှာကြ တယ်၊ ဒါတောင် သဘ်ဖြစ်အောင် သတ်ချက်ကြပါပေတယ်။

စူဠစက္ကလ ကတော့ သူတော်ကောင်းစိတ်ရှိတဲ့ လူသား ဆိုတော့ ယုန်ကလေးက ဒီလို ကြောက်ကြောက် လန့်လန့်နဲ့ အသနားခံနေတဲ့ပုံ တွေ့ရတဲ့အခါ ငြိဘ်-ငါသည် အသက် တစ်ခုရှင်ဖို့အတွက် အသက်ဘစ်ကို သတ်ရမယ်ဆိုတာ မတရား ဘူး။ ဒါကြောင့် နေ့ဝင်ဖြစ်လိုရာ ဖြစ်စေ၊ယုန်ကလေး ကိုတော့ မသတ်တော့ဘူးလို့ ဆုံးဖြတ်ပြီး ငြိနေတဲ့နွယ်ကြိုးတွေကို အသာ အသာဖြေလွှတ်လိုက်တယ်၊ ယုန်ကလေးဟာ သေဘေးကလွတ် တယ် ဆိုရင်ဘဲ အတိုင်းမသိသော ဝမ်းသာခြင်းဖြင့် တအား ထွက်ပြေးသွားတယ်။ စူဠစက္ကလဟာလဲ ယုန်ကလေးကို အသက် ဘေးမှ လွှတ်လိုက်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာနေတယ်။ ယုန်ကလေး ထွက်ပြေးသွားရာကို မျက်စိတဆုံး လိုက်ပြီးကြည့် နေမိတယ်။

စူဠစက္ကလဟာ အိမ်ကို ပြန်ရောက်လို့ အမှန်အတိုင်း အကြောင်းစုံကိုပြောပြတော့ အစ်ကိုကြီးမဟာစက္ကလက အမေ့ ရောဂါပျောက်ချင်စိတ် ပြင်းထန်နေတော့ အကြီးအကျယ်စိတ်

ဆိုးတာပေါ့။ လူဆိုတာက မိမိစွဲလမ်းရာကို ပြင်းပြင်းပြ တာကိုး။ မင်းဟာ အမေ့ကို အရေး မစိုက်တဲ့သား။ အမေ ဒါလောက်ရောဂါတွေခံစားနေရတာကို မင်းမို့ ကြည့်ရက်နိုင် တယ်။ စသည်ဖြင့်ပေါ့လေ ကြိမ်းမောင်းတာပေါ့။

ညီငယ် စူဠစက္ကလ က ကဲ–အစ်ကိုကြီးရယ်၊ ပြောစရာရှိတာ လဲပြောပြီးပြီ၊ လောကမှာ ဆေးဝါးကုသတယ်ဆိုတာ ရုပ်ခေတ် ဆေးဝါးသာရှိတာမဟုတ်ပါဘူး( ဓမ္မာ ဆေးဝါး ဆိုတာလဲရှိပါ သေးတယ်။ ဒါကြောင့် ကျွန်တော့် အမေရောဂါကို ဓမ္မ ဆေးနှင့်ကုမယ်။ ဒါကြောင့် ကျွန်တော် သစ္စာဓိဋ္ဌာန်ပြုပါရ စေလို့ တောင်းပန်လိုက်ပြီး–

ငါသည် တကယ်မှန်မြတ်သောစေတနာဖြင့် လက်တွင်းရောက်နေသောယုန်ကလေးကို ဇီဝိတ ဒါန အသက်ဘေးမှ ကယ်တင်ပေးခဲ့ပြီ။ ဤယုန် ကလေးသည် အသက်ချမ်းသာရ၍ အလွန်ဝမ်း သာသွားသကဲ့သို့ ငါ၏ မယ်တော်ကြီးသည် လည်း ရောဂါလွတ်ကင်း၍ ဝမ်းမြောက်ခြင်း ဖြစ်စေသတည်း။

လို့ သစ္စာဓိဋ္ဌာန်ပြုပြီးတော့ အမေ့ကိုယ်ကို မိမိလက်နှင့် ပွတ် သပ်ချလိုက်တယ်။ အံ့သြစရာပဲ၊ အမေ့ရောဂါချက်ချင်းပျောက် ကင်းသွားတယ်။ မိခင်ကြီးလဲ ဝမ်းသာအားရနှင့် ချက်ချင်းထ ထိုင်ပြီး သားတွေကိုပဲ ဝမ်းပန်းတသာနှင့်ပေါ့လေ၊ စကားတွေ ပြောမဝ၊ သားငယ် စူဠစက္ကလကိုတော့ ဒါမှ ငါ့သား ဆိုပြီး အထူးချီးကျူးမကုန် ဖြစ်နေတာပေါ့။

ဒီအခါကျမှ မယ်တော်ကြီးရော၊ ညီအစ်ကို နှစ်ယောက်ရော အနီးအနား သိုင်းကြသူတွေက တစ်ဆင့်ပြီး တစ်ဆင့် စက္ကလရဲ့ ကျေးဇူး တယ်ကြီးပါကလားလို့ ပြောမကုန် ဖြစ်နေရာမှ ရှင်ဘုရင်ကြီး ကြားသိတော်မူလို့ မင်းက ခေါ်ယူ ချီးမြှောက်ပါတယ်။ သူတို့မိသားစုဟာ သီလတန်ခိုးကြောင့် ပစ္စုပ္ပန်မှာလဲ ချမ်းသာပြီး တမလွန်မှာလဲ နတ်ရွာသုဂတိကို ရောက်ကြပါတယ်။

ဒါကြောင့် သာသနာ့ အလုပ်မှာ အင်မတန်မှ အရေးကြီးတဲ့ သီလတရားတော်ကြီးကို ငါးပါး ရှစ်ပါး ထိုက်သည့်အားလျော်စွာ စောင့်ရှောက်နိုင်ကြပါစေ၊ စောင့်ရှောက်နိုင်ကြပါမှ ခုရော နောင်ပါ လူ့လောကကြီး ချမ်းသာနိုင်ကြမယ်။ ချမ်းသာနိုင်ကြပါစေလို့ တိုက်တွန်းရင်း တရားနိဂုံး သတ်ကြပါစို့။

ဒွတ္တဝတာစ အမေဟိ၊ သမ္မတံ၊ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါနုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။
ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ၊
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာဂတာ။

တွေ့တာဝစ၊ ဤမျှကြိုးကုတ်စွမ်းအားထုတ်၍ မယုတ်စေရ ပြုလုပ်ရသဖြင့်လည်း။ အမေဟိ၊ ဘဝဝဋ်ကမ်း လွတ်ခွာသန်းဖို့ ကျွတ်တမ်းပန်ဆု ငါတို့တစ်စုသည်။ သမ္မတံ၊ ယခုအေးမှုနှောင် တွေးနှုလျက် ဆည်းစုအပ်သော၊ ပုညသမ္ပဒံ၊ အပေါင်းစုမြှုပ် ကောင်းမှုထုပ်၏ မယုတ်ယွင်း ပြည့်စုံခြင်းကို။ သဗ္ဗေ၊ ရှိနိုဝါ

တောက်လင်း နေ့ခက်ပါသင်းနှင့် ခပင်းဥသုံ အလုံးစုံကုန်သော။ ဒေဝါ၊ စကြာဝဠာသောင်းတိုက် ပေါင်းတစ်ဝိုက်မှ ရောက်ဆိုက်လာငြား ရှစ်နတ်အများတို့သည်။ အနုမောဒန္တု ကြည်လင်မနော ဘဝင်ဇောဖြင့် ရှင်မောဝမ်းမြောက်နိုင်ကြစေကုန်သတည်း။ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ ကံကြောင့်မျိုးမှန်အကျိုးခံဟု ရှေးကံနှီးရင်း ပြီးစီးခြင်းငှာ၊ သဒ္ဓါယ၊ ကံကြောင့်အကျိုး မထောင့်ညှိုးဟု ဖြောင့်ရိုးစွဲကပ် အမြဲမှတ်သဖြင့်၊ ဒါန်၊ နည်းသည် များသည် ခြားမရည်ဘဲ ရှင်ကြည်လှူရိုး ဒါနမျိုးကို။ ဒဒန္တု၊ သူတော်ရဟန်း ရည်ရော်မှန်းလျက် လှူဒါန်းနိုင်ကြပါစေကုန်သတည်း။ သီလံ၊ ပဉ္စ, အဋ္ဌ, ဒသင်္ဂဟု ကိုယ်မှမချွတ် ကျင့်ခါးဝတ်ကို။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ ရက္ခန္တု၊ မညှိုးမခြောက် မကျိုးမပေါက်အောင် စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။ ဘာဝနာဘိရတာ၊ သမထ ဝိပဿနာ လက်မကွာဘဲ ဆက်ခါနေ့ည ဒွါးထုတ်နိုင်ကြကုန်သည်။ ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အာဂတာ၊ အများညီညာ တရားနာဖို့ ထားကာစွဲမှိတ် ခဲအကြိတ်ဖြင့် သိုက်မြိုက်စုဆုံ ရောက်လာကြကုန်သော။ ဒေဝါ၊ စကြာဝဠာသောင်းတိုက် ပေါင်းတဝိုက်မှ ရောက်ဆိုက်လာငြား ရှင်နတ်များသည်။ ဂစ္ဆန္တု၊ တရားတော်ပွဲ ပြီးကုန်စဲ၍ နေမြဲရပ်ဘုံ ပြန်ကြွတော်မူကြပါစေကုန်သတည်း။

သီလတရားတော်ပြီး၏။

## အခန်း (၂)

# ဝိပဿနာ တရားတော်

ယော စ ဝဿသတံ ဇီဝေ၊
အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ-သေယျော၊
ပဿတော ဥဒယဗ္ဗယံ။

ယောစ၊ အကြင်သူသည်လည်း။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်တရား ဤနှစ်ပါးတို့ မခြားခဏ ဖြစ်ပျက်နေသည့် သဘာဝ ဓမ္မကို။ အပဿံ၊ ပညာစက္ခု မျှော်ရှုထောက်ကာ မမြင့်ပါဘဲ။ ဝဿသတံ၊ အချိန်တွေဖြုန်း နှစ်တစ်ရာကာလပတ်လုံး။ ဇီဝေ၊ ဇီဝိန် ဖြစ်တည်အသက်ရှည်ငြားအံ့။ ယောစ၊ အကြင်သူသည်ကား၊ ဥဒယဗ္ဗယံ၊ ရုပ်နာမ်နှစ်ပါး ဤတရားတို့ မခြားခဏ ဖြစ်ပျက်နေသည့် သဘာဝဓမ္မကို။ ပဿံ၊ ပညာထိုးထွင်း အလင်းဝင်ကာ မြင်နိုင်ပါသဖြင့်။ ဧကာဟံ၊ တစ်နေ့တစ်ရက် တစ်နံနက်မျှ။ ဇီဝေ၊ ဇီဝိန် ဖြင့်တည် အသက်ရှည်ငြားအံ့။ ဥဒယဗ္ဗယံ၊ ရုပ်နာမ် တရား ဤနှစ်ပါးတို့ မခြားခဏ ဖြစ်ပျက်နေကြသည့် သဘာဝ ကို။ ပဿတော၊ မြင်သောသူ၏။ ဇီဝိတံ တစ်ခဏမျှပင် ဖြစ်ပျက် မြင်၍ အသက်ရှင်ရခြင်းသည်။ သေယျော၊ နိဗ္ဗာန်ရောက်ရန် အကြောင်းခံမို့ အမှန်မသွေ အမြတ်ကြီး မြတ်လှပါပေ သတည်း။

(သာဓုခေါ်ကြစေ)

ဝိပဿနာတရား နာကြားလိုကြသည့် ပုဂ္ဂိုလ်များအတွက်-

(၁) ဝိပဿနာ အလုပ်ကို ဘာကြောင့် လုပ်ဖို့လိုသလဲ။

(၂) ဝိပဿနာ မလုပ်ရင် ရေကျမှာလား။

(၃) လုပ်ရင် ဘယ်လိုအကျိုးရမလဲ။

(၄) ဝိပဿနာဆိုတာ ဘာလဲ။

(၅) ဝိပဿနာကို ဘယ်လိုလုပ်မလဲ။

၁။ "ဝိပဿနာအလုပ်ကို ဘာကြောင့်လုပ်ဖို့ လိုသလဲ" ဆိုတဲ့ အမေးကို ဖြေဖို့ကတော့ အသင်းရောင် အောက်မှာ လမ်းလျှောက်နိုင်အောင်လို့ ဝိပဿနာအလုပ်ကို လုပ်ဖို့လိုတယ်လို့ ဖြေရပါမယ်။ ရှင်းပြပါမယ်။ ဝိပဿနာဉာဏ်အလင်းကို မရသူဟာ ဒါန, သီလ ဘယ်အလုပ်ကိုပဲလုပ်လုပ်၊ အမှောင်ထဲမှာ အလုပ်လုပ်ရတာ မည်တယ်။ အမှောင်ထဲမှာ လမ်းသွားတာ မည်တယ်။ အမှောင်ထဲမှာ လမ်းသွားရင် ချောက်ကျဖို့ များပါတယ်၊ဝိပဿနာဉာဏ်မရရုံနှင့် ဘယ်လို အမှောင်ထဲလမ်းသွားနေတယ်လို့ ဆိုပါသလဲလို့ မေးရင် တစ်လောကလုံးမှာ တကယ်အရှိတရားဆိုတာ သဘာဝပြီးအနေဖြင့် ရှိတယ်။ အဲဒီ တကယ်ရှိသဘာဝပြီးတရားတွေကို လောကသားတွေက အရှိကို အရှိအတိုင်း မမြင်ဘူး။မကြည့်ဘူး၊မသိဘူး၊ကိုယ်လိုချင်တဲ့ ဘက်ကိုဆွဲပြီးကြည့်တတ် မြင်တတ်ကြတယ်။ ဒီတော့ အရှိတရားက တစ်မျိုးတခြားစီ ဖြစ်နေတယ်။ ဒီလို အရှိက တစ်မျိုး၊ အသိက တစ်မျိုး ဖြစ်ခြင်းသည်ပင်လျှင် သတ္တဝါတွေရဲ့အမှောင်တွင်း၊

သက်ဆင်းနေခြင်းဖြစ်တယ်။ ဒါကြောင့် "အရှိကို အရှိအတိုင်း မြင်အောင် ကြည့်တတ်ဖို့ရန်" ဝိပဿနာ အလုပ်ကို လုပ်ဖို့ လိုအပ်ဘယ်လို့ဖြေရပါမယ်။

၂။ "ဝိပဿနာ အလုပ်ကို မလုပ်ရင် ငရဲကျမှာလား ?" ဆိုလို့ အမေးအတွက် အဖြေကတော့ ဝိပဿနာ မလုပ်ရုံနှင့်တော့ ငရဲမကျပါဘူး။ ဝိပဿနာဉာဏ်မပါတဲ့ ဒါန,သီလ, သမထတွေကြောင့် နတ်ဘုံ ဗြဟ္မာ့ဘုံ တွေမှာ ဖြစ်နေတာ အများကြီးပါ၊ သို့သော် အများအတွင်းမှာအများနှင့် ရောပြီး ရောက်နေတဲ့ သုဂတိဘုံတွေမို့လို့ အဲဒီသုဂတိဘုံတွေမှာချည်း အမြဲနေရပြီလို့ စိတ်မချရဘူး။ ယနေ့ဗြဟ္မာ့ပြည်မှာ တဝင်းဝင်းဆိုပေမယ့် နက်ဖြန်ဝက်စားကျင်းမှာ တရှုတ်ရှုတ်ဖြစ်တတ်တယ်၊ ဝိပဿနာဉာဏ်နှင့်ယှဉ်ပြီးရောက်နေရတဲ့ သုဂတိဘဝကတော့ သုဂတိမှာအမြဲပဲ နေရတော့မယ်လို့ စိတ်ချရတယ်။ အဲဒီ သုဂတိကပဲနိဗ္ဗာန်ကို တန်းဝင်မယ်ဆိုတာ သေချာနေတယ်။ ဝိပဿနာမလုပ်ရင် ငရဲကိုကျမယ်လို့ တထစ်ချမဆိုပေယ့် ဝိပဿနာ မလုပ်သူနှင့် လုပ်သူကတော့ "သုဂတိရောက်တောင်မှ ဘဝချင်း ဒီလိုကွာတယ်လို့" ဖြေရမယ်။

၃။ "ဝိပဿနာလုပ်ရင် ဘာအကျိုးရမှာလဲ– ?" ဆိုလို့ ဒီအမေးအတွက် အဖြေက ဝိပဿနာလုပ်ရင် နိဗ္ဗာန်ရောက်မယ်။ နိဗ္ဗာန်ရောက်လိုရင်တော့ ဒီလမ်းတစ်လမ်းတည်းပဲရှိတယ်။ ဝိပဿနာဆိုတာဟာ နိဗ္ဗာန်ရောက်လိုသူတို့ရဲ့ အဓိကအလုပ်ပါပဲ၊

သံသရာထဲ တဝဲဝဲနှင့် လည်နေချင်သူတွေအဖို့တော့ ဝိပဿနာ အလုပ် လုပ်လဲလုပ်ချင်ကြမယ် မဟုတ်ပါဘူး။ မူကတော့မိမိက လမ်းတိုတိုနှင့်ဖြတ်ချင်သလား၊ မဖြတ်ချင်ဘူးလား၊ မိမိကိုယ်ကို မိမိသိပါတယ်။

၄။ ဝိပဿနာဆိုတာ ဘာလဲ - ?"

ဝိပဿနာဆိုတာဟာ အရှိကိုအရှိအတိုင်းမြင်တဲ့ ဉာဏ်ပါပဲ။ စာစကားနှင့်ပြောရရင် ပရမတ္ထသဘာဝကို ပရမတ်သဘာဝ အတိုင်း မြင်တဲ့ဉာဏ်ပါပဲ။ ယနေ့မြင်နေကြတာက ပရမတ် သဘာဝကို ပညတ်အပေါ်ကဖုံးပြီး မြင်နေကြပါတယ်၊ အဲဒီ ပညတ်အဖုံးကိုခွာပြီး ပရမတ်အတိုင်း မြင်တဲ့ဉာဏ်ကို ဝိပဿနာ ဉာဏ်လို့ခေါ်ပါတယ်။

ဒီအကြောင်းကို အနည်းငယ်ဟောရရင် သင်္ခါရတွေမှာ အဖုံး ၄-မျိုး ဖုံးထားခြင်း ခံနေရပါတယ်။ အဲဒါတွေက-

(၁) နာမည်ပညတ်ခေါ်တဲ့ အခဲဖုံးနေခြင်း။

(၂) သန္တတိပညတ်ခေါ်တဲ့ အစဉ်အတန်းဖုံးနေခြင်း။

(၃) သမူဟပညတ်ခေါ်တဲ့ အပေါင်းအစု ဖုံးနေခြင်း။

(၄) သဏ္ဌာနပညတ်ခေါ်တဲ့ အသွင်သဏ္ဌာန်ဖုံးနေခြင်း။

ဒီလေးမျိုးဖုံးထားခြင်း ခံနေရတဲ့ အမှန်ဘတယ် အရှိတို မမြင်နိုင်ဘဲ ဖြစ်နေကြတယ်။

၁။ လောကမှာ အရာဝတ္ထုမှန်သမျှတွေဟာ တကယ်ကတော့ ပရမတ်တွေချည်း ဖြစ်ကြတယ်။ အဲဒါကိုပင် နွာမည်မတပ်ရင် ခေါ်လို့မဖြစ်တော့ နာမည်အသီးသီးတပ်ကြတယ်။ ကြာတော့ သတ္တဝါတွေဟာ မူလပရမတ်အပေါ် စိတ်မရောက်ဘဲ နာမည်တင်ပဲ စိတ်စွဲသွားတော့တယ်။ နာမည်ကို ရှိုးရှိုးစွဲရုံတင်မကဘဲ တချို့ဆိုရင် နာမည်ကပဲခိုက်တယ်၊ နာမည်ကပဲအကျိုးပေးတယ်ဆိုပြီး နာမည်ပြောင်းရတာနဲ့ ရွေးရတာနဲ့ ရှုပ်ကုန်တယ်။ ဒါဟာ မူလပရမတ်ကို မမြင်အောင်-

(၁) နာမည်ပညတ်က ပရမတ် အမှန်ကို ဖုံးလိုက်တာပဲ။

(၂) "သန္တတိပညတ် ခေါ်တဲ့အစဉ်အတန်းဖုံးနေတယ်" ဆိုတာက ပရမတ္ထသဘာဝ အစစ်အမှန်ဟာ တစ်ခုနဲ့ တစ်ခုတစ်စပ်တည်းမဟုတ်ဘူး။ (အပြတ် သပြတ်တွေ) ဖြစ်ကြပါတယ်။ ဒါပေမယ့် တင်ဆက်တည်းလို့ ထင်ရလောက်အောင် ဖြစ်ပျက်မှုက မြန်လေတော့ ဉာဏ်က ထိအောင်မစူးစိုက်နိုင်လို့ တဆက်တည်း ထင်မှတ်နေကြတယ်။ မီးတစ်ခုကို ညဉ့်အခါ လူတစ်ယောက်က အဝေးကနေပြီး စက်ဝိုင်းဖြစ်အောင် မြန်မြန်လှည့်ပြရင် မသိတဲ့လူက မီးစက်ဝိုင်းလို့ ထင်ရသလိုပါပဲ။ အဲဒါဟာ ပရမတ်အမှန်ကို သန္တတိပညတ်က ဖုံးလိုက်တာပါပဲ။

၃။ သမူဟပညတ်ခေါ်တဲ့ အပေါင်းအစုက ဖုံးနေပုံ" ကိုတော့ ဒီလိုမှတ်ရမယ်။ ပရမတ်သဘာဝမှာ ရုပ်တွေလဲ သူ့ဘာသာသူ၊ သူ့ကလာပ်နှင့်သူ တစ်ခုပြီးမှ တစ်ခုဖြစ်

နေကြတယ်။ စိတ်တွေလဲ တစ်စိတ်ပြီးမှတစ်စိတ် ဖြစ်နေကြတယ်။ အပေါင်းအစုရယ်လို့မရှိပါဘူး။ ဒီလိုမရှိပါဘဲ လျက် အပေါင်းအစုရယ်လို့ ထင်မှတ် နေကြတယ်။ အထူးသဖြင့် ရုပ်အပေါ်မှာ ရုပ်တုံးကြီးပဲ ရုပ်ခဲကြီးပဲလို့ ထင်မှတ်နေကြတာဟာ သမူဟပညတ်အဖုံး ခံရတာပါပဲ။

၄။ သဏ္ဌာနပညတ်ခေါ်တဲ့ သဏ္ဌာန်အသွင် ဖုံးပုံကတော့ ပရမတ္ထသဘာဝမှာ ယောကျ်ား သဏ္ဌာန်၊ မိန်းမ သဏ္ဌာန်၊ ခွေးသဏ္ဌာန်၊ ငှက်သဏ္ဌာန်၊ လက်သဏ္ဌာန် ရယ်လို့ မရှိပါဘူး။ အဝိုင်း လေးထောင့် ဆိုတဲ့ သဏ္ဌာန်တွေလဲ မရှိပါဘူး။ ဒီသဏ္ဌာန်တွေ ဆိုတာက ပရမတ္ထ သဘာဝရဲ့ တည်နေဟန်ကို လိုက်ပြီး ခေါ် နေကြတာ၊ တကယ် အရင်းခံ ပရမတ် ကတော့ သဏ္ဌာန်အနေဖြင့် ‚ မရှိပါဘူး။ ဒါကို ဥပမာဖြင့် ပြရရင် မြေမှုန့်တွေတို့၊ ရေနှင့်နယ်၊ ပြီးတော့ ၎င်း အမှုန့်တွေကို နွားရုပ်လုပ်ရင် နွားလို့ ခေါ်နိုင်ဘယ်။ လူရုပ်လုပ်ရင် လူလို့ခေါ်နိုင်တယ်။ လုပ်ချင်ရာအရုပ် တွေလုပ်ပြီး ခေါ်နိုင်ကြတယ်၊ ဒါပေမယ့် တကယ် အရင်းခံကတော့ မြေမှုန့်အစစ်သာ ဖြစ်ဘယ်။ ဒါကို ပင် သူ့တည်နေဟန်ကိုလိုက်လို့ အမျိုးမျိုး ခေါ် နေကြတာသာဖြစ်တယ်။ ဒီဥပမာနှင့် တထပ်တည်းပင် ပရမတ်တွေကိုလဲ သူတို့တည်နေဟန်ကို လိုက်တဲ့လူလို့

ခေါ်ချင်ခေါ်ကြတယ်။ နတ်လို့ခေါ်ချင်ခေါ်ကြတယ်။ အိမ်၊ ကျောင်း၊ ဇရပ်အသီးသီးခေါ်ကြတယ်။ ဒါပေမယ့် မူလပရမတ်ကတော့ လူလဲမဟုတ်၊ နတ်လဲမဟုတ်၊ အိမ်၊ ကျောင်း၊ ဇရပ်လဲမဟုတ်ဘူး၊ သတ္တဝါတွေဟာ ဒီသဏ္ဌာန် တွေကိုချည်း မျက်မှန်း တန်းမိနေတာက ကမ္ဘာအနမတဂ္ဂ ကြာလေတော့ အမှားကြာတော့ အမှန် ဖြစ်တာလို့ တကယ် ပရမတ်တွေကိုတော့ မမြင်လိုတော့ပဲ သဏ္ဌာန် ပညတ်တွေ အပေါ်မှာ ထင်မြင်စွဲလမ်း နေကြတယ်။ ဒါဟာ ပရမတ်အမှန်ကို သဏ္ဌာန်ပညတ်က ဖုံးတာပဲ။

"ဝိပဿနာဆိုတာ ဘာလဲ" ဆိုတဲ့ အမေးကိုပေါင်းပြီးဖြေပါတော့မယ်။ အမှားအဝိဇ္ဇာကြီးဖုံးထားတာကိုခွာပြီး အမှန်ပရမတ်အပေါ်မှာ (ဝါ) ပင်ကို အရှိတရားပေါ်မှာ အဲဒီအရှိတရားရဲ့ ပင်ကိုသဘောကို မြင်ခြင်းပါပဲ။ ပရမတ္ထသဘာဝတွေဟာ ပင်ကိုသဘာဝအားဖြင့် ဖြစ်ပြီး ပျက်နေပါတယ်။ ဝိပဿနာဉာဏ်ဆိုတာက အဲဒီ အမှန်သဘာဝကို အမှန်အတိုင်း ရှုမြင်မှုသာဖြစ်ပါတယ်။ ကိုယ်လိုချင်သလိုဆွဲပြီး ကြည့်တဲ့ဉာဏ်မျိုးမဟုတ်ဘူး။

ဒီဝိပဿနာဉာဏ်ဟာ ဆင်ခြင်ပုံ အဆင့်ဆင့်ကို လိုက်ပြီး အသီးသီး ဉာဏ်စဉ် ၁၀- ပါးရှိပါတယ်။ ပရမတ်တရားတွေကို မူလအခြေခံအားဖြင့် အာရုံဆီသို့ ညွှတ်တတ်သော သဘောက တစ်မျိုး၊ မာသဘော၊ ပျော့သဘော၊ ပူသဘော၊ အေးသဘော

စတဲ့ သဘောက တင်မျိုးလို့ သိခြင်းကို နာမ် နှင့် ရုပ်ပိုင်း ခြားသိတဲ့အတွက် "နာမရူပ ပရိစ္ဆေဒဉာဏ်" လို့ ခေါ်တယ်။ ပြီးတော့ နာမ်တရားတို့ကို အကြောင်းနှင့်တကွ ပိုင်းခြားသိတဲ့ဉာဏ်ကိုတော့ "ပစ္စယပရိဂ္ဂဟဉာဏ်" လို့ခေါ်တယ်။ ဒီဉာဏ် နှစ်ပါးကိုတော့ ဝိပဿနာရဲ့ အခြေခံဉာဏ်လို့မှတ်ပါ။ ဒီဉာဏ် နှစ်ပါးကိုရရင် စူဠသောတပန်လို့ ခေါ်တယ်။ ဒုတိယဘဝမှာ ဂတိမြဲပြီး အပါယ်မကျတဲ့ သောတာပန် အငယ်စားလို့ ခေါ် ပါတယ်။ ဒီအထက်ကဖြစ်တဲ့ ဝိပဿနာ ဉာဏ်များကတော့-

(၁) သမ္မသနဉာဏ်။ (၂) ဥဒယဗ္ဗယဉာဏ်။ (၃) ဘင်္ဂ ဉာဏ်။ (၄) ဘယဉာဏ်။ (၅) အာဒီနဝဉာဏ်။ (၆) နိဗ္ဗိဒါ ဉာဏ်။ (၇) မုဉ္စိတုကမျတာဉာဏ်။ (၈) ပဋိသင်္ခါဉာဏ်။ (၉) သင်္ခါရုပေက္ခာဉာဏ်။ (၁၀) အနုလောမဉာဏ် လို့ ဝိပဿနာဉာဏ် ဆယ်ပါးရှိပါတယ်။

ဒီလို တစ်ပါးတည်းသော ဝိပဿနာဉာဏ်က ၁၀ - ပါးဖြစ် ရတယ်ဆိုတာဟာ ဉာဏ်ရဲ့မြင်ပုံ အခြင်းအရာ အနုအရင့်ကို လိုက်လို့ ကွဲပြားရတယ်လို့ မှတ်ပါ။ နာမည် တပ်ထားခြင်း သာဖြစ်ပါတယ်။ ဒီဝိပဿနာဉာဏ်တွေဟာ လောကီဉာဏ်တွေ သာ ဖြစ်ပါတယ်။ လောကုတ္တရာဉာဏ် မဟုတ်သေးပါဘူး။ မဂ်ဉာဏ် ဖိုဉာဏ်ကူးမှ လောကုတ္တရာဉာဏ်တွေ ဖြစ်ပါတယ်။ ဒီဉာဏ်ကို အကျယ်ဟောရင် သိပ်ကျယ်ဝန်းနေမှာမို့ ဒီမှာ အဓိပ္ပာယ်လဲပါစေ၊ အမှတ်ရလဲလွယ်စေရန် လင်္ကာလေးနှင့် ဖွင့်ဆိုဟောသွားပါမယ်။

(က) နာမ်ရုပ်မျှသာ၊ ရှိသည့်တာဟု၊ မြင်နိုင်မှု၊ မှတ်ရှု နာမရူပ ပရိစ္ဆေဒဉာဏ်။

(ခ) အကြောင်းနှင့်တကွ၊ သိမ်းဆည်းက၊ ပစ္စယပရိဂ္ဂဟ ဉာဏ်။

(ဂ) ဤဉာဏ်နှစ်ဝ၊ ပိုင်လတ်က၊ စူဠသောတာပန်။

(ဃ) အပါယ်တံခါး၊ ပိတ်ပြီးသား၊ မှတ်ထားမြဲကြောင်း။

ဣမိနာ ပန ဉာဏေန သမန္နာဂတော အရိယသာဝကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နောနာမ ဟောတိ။

(ဝိသုဒ္ဓိမဂ်။)

ဣမိနာ ပနဉာဏေန၊ ဤဉာဏ်နှစ်ပါးနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ အရိယာတပည့်သည်။ ဗုဒ္ဓသာသနေ၊ ဘုရားသာသနာ၌။ လဒ္ဓဿာသော၊ ရအပ်သော အသက်ရှုပေါက်ရှိသည်။ ဝါ၊ အသက်ရှူချောင်သည်။ (ယခုမှ အသက်ရှူရတာချောင်တယ်လို့ ဆိုလိုတယ်) လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်တည်ရာ ရှိသည်ဖြစ်၍။ နိယတဂတိကော၊ နောက်ဘဝ၌ အပါယ်မသွားဘဲ သုဂတိမြဲသော။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန်မည်သည်။ ဟောတိ၊ ဖြစ်၏။

၁။ လက္ခဏာသုံးတန်မြင်တုံပြန် သမ္မသနဉာဏ်။

၂။ ဖြစ်ပျက်နှစ်တန် မြင်တုံပြန် ဥဒယဗ္ဗယဉာဏ်။

၃။ အပျက်ချည်းမှန် အမြင်သန် မှတ်ရန် ဘင်္ဂဉာဏ်။

၄။ ကြောက်ဖွယ်ဟုပင် တိုး၍မြင် ခေါ်တွင် ဘယဉာဏ်။
၅။ အပြစ်မြင်ပြန် အမြင်သန် မှတ်ရန် အာဒီနဝဉာဏ်။
၆။ ငြီးငွေ့လေလျှင်ထိုအခါတွင် ခေါ်တွင်နိဗ္ဗိန္ဒာဉာဏ်။
၇။ လွတ်လိုသောအခါ ထိုဉာဏ်မှာ ခေါ်ရာ မုဉ္စိတုကမျှတာဉာဏ်။
၈။ ထပ်၍တဖန် ဆင်ခြင်ပြန် ခေါ်ရန် ပဋိသင်္ခါဉာဏ်။
၉။ သင်္ခါရမှု လျစ်လျူရှုခေါ်မှု သင်္ခါရုပေက္ခာဉာဏ်။
၁၀။ ဝိပဿနာမဂ်ဉာဏ် လျော်အောင်ဖန် ခေါ်ရန် အနုလောမဉာဏ်၊

ဤနေရာ၌ ပါဠိသာဓကနှင့် ဟောလိုပါက ဉာဏ်စဉ်များ၏ ပါဠိသာဓကများကို အောက်ပါအတိုင်းထည့်သွင်းဟောကြားပါလေ။ (ပါဠိအားလုံး ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှ ဖြစ်သည်၊)

အခြေခံ ဉာဏ် ၂-ပါး။ ။အောက်ပါ ပါဠိများ၌ တစ်ဉာဏ်လျှင် ပါဠိ တစ်ပုဒ် လုံလောက်၏။ ကြိုက်ရာ ကျက်နိုင်ရန် ၂-ပုဒ် ၃-ပုဒ် ပြထား၏။

(၁) "နာမရူပပရိစ္ဆေဒဉာဏ်အတွက် သာဓကပါဠိ"

နမနလက္ခဏံ နာမံ၊ ရုပ္ပနလက္ခဏံ၊ ရူပန္တိ-သင်္ခေပတော နာမရူပံ ဝဝတ္ထပေတိ။

နမနလက္ခဏံ၊ အာရုံသို့ ညွတ်တတ်သော လက္ခဏာရှိသော သဘောသည်ကား။ နာမံ၊နာမ်မည်၏။ ဝါ၊ (အာရုံဆီသို့ပြေးသွားသကဲ့သို့သဘောရှိသောစေတ်သဘောလေးကတစ်မျိုး၊)

ရှုပ္ပနလက္ခဏံ၊ အာရုံကိုမယူတတ် မညွတ်တတ်သော ဖောက်ပြန်ခြင်း လက္ခဏာရှိသော သဘောသည်။ ရုပံ၊ ရုပ်မည်၏၊ ဝါ၊ (အာရုံကို မယူတတ် မညွတ်တတ် မသိတတ်ဘဲ လှုပ်ရှားတတ်ရုံ တောင့်တင်းထောက်ခံတတ်ရုံစသော သဘောကလေးကတမျိုး) ဣတိ၊ ဤသို့။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ နာမရူပံ၊ နာမ်ရုပ်ကို ဝဝတ္ထပေတိ၊ ပိုင်းခြား၍သိ၏။ ဝါ၊ သိခြင်းသည်။ နာမရူပယရိစ္ဆေဒဉာဏံ၊ နာမ်ရုပ ပရိစ္ဆေဒဉာဏ် မည်၏။ (နာမရူပဝဝတ္ထာနဉာဏ်ဟုလည်းခေါ်၏။ အတူတူပင်။)

> နာမရူပမတ္တတော ဥဒ္ဓံ အညော သတ္တော ဝါ
> ပုဂ္ဂလော ဝါ ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထီတိနိဋ္ဌံ ဂစ္ဆတိ။
> ပရမတ္ထတော ပန နာမရူပမတ္တမေဝ အတ္ထီတိ ဧဝံ ပဿ-
> တော ဟိ ဒဿနံ ယထာဘူတ ဒဿနံ နာမ။

နာမရူပမတ္တတော၊ နာမ်ရုပ်မျှထက်။ ဥဒ္ဓံ၊ အပိုအလွန်။ အညော၊ တစ်ပါးသော။ သတ္တော ဝါ၊ သတ္တဝါဟူသည်လည်းကောင်း။ ပုဂ္ဂလော ဝါ၊ ပုဂ္ဂိုလ်ဟူသည်လည်းကောင်း။ ဒေဝေါ ဝါ၊ နတ်ဟူသည်လည်းကောင်း။ ဗြဟ္မာ ဝါ၊ ဗြဟ္မာဟူသည်လည်းကောင်း။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသို့။ နိဋ္ဌံ၊ ဆုံးဖြတ်ချက်ချခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ပန ဘကယ် အရှိသော်ကား။ ပရမတ္ထတော၊ ပရမတ်အားဖြင့်။ နာမရူပမတ္တမေဝ၊ နာမ်ရုပ်မျှသာလျှင်။ အတ္ထိ၊ ရှိ၏၊ ဣတိဧဝံ၊ ဤသို့။ ပဿတော၊ ရှုသော ယောဂီ၏။ ဒဿနံ၊ အမြင်သည်။ ယထာဘူတဒဿနံ နာမ၊ ဟုတ်မှန်သောအမြင် မည်၏။

ဝေ နာနာနယေဟိ နာမရူပံ ဝဝတ္ထာပယတော
သတ္တသညံ အဘိ ဘဝိတွာ အသမ္မောဟ ဘူမိယံ ဌိတံ
နာမရူပါနံ ယထာဝဒဿနံ ဒိဋ္ဌိ ဝိသုဒ္ဓိ ဝေဒိတဗ္ဗံ။

ဝေ၊ဤသို့။နာနာနယေဟိ၊ အထူးထူးသော နည်းတို့ဖြင့်။ နာမရူပံ၊ နာမ်ရုပ်ကို။ ဝဝတ္ထပယတော၊ ပိုင်းခြားသော ယောဂီအား။ သတ္တသညံ၊ သတ္တဝါအမှတ်ကို အဘိဘဝိတွာ၊ ဖျက်၍။အသမ္မောဟဘူမိယံ၊ ရုပ်နာမ်ဟု ပြတ်ပြတ်သားသား သိခြင်း၌၊ ဌိတံ၊ တည်၏။ ဝါ၊ တည်သော၊ နာမရူပါနံ၊နာမ် ရုပ်တို့ကို။ ယထာဝဒဿနံ၊ အမှန်အတိုင်းမြင်ခြင်းကို။ ဒိဋ္ဌိ ဝိသုဒ္ဓိတိ၊ ဒိဋ္ဌိဝိသုဒ္ဓိဟု၊ ဝေဒိတဗ္ဗံ၊ သိအပ်၏။

(၂) "ပစ္စယ ပရိဂ္ဂဟဉာဏ်အတွက်-"

န စက္ခုတော ဇာယရေ ဖဿပဉ္စမာ၊
န ရူပတော နော စ ဥဘိန္န မန္တရာ။
ဟေတုံ ပဋိစ္စ ပဘဝန္တိ သင်္ခတာ၊
ယထာပိ သဒ္ဒေါ ပဟတာယ ဘေရိယာ။

ဖဿပဉ္စမာ၊ ဖဿဝေဒနာ သညာ စေတနာ စိတ် ဤငါး ပါး အပေါင်းတို့သည်။ စက္ခုတော မျက်စိထဲမှ။ န ဇာယရေ၊ ထွက်ပေါ်လာသည်မဟုတ်။ ရူပတော၊ အဆင်းရူပါရုံ ထဲမှ။ န ဇာယရေ၊ ထွက်လာသည်မဟုတ်။ဥဘိန္နံ၊ စက္ခုရူပါရုံ နှစ်ခုတို့၏။ အန္တရာ၊ အကြားမှ။ နော စ ဇာယရေ၊ ထွက်လာ သည်လည်း မဟုတ်။ သင်္ခတာ၊ သင်္ခတ တရားတို့သည်။ ဟေတုံ၊

အကြောင်းကို။ ပဋိစ္စ၊စဲ့၍။ ပဘာဝန္တိ၊ဖြစ်ကုန်၏၊ ဘေဒိယာ၊ စည်ကို။ ပဟာတာယ၊ တီးခတ်သော်။ သဒ္ဒေါ၊ အသံသည်။ ဟောတိယထာ၊ ဖြစ်လာသကဲ့သို့တည်း။

ဝတေဿဝ ပန နာမရူပဿ ပစ္စယပရိဂ္ဂဟဏေန တီသု အဒ္ဓါသု ကင်္ခံ ဝိတရိတွာ ဌိတံဉာဏံ ကင်္ခါဝိတရဏာ ဝိသုဒ္ဓိနာမ။

ဧတဿေဝ ပန နာမရူပဿ၊ ထို အကျိုးနာမ်ရုပ်၏ သာလျှင်။ ပစ္စယပရိဂ္ဂဟဏေန၊ အကြောင်းပစ္စည်းကို သိမ်းဆည်းခြင်းကြောင့်။ တီသု အဒ္ဓါသု၊ ၃-ပါးသော ကာလတို့၌။ ကင်္ခံ၊ ယုံမှားခြင်းကို။ ဝိတရိတွာ၊ လွန်၍။ ဌိတံ၊ တည်သော။ ဉာဏံ၊ ဉာဏ်သည်။ ကင်္ခါဝိတရဏာ ဝိသုဒ္ဓိနာမ၊ ကင်္ခါဝိတရဏာ ဝိသုဒ္ဓိ မည်၏။

၃။ "သမ္မသနဉာဏ်အတွက်-"

ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေနာတိ သံခိပိတွာ ဝ ဝဍ္ဍာနေ ပညာ သမ္မသနေ ဉာဏံ။

အတီတာနာဂတာပစ္စုပ္ပန္နံ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော။ ရူပံ၊ ရုပ်သည်။ (ဝေဒနာ စသည်လဲ အယူတူပင်) ခယဋ္ဌေန၊ ကုန်တတ်သောကြောင့်။ အနိစ္စံ၊ မမြဲ။ ဘယဋ္ဌေန၊ ကြောက်ဖွယ်ဖြစ်သောကြောင့်၊ ဒုက္ခံ၊ ဆင်းရဲ၏၊ အသာရကဋ္ဌေန၊အနှစ်မဲ့သောကြောင့်။ အနတ္တာ၊အစိုးမရ၊ဣတိ၊ ဤသို့

သံခိပိတွာ၊ ချုံး၍။ ဝဝတ္ထာနေ၊ ပိုင်းခြားခြင်း၌။ပညာ၊ သိသော ပညာသည်။ သမ္မသနေဉာဏံ၊ သုံးသပ်သောဉာဏ်မည်၏။

ဌထမံ ဟိ ပစ္စုပ္ပန္နာနံ၊ ဓမ္မာနံ ဥဒယဗ္ဗယံ ဒိသွာ
အထ အတီတာနာဂတေ နယံ နေတိ။

(ဝိသုဒ္ဓိမဂ်ဋီကာ)

ဟိ၊ မှန်၏။ ပထမံ ရှေးဦးစွာ။ ပစ္စုပ္ပန္နာနံ ဓမ္မာနံ၊ ပစ္စုပ္ပန်တရားတို့၏။ ဥဒယဗ္ဗယံ၊ ဖြစ်ပျက်ကို၊ ဝါ အနိစ္စအချက်ကို။ ဒိသွာ၊ မြင်ပြီး၍။ အထပစ္ဆာ၊ နောက်မှ။ အတီတာနာဂတေ၊ အတိတ်အနာဂတ်ရုပ်နာမ်တို့ကို။ နယံ၊ ဤနည်း'အတိုင်းပဲ' ဟု သိဖွယ်နည်းကို။ နေတိ၊ ဆောင်၏။

ယောဂီက ဆက် အားထုတ်ရင် ဉာဏ်ရင့် လာတဲ့အတွက် ဥဒယဗ္ဗယဉာဏ် ပေါ်လာတယ်။ ပေါ်ပုံအစီပွာယ်က-

၄။ "ဥဒယဗ္ဗယဉာဏ် အတွက်-"

ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ
ဥဒယဗ္ဗယာနုပဿနေ ဉာဏံ။

(ပဋိသမ္ဘိဒါမဂ် ပါဠိတော်)

**အနက်ကား။** ။ပစ္စုပ္ပန္နာနံ ဓမ္မာနံ၊ ဖြစ်ခိုက် တရားတို့၏။ ဝိပရိဏာမာ နုပဿနေ၊ ပျက်ခြင်းကိုအဖန်ဖန် ရှုရာ၌။ ပညာ၊ သိသော ပညာသည်။ ဥဒယဗ္ဗယာနုပဿနေ- ဉာဏံ၊ ဥဒယဗ္ဗယာနုပဿနာဉာဏ် မည်၏။

အဒဿနတော အာယန္တိ၊ ဘဂ္ဂါ ဂစ္ဆန္တျဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။
(ဝိသုဒ္ဓိမဂ်။)

ဤမေ နာမရူပ၊ ဤနာမ်ရုပ်တို့သည်။ အဒဿနတော၊ မမြင်ရရာမှ။ အာယန္တိ၊ ဖြစ်လာကုန်၏။ ဘဂ္ဂါ၊ ပျက်ပြီးရုပ်နာမ်တို့သည်။ အဒဿနံ၊ မမြင်ရခြင်းသို့၊ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ အာကာသေ၊ ကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါဝ၊ လျှပ်စစ်ပြက်သန်းသကဲ့သို့။ ဥပ္ပဇ္ဇန္တိ စ၊ ရုတ်ခနဲလည်း ဖြစ်ကုန်လာ၏။ ဝယန္တိ စ၊ ချွတ်ခနဲလည်း ပျက်သွားကုန်၏။

"အနိစ္စ ဖြစ်ပျက်မြင်လျှင် ဒုက္ခ အနတ္တပါမြင်။"

ဧတေသု ဟိ တီသု လက္ခဏေသု ဧကသ္မိံ ဒိဋ္ဌေ
ဣတရဒ္ဝယံ ဒိဋ္ဌမေဝ ဟောတိ။
(နေတ္တိဂဏ္ဌိပါဌ။)

ဟိ၊ မှန်၏။ ဧတေသု တီသု လက္ခဏေသု၊ ထို အနိစ္စ ဒုက္ခ အနတ္တလက္ခဏာ သုံးပါးတို့တွင်။ ဧကသ္မိံ၊ တစ်ခုကို။ ဒိဋ္ဌေ၊ မြင်သော်။ ဣတရဒ္ဝယံ၊ ကျန်နှစ်ပါးကို။ ဒိဋ္ဌမေဝ၊ မြင်အပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

၅။ "ဘာဂ်ဉာဏ်အတွက်"

ဉာဏေ တိက္ခေ ဝဟန္တေ သင်္ခါရေသု လဟုံ လဟုံ
ဥပဋ္ဌဟန္တေသု ဥပ္ပါဒံ ဝါ ဌိတိံ ဝါ ပဝတ္တံ ဝါ နိမိတ္တံ

ပါ န သမ္မာပုဏ္ဏာတိ၊ ခယ ဝယဘေဒ နိရောဓောယေဝ၊ သတိ သန္တိဋ္ဌတိ၊ တသောဝံ ဥပ္ပဇ္ဇိတွာ ဧဝံ နာမ သင်္ခါရ ဂတံ နိရုဇ္ဈတီတိ ပဿတော ကေသိဉ္စိ ဌာနေ ဘင်္ဂါနု- ပဿနံ နာမ ဝိပဿနာဉာဏံ ဥပ္ပဇ္ဇတိ။

(ဝိသုဒ္ဓိမဂ်။)

ဉာဏောဝိပဿနာဉာဏ်သည်။ တိက္ခေ၊ ထက်ခြင်းကို။ ဝဟန္တေ ဆောင်လတ်သော်။ သင်္ခါရေသု၊ သင်္ခါရတို့သည်။ လဟုံ လဟုံ၊ လျင်စွာလျင်စွာ။ ဥပဋ္ဌဟန္တေသု၊ ထင်ကုန်သော်။ ဥပ္ပါဒံ ဝါ၊ အဖြစ်သို့လည်းကောင်း။ ဌိတိံ ဝါ၊ တည်ခြင်းသို့ လည်းကောင်း။ ပဝတ္တံ ဝါ၊ သန္တတိ အစဉ်သို့လည်းကောင်း။ နိမိတ္တံ ဝါ၊ အထည်နိမိတ်သို့ လည်းကောင်း။ န သမ္မာ- ပုဏ္ဏာတိ၊ သတိမရောက်တော့ပြီ။ ခယ ယဝ ဘေဒ နိရောဓေ ယေဝ၊ ကုန်ပျက်ကွဲ ချုပ်ခြင်းဟူသော ခဏိက နိရောဓ၌သာ လျှင်။ သတိ၊ သတိသည်။ သန္တိဋ္ဌတိ၊ တည်လေတော့၏။ ဧဝံ၊ ဤသို့။ သင်္ခါရံ၊ သင်္ခါရသည်။ နိရုဇ္ဈတိနာမ၊ ကြောက်ဖွယ်လိုလို ချုပ်ဘိ၏တကား။ ဣတိ၊ ဤသို့။ ပဿတော၊ ရှုသော။ တဿ၊ ထိုသူအား။ ကေသိဉ္စိ ဌာနေ၊ အပျက်တစ်ခုတည်း၌။ ဘင်္ဂါနု- ပဿနံနာမ၊ အပျက်ပဲဟူ၍အဖန်တလဲလဲရှုသော။ ဉာဏံ၊ ဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်လေတော့၏။ (လေပန်ကာများ လည်နေတုန်းစဉ် အရွက်ကိုမြင်ရသော်လည်း မြန်လာသောအခါ အရွက်ကိုမမြင် ရတော့ဘဲ တရိပ်ရိပ်မြင်ရသကဲ့သို့ ဥပမာယူ၍သိပါလေ။)

၆။ ။"ဘယညာဏ်အတွက်"

နိရုဒ္ဓါတီတာသင်္ခါရာ ပစ္စုပ္ပန္နာပိ ဘိဇ္ဇန္တိ အနာဂတာ ဘိဇ္ဇိဿန္တိတိ တဿော ပဿတော တေသွံ ဌာနေ ဥပဋ္ဌတိ ဘယတုပဋ္ဌာနံ။

(ဝိသုဒ္ဓိမဂ်၊)

အတီတာသင်္ခါရာ၊ အတိတ်ရုပ်နာမ်တို့သည်။ နိရုဒ္ဓါ၊ ချုပ်ကုန်ပြီးပြီ။ ပစ္စုပ္ပန္နာပိ၊ ပစ္စုပ္ပန်ရုပ်နာမ်တို့သည်လည်း။ ဘိဇ္ဇန္တိ၊ ချုပ်ပျက်နေကုန်၏။ အနာဂတာပိ၊ အနာဂတ်ရုပ်နာမ်တို့သည်လည်း။ ဘိဇ္ဇိဿန္တိ၊ သည်ပုတ်ထဲကသည်ပဲအနေ ချုပ်ပျက်ပေကုန်လတ္တံ့။ ဣတိဧဝံ၊ ဤသို့။ ပဿတော၊ မြင်သော၊ တဿ၊ ထိုယောဂီအား။ တေသွံ ဌာနေ၊ ထိုရှုသောအရာ၌။ ဘယတုပဋ္ဌာနံ၊ ကြောက်သောညာဏ်သည်။ ဥပဋ္ဌတိ၊ ဖြစ်၏။ (တကယ်ကြောက်သလိုမဟုတ်၊ ညာဏ်ဖြင့်အမှန်မြင်၍ သံဝေဂဖြစ်သည်။)

၇။ "အာဒီနဝညာဏ်အတွက်"

ဝေမေဝ ယံယောဂါဝစရော ဘင်္ဂါနုပဿနာ ဝသေန သဗ္ဗသင်္ခါရေသု ဘယတော ဥပဋ္ဌိတေသု သမန္တတော နိရသံ နိရဿာဒံ အာဒီနဝ မေဝ ပဿတိ။ တဿော ပဿတော အာဒီနဝညာဏံ နာမ ဥပန္နံ ဟောတိ။

(ဝိသုဒ္ဓိမဂ်။)

ဝေ မေဝ၊ သားရဲပေါသောလမ်း၌ ခရီးကြမ်း သွားသူအား အပြစ်ချည်းမြင်သည်နှင့် အတူသာလျှင်။ အယံယောဂါ

ဝစရော၊ ဤယောဂီသည်။ ဘဂ်ါနုပဿနာ ၁ ၁သေန၊ ဘဂ်ံ ဉာဏ် အစွမ်းဖြင့်။ ဘယတော၊ ကြောက်ဖွယ်အားဖြင့်။ ဥပဋ္ဌိတေ သု၊ ထင်ပြီးသော်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ (ဝါ) ဘယ်ကို ကြည့်ကြည့်။ နိရယံ၊ အရသာကင်းသော။ နိရဿဒံ၊ သာယာ ဖွယ်ကင်းသော။ အာဒီနဝမေဝ၊ အပြစ်ကိုသာလျှင်။ ပဿတိ၊ မြင်၏။ ဝေံ၊ ဤသို့။ ပဿတော၊ မြင်သော။ တဿ၊ ထိုယော ဂီ အား။ အာဒီနဝဉာဏံနာမ၊ အပြစ်မြင်သော ဉာဏ်သည်။ ဥပန္နံ ဟောတိ၊ ဖြစ်၏။

၈။ "နိဗ္ဗိဒါဉာဏ်အတွက်"

ဝေမယံ ယောဂီဝရဝါရဏော သဗ္ဗသ္မိမ္ပိသင်္ခါရဂတေ နာဘိရမတိ။ အနုပ္ပဒေါ ခေမန္တိ အာဒိနာနယေန ဒိဋ္ဌေ သန္တိ ပဒေယေဝ အဘိရမတိ။ တိန္နိန္နတပ္ပေါဏာ တပ္ပဗ္ဘာရ မာနသော ဟောတိ။

(ဝိသုဒ္ဓိမဂ်။)

ဝရဝါရဏော၊ ဆဒ္ဒန်ဆင်ပြောင် မြတ်ကြီးသည်။ န အဘိရ-မတိဧဝ၊ မြို့အတွင်း၌ စွာကျေးထားလည်း မပျော်သကဲ့သို့။ဝေံ၊ ဤအတူ။ အယံယောဂီ၊ ဤတရားအလုပ် အားထုတ်သော ယောဂီသည်။ သဗ္ဗသ္မိမ္ပိ သင်္ခါရဂတေ၊ အလုံးစုံသော သင်္ခါရ ၌။ နာဘိရမတိ၊ မပျော်။ ဝါ၊ နိဗ္ဗန္ဒတိ၊ ငြီးငွေ့၏။ အနုပ္ပါဒေါ၊ သင်္ခါရ မဖြစ်ရာသည်သာလျှင်။ ခေမံ၊ ငြိမ်းချမ်း၏။ ဣတိ အာဒိနာနယေန၊ ဤသို့သောနည်းဖြင့်။ ဒိဋ္ဌေ၊ နှလုံးသွင်း မြင်

အပ်သော။ သန္တပဒေယော၀၊ သင်္ခါရခပ်သိမ်း ငြိမ်းချမ်းရာ၌ သာလျှင်။ အဘိရမတိ၊ ပျော်၏။ တန္တိန္ဒ – တပေ့ါဏ တပ္ပဗ္ဗာဂံ မာနသော၊ ထိုအငြိမ်းဓာတ်သို့ ညွတ်ကိုင်းရှိုင်းသော စိတ်ရှိသည်၊ ဟောတိ၊ ဖြစ်၏။

၉။ " မုဥ္စိတုကမျတာဉာဏ် အတွက်"

ဝေ တဿ ယောဂိနော စိတ္တံ သဗ္ဗသ္မာ သင်္ခါရ-ဂတာ မုဥ္စိတုကာမံ နိဿရိတုကာမံ ဟောတိ။

အထဿ ဝေ သဗ္ဗသင်္ခါရေသု ဝိဂတာလယဿ သဗ္ဗသ္မာ သင်္ခါရဂတာ မုဥ္စိတုကာမဿ ဥပ္ပဇ္ဇတိ မုဥ္စိတု-ကမျတာ ဉာဏံ။

(ဝိသုဒ္ဓိမဂ်၊)

ဝေ၊ မြှုံးမိသည့်ငါး အလားတူစွာ။ တဿယောဂိနော၊ ထိုယောဂီ၏။ စိတ္တံ၊ စိတ်သည်။ သဗ္ဗသ္မာ၊ အလုံးစုံသော၊ သင်္ခါရဂတာ၊ သင်္ခါရအပေါင်းမှ။ မုဥ္စိတုကာမံ၊ လွတ်လိုသည်။ နိဿရိတုကာမံ၊ ထွက်မြောက်လိုသည်။ ဟောတိ၊ ဖြစ်၏

အထ၊ ထိုအခါ၌။ ဝေ၊ ဤသို့ဆိုအပ်ပြီးသော နည်းဖြင့်။ သဗ္ဗသင်္ခါရေသု၊ အလုံးစုံသော သင်္ခါရတို့၌။ ဝိဂတာလယဿ၊ ကင်းသော အာလယရှိသော။ သဗ္ဗသ္မာ၊ အလုံးစုံသော။ သင်္ခါ ရဂတာ၊ သင်္ခါရအပေါင်းမှ။ မုဥ္စိတုကာမဿ၊ လွတ်လိုသော။ ရဿ၊ ထိုယောဂီအား။ မုဥ္စိတုကမျဉာတာဏံ၊ မုဥ္စိတုကမျတာ ဉာဏ်သည်။ ဝါ၊ လွတ်မြောက်လိုသော ဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

၁၀။ "ပဋိသင်္ခါဉာဏ်အတွက်"

ငါးဖမ်းယောကျ်ားသည် ငါးကို လို၍ ချောင်း၌မြှုံးကိုချ၏။ မြှုံးကို လာတိုးသဖြင့် ငါးဟုသင်၍ ဝမ်းသာစွာမြှုံးဝသို့ လက်နှိုက်ဖမ်းရာ ရေထဲ၌ခေါင်းကို ဖမ်းမိ၏၊ ဤအထိ ငါးမိပြီထင်၍ ဝမ်းသာသဲ ဆွဲဘင်လိုက်တော့မှ မြွေကိုမြင်၏။ ကြောက်လန့်သဖြင့် ထိုမြွေ ဘေးမှလွတ်လိုပါသော်လည်း ဒီအတိုင်းလွှတ်က ပေါက်မည်စိုးသဖြင့် မြွေကိုခေါင်းမှ လက်ဘစ်ဘက် အမြီးမှ လက်တစ်ဘက် ကိုင်ဆွဲဆန့်ပြီး ဦးခေါင်းထက်၌ ၃ - ပတ် စန့်စန့်သေအောင် ဝှေ့ရမ်းပြီး ငါ့ကို မကိုက်နိုင်တော့ပြီဟု သိရမှ စွန့်၍ ကမ်းပေါ်သို့တက်ကာ ကမ်းပေါ်မှနေ၍ ငါကား မြွေဘေးမှလွတ်ပြီဟု လာလမ်းကို ကြည့်လျက် တည်ဘိသကဲ့သို့တည်း။ ဤ၌ မြွေကို လွှတ်လိုသော်လည်း စိတ်ချရအောင် သုံးပတ် ဝှေ့ရမ်းသကဲ့သို့ ပဋိသင်္ခါဉာဏ်ကို မှတ်ရသည်။ (ပဋိ=တဖန်+သင်္ခါ=အနိစ္စ ဒုက္ခ အနတ္တ ဟု ရှုသောဉာဏ်။)

ဧဝံ အယံ ယောဂါဝစရော တိလက္ခဏာရောပနေန သင်္ခါရေ အာဝိဒ္ဓိတွာ ဒုဗ္ဗလေ ကတွာ ပုန နိစ္စ သုခ သုဘ အတ္တာကာရေန ဥပဋ္ဌာတုံ အသမတ္ထတာပါပေတွာ သမ္မုတ္တံ မုဥ္စတိ တေန ဝုတ္တံ 'မုစ္စနယာ ဥပါယသမ္ပာဒနတ္ထံ ဧဝံ ပဋိက္ခတိ'တိ ဧဝတ္တာ တဿ ဥပ္ပန္နံ ဟောတိ ပဋိသင်္ခါဉာဏံ။

(ဝိသုဒ္ဓိမဂ်။)

ဝေ၊ ဤငါးဖမ်းယောကျ်ားအတူ။ အယံ ယောဂါဝစရော၊ ဤယောဂီသည်။ တ်လက္ခဏာရေပနေနု။ လက္ခဏာ ၃ ပါး သို့တင်သဖြင့်။ သင်္ခါရေ၊ သင်္ခါရတို့ကို။ အာဝဇ္ဇိတွာ၊ ပတ်ပတ် မွှေ၍။ ဒုဗ္ဗလေ၊ အားနည်းသည်တို့ကို၊ ကက္ခာပြု၍။ ပုနတစ်ဖန်။ နိစ္စ သုဘ သုခ အတ္တာကာရေန၊ နိစ္စ သုဘ သုခ အတ္တ အခြင်း အရာအားဖြင့်။ ဥပဋ္ဌာတုံ၊ ထင်ခြားငှာ။ အသမတ္ထတံ၊ မစွမ်း နိုင်သည်၏အဖြစ်သို့။ ပါပေတွာ၊ ရောက်စေ၍။ သုမုတ္တံ၊ လွှတ် ခြင်းကောင်းစွာ။ မုစ္စတိ၊ လွှတ်၏။ တေန၊ ထိုကြောင့်။ မုစ္စ နသာ၊ လွတ်ခြင်း၏။ ဥပါယသမ္ဘာဒနတ္ထံ၊ အကြောင်းစုံပြည့်စေ ခြင်းငှာ။ ဝေံ ပရိဂ္ဂဏှာတိတိ၊ ဤသို့ သိမ်းဆည်း၏ ဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာ ဆိုအပ်ပြီ။ တွောငတာ၊ ဤမျှဖြင့်။ တသာ၊ ထိုယောဂီအား၊ ပဋိသင်္ခါဉာဏံ၊ ပဋိသင်္ခါဉာဏ်သည်။ ဥပ္ပန္နံ ဟောတိ၊ ဖြစ်၏။

၁၁။ "သင်္ခါရုပေက္ခာဉာဏ်အတွက်"

ပဋိသင်္ခါနုပဿနာယ သင်္ခါရေ ပရိဂ္ဂဏှန္တော အဟံ
မမာတိ ဂဟေတဗ္ဗံ အဒိသွာ ဘယဉ္စ နန္ဒိဉ္စ ဝိပ္ပဟာယ
သဗ္ဗသင်္ခါရေသု ဥဒါသိနော ဟောတိ မဇ္ဈတ္တော။
(ဝိသုဒ္ဓိမဂ်။)

ပဋိသင်္ခါနုပဿနာယ၊ ပဋိသင်္ခါဉာဏ်ဖြင့်။ သင်္ခါရေ၊ သင်္ခါရ တို့ကို။ ပရိဂ္ဂဏှန္တော၊ သုံးသပ်ဆင်ခြင်လတ်သော်။ အဟံမမာတိ၊ ငါ ငါ၏ဥစ္စာဟူ။ ဂဟေတဗ္ဗံ ယူအပ်သည့်အရာကို။ အဒိသွာ၊ မမြင်၍။ ဘယဉ္စ၊ ကြောက်ဖွယ်ကို လည်းကောင်း။ နန္ဒိဉ္စ၊

နှစ်သက်ဖွယ်ကိုသည်းကောင်း။ ဝိပ္ပဟာယ၊ပယ်၍။ သဗ္ဗသင်္ခါရေသု၊ သင်္ခါရ အလုံးစုံတို့၌။ ဥဒါသိနော။ လျစ်လျူရှုအပ်သည်။ မဇ္ဈတ္တော၊ အလယ်၌ရပ်သည်။ ဝိဟာတိ၊ ဖြစ်၏။

(ချစ်မယားရှိသူ ယောကျ်ားသည် ချစ်လှသဖြင့် မယားအပေါ် အပြစ်မမြင်၊ ကင်း၍မနေနိုင်၊ မယား·ထိလျှင် မခံချိ ချစ်မယားက တစ်ပါးယောကျ်ားနှင့် ဖောက်ပြားနေပုံကိုကိုယ်တိုင်မြင်ရ၏။ အလွန်စိတ်ဆိုး၏။ ထိုမိန်းမကို ကွာရှင်းလိုက်၏။ ထို့နောက်ကား ထိုမိန်းမအပေါ်၌ ဘယ်လိုနေနေ လျစ်လျူရှုနိုင်လေသကဲ့သို့ မှတ်လေ။)

မှတ်ချက်။ ။ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်သည် ဖြစ်ပုံကိုလိုက်၍ နာမည်အခေါ် ကွဲနေခြင်းတို့မျှ ဖြစ်၍ အနက်အဓိပ္ပာယ်ကား အတူတူပင်ဖြစ်သည်။

သာဓကကား- ယာ စ ဘယတုပဋ္ဌာနေ ပညာ၊ ယဉ္စ အာဒီနဝေ ဉာဏံ ယာ စ နိဗ္ဗိဒါ ဣမေ ဓမ္မာ ဧကတ္ထာ ဗျဉ္ဇနမေဝ နာနံ။

ထို့အတူ- မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ်တို့လည်း အတူတူပင်၊

သာဓကကား-ယာ စ မုဉ္စိတုကမျတာ ယာ စ ပဋိသင်္ခါနုပဿနာ ယာ စ သင်္ခါရုပေက္ခာ ဣမေ ဓမ္မာ ဧကတ္ထာ ဗျဉ္ဇနမေဝ နာနံ။

(ပဋိသမ္ဘိဒါမဂ်။)

၁၂။ "အနုလောမဉာဏ်အတွက်"

ပုရိမာနံ နဝန္နံ ကိစ္စနိပ္ဖတ္တိယာ ဥပရိ စ သတ္တတိံ
သာယ ဗောဓိပက္ခိယဓမ္မာနံ အနုကုလံဉာဏံ အနုလောမ
ဉာဏံ။

(အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာ)

ပုရိမာနံ၊ ရှေ့ဖြစ်ပြီးကုန်သော။ နဝန္နံ၊ သမ္မသနအစ သခ်ါ
ရုပေက္ခာအထိ ဉာဏ် ၉-ပါးတို့၏။ ကိစ္စနိပ္ဖတ္တိယာ စ၊ ဆိုင်ရာ
ကိစ္စပြီးခြင်းအားလည်းကောင်း။ ဥပရိ၊ အထက်၌။ သတ္တတိံ
သာယ ဗောဓိပက္ခိယ ဓမ္မာနံ၊ ၃၇-ပါး ဗောဓိပက္ခိယ တရား
တို့အား လည်းကောင်း။ အနုကုလံ၊ လျော်သော။ ဝါ၊
လျော်အောင် ဆက်စပ် ပေးတတ်သော။ ဉာဏံ၊ ဉာဏ်သည်။
အနုလောမဉာဏံ၊ အနုလောမဉာဏ် မည်၏။

မှတ်ချက်။ ။သမ္မသန အစ ၌ အနုလောမ တိုင်အောင်
၁၀-ပါးကို ဉာဏ်စဉ် ဆယ်ပါးဟု ခေါ်ပါ
သည်။ အခြေခံနာမရူပ၊ ပစ္စယပရိဂ္ဂဟ ၂-ပါး
နှင့် ဂေါတြဘု မဂ်ဖိုလ်ပစ္စဝေက္ခဏာ ၄-ပါး
ပေါင်းလျှင် ဉာဏ်စဉ် ၁၆-ပါးဟူ၍ ခေါ်ကြ
ပါသည်။

မဂ်ဝင်၍ နိဗ္ဗာန်မြင်ပုံ

ယာ သိခါပ္ပတ္တာ သာသာနုလောမာ သင်္ခါရု
ပေက္ခာ ဝုဋ္ဌာန ဂါမိနီ ဝိပဿနာတိ စ ပဝုစ္စတိ။

(သင်္ဂဟ အဋ္ဌကထာ။)

သိ ခါပတ္တာ၊ ဝိပဿနာဉာဏ်ထိပ်သို့ ရောက်သော။ ယာ၊ အကြင် ဝိပဿနာသည်။ အတ္ထိ၊ ရှိ၏။ သာနုလောမာ၊ အနုလောမ ဉာဏ်နှင့်တကွ ဖြစ်သော။ သာ သင်္ခါရုပေက္ခာ၊ ထို သင်္ခါရုပေက္ခာဉာဏ်ကို။ ဝုဋ္ဌာနဂါမိနီဝိပဿနာတိ စ၊ ဝုဋ္ဌာန-ဂါမိနီ ဝိပဿနာ ဟူ၍လည်း၊ (ဝါ) မဂ်သို့ ရောက်စေ တတ်သော ဝိပဿနာ ဟူ၍လည်း။ ဝုစ္စတိ၊ ဆိုအပ်၏။ (အပါယ် စသည်မှ လည်းကောင်း။ သင်္ခါရ နိမိတ်မှလည်း ကောင်း။ ထတတ်သောကြောင့် မဂ်ကို ဝုဋ္ဌာနဟု ခေါ်သည်။) ဤသို့ ဝိပဿနာထိပ်ဆုံး ဝုဋ္ဌာန ဂါမိနီ ဝိပဿနာ ဉာဏ်ဖြစ်ပြီးနောက် ပုထုဇဉ်၏ အနွယ်ကိုဖြတ်၍ အရိယအနွယ်ကို ဖြစ်စေတတ်သော ဂေါတြဘူစိတ်သည် နိဗ္ဗာန်အာရုံပြု ဖြစ်ပြီးလျှင် သစ္စာ လေးချက် တစ်ပြိုင်နက်သိ၍ မဂ်စိတ် တစ်ကြိမ် ဖြစ်လာသည်။ ထို့နောက် ဖိုလ်စိတ် ၂-ကြိမ်၊ ၃-ကြိမ် ဖြစ်ပြီးလျှင် ဘဝင်ကျ၍ မဂ်ဖိုလ်နိဗ္ဗာန် ကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ဖြစ်သည်။ (ပစ္စဝေက္ခ-ဏာကား ကာမကုသိုလ်သာတည်း။)

## မဂ်ဉာဏ်သို့ ကူးပုံ

ဒီ အနုလောမ ဉာဏ်ကို ရောက်ရင် မဂ်သို့ ကူးတော့မည် မှတ်။ အဲဒီအခါမှာ စိတ်ကလေး ဖြစ်နေပုံကို အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာ ဒီလိုပြထားပါတယ်။

တတော ပရံ ဂေါတြဘုစိတ္တံ နိဗ္ဗာနံ အာလမ္ဗိတွာ ပုထုဇ္ဇနဂေါတ္တံ အဘိဘဝန္တံ အရိယဂေါတ္တ မဘိ၊ သမ္ဘောန္တံဥ ပဇ္ဇတိ။

တတော၊ ထိုအထွတ်အထိပ်သို့ရောက်နေသော အနုလောမ ဉာဏ်မှ။ ပရံ၊ နောက်၌။ ဂေါတြဘုစိတ္တံ၊ ဂေါတြဘူဟူ အမည် တပ်ခံရသော စိတ်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို အာလမ္ဗိတွာ၊ စွဲကိုင်၍။ ဝါ၊ အာရုံပြု၍။ ပုထုဇ္ဇနဂေါတ္တံ၊ ပုထုဇဉ်အနွယ်ကို။ အဘိဘဝန္တံ၊ ဖြတ်လျက်။ အရိယဂေါတ္တံ၊ အရိယာနွယ်ကို။ အဘိသမ္ဘောန္တံဥ၊ ဖြစ်စေလျက်။ ပဝတ္တတိ၊ ဖြစ်၏။

အနုလောမဉာဏ်ဖြစ်ပြီးရင် ပုထုဇဉ်အနွယ်ကို ဖြတ်လျက် အရိယာအနွယ်ကို ဖြစ်စေတတ်တဲ့ ဂေါတြဘူစိတ်ဖြစ်ပါတယ်။ ဒီစိတ်ဟာ နိဗ္ဗာန် အာရုံပြုပါတယ်။ ဒါပေမယ့် သူက လောကီ မဟာကုသိုလ်စိတ်ပဲ ဖြစ်ပါသေးတယ်။ အဲဒီနောက်မှာ မဂ်စိတ် ဖြင်လာပုံကို ရှင်းအဋ္ဌကထာမှာပဲ ဒီလိုပြထားပါတယ်။

## နိဗ္ဗာန်ရောက်တယ်ဆိုတာ

တဿာနန္တရမေဝ မဂ္ဂေါ ဒုက္ခသစ္စံ ပရိဇာနန္တော သမုဒယသစ္စံ ပဇဟန္တော နိရောဓသစ္စံ သစ္ဆိကရောန္တော မဂ္ဂသစ္စံ ဘာဝနာဝသေန အပ္ပနာဝီထိမောတရတိ။

အဲဒီဂေါတြဘူဉာဏ်ရဲ့အခြားမဲ့မှာ သိ့ပယ့်ဆိုက့်ပွား ၄- ပါးကိစ္စကို တစ်ချက်တည်း ပြီးစေတဲ့ မဂ်စိတ် ဖြစ်ပေါ်လာပါ

တယ်။ အဲဒီမဂ်စိတ် တစ်ကြိမ်ဖြစ်ပြီး ဖိုလ်စိတ် ၂-ကြိမ် ၃-ကြိမ် ဖြစ်ပြီးနောက် ဘဝင်ကျပါတယ်။ ဒီလို ဖိုလ်စိတ်လဲ နိဗ္ဗာန်ကိုပဲ အာရုံပြုပါတယ်၊ ဒီလိုမဂ်စိတ်ဖိုလ်စိတ်တွေနဲ့ နိဗ္ဗာန်ကိုအာရုံပြုတာကိုပင်နိဗ္ဗာန်သို့ ရောက်တယ်လို့ ဆိုပါတယ်။ လူက နိဗ္ဗာန်ကို ရောက်သွားတာ မဟုတ်ပါဘူး။ သေပြီးမှ နိဗ္ဗာန်ကို ရောက်သွားတာမဟုတ်ပါဘူး။ ဒီလိုတစ်ကြိမ်မျှ နိဗ္ဗာန်ကိုမြင်လိုက်ရင် ဒိဋ္ဌိဝိစိကိစ္ဆာပြတ်ပြီး သောတာပန်တည်တယ်။ အပါယ်တံခါး လဲလုံးဝပိတ်တယ်။ ၇ - ဘဝ အလွန်ဆုံး သံသရာမှာ လည်ပြီး အထက်တန်းကျကျ စံစားပြီးနောက် နိဗ္ဗာန်ဝင်မည့် သေချာသူဖြစ်ပါတယ်။

၅။ ဝိပဿနာကို ဘယ်လိုအားထုတ်မလဲ

ဒီအမေးအတွက် ခန္ဓဝဂ္ဂသံယုတ် သီလဝန္တ သုတ်တော်ကို မှီးပြီး အကျဉ်းနည်းအားဖြင့် ဖြေပါမယ်။ ၎င်းသုတ်တော်ကို ပါဠိတော့ မဖော်ပြတော့ပါဘူး။ သဘောပဲ ဟောပါမယ်။ ဝိပဿနာဆိုတာဟာ မှားနေတာကို အမှန်မြင်အောင် လုပ်တဲ့ အလုပ်ပါပဲ။ သတ္တဝါ တွေဟာ ဘယ်အပေါ်မှာ မှားနေသလဲ ဆိုတာ စစ်ဆေးကြည့်ရင် ခန္ဓာငါးပါးအပေါ်မှာ မှားနေတယ်။ ခန္ဓာငါးပါးဆိုရာမှာလဲ မိမိခန္ဓာကစပြီး တစ်လောကလုံး ရှိရှိသမျှ ခန္ဓာငါးပါးအပေါ် မှားတယ်။ ဒါပေမယ့် မိမိခန္ဓာငါးပါးသာလျှင် မှားခြင်းရဲ့ အစမူလ ဖြစ်တဲ့အတွက် အမှန်မြင်ချင်ရင် မိမိခန္ဓာကိုယ်ကို အလျှင်မြင်ရမယ်။

ဒါကြောင့် မဟာစည်ဆရာတော် ဘုရားကြီးက –

ဝိပဿနာဉာဏ်ဆိုတာ ဘယ်ဟာ ရှု၍ ဖြစ်သနည်း။
စွဲလမ်းနိုင်ရာ ငါးခန္ဓာ မှန်စွာရှု၍ ဖြစ်သတည်း။

## သတိနှင့်ဘာကြောင့် ရှုမှတ်ရသလဲ

ခန္ဓာငါးပါး အပေါ်မှာ စွဲလမ်းနေတယ်၊ (ဝါ) မှားနေတယ်။ ဒီအမှားကိုပျောက်အောင် ဒီခန္ဓာငါးပါးကိုပင် ပြန်ပြီးရှုရမယ်။ ဘာနဲ့ရှုရမလဲ သတိနှင့်ရှုရမယ်။ ဒီနေရာမှာ ဝိပဿနာဆိုတာ ပညာအရာဖြစ်ပါလျက် ဘာကြောင့် သတိနှင့် ရှုရမယ်လို့ဆိုပါသလဲ၊ ပညာနှင့်စပြီး ရှုပါတော့လားလို့ မေးခွင့်ကြုံပါတယ်။ အဲဒါကို သဘာဝရော အာဂမပါ ပြည့်စုံအောင် အကျဉ်းအားဖြင့် ဖြေပြပါမယ်။

ဝိပဿနာပညာဆိုတာ အတက္ကာဝစရော ဆိုတဲ့အတိုင်း ကြံစည်ပြီးသိတဲ့ တက္ကပညာမဟုတ်ပါဘူး။ ထိုးထွင်းသိတဲ့ ပဋိဝေဓပညာဖြစ်ပါတယ်။ ယနေ့သူသူငါငါမှာ ရှိနေကြတဲ့ပညာဟာ သုတပညာ၊ တက္ကပညာတွေသာ ဖြစ်ပါတယ်။ အဲဒီ ပညာတွေနှင့် ဝိပဿနာပညာမဖြစ်နိုင်လို့ ဝိပဿနာဖြစ်နိုင်ဖို့အတွက် ဒီတက္ကပညာ သုတပညာတွေကို မသုံးရဘူး။ ပဋိဝေဓပညာဖြစ်ဖို့အတွက် နည်းလမ်းကိုရှာရပါတယ်။ အဲဒါကို ဘုရားရှင်က သတိကိုသုံးပါလို့ နည်းပေးတော်မူပါတယ်။ သတိကိုသုံးပါဆိုတာက သတိရှိရင် ပညာပေါ်တယ်။ အပ်သွား ချည်ပါဆိုသလို သတိရှေ့သွားရင် ပညာနောက်က ပါလာပါတယ်။

သတိမမူဂုမမြင်၊ သတိမူတော့မြူကိုပင်မြင်ဆိုတဲ့ လောကစကား ပုံများလို သတိသာမူလိုက်ပါ၊ ခန္ဓာကိုယ်ရဲ့ အမှန် သဘာဝ တွေကို မြင်လာပါလိမ့်မယ်။ ဒီပညာသာလျှင် တက္ကပညာ မဟုတ်သော ပဋိဝေဓပညာ ဖြစ်ပါတယ်။ ဒါက သဘာဝ အားဖြင့် ရှင်းပြခြင်း ဖြစ်ပါတယ်။ အာဂမအားဖြင့် ဆိုရင် မဟာဝါသတိပဋ္ဌာနသုတ်ပါဠိတော်ကို ဖွင့်တဲ့ အဋ္ဌကထာမှာ-

န ဟိ ကဒါစိ သတိဝိရဟိတာ အနုပဿနာ နာမ အတ္ထိ။

သတိကင်းလို့ ဝိပဿနာရှုခြင်းဆိုတာ မဖြစ်နိုင်ပါဘူးတဲ့။ အဲဒါကို စကားပြန်လိုက်ရင် သတိမကင်းရင် ဝိပဿနာ ရှုခြင်း ဆိုတဲ့ပညာ ပေါ်လာပါလိမ့်မယ်လို့ ဆိုလိုပါတယ်။ ပြီးတော့-

သတာရက္ခေန စေတသာ၊ သမန္နာဂတော ဝိဟာ ရေယျ၊ အယံ ဝေါ အမှာကံ အနုသာသနီ။

သတာရက္ခေန စေတသာ၊ သတိစောင့်သော စိတ်နှင့်၊ သမန္နာဂတော၊ ပြည့်စုံ၍။ ဝိဟာရေယျ၊ နေရာ၏။ အယံ ဓေါ၊ ဤသည်ပင်လျှင်။ ဝေါ၊ သင်ချစ်သား ချစ်သမီးတို့အတွက်၊ အမှာကံ၊ ငါဘုရားတို့၏။ အနုသာသနီ၊ အဆုံးအမ ပါပေ တည်း-တဲ့။

ဒီပါဠိတော် အဋ္ဌကထာ သဘာဝတွေနှင့်ပဲ သဘိဖြဲ့စပြီး ရှုရင် ပညာပေါ်မယ်ဆိုတာ ခိုင်လုံပါပြီ။ သတိဖြင့် ဘယ်လိုရှု ရမလဲဆိုရင်-

ခန္ဓာငါးပါးဟာ အမြဲဖြစ်ပျက်နေတယ်။ သူဘာကြောင့်ဖြစ်ပျက်နေတယ်ဆိုတာဟာလဲ ပစ္စုပ္ပန် ခဏမှာပဲ ဖြစ်ပျက်နေတယ်။ ဒါကြောင့် သူတို့ ဖြစ်ပျက်နေတဲ့ ပစ္စုပ္ပန် အခိုက်အတန့်ကလေးမှာ သတိနှင့်ရှုနေရမယ်။ ရှုနေရမယ်ဆိုတာက ခန္ဓာကိုယ်မှာဖြစ်နေတယ်၊ ပျက်နေတယ်၊ အစိုးမရဘူးလို့ ယောဂီက ကိုယ်သိချင်ရာ ဆဲပြီး ရှုနေရမှာမဟုတ်ဘူး။ သူဖြစ်နေတာကိုလိုက်ပြီး ရှုနေရုံပဲ၊ ကြည့်နေရုံပဲ။ ဒီလိုကြည့်တော့ ခန္ဓာကိုယ်ကို သူ့ဟာသူ တရားပြသသွားလိမ့်မည်။ သူပြသွားတာကို ကိုယ်က လိုက်ကြည့်ရုံပဲ။

ဒါကြောင့် မဟာစည်သရာတော် ဘုရားကြီးရဲ့ ဆောင်ပုဒ်ထဲမှာ "ဖြစ်တိုင်းမှတ်ရှု သတိပြု၊ စောင့်မှုအံစဥ်ထား" လို့ မြန်မာလင်္ကာဖြင့် နည်းပေးတော်မူပါတယ်၊ အခိုပ္ပာယ်ထာတော့ ကိုယ်ထဲမှာ ဘယ်နေရာက ဘာတွေထင်ရှားသိသိသာသာကြီး ပေါ်နေသလဲ။ အဲဒီပေါ်နေရာကို သတိနှင့် လိုက်ကြည့်ပါလို့ ဆိုလိုပါတယ်။ လိုက်ကြည့်ရမှာလဲ ပစ္စုပ္ပန်အခိုက် ဖြစ်ပါစေ၊ အဲဒါဟာ သဘိဖြင့်စောင့်ကြည့်တဲ့ လုပ်ငန်းအစပါပဲ၊ အကျင့်ရသွားရင် ပညတ်တွေတွာပြီး ပရမတ်သက်သက် အပေါ်မှာ သာ ဉာဏ်ကလေး ရောက်လာပါလိမ့်မယ်။ အစတော့ ပညတ်ပေါ်မှာပဲတင်ပြီး နေပါလိမ့်မယ်။ နောက်မှ ပညတ် မနေဝ ပရမတ်သက်သက် သဘောလေးတွေမြင်လာတော့မှ ဝိပဿနာဉာဏ်အစခြေခံ ရလာပြီလို့ ဝမ်းမြောက်ပြီးရှေ့ကို ဆက်၍ သတိဖြင့်ရှုပါ။

နန္ဒ တဇ္ဇာ ပညတ္တိဝသေန သဘာဝဓမ္မော ဂယှာတိ သစ္စံ ဂယှတိ ပုဗ္ဗဘာဂေ၊ ဘာဝနာယ ပနဝမုမာနယ၊ ပညတ္တိံ သမတိက္ကမိတွာ သဘာဝဝယေဝ စိတ္တံ တိဋ္ဌတိ။

(ဝိသုဒ္ဓိမဂ်မဟာဋီကာ။)

အနက်ကား-တဇ္ဇာပညတ္တိဝသေန၊ ပရမတ်ကို အမည်တပ်၍ ခေါ်အပ်သော ပညတ်၏အစွမ်းဖြင့်။ သဘာဝဓမ္မော၊ ပရမတ်သဘာဝကို။ ဂယှတိ နန္ဒ၊ ယူအပ်သည်မဟုတ်လော။ ပုဗ္ဗဘာဂေ၊ ဘာဝနာမရင့်မီ ရှေ့အဖို့၌။ သစ္စံဂယှတိ၊ အကယ်၍ကား ယူအပ်ပါပေ၏။ ပန တထာပိ၊ သို့သော်လည်း။ ဘာဝနာယ ဝနုမာနာယ၊ ဘာဝနာ ရင့်သာသောအခါ၌။ ပညတ္တိံ သမတိက္ကမိတွာ၊ ပညတ်ကိုလွန်၍။ သဘာဝဝယေဝ၊ ပရမတ်သဘာဝ၌သာလျှင်။ တိဋ္ဌတိ၊ တည်တော့၏။

ဘာမှတွေးကြံ ဆွဲဆောင်ပြီး မမြဲလို့ ငါရှုလိုက်မယ်၊ ဆင်းရဲမှုအစိုးမရလို့ ရှုလိုက်မယ်ဆိုပြီး ကိုယ်သိချင်ရာဆွဲမနေနဲ့၊ဝိပဿနာဆိုတာ ခန္ဓာကပြတာကို ကိုယ်က အလိုက်သင့်ကလေး ကြည့်ရတာ။ ကိုယ်ကြည့်ချင်ရာကိုဆွဲကြည့်ရတာမဟုတ်ဘူး။ ဒီလိုသာမှန်မှန် အလိုက်သင့်ကလေး ကြည့်ရင် ရှေ့ကပြခဲ့တဲ့ ဉာဏ်စဉ်တွေဟာ တဖြည်းဖြည်းရင့်ကျက်ပြီး တက်လာလို့ မဂ်ဖိုလ်ဝင်သွားပါလိမ့်မည်။ ယောဂီရဲ့ အလုပ်ကတော့ ခန္ဓာက ပြတာကို အလိုက်သင့်ကလေး သတိဖြင့်ရှုနေရုံပါပဲ။ ယခုဟောခဲ့တာက ဝိပဿနာအလုပ် အားထုတ်နည်းပါပဲ။ အထက် မဂ်ဖိုလ်တွေအတွက်လဲ ဒီအတိုင်းပဲ အားထုတ်ကြပါတယ်။ အခြားနည်းရယ်လို့ မရှိပါဘူး၊ သတိနှင့်ရှုကြည့်တဲ့နည်းပဲရှိတယ်။

ဗုဒ္ဓဘာသာတွေမှာ—

(၁) အပါယ်မကျရေး၊

(၂) သုဂတိဘဝမှာ အထက်တန်းကျကျ တည်တံ့နေရေး၊

(၃) နိဗ္ဗာန်ဝင်စံရေး၊

ဒီ ၃-ချက်ဟာ အရေးအကြီးဆုံးဖြစ်တယ်။ ဒီ ၃-ချက်ကို တိတိကျကျ အာမခံပေးနိုင်တာ ဝိပဿနာ လုပ်ငန်းသာဖြစ်တယ်။ အခြားကုသိုလ်တွေက တိကျတဲ့အဖြေ မပေးနိုင်ပါဘူး။ ဒါကြောင့် ဝိပဿနာအလုပ်ကို တကယ်အားထုတ်ဖို့ရာ အရေးကြီးကြောင်း ဟောတော်မူတဲ့ ဟောဒီဂါထာကိုရွတ်ပြီး နိဂုံးသတ်ပါမယ်။

သတ္တိယာဝိယ ဩမဋ္ဌော၊
ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊
သတော ဘိက္ခု ပရိဗ္ဗဇေ။

သတ္တိယာ၊ အသွားထက်လှ သံလှံမကြီးဖြင့်။ ဩမဋ္ဌောဝိယ၊ ရင်ကိုစူးစိုက် အထိုးခံလိုက်ရသကဲ့သို့လည်းကောင်း။ မတ္ထကေ၊ ဦးခေါင်းထက်၌။ ဍယှမာနောဝ၊ ဟူးဟူးပြောင်ပြောင်မီးလောင်သည့်ဘေး အလွန်လျှင် အရေးကြီးသကဲ့သို့ လည်းကောင်း။ သတောဘိက္ခု၊ သတိပညာ ထင်စွာပြုတတ် ရဟန်းမြတ်သည်။ သက္ကာယဒိဋ္ဌိ၊ ဘဝများစွာ သံသရာတခွင် သူစူးဝင်လျက် လေးခွင်ပယ်ရပ် ကျစေတတ်ရေး ဒိဋ္ဌိဘေးဆိုးကြီးကို။ ပဟာ—

နာယ၊ မြတ်သောတာပန်အဖြစ်မှန်ဖြင့် အမြန်ပယ်နုတ် အမြစ်ပြုတ်ခြင်းငှာ။ ပရိဗ္ဗဇ္ဇေ၊ အပျင်းတွေဖြုတ် မဟုတ်တာတွေကိုပယ် ဟိုနှယ် ဒီနှယ် အငြင်းမသန်နှင့်တော့ မြန်မြန်ကြိုးအားထုတ် လိုက်ကြကုန်ရာသထည်း။

(သာဓုခေါ်စေ။)

ဝိပဿနာတဲရားပြီး၏။

လိုအပ်၍ဟောလိုလျှင်

## ဝိပဿနာနှင့် ဆက်ဟောရန် ဝတ္ထုသက်သေ

ဝိပဿနာအလုပ်ဟာ ဘယ်လောက်ထိ အားကိုးစရာကောင်းတယ်။ အားထုတ်သင့်တယ် ဆိုတဲ့ အကြောင်းကို အင်္ဂုတ္တရ-အဋ္ဌကထာထဲမှ ထုတ်ပြီး ဝတ္ထုသက်သေပြပါမယ်။

ရှေးရှေးတုန်းက မုဆိုးကြီးတစ်ယောက်ဟာအမဲလိုက်အလွန်ဝါသနာပါတယ်။ အသားလဲအင်မတန်မှကြိုက်တယ်။ အသားစားကြီးလွန်းလို့ တခြား အစာအာဟာရတွေကို မစားချင်တော့ဘူး။ သမင်, ဒရယ်, ချေငယ်, စိုင်, ဆတ် အသားတွေကို စားရမှသာ လျှာက အရသာတွေ့တယ်တဲ့။ ဒါနဲ့ပဲ လေးနဲ့မြားကိုယူ၊ အိမ်သူသက်ထားကိုပါ စွန့်ပြီးတောတဲမှာသဲ လှည့်လည်နေတယ်။ အမဲပစ်လိုက် အသားစားလိုက်ပေါ့လေ။ အသားစား ကြူးတာကြောင့် လူ့ဘီလူးကြီး ဖြစ်နေတော့တယ်။

နှစ်ပေါင်းကြာလာတော့ လူကလဲ ခက်ထရော် ကြမ်းတမ်းလာတယ်၊ အကုသိုလ်ကလဲ ကြီးလာတယ်။

တစ်နေ့မှာတော့ အမဲလိုက်သွားရင်း တောရကျောင်းနေတဲ့ ရဟန်းတော်တစ်ပါးရဲ့ ကျောင်းသခ်မ်း ရောက်သွားတော့ မောမောနဲ့ရေခပ်သောက်မိတယ်။ သူရေခပ် သောက်လေတိုင်း ရေမတွေ့ဘဲ ရေမှုတ်နှင့်အိုးဖင် ထိမိလို့ တဂျင်ဂျင်အသံသာလျှင် မြည်ထွက်လာတယ်။ ဒီတော့ သူက သူ့အဖြစ်သူ မရိပ်မိသေးဘဲ နှင့် ရဟန်းတော်ကိုသာ "ဒီရဟန်းတွေကသိပ်ပျင်းတာပဲ။စားပြီး အိပ်နေကြတယ်။ ရေတောင်မှခပ်မထားဘူး" ဒီလိုသူက ဆူပူ မောင်းမဲတောပေါ့။ အမှန်ကတော့ ရေကအပြည့်ကြီးရှိနေတာ။ မုဆိုးကြီးရဲ့ အကုသိုလ် အပူရှိန်ကြောင့် ရေတွေခန်းကုန်တာ။ အကုသိုလ်များ ဘယ်လောက်ကြောက်စရာ ကောင်းသလဲလို့။ မုဆိုးကတော့ ကိုယ့်အဖြစ် မသိသေးဘူး။ သူများကိုပဲ အပြစ်တင်နေ လိုက်သေးတယ်။

ဒီအသံကြားတော့ ရဟန်းတော်က စဉ်းစားမိတယ်။ အကုသိုလ်ကောင် တစ်ကောင်တော့ ရောက်လာပြီလို့လေ။ဒါကြောင့် အသာလှပြီးတော့ ကြည့်တယ်။ ရဟန်းတော်က လာကြည့်တော့ ရေအပြည့်ရှိတယ်။ ဒီတော့မှ ရဟန်းတော်က-

"ဒကာမုဆိုးကြီး ရေသောက်လိုပါသလား"

"မှန်ပါ၊ ရေသောက်လို့လာတာ၊ အရှင်ဘုရားတို့ကရေမှ ခပ်မထားဘဲကိုး"

"ကောင်းပြီဒကာ၊ ဟောဒီမှာရေ သောက်ပါတော့" လို့ မုဆိုးရှေ့တွင် ရေအိုးထဲက ရေကို ခပ်ပေးတယ်။ ရဟန်းတော် လက်နှင့်ကိုင်ပြီး ရေတိုက်တော့မှ ရေသောက်ရတယ်၊ ဒီတော့ မုဆိုးကြီး သိပ်လန့်သွားတယ်။ အရှင်ဘုရား တပည့်တော်ဘ၀ တယ်ဆိုးနေပါပြီကလား၊ ကယ်တော်မူပါဘုရား။

ကိုယ်ဆိုးတာ ကိုယ်သိတော့ တော်သေးတာပေါ့။ ရဟန်းတော်က သနားခြင်းဖြင့် မုဆိုးကို အဲဒီနေရာမှာပဲ ရဟန်းဝတ်ပေးတယ်။ သတိပဋ္ဌာန်တရား အားထုတ်ခိုင်းတယ်။ တရားအားထုတ်တယ်ဆိုရင် စရိုက်ကြမ်းခဲ့တဲ့ လူဆိုတော့ တရားအားထုတ်ဖို့ မျက်စိမှိတ်လိုက်တိုင်း ခွေးနက်ကြီးတွေ ကျားနက်ကြီးတွေ မြွေဆိုးကြီးတွေ ဝိုင်းနေတာချည်းမြင်တယ်။ တရားမရဘူး။ စိတ်မတည်ကြည်ဘူး၊ တစ်ကိုယ်လုံးဇောချွေးတွေပြန်နေတယ်။ ကြမ်းတမ်းတဲ့ဘဝဆိုတာသိပ်ကြောက်ရှေကောင်းတယ်နော်၊ ဒီတော့ရဟန်းကြီးက အရှင်ဘုရား၊ တရားအားထုတ်လို့ မရပါဘုရား၊ တပည့်တော်မြင်ချင်ရာဖြစ် လူထွက်ပါရစေတော့ လို့ လျှောက်ထားလာတယ်။

ရဟန်းတော်က ဩော် သနားစရာ သတ္တဝါ၊ တရား မရရင်တော့ အပါယ်ကျတော့မယ်လို့ သနားစိတ်ပြင်းပြတာကြောင့် အို-ရဟန်းကြီး၊ သင်ထွက်လိုက ထွက်လေလို့ မပြောရက်ဘူး။ ဖြစ်အောင် ကယ်တင်မယ်ဆိုပြီးတော့ ကဲ-ရဟန်းကြီး၊ ခဏနေအုံး၊ သဖန်းသားထင်း အစိမ်းသက်သက်တစ်ပုံ ပုံလိုက်စမ်း။

သဖန်းသားဆိုဘာ အစိမ်းဆိုရင် အစေးတွေ သိပ်ထွက်ပြီး ရေစိုသလိုဖြစ်နေတယ်။ ဘယ်လိုမီးတိုက်တိုက် မီးမတောက်ဘူး။ ကဲ-ရဟန်းကြီးကိုယ်တိုင် မီးရှို့စမ်းဆိုတော့ တစ်မနက်သာ ကုန်တယ်၊ မီးတောင်မစွဲဘူး။ တောက်ဖို့အသာထား၊ ဒီတော့မှ ရဟန်းကြီးလက်မှိုင်ချ မောဟိုက်နေတုန်း ရဟန်းတော်က ငရဲ ပြည်ကို တန်ခိုးနှင့်သွားပြီး ငရဲမီးလေးမုန့်ညင်းစေ့လောက် လက်ကြား ညှပ်ယူလာတယ်။

ရဟန်းကြီး ဟောဒီမှာမြင်ရဲ့လား၊ ငရဲမီးကလေးဆိုပြီး ၎င်း မီးကို သဖန်းပုံထဲပစ်ထည့်လိုက်တယ်။ သဖန်းသားအပုံကြီးဟာ တခါတည်းကျွမ်းသွားတယ်၊ အစတောင် ရှာမရလိုက်တော့ ဘူး။ ဒီတော့မှ ရဟန်းကြီးက သိပ်လန့်သွားတယ်၊ ငရဲမီး ဘယ်လောက် ပြင်းတယ်ဆိုတာ လက်တွေ့သိသွားတယ်။ ကဲ.... ရဟန်းကြီး၊ ခင်ဗျားသေရင် ဒီလိုပြင်းထန်တဲ့ ငရဲမှာသွားပြီး ခံရမယ်၊ ဘယ့်နှယ်လဲ၊ လူထွက်မလာ မေးတော့ မထွက်ရဲတော့ ပါဘုရား၊ တပည့်တော် တရားကိုရအောင် အားထုတ်ပါတော့ မယ်။

ပရိတ်သတ်များ ငရဲမီးကို ငြိမ်းသတ်ပေးနိုင်တာဟာ တရားပဲ ရှိတယ်နော်၊ ရဟန်းကြီးဟာ ကြောက်ကြောက်နဲ့ ဇွဲတင်းပြီး တရားအားထုတ်တယ်။ အိပ်ချင်လာရင် ငိုက်မှာစိုးလို့ ကောက် ရိုးခွေကြီး ရေဆွတ် ခေါင်းပေါ်တင်၊ ကောက်ရိုးခွေတစ်ခုကို ရေဆွတ် ဖင်ခုထိုင်ပြီး ဇွတ်ပေအားထုတ်လိုက်တာ အနာဂါမ် တည်သွားတယ်။ သူ့အတွက် တောက်လောင်နေတဲ့ ငရဲမီးလဲ တခါတည်း ငြိမ်းရော။ ဒီတော့မှ ရဟန်းကြီးက အားရဝမ်းသာ

လွန်းလို့ ဥဒါန်းကျူးရင့်လိုက်တယ်။ အဲဒီဥဒါန်းဂါထာနှင့်ပဲ တရားနိဂုံးသတ်မယ်၊

ဥပသန္တော ဥပရတော၊
မန္တဘာဏီ အနုဒ္ဓတော၊
ဓုနာတိ ပါပကေ ဓမ္မေ၊
ဒုမပတ္တံဝ မာလုတော။

အဟံ၊ မုဆိုးရေဲ့သားဘဝမှ တဖြစ်လဲလာခဲ့ရသော ငါရဟန်းကြီးသည်။ ပါပကေဓမ္မေ၊ ဘီလူးသဘက်ပမာ လွန်စွာဆိုးရွားအကုသိုလ်အယုတ်တရားတို့ကို။ ဒုမပတ္တံ၊ အချစ်တပ်ရာဒွန်ရှာဒုမ္မာ၏ ငုံအာဖြန့်ကြက် ရွှေကြာရွက်သည်၊ မာလုတော၊ လေဖြင့်။ နလိမ္ပတိ ယထာ၊ မကပ်မသိမ်း မလိမ်းမကျံ ဘေကန် ပျံ့သင်း အလွန်ပင်သန့်ရှင်းသကဲ့သို့။ ဓုနာတိ၊ သုံးမဂ်သုံးဘန် အနာဂါမ်ဖြင့် ပယ်လှန်သတ်ဖြတ် အောင်နိုင်အပ်ပေပြီ၊ ဣဒါနိ၊ ငရဲမီးကြီး ငြိမ်းပြီးသော ယခုအခါမှသာလျှင်။ ဥပသန္တော၊ စိတ်ငြိမ်းလက်ငြိမ်း အကုန်ငြိမ်းလျက်။ ဥပရတော၊ နှလုံးမွေ့သိမ့် ပီတိရွှန်ဖြင့် စိတ်ငြိမ်မွေ့လျော် အလွန်ပျော်လျက်။ မန္တဘာဏီ၊ ပညာဖြင့်သာ အရာရာတို့ သာသာချိုမြ နှုတ်ခွန်းဟလျက် သာလျှင်။ အနုဒ္ဓတော၊ တည်ဘည်ငြိမ်ငြိမ် ဣန္ဒြေရှိ မြတ်ဘုဒ္ဓ၏ ထုတ်ပြမြွက်ဖော် သာသနာတော်ဝယ်။ အဟော်ဝတ၊ အပျော်ကြီးပျော်၍ နေရပါပေပြီတကား....။

ဝိပဿနာပိုင်း ပြီး၏။

# အသုဘတရား

ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ ယေန ကေနစိ ဝါ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ။ ကတမာနိ ပဉ္စ-

(၁) ဇရာဓမ္မောမှိ၊ ဇရံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၂) ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၃) မရဏဓမ္မောမှိ၊ မရဏံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၄) သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၅) ကမ္မဿကောမှိ၊ ကမ္မဒါယာဒေါ၊ ကမ္မယောနိ၊ ကမ္မဗန္ဓု၊ ကမ္မပဋိသရဏော၊ ယံ ကမ္မံ၊ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ တဿ ဒါယာဒေါ ဘဝိဿာမီတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

ဣမာနိ ဘိက္ခဝေ ပဉ္စဋ္ဌာနာနိ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ ယေနကေနစိ ဝါ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ။

(အဘိဏှသုတ် ပါဠိတော်)

ဘိဘ္ဘဝေ၊ ရဟန်းတို့။ ဣမာနိ ပဥ္စဌာနာနိ၊ ယခုပေါ်ပြမည့် ဤငါးဌာနတို့ကို။ ဣတ္ထိယာ ဝါ၊ မိန်းမသည်လည်းကောင်း။ ပုရိသေန ဝါ၊ ယောကျ်ားသည် လည်းကောင်း။ ဂဟဋ္ဌေန ဝါ၊ လူသည်လည်းကောင်း။ ပဗ္ဗဇိတေန ဝါ၊ ရဟန်းသည် လည်းကောင်း။ ယေနကေနစိ ဝါ၊ မည်သူမဆို။ အဘိဏှံ နေ့ရောညဥ့်ပါ ဘယ်ခါမလပ် အထပ်ထပ်။ ပစ္စဝေက္ခိတဗ္ဗာနိ၊ ဆင်ခြင်အပ်ကုန်၏။ ကတမာနိပဉ္စ၊ အဘယ်ငါးပါးတို့နည်း ဟူမူကား—

(၁) အှဟံ၊ ငါသည်။ ဇရာဓမ္မော၊ အိုရခြင်း သဘော ရှိသည်။ အမှို၊ ဖြစ်၏။ ဇရံ၊ အိုရခြင်း သဘောကို။ အနတီ-တော၊ မလွန်မြောက်နိုင်။ ဝါ၊ ဘယ်ဘုရား ဘယ်သိကြား ဘယ်ဆေးဝါး ဘယ်အာဏာ ဘယ်တန်းခိုး အမျိုးမျိုးနှင့် တားသော်လည်း မလွန်မြောက်နိုင်။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ရောညဥ့်ပါ ဘယ်ခါမလပ် အထပ်ထပ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

(၂) အဟံ၊ ငါသည်။ ဗျာဓိဓမ္မော၊ နာရခြင်းသဘော ရှိသည်။ အမှို၊ ဖြစ်၏။ ဗျာဓိံ၊ နာရခြင်းသဘောကို။ အန-တီတော၊ မလွန်မြောက်နိုင်။ ဣတိ.... အဘိဏှံ.... အပ်၏။

(၃) အဟံ၊ ငါသည်။ မရဏဓမ္မော၊ သေရခြင်းသဘော ရှိသည်။ အမှို၊ ဖြစ်၏။ မရဏံ၊ သေရခြင်းသဘောကို၊ အန-တီတော (ပ) ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

(၄) မေ၊ ငါ၏။ ပိယေဟိ၊ ချစ်အပ်ကုန်သော၊ မနာ-ပေဟိ၊ စိတ်ကိုချမ်းသာစေကုန်သော သတ္တာဝါ သင်္ခါရတို့နှင့်။ နာနာဘာဝေါ၊ ရှင်ကွဲ ကွဲရခြင်းသည် လည်းကောင်း။ ဝိနာဘာဝေါ၊ သေကွဲ ကွဲရခြင်းသည် လည်းကောင်း။ အမှိ၊ ဖြစ်ရအံ့။ ဣတိ၊ ဤသို့ အဘိဏှံ၊ နေ့ရောညဥ့်ပါ ဘယ်ခါ မလပ် အထပ်ထပ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

(၅) အဟံ၊ ငါသည်။ ကမ္မဿကော၊ ကံသာလျှင်ကိုယ်ပိုင် ဉစ္စာရှိ၏။ ကမ္မယောနိ၊ ကံသာလျှင် အကြောင်းရှိ၏။ ကမ္မဗန္ဓု ကံသာ ဆွေမျိုးရှိ၏။ ကမ္မပဋိသရဏော၊ ကံသာလျှင်လည်း လျောင်းရာရှိ၏။ ယံကမ္မံ၊ အကြင်ကောင်းကံ့မကောင်းကံကို။ ကရိဿာမိ၊ ပြုအံ့။ တဿ၊ ထိုကံ၏။ ဒါယာဒေါ၊ အမွေခံသည်။ ဘဝိဿာမိ၊ ဖြစ်အံ့။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ရောညဥ့်ပါ ဘယ်ခါမလပ် အထပ်ထပ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

ဤသို့ ဟောတော်မူအပ်သော အဘိဏှသုတ်တော်ကိုနာယူကြကုန်သော ဒကာ ဒကာမအပေါင်းသူတော်ကောင်းတို့သည် ငါတို့တတွေသည်လည်း အိုဘေး၊ နာဘေး၊ သေဘေး၊ ကွဲဘေး ကြီးအထိ ခံရမယ့်သူတွေပါတကား။ ယခု ငါတို့ရဲ့ရှေ့က သေပြီ သွားတဲ့ (....)သူဟာဖြင့် ဒီဘေးကြီးကို ရှောင်မလွတ်လို့ ဘေး သင့်ခံရပြီး သေသွားလေပြီ။ ငါတို့တစ်တွေထံသို့လည်း ဒီဘေး ကြီး တစ်နေ့ ဆိုက်ရောက် လာမှာပါကလား။ ဒီဘေးကြီး မရောက်လာမီ သံသရာခရီးကို ဆက်သွားရာမှာ မပင်မပန်း ရအောင် ဒါန သီလ တရားတွေကို ကြိုးစားထားမှတော်မယ်။

ပြီးတော့ ဒီဘေးဆိုးကြီး မထိရောက်နိုင်တဲ့ နိဗ္ဗာန်ကို မြန်မြန်ကြီး ရောက်နေအောင် ဝိပဿနာအလုပ်များကို မြန်မြန်ကြီး ဦးစား ပေးမှ တော်မယ်လို့ သတိသံဝေဂရကြပြီး တရားဓမ္မကို မခြား နေ့ည ပွားများကြကုန်သည်ဖြစ်၍ မသေရာမှန် မြတ်နိဗ္ဗာန်သို့ လျင်မြန်ထုတ်ချောက် ပေါက်ရောက်နိုင်ကြပါစေ။

**အမှာ။** ။အသုဘတရားဟူသည် အချိန်အကြာကြီး ဟောရသည် မဟုတ်၊ အတိုသာ ဟောရသည်က များသော ကြောင့် အတိုမျှဖြင့်သာ ရေးလိုက်သည်။

## တနည်း အသုဘတရား

(သံဝေဂ အရာမှန်သမျှ ဟောနိုင်သည်။)

အပ္ပမတ္တာ သဒါ ဟောထ၊ ဥတ္တ သခါရဓမ္မတံ။
သကိစ္စမနုယုဥ္ဇတ္ထေါ၊ နတ္ထိနော မစ္စုသင်္ကရံ။

ဘာဝန္တော၊ နှလုံးပျော့ပြောင်း အို....သူတော်ကောင်းတို့၊ သခါရ ဓမ္မတံ၊ ကိုယ်က ဤပုံ ဖြစ်လိုတုံလည်း တစ်ဖုံဆင်ကွဲ သူ၏နည်းဖြင့် ဖြစ်မြဲတံထွာရုပ်နာမ်ဓမ္မ သခါရတို့၏ ဓမ္မတာကို။ ဥတ္တ ဇာနထ၊ ကိုယ်စီကိုယ်င အဇ္ဈတ္တဝယ် ဉာဏစက္ခု မျှော်ထောက်ရှုလျက် ယခုပင်လျှင် သိထင်မြင်အောင် တွင်တွင် ကြိုးကုတ် အားထုတ်တော်မူကြပါကုန်လော့။ ဥတ္တ၊ ကိုယ်စီ ကိုယ်င အဇ္ဈတ္တဝယ် ဉာဏစက္ခု မျှော်ထောက်ရှုလျက် ယခု ပင်လျှင် သိထင်မြင်အောင် တွင်တွင်ကြိုးကုတ် အားထုတ်တော် မူကြကုန်ပြီး၍။ အပ္ပမတ္တာ၊ အပ္ပမာဒတရား လက်ကိုင်ထားကြ

ကုန်သည်။ ဝါ-အပ္ပမဉ္ဇာ၊ ကုသိုလ်ဆယ်ခု မြတ်ကောင်းမှု၌ ဂရုကတ ကြိုးလုံ့လသား အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။ ဝါ-အပ္ပမတ္တာ၊ မမျှော်လင့်ဘဲ ဖြုန်းကနဲ နာလနာတတ်၏။ မမျှော်လင့်ပဲ ဖြုန်းကနဲ သေလဲသေတတ်၏။ မမျှော်လင့်ပဲ ဖြုန်းကနဲ ကွဲလဲကွဲတတ်၏။ ပူလဲပူတတ်၏ဟု သတိလိုက်လဲ စိတ်ဝယ်စွဲကြကုန်သည်။ ဟောထ၊ ဖြစ်ကြပါကုန်လော့။ နော၊ တဏှာမာရ်ညွတ် ခန္ဓာဝဋ်မှ လွတ်ရန်ရည်ချွေ တို့တတွေအား။ နော၊ တဏှာတည်းဟူသော မာရ်မင်းသံသရာ ဝဋ်အတွင်းမှ လွတ်ကင်းရန်ရည်ချွေ တို့တတွေအား။ မစ္စုသက်ရဲ မစ္စုမည်လျှင်း ရှင်သေမင်းနှင့် အတွင်းကြိတ်ပူး မိတ်ရည်လူးလျက် နှစ်ဦးနှစ်ဘက် ချိန်းကာဆက်၍ ဤရက်ခါမှု သေအံ့ဟူ၍, ဤနေ့ခါမူ သေအံ့ဟူ၍, ဤအခါမှု သေအံ့ဟူ၍ သဘောတူချိန်းချက် ထားရခြင်းသည်။ နတ္ထိ၊ မရှိကေန်လူတိုင်း မှန်လှပါပေ၏။ တသ္မာ၊ ထို့ကြောင့်။ သကိစ္စ၊ ခုဝတ္တမာန် ပစ္စုပ္ပန်နှင့် တမလွန်နောက်နှောင်း တောက်လျှောက် ကောင်းအောင် ရှယ်ကြောင်းဆုပန် စိတ်ရည်သန်သည့် နှစ်တန်သော လောကဓမ္မစီးပွား ကိုယ့်ကိစ္စများကို။ အနုယုဥ္ဇေါ၊ ယခုပင်လျှင် မအိုခင်က, ယခုပင်လျှင် မနာခင်က, ယခုပင်လျှင် မသေခင်က ကြိုတင်၍သာ ပွားများလိုက်ကြ ပါကုန်လော့။

ဒီဂါထာရဲ အဓိပ္ပာယ်ဟာ ယခုအနက် ပေးခဲ့သမျှနှင့်ပင် အလွန်ပေါ်လွင်နေပါပြီ။ အဓိပ္ပာယ်အလွန်ကောင်းလွန်လို့လဲ အနည်းငယ်ထပ်ပြီး ချီရာမှာ သကာလောင်းဆိုသလို နည်းနည်း

တော့ လောင်းလိုက်ပါရစေ။ ယနေ့ ဒကာ ဒကာမတွေ လက်ဝယ်ရရှိထားတဲ့ ခန္ဓာကိုယ်ဟာ သခါရပဲ။ အဓိပ္ပာယ်က သင်္ခါရ ယန္တရ၊ ပြုပြင်အပ်ကုန်၏။ ဣတိ၊ ထိုကြောင့်။ သခါရ၊ သခါရတို့ မည်ကုန်၏။ ဘာတွေက ပြုပြင်ထားခြင်းခံရသလဲ။ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ မင်းလေးပါးက ပြုပြင်ထားအပ်တယ်။ အစကတည်းက ငါက ပြုပြင်ထားအပ်တာ မဟုတ်ဘူး။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတွေက ပြုပြင်ထားတော့ ပြုပြင်သူက ပိုင်တာပေါ့။

ဒါကြောင့် သခါရဓမ္မတံ၊ ကိုယ်ကဤပုံ ဖြစ်လို့ တုံလဲတဖုံ ဆင်ကွဲ သူ၏နည်းဖြင့် ဖြစ်မြဲတံထွာ ရုပ်နာမ်ဓမ္မ သခါရတို့ရဲ့ဓမ္မတာကိုလို့ အနက်ပေးခဲ့ပါတယ်။ ကိုယ်မပိုင်တော့ ကိုယ်ဖြစ်ချင်သလို မဖြစ်ရပါဘူး။ ကိုယ်ကမအိုချင် သူကအိုတယ်၊ ကိုယ်က မနာချင် သူကနာတယ်။ ကိုယ်ကမသေချင် သူကသေတယ်။ ကိုယ်ကစိတ်မချမ်းသာမဖြစ်ချင် သူကဖြစ်တယ်။ စသည်ဖြင့် မဆုံးပါဘူး။ တို့ဒကာ ဒကာမတွေပိုသိပါတယ်။ လောကမှာ ကိုယ်ဖြစ်ချင်တာက ဘယ်လောက်ဖြစ်တယ်။ ကိုယ်မဖြစ်ချင်တာတွေက ဘယ်လောက်ဖြစ်တယ်ဆိုတာ အသက်ကလေးနည်းနည်းကြီးလာရင် ပိုပြီးသိလာတယ်။ ငယ်ငယ်တုန်းကတော့ ကိုယ်ဖြစ်ချင်တာတွေ ဖြစ်လိမ့်မယ်ထင်ပြီး မာန်တွေနဲ့ပေါ့လေ လုပ်ကြတယ်၊ လက်တွေ့မှ မရှိသေးဘဲကိုး။ တော်တော်လဲ လက်တွေ့များလာရော ဪ – လောကမှာ ဖြစ်ချင်တာတွေက နည်းနည်းသာဖြစ်ပြီး မဖြစ်ချင်တာတွေချည်းဖြစ်နေကြပါလား လို့ ရိပ်မိလာကြတယ်၊ ဒါတောင် ရိပ်မိရုံကလေး ရှိသေးတယ်။

ပောအခု (ဦး ,ဒေါ်) ဟာလဲ သေချင်လို့ သေရတာ မဟုတ်ဘူး။ သေချင်သူရယ်လို့ ဘယ်သူမှမရှိပါဘူး။ ဒါပေမယ့် ဘယ်သူကကော မသေဘဲနေရသလဲဆိုရင် ဘုရားကစ အားလုံး သေရတာချည်းပါပဲ။ ဒါကြောင့် ဒီသဘောတရားတွေကိုယခုလို အချိန်မီ အတွင်းကျကျ ဉာဏ်မျက်စိဖြင့် ရှုကြည့်ကြပါလို့တိုက် တွန်းပါတယ်။ သတိပေးပါတယ်။ ဒီလိုသိတော့ ဘာလုပ်ရမလဲ ဆိုရင် အပ္ပမတ္တာ၊ အပ္ပမာဒတရား လက်ကိုင်ထားကုန်သည်၊ဝါ အပ္ပမတ္တာ၊ကုသိုလ်ဆယ်ခုမြတ်ကောင်းမှု၌ ဂရုကတ ကြိုးလုံ့လ သည် အပ္ပမာဒတရား လက်ကိုင် ထားကြကုန်သည်။ ဝါ— အပ္ပမတ္တာ -

မမျှော်လင့်ပဲ ဖြုံးကနဲ - နာလဲ နာတတ်၏။
မမျှော်လင့်ပဲ ဖြုံးကနဲ - သေလဲသေတတ်၏၊
မမျှော်လင့်ပဲ ဖြုံးကနဲ - ပူလဲ ပူရ၏။

စသည်ဖြင့် မမျှော်လင့်ပဲ ဖြစ်ဖူး ကြုံဖူးတာတွေကို သတိ လိုက်လို့ စိတ်ဝယ်စွဲမှတ်ကြပါတဲ့။ ဘာ့ကြောင့်လဲလို့ ဆိုရင် သတ္တဝါတွေဟာ ကိုယ့်ကိုယ်ကို မသေတဲ့အမျိုးတွေများ မှတ်နေ သလားမသိဘူး။ မာနကြီးတွေ တထောင်ထောင်နဲ့၊ ဒေါသ ကြီးတွေတကားကားနဲ့ လုပ်နေကိုင်နေလိုက်ကြတာ အကုသိုလ် တွေလည်း မကြောက်ဘူး။ ကိုယ့်နောက်ပဲ ရွှေငွေတိုက်တာတွေ အတူလိုက်ပါတော့မလို အထင်ရောက်နေကြတာ၊

သေမင်းဟာဇါ်ကို အချိန်မရွေး ခေါ်နိုင်တယ်ဆိုတာ မစဉ်း စားကြဘူး။ တကယ်သဲသဲမဲမဲကဲနေလိုက်ကြတာ။သေမင်းဆိုတာ

က သချိုင်းမှာ အကောင်အထည်နှင့် တည်နေတာမဟုတ်ဘူး။ သေမင်းဟာ မိမိကိုယ်မှာရှိတယ်။ မွေးကတည်းက ပါလာတဲ့ သဘာဝတရားကြီးကို ဝေါဟာရပညတ်တင်ပြီး သေမင်းလို့ခေါ်နေကြတယ်။ ရန်သူက အဝေးမှာမလုပ်ပါဘူး။ အိမ်ထဲရောက်နေတာ၊ အဝေးလှမ်းကြည့်မနေနှင့် ကိုယ့်ကိုယ်ပဲ ကြည့်ပါ။ ဒါကြောင့် "မစ္စု သက်ာရံ၊ မစ္စုမည်လျှင်း ရှင်သေမင်းနှင့် အတွင်းကြိတ်ပူး မိတ်ရည်လူးလျက် နှစ်ဦးနှစ်ဘက် ချိန်းကာဆက်၍ ဤနေ့ခါမှ သေအံ့ဟူ၍ သဘောတူ ချိန်းချက်ထားရခြင်းသည်။ နတ္ထိ၊ မရှိကေန် လူတိုင်းမှန်ပါပေ၏တဲ့၊" ဒီသေမင်းဆိုတာက ရှောင်မထွက်ရုံတင်မကဘူး၊ သူတို့ကို လူတိုင်း အရှုံးပေးကြရတာချည်းပဲ။ ဘုရားလဲ အရှုံးပေးရတယ်၊ သိကြားလဲ အရှုံးပေးရတယ်။

မစ္စုနာ သက်ရော နတ္ထိ၊ လဥ္ဇဂ္ဂါမဟာန ဝိဇ္ဇတိ။
ယုဒ္ဓါ နတ္ထိ ဇယော နတ္ထိ၊ သဗ္ဗေ မစ္စုပရာယနာ- တဲ့။

သေမင်းကို အချိန်းအချက်သပ်လို့မရဘူး။ မရဘူးဆိုတာကတယ် .... သေမင်းရယ်၊ 'ငါ့မှာဖြင့် သားကငယ်ပါသေးတယ်။ သူ့အားကိုး ရမှ သေပါရစေလို့ နေ့ရွှေ့ညရွှေ့လုပ်လို့ မရဘူးတဲ့ အချိန်းအချက်မျိုးပေါ့။ တံစိုးလက်ဆောင်လဲ ဘယ်လိုပေးပေးမရဘူးတဲ့။ သူ့ကို စစ်တိုက်ရခြင်းလဲ မရှိဘူးတဲ့။ သူ့ကိုယှဉ်ပြိုင်ဝံ့သူ မရှိဘူးလို့ဆိုလိုတယ်။ သူလာတာနဲ့အားလုံး အရှုံးပေးရတယ်။ သဗ္ဗေ၊ သက်ရှိ သတ္တဝါမှန်သမျှ ဘုရားက

ဘဝ အားလုံးသတ္တဝါတို့သည်။ မစ္ဆုပရာယနာ၊ သေမင်းထံ လည်စင်းပေးကာ သေရရှာ လေကုန်သတည်း....။

ကဲ- ယခုဟောပြတဲ့ ဒေသနာဓမ္မ သံဝေဂ ကထာများကို နာကြရကုန်သော သူတော်ကောင်းအပေါင်းကိုသည် မိမိတို့၏ ဘဝကြီးကို ပိုင်ပိုင်နိုင်နိုင်ဉာဏ်ဖြင့် သိကြကုန်ပြီးလျှင် ဝိပဿနာ တရားအားထုတ်ပြီး သေဘေးကြီးကင်းရာ နိဗ္ဗာန်သို့ လျင်မြန်စွာ ဆိုက်ရောက်နိုင်ကြပါစေကုန်သတည်း။

## ဆွမ်းသွတ် တရားတော်

## (ဆွမ်းသွတ် သပိတ်သွတ်ခေါ်)

ဇီဝိတံ ဗျာဓိ ကာလောစ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ န နာယရေ။

ဇီဝိတံ၊ ဘယ်အသက် ဘယ်အရွယ်၌ သေရမည်ကိုလည်းကောင်း။ ကာလောစ၊ ဘယ်ကာလမှာ သေရမည်ကိုလည်းကောင်း။ ဒေဟနိက္ခေပနံ၊ ဘယ်သင်္ချိုင်းမှာ ခေါင်းချရမည်ကိုလည်းကောင်း။ ဂတိ၊ သေပြီးနောက် ဘယ်ဘဝသို့ရောက်ရမည်သို့ လည်းကောင်း။ ဧတေ ပဉ္စ၊ ဤငါးပါးတို့ကို။ ဇီဝလောကသ္မိံ၊ သက်ရှိလောက၌။ အနိမိတ္တာ၊ ကြိုတင်သိအပ်နိမိတ်မဖတ်နိုင်ကုန်။ န နာယရေ၊ သိလည်း မသိနိုင်ကုန်။

ဤဒေသနာတော်အတိုင်း ပုထုဇဉ်သတ္တဝါများသေရင်ဂတိမမြဲတဲ့ အမျိုးအစားဖြစ်လို့ သတ္တဝါတစ်ယောက်ရဲ့ သွားရမည့်

ဂတိငါးမျိုးထဲမှာ တစ်မျိုးမျိုးတော့ ရောက်မှာဘဲလို့ သာ မှန်းဆ ရတော့တယ်။ အဲဒီ ဂတိငါးပါးက –

(၁) မနုဿဂတိ = လူ့ပြည်၊
(၂) ဒေဝဂတိ = နတ်ပြည်၊
ဒီနှစ်ပါးကတော့ ကောင်းသောဂတိ ဖြစ်တယ်။
(၃) နိရယဂတိ = ငရဲပြည်၊
(၄) တိရစ္ဆာနဂတိ = တိရစ္ဆာန်ဘဝ၊
(၅) ပေတဂတိ = ပြိတ္တာဘုံ၊
ဒီသုံးပါက မကောင်းသော ဂတိ ဖြစ်တယ်။

ဒီလို ဂတိငါးမျိုးရှိပါတယ်။ ဂတိဆိုတာ လားရာဌာနလို့ ဆိုလိုပါတယ်။ ( ဂတိငါးပါးဆိုလည်နွား သွားရှမဆုံးပြီ) ဆိုတဲ့ ထွဋ်ခေါင်ဆရာတော်ဘုရားရဲ့လင်္ကာအတိုင်းပုထုဇဉ်တွေကတော့ ဒီငါးပါးထဲမှာတစ်ပါးပါးတော့ရောက်ကြရတာပဲ။ ကောင်းတဲ့ ဂတိမှာ ဖြစ်မလား၊ ဆိုးတဲ့ဂတိမှာ ဖြစ်မလားဆိုတာ မဟော နိုင်ဘူး။ မှန်းဆပြီးတော့အမျှဝေကြရတာ၊ တကယ်တော့ သေမှု သူတစ်ပါးက မှန်းဆပြုလုပ်ခြင်းခံရတဲ့ ဘဝမျိုးကို မလိုချင်ကြ ပါနဲ့၊ မသေမီ ကိုယ်ကိုယ်တိုင် ဂတိမြဲအောင် လုပ်သွားဖို့ အလွန်ကောင်းတယ်။

ကဲ-ရှိစေတော့၊အကယ်၍ သေခါနီးကာလမှာ စိတ်ကောင်း ကလေးရှိသွားလို့ သွားလိုရာ သုဂတိရောက်သွားရင် အမျှပေး စရာလည်းမလိုတော့ပါဘူး။ သူက ကိုယ့်ထက်တောင်မှသာလွန်

ချမ်းသာနေဦးမယ်။ ဒုဂ္ဂတိဘုံကိုများအကယ်၍ ရောက်သွားရင် အဲဒီ ဒုဂ္ဂတိဘုံက ကျွတ်လွတ်ပြီး ချမ်းသာပါစေလို့ ဒီက အမျှဝေကြရမယ်။ အဲဒီလိုအမျှပေးဝေတာဟာ သားသမီးကောင်းတို့ရဲ့ ကျင့်ဝတ်တရားအဖြစ်နှင့်သိင်္ဂါလသုတ်မှာလည်းဘုရားရှင်ဟောတော်မူပါတယ်။ ဒါကြောင့် သေလွန်သူတို့ကို ကျေးဇူးပြုချင်တယ်ဆိုရင် သူတို့ကိုရည်စူးပြီး ကုသိုလ်ပြုပါလို့ ပေတဝတ္ထုပါဠိတော်မှာ ပြပါတယ်။

နဟိ ရုဏ္ဏံ ဝါ သောကော ဝါ၊
ယာ စညာ ပရိဒေဝနာ။
န တံ ပေတာန မတ္ထာယ၊
ဧဝံ တိဋ္ဌန္တိ ဉာတယော။

အငိုပွဲဝယ်က ငိုနေလို့ သေတဲ့ဆွေမျိုးများမှာ အကျိုးမရှိပါဘူးတဲ့။ အကျိုးရှိအောင် ဒီလိုလုပ်ပါတဲ့။

အယဉ္စ ခေါ ဒက္ခိဏာ ဒိန္နာ၊ သံဃမှိ သုပတိဋ္ဌိတာ။
ဒီဃရတ္တံ ဟိတာယဿ၊ ဌာနသော ဥပကပ္ပတိ။

သံဃာတော်တို့၌ ကောင်းစွာလှူပြီး သေသူတို့ကို အမျှဝေခြင်းသည်သာလျှင် သူတို့ကို ချစ်ရာရောက်ပါတယ်တဲ့။ ဒီလိုအမျှဝေလိုက်တော့-

ဥန္နမေ ဥဒကံ ဝုဋ္ဌံ၊ ယထာ နိန္နံ ပဝတ္တတိ။
ဧဝမေဝ ဣတော ဒိန္နံ၊ ပေတာနံ ဥပကပ္ပတိ။

မြင့်ရာမှ ရေသည် နိမ့်ရာသို့ စီးဆင်းသလို ဒီလူ့ပြည်က ရည်မှန်းပြီး လှူဒါန်းအမျှဝေလိုက်ရင် သေသူတို့က ကုသိုလ်ရပြီး ချမ်းသာပါတယ်။ ဒီလိုလူ့ပြည်က ဆွေမျိုးတွေကအမျှဝေလျှင် သေသွားတဲ့ ဆွေမျိုးတွေက သိပ်ဝမ်းသာပြီး ဆုမွန်ကောင်းတွေ တောင်းကြပါတယ်တဲ့။

စိရံ ဇီဝန္တု နော ဉာတီ၊
ယေသံ ဟေတု လဘာမသေ။

ဒါကြောင့် တို့ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့မှာ သေသူအဘို့က် အပူသောကတွေ ရောက်ခြင်းသည် သေသူမှာရော မိမိမှာပါ ဘာမျှအကျိုး မရှိပါတကား၊ ကုသိုလ်ပြု၍ အမျှဝေခြင်းသည်သာ အကျိုးရသော အလုပ်ပါတကားဟု ပိုင်းခြားဆင်ခြင် သိမြင်နိုင်ကြသည်ဖြစ်၍ ငါတို့ပြုအပ်သော ကုသိုလ်ကို ငါတို့၏ဆွေမျိုး များအား ဖြစ်စေသော ဓေတနာ သဒ္ဒါတို့ဖြင့် အမျှဝေကြမယ်။ အမျှရ၍ ချမ်းသာကြပါစေလို့ စိတ်ကောင်းထားပြီး အမျှဝေကြစို့။

အသုဘသပိတ်သွတ် (ဆွမ်းစဉ်) ရေစက်ချ

အပိုင်း (၁)

ဘန္တေ၊ အရှင်ဘုရား။ မယ်၊ တပည့်တော်တို့သည်၊ ကမ္ဘူ၊ ကံကိုလည်းကောင်း။ ကမ္မဖလဥ္စ၊ ကံ၏ အကျိုးတရားကို လည်းကောင်း။ ရတနတ္တယဂုဏဉ္စ၊ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူး

ကိုလည်းကောင်း။ သဒ္ဓဟိတွာ၊ သက်ဝင်ယုံကြည် ကြပါကုန်သည်ဖြစ်၍။ (ဝိသေသတော၊ အထူးအားဖြင့်။ ပေတာသာ ကာလကတဿ၊ ဘဝတစ်ပါးသို့ ပြောင်းသွားသော (....)သူအား။ ဥဒ္ဒိဿ၊ရည်မှတ်၍။ (သေသူက မိန်းမဖြစ်လျှင် ပေတာယ ကာလကတာယဟု ပြောင်းဆို။) တိသရဏေန၊ သရဏဂုံ သုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလာနိ၊ ငါးပါး သီလတို့ကို (ရှစ်ပါးဖြစ်လျှင်ဥပေါသထသီလာနိ၊ဥပုသ်သီလ တို့ကို။) သမာဒိယိတွာန၊ ကောင်းစွာ ခံယူဆောက်တည်ပြီး၍။အာယသ္မန္တာနံ၊ အရှင်သူမြတ် ဘုရားတို့အား။ ဣမာနိ ဒေယျဓမ္မဒါတဗ္ဗဝတ္ထူနိ၊ ဤလှူဖွယ် ဝတ္ထု အစုစုတို့ကို။ ဒေမ ပူဇေပ၊ သေသူရည်မှန်း အထူးသဖြင့် လှူဒါန်းပါကုန်၏ အရှင်ဘုရား။

အပိုင်း (၂)

ဣမိနာ ပုညကမ္မေန၊ (သေသူရည်မှန်း လှူဒါန်ပါရ) ဤပုညကြောင့်။ နိဗ္ဗာနံ၊ အို့နာ့သေဘေး ကင်းဝေးရာအမှန် မြတ်နိဗ္ဗာန်သို့။ သိဿံ ပပ္ပေါမ၊ လျင်မြန်ထုတ်ချောက်ရောက် ရပါစေသား အရှင်ဘုရား။

အပိုင်း (၃)

ယာဝ၊ အကြင်မျှလောက် ကာလပတ်လုံး။ သံသာရေ၊ သံသရာ၌။ သံသရန္တာပိ၊ ကျင်လည်နေ ရပါသော်လည်း။ အပါယာဒိဟိ ဒုက္ခေဟိ၊အပါယ်စသား ဆင်းရဲ အစားစားမှ။ မုစ္စိတွာန၊ လွတ်မြောက်ကြရကုန်ပြီး၍၊ ပတိရူပဒေသေယေဝ

တင့်အပ်လျောက်ပတ် အရပ်မြတ်၌သာလျှင်။ ဘဝေယျာမ၊ ဖြစ်ရပါလိုကုန်၏။ သေဋ္ဌဝရဥတ္တမ ကုလေသုယေဝ၊ မြင့်မြတ်သော အမျိုးတို့၌သာလျှင်။ ဘဝေယျာမ ဖြစ်ရပါလိုကုန်၏၊ သန္တေဟိ ယေဝ၊ သူတော်ကောင်းတို့နှင့်သာလျှင်။ သံ ၁သေယျာမ၊ပေါင်းဖော်ရလိုကုန်၏။ သယမ္ဘူ၊ မိမိကိုယ်တိုင်ကလည်း၊ သန္တာ၊ သူတော်ကောင်းတို့သည်။ သမာနာ၊ဖြစ်ကြကုန်လျက်။ ဒါန ဒိပါရမိယော၊ ဒါန စသော ပါရမီအပေါင်းတို့ကို။ ပူရေတွာန၊ ပြည့်ဆည်းနိုင်ကြကုန်သည် ဖြစ်၍။ နိဗ္ဗာနံ၊ ဒုက္ခကင်းရာ နိဗ္ဗူတာသို့။ ပပ္ပေါမ၊ ရောက်ရပါလိုကုန်၏ အရှင်ဘုရား၊

အပိုင်း (၄)

ဣမံ ပုညဘာဂံ၊ ယနေ့ပြုရသော ဒါန သီလ ဘာဝနာ ကောင်းမှုအဖြာဖြာ၏အဖို့ကို။ ဝိသေသတော၊ အထူးအားဖြင့်။ ပေတာဿ ကာလကတဿ၊ ဘဝတစ်ပါး ပြောင်းသွား ကွယ်လွန်လေပြီးသော (....)အား။ (မိန်းမဖြစ်လျှင် ပေတာယ ကာလကတာယ၊ ပြောင်းဆိုပါ။) ဉဒ္ဒိဿ၊ အထူးရည်စူး သတ်မှတ်၍။ ဘာဇေယျာမ၊အမျှပေးဝေပါကုန်၏။ သော၊ ထိုဘဝ တစ်ပါးသို့ ပြောင်းသွားသူသည်။ (မိန်းမဖြစ်လျှင်သာ-ဟုဆို) ဌိတဋ္ဌာနတော၊ ရောက်ရာဘုံဘဝမှနေ၍။ အနုမောဒတု၊ ဝမ်းမြောက်နှမော်သာဓုခေါ်နိုင်သည်ဖြစ်ပါစေ။ သုခီ၊တဆင့်တဆင့် နိဗ္ဗာန်တိုင်အောင်မြင့်မြတ်သောချမ်းသာသုခတို့နှင့်ပြည့်စုံသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဒုရဋ္ဌာနေ၊ ဝေးသောအရပ်၌။ ဌိတော၊ အကယ်၍ တည်နေအံ့၊ အမှာကံ၊ငါတို့၏။ ပုည

ဘာဂ၊ ကုသိုလ်အဖို့ကို။ လဘန္တာ၊ ရကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ ဂန္တွာ၊ သွားရောက်၍။ အာရောစေတု၊ ပြောကြားနိုင်ပါစေသတည်း၊၊အာရောစေတွာန၊ ပြောကြားနိုင်သည်ဖြစ်၍ အနုမောဒတု၊ ဝမ်းမြောက်နုမောသာဓုခေါ်နိုင်ပါစေသတည်း၊ အနုမောဒိတွာ၊ ဝမ်းမြောက်နုမော် သာဓုမခေါ်နိုင်သည်ဖြစ်၍၊ သုခီ၊ တစ်ဆင့်တစ်ဆင့်မြင့်သထက်မြင့်သော ချမ်းသာသုခနှင့် ပြည့်စုံသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

အပိုင်း (၅)

(သာမညတော၊ သာမညအားဖြင့်) ဣမံ ပုညဘာဂံ ဤကောင်းမှုအဖို့ကို၊ မာတာပိတူနဉ္စ၊ မိခင် ဖခင် ကျေးဇူးရှင်တို့အား လည်းကောင်း။ အာစရိယာနဉ္စ၊ ဆရာသခင် ကျေးဇူးရှင်တို့အား လည်းကောင်း။ ဘူပါလဿ စ၊ ရေမြေသနင်းပြည့်ရှင်မင်းအား လည်းကောင်း။ ယမရာဇဿ စ၊ ငရဲသနင်း ယမမင်းအား လည်းကောင်း။ စတုလောကပါလဿ စ၊ လောကစောင့် နတ်မင်းကြီးလေးပါးအား လည်းကောင်း။ သာသနပါလဿ စ၊ သာသနာစောင့်နတ်မင်းကြီးအားလည်းကောင်း။ သက္ကဿစ၊ သိကြားမင်းအားလည်းကောင်း။ဒေဝတာနဉ္စ၊ကိုယ်စောင့်နတ် အိမ်စောင့်နတ်မှစ၍ အားလုံးသောနတ်အပေါင်းတို့အားလည်းကောင်း။ ဘာဇေယျာမ၊ အမျှပေးဝေ ပါကုန်၏။ တေ တေ သတ္တာ၊ သတ္တဝါမှန်သမျှ အနန္တတို့သည်။ အမ္ဟေဟိ၊ ငါတို့နှင့်။ သမံ၊ ထပ်တူထပ်မျှ။ ပုညဘာဂံ၊ ကောင်းမှုအဖို့ကို။ လဘန္တု၊ ရကြပါစေကုန်သတည်း။အနုမောဒန္တု၊ ဝမ်းမြောက် သ

နမော် သာဓုခေါ်နိုင် ကြပါစေကုန်သဘည်း။ သုခိ ဘာဝန္တု၊ ချမ်းသာကြပါစေကုန်သတည်း။ စေ ပမဇ္ဇာသိ၊ အကယ်၍ ကာလရှည်သဖြင့် ဤကောင်းမှုကို မေ့လျော့နေပါသော်လည်း။ အယံမဟိ၊ နှစ်သိန်း လေးသောင်း ထုပေါင်းများတည် ဤ မဟာပထဝီသည်။ သက္ခိတေ၊ သက်သေအဆုံ၌။ ဌာထုဘိဋ္ဌတု၊ ၁ကောင်းစွာမသွေ ရပ်တည်လာပါစေသတည်း အရှင်ဘုရား။

မှတ်ချက်။ ။(၁) ရိုးရိုးရေစက်ချရာ၌ အထက်ပါ ရေစက်ချထဲမှ (...........)ကွင်းထဲရှိ စကားများကို ချန်ထားပါ။

(၂) အခြေခံပုဂ္ဂိုလ်များအတွက် ရည်ရွယ်၍ အလှူဝတ္ထု အလိုက် ပါဠိအသီးသီးပြနေရလျှင် မှတ်ရမလွယ်သဖြင့် ဣမာနိ ဒေယျဓမ္မ ဒါတဗ္ဗဝတ္ထုနိ ဟူသော ပါဠိတစ်ခုတည်းဖြင့်ပင် မိမိ လှူသော သင်္ကန်း၊ ဆွမ်း၊ ကွမ်း၊ ငှက်ပျော စသည်ဖြင့် အားလုံးကို သုံးနိုင်ပါသည်။

(၃) ရေစက်ချရာ၌ အပိုင်းအသီးသီး၏ အချုပ်အဓိပ္ပါယ် မှာ အပိုင်း(တစ်)သည် မိမိသည် သီလဆောက်တည်၍ဤမည် သော ဒါနကို ပြုပါကြောင်းပြသည်။ (နှစ်) သည် ထိုကုသိုလ် ကြောင့် မိမိရောက်လိုသောနိဗ္ဗာန်ဆုကိုတောင်းသည်။ (သုံး) သည် သံသရာမှာ ကျင်လည်နေလျှင် ဖြစ်လိုသော ဆုများကို အကျယ်တောင်းသည်။(လေး)သည် အသုဘရှိလျှင် ဆွမ်းသွတ် ရှိလျှင်သာ သုံးသည်။ ရိုးရိုးအလှူတွင် မသုံးရ။ (ငါး) သက် အမျှဝေ၍ သက်သေတည်ခြင်းကိုပြသည်။ ဤသို့ရိုးရိုးရေစက်ချ

ရာ၌ (၄) ပိုင်း၊ အသုဘဆွမ်းသွတ်၌ ငါးပိုင်းကိုမှတ်ထား၍ မိမိလိုရာကို ကျဉ်းလို ချဲ့လိုသလောက် ပြုလုပ်ပါလေ။

## မြန်မာသက်သက် ရေစက်ချနည်း

အမှာ။ ။မြန်မာသက်သက်ရေစက်ချသည် မိမိတို့ထည့်သွင်းသွားလိုသော စကားကို အလိုရှိသလို ပိုင်နိုင်စွာ ထည့်နိုင်သဖြင့် မြန်မာများအဖို့ မြန်မာရေစက်ချက ပို၍ အဓိပ္ပါယ် ရှင်းပါသည်။ အထက်ပါ ရေစက်ချအပိုင်းကြီး(၅)ပိုင်းကို မှတ်ထားပါ။

### အပိုင်း (၁)

အရှင်ဘုရား၊ ဘုရားတပည့်တော် တပည့်တော်မတို့သည် ရတနာသုံးတန် ကံ, ကံ၏အကျိုးကိုယုံကြည်ပါကုန်၍ သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလကို (ရှစ်ပါးသီလကို)ကောင်းစွာ ဆောက်တည်ပါကုန်၏ အရှင်ဘုရား။ အထူးအားဖြင့် ဘုရား အမှူးရှိသော သံဃာတော်တို့အား ဆွမ်းဒါနများကို လှူဒါန်း ပါကုန်၏အရှင်ဘုရား။ (မွေးနေ့ဖြစ်လျှင် "မည်သူ၏မည်သည့် နှစ်မြောက် မွေးနေ့ မင်္ဂလာအတွက် ဘုရား အမှူးရှိသော" စသည်ဖြင့် မြန်မာလိုပြောင်းလဲ၍ ဆိုပါလေ။ ဆွမ်းသွတ် ဖြစ်လျှင်လည်း မည်သူ့ကိုရည်မှန်း၍ အထူးသဖြင့် လှူဒါန်း ပါ၏ဟု ဆိုပါ။ လွယ်ပါပြီ။)

### အပိုင်း (၂)

ဤကောင်းမှုကြောင့် ဘေးအပေါင်းတို့ အေးကြောင်းကောန် မြတ်နိဗ္ဗာန်သို့ အမှန်မသွေ ရောက်ရပါစေဘုရား။

အပိုင်း (၃)

နိဗ္ဗာန်မရသေးသမျှ သံသရာ၌ ကျင်လည် နေရသော် အပါယ်ငရဲစသော ဆင်းရဲမှုန်သမျှတို့မှ လွတ်မြောက်ချမ်းသာ ရသည့်ကိုယ် ဖြစ်ရပါလို၏ ဘုရား။ သူတော်ကောင်းတရား ထွန်းကားရာ ပတိရူပ အရပ်၌သာလျှင် ကောင်းစွာမသွေ ဖြစ်ရပါလို၏။ အမျိုးအားဖြင့် လည်းကောင်း။ စီးပွားဥစ္စာရတနာ ရတုဂုဏ်သိန်တို့ဖြင့် လည်းကောင်း။ မြင့်မြတ်သည့်ကိုယ်ဖြစ်ရ ပါလို၏ဘုရား။ နိဗ္ဗာန်လမ်းသို့ ဖြောင့်တန်းစွာ ညွှန်ပြနိုင်သော သူတော်ကောင်း ပညာရှိတို့နှင့်သာလျှင် ပေါင်းဖော်ရပါလို ကုန်၏၊ မိမိတို့ကိုယ်တိုင်လည်း သူတော်ကောင်း ပညာရှိတို့ သည်သာလျှင် ဖြစ်ကြကုန်၍ ဒါနစသီ ပါရမိတို့ကို မငြိုမငြင် မပင်မပန်း ဖြည့်စွမ်းနိုင်ကြလျက် သာသနာတော်ကြီးကို ပစ္စယဓမ္မနှစ်ဌာနတို့ဖြင့် ထောက်ပံ့ နိုင်သော သာသနာပြု ပုဂ္ဂိုလ်တို့သာဖြစ်ကြ၍ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန် သို့ကေန်မသွေ ရောက်ပါစေသားအရှင်ဘုရား....။

အပိုင်း (၄)

"ဆွမ်းသွတ်ဖြစ်လျှင်" ယနေ့ ကျွန်ုပ်သည် မည်သူ့ကို အထူးရည်မှန်း၍ ပြုစုလှူဒါန်းရသောကုသိုလ်ကိုဟု ထည့်ဆိုပါ၊ ထိုဘဝတစ်ပါးသို့ပြောင်းသွားသူသည် ရောက်ရာဘုံဘဝမှနေ၍ ဤကုသိုလ်ကို သာဓုခေါ်နိုင်ပါစေသတည်း။

အဝေးအရပ်၌ တည်နေသော်သည်း ငါတို့၏ ကုသိုလ်ကို အမျှရသော နတ်တို့သည် သွားရောက် ပြောကြားနိုင်ပါစေ သတည်း။ သွားရောက် ပြောကြားနိုင်သဖြင့် ဝမ်းမြောက် နှမော် သာဓုခေါ်နိုင်ပါစေသတည်း။ ဤသို့ သာဓုခေါ်နိုင် သည်ဖြစ်၍ တစ်ဆင့်တစ်ဆင့် မြင့်ထက်မြင့်သော ချမ်းသာသုခ တို့ကို ခံစားနိုင်ပါစေသတည်း၊ အရှင်ဘုရား....။

အမှာ။ ။ဤ အပိုင်း (၄) ကို ဆွမ်းသွတ်ရာ၌သာ သုံးပါ။

## အပိုင်း (၅)

သာမညအားဖြင့် ဤကုသိုလ်အဖို့ကို မြင်းမိုရ်တောင်ဦးမက ကြူးသည့် ကျေးဇူးဂုဏ်ရှင် မိခင် ဖခင် ဆရာသမားများနှင့် တကွ လောကပါလ၊ သာသနပါလ၊ သက္ကဒေဝ၊ စတုမဟာ နတ်များစွာနှင့် ကိုယ်မှာစောင့်ကြပ် နတ်ကမကြွင်း အိမ်တွင်း အိမ်ပြင် စောင့်နှင်ကြည့်ကြပ် နတ်များတကာ ယမရာဇမကြွင်း ရပ် ဆင်းရဲချမ်းသာ သတ္တဝါအနန္တ မကျန်ရစေ အမျှဝေ၏။ ဝသုန္ဓရေ၊ ဤမြေပံသု သိလာပ်သုသည် သက်သေအမှုတည် စေသော်။

အမှာ။ ။မြန်မာသက်သက်ရေစက်ချကိုလေ့လာထားပါလျှင် အရေးကြီးသော အခန်းဖြစ်သည့် ကျောင်းစသော ထာဝရ ဝတ္ထုများကိုလည်း အလွယ်တကူ ရေစက် ချနိုင်ပါပြီ။ ကျောင်းများကို ရေစက်ချရာ၌-

ကျောင်း၊ သံသိက ရေစက်ချလိုပါက။ ။"ဤမည်သော ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးစီး သော် ဤကျောင်းတိုက် အတွင်းသို့ ဝါ၊ ဤသာသနာအတွင်းသို့ ရောက်ပြီး ရောက်ဆဲ ရောက်လတ္တံ့သော အရပ်လေးမျက်နှာ၌နေသော သံဃာအား အပ်သော ကပ္ပိယကုဋိကို ပြုခြင်းငှာ ပေးလှူပါကုန်၏။ သံဃာသည် ကပ္ပိယကုဋိကိုပြုလုပ်၍ ကိုယ်အင်္ဂါ အစိတ်စိတ်ဖြင့် တွေ့ထိ၍ ချမ်းသာသလို သိတင်းသုံးတော်မူပါစေသတည်း။ လူတို့သည်လည်း ဤကျောင်းတိုက်သို့ ရောက်လာသည့် အခိုက်အခါ၌ ချမ်းသာစွာ နေကြပါစေကုန်သတည်း။ ဤကောင်းမှုကြောင့်" စသည်ဖြင့် လိုရာဆုတို့ တောင်းယူလေ။

ဂဏိက(ဂိုဏ်း)ရေစက်ချ။ ။"ဤမည်သောကျောင်းတော်ကြီးကို ဆောက်လုပ် ပြီးသော် ဤမည်သော အရှင်မြတ်တို့အား၊ သို့မဟုတ် မည်သူ အမှူးပြုသော ရဟန်းတော်များအား အပ်စပ်သော ကပ္ပိယကုဋိကို ပြုလုပ်ခြင်းငှာ လှူဒါန်းပါကုန်၏။အရှင်မြတ်တို့သည် ကပ္ပိယကုဋိကိုပြုလုပ်၍ ကိုယ်အင်္ဂါအစိတ်စိတ်တို့ဖြင့်" စသည် ယခင်အတိုင်းဆိုလေ။

"ပုဂ္ဂလိက ရေစက်ချ"။ ။"ဤမည်သော ကျောင်းတော်ကြီးကို ဆောက်လုပ် ပြီးသော် အရှင်မြတ် (ဦးတိဿ) အား ကပ္ပိယကုဋိပြုလုပ်ခြင်းငှာ လှူပါ၏။ အရှင်မြတ်သည် ကပ္ပိယကုဋိပြုလုပ်၍ ကိုယ်အင်္ဂါအစိတ်

အစိတ်တို့ဖြင့် ချမ်းသာသလို တွေ့ထိ သုံးဆောင်တော်မူပါ”
စသည် ဆိုလေ။

**မှတ်ချက်။** ။ကျောင်း၊ မြေစသည့် ထာဝရ ဝတ္ထုများကို လှူဒါန်းရာ၌ ဂိုဏ်းကိုလှူလျှင် သံဃိကမဖြစ်။ သံဃိက လှူလျှင် ဂိုဏ်းမပိုင်။ စတုဒိသာသံဃာကသာပိုင်သည်။ သံဃိကနှင့် ဂဏိကကို ရော၍ “ဂဏသံဃိက”ဟု အမည်တပ် ရေးစက်ချကြသည်ကား မေ့လျော့ ပြုကြခြင်းသာ ဖြစ်သည်။ အဓိပ္ပာယ် ရှင်းရှင်းမှာ ကျောင်းမြေ စသည့် ထာဝရဝတ္ထုသည် သံဃိကရေစက်ချလျှင် ဂိုဏ်မပိုင်၊ ဂိုဏ်းရေစက်ချလျှင် သံဃိက မဟုတ်၊ ထာဝရဝတ္ထုဖြစ်၍ သက်နီးစသည်တို့နှင့် မတူကြောင်း သိမှတ်ရမည်။

ရေစက်ချအခန်းပြီး၏။

# ရဟန်းခံရှင်ပြု တရားတော်

**အမှာ။** ။ရဟန်းခံနှင့် ရှင်ပြုမှာ ပဗ္ဗဇိတ ဒုလ္လဘချည်းသာ ဖြစ်သောကြောင့် ဟောလွယ်ရန် နှစ်ခုပေါင်း တစ်ပုဒ်တည်း ရေးလိုက်သည်။

**တရားစပုံ။** ။ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဓမ္မာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

သဗ္ဗမင်္ဂလံ၊ အလုံးစုံ အရပ်ရပ် ကောင်းမြတ်ချမ်းသာ ဋ္ဌမင်္ဂလာအပေါင်းသည်။ တေ-တုမှာကံ၊ တရားနာ ပရိသတ် အပေါင်း သင်သူတော်ကောင်းတို့အား။ သဒါ၊ အခါခပ်သိမ်း၊ ဘဝတု၊ မေတ္တာရေ၁န်း လှစ်ကာဖျန်းသဖြင့် ရှင်လန်းကြည်သာ ဖြစ်ပါစေ။ သဗ္ဗဒေဝတာ၊ အလုံးစုံအရပ်ရပ် ရှိရှိသမျှ နတ်တို့သည်။ တေ တုမှာကံ၊ တရားနာ ပရိတ်သတ်အပေါင်း သင်သူတော်ကောင်းတို့အား။ သဒါ၊ အခါခပ်သိမ်း။ ရက္ခန္တု၊ အန္တရာယ်မရောက် ရန်စွယ်ပျောက်အောင် စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။ သဗ္ဗဗုဒ္ဓါနုဘာဝေန၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်ကုန်ကြသည့် အလုံးစုံသော ဘုရားရှင်တို့၏ တန်ခိုး

တေဇော် အာနုဘော်ကြောင့်လည်းကောင်း။သဗ္ဗဓမ္မာ နုဘာဝေန၊ သုက္ခာတတာ အစလာသည့် ခြောက်ပြာသော တရားဂုဏ်တော်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် လည်းကောင်း။ သဗ္ဗသံဃာနုဘာဝေန၊ သုပ္ပဋိပန္နတာ အစလာသည့် ကိုးပြာသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော သံဃာတော် အရှင်မြတ်တို့၏ 'တန်ခိုးတေဇော် အာနုဘော်ကြောင့်လည်းကောင်း။ တေ တုမှာကံ၊ တရားနာ ပရိတ်သတ်အပေါင်း ဆင်သူတော်ကောင်းတို့အား။သဒါ၊အခါခပ်သိမ်း။ သုခီ၊ ကိုယ်ရော စိတ်ပါ ဘယာမသန်း ကြည်လင်အေးချမ်းကြကုန်သည်၊ဘဝန္တု မုချမသွေ ဖြစ်ကြပါစေကုန်သတည်း....။

ယနေ့ဟာ အင်မတန်မှ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နေ့ပါ။ ဘာကြောင့်လဲဆိုရင် တို့ဒကာ ဒကာမများ ဦး... ဒေါ်....တို့မှာ မိမိတို့ရဲ့ ရင်နှစ်သည်းချာ သားပုတ္တာ တို့ကို သာသနာတော်သို့ အပ်နှင်း စွန့်လှူပြီး ရဟန်း (ရှင်) ပြုပေးကြတယ်။ မိဘများဆိုတာ သားသမီးတို့ကို အင်မတန်မှ ချစ်မြတ်နိုးကြတယ်။ မျက်စိအောက်က အပျောက်မခံနိုင်ကြပါဘူး။ ဒီလို ချစ်တဲ့ သားတို့ကို သာသနာကို စွန့်လှူ၍ ရှင်(ရဟန်း)ပြုကြတယ်။ ဒီ တစ်ခုတည်းနှင့်ပဲ တန်ဖိုးကြီးလှပါပြီ၊ ဒီကုသိုလ်မျိုးဆိုတာက သားရှိတဲ့ပုဂ္ဂိုလ်များမှ လုပ်နိုင်တဲ့ ကုသိုလ်ဖြစ်တယ်။ တခြား ဆွမ်းသင်္ကန်းဆိုတာက ဝယ်ပြီး လှူရင်ရတယ်။ ဒါကြောင့် ဒီကုသိုလ်ကိုတော့ မြန်မာများ အမြတ်တနိုး ထားကြပါတယ်။

သားကလေး မွေးကတည်းက စ၍ဖြင့် ရှင်ပြုကုသိုလ်ယူရတော့မယ်။ သာသနာ့အမွေ ခံရတော့မယ်ဆိုပြီး ပုဗ္ဗစေတနာတွေနှင့် ကုသိုလ်တွေရပြီးကြပါပြီ။ ယခုတော့ လက်တွေ့ကုသိုလ် မုဥ္စစေတနာများ ရကြပါပြီ။ ရဟန်းပြုကြရတဲ့ကုသိုလ်အကြောင်းကိုတော့ ဘုရားရှင်က ဒုလ္လဘလို့ အထူးထားပြီး အထူးအခြားဆုံး ကုသိုလ်အနေနှင့် ဟောတော် မူပါတယ်။

အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊
ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ၊
မနုဿတ္တ ဘာဝေါ ဒုလ္လဘော၊
ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ၊
ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော၊
သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ။

ဘိက္ခဝေ၊ ရဟန်းတို့။ လောကသ္မိံ၊ လောက၌။ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားပွင့်ခြင်းသည်။ ဒုလ္လဘော။ အင်မတန်ခဲယဉ်းလှပေ၏။ မနုဿတ္တဘာဝေါ၊ လူအဖြစ်ကိုရခြင်းသည်။ ဒုလ္လဘော အင်မတန်ခဲယဉ်းလှပါပေ၏၊ သဒ္ဓါသမ္ပတ္တိ၊ သဒ္ဓါနှင့်ပြည့်စုံခြင်းသည်။ ဒုလ္လဘော၊ အင်မတန်မှ ခဲယဉ်းလှပါပေ၏။ ပဗ္ဗဇိတဘာဝေါ၊ ရှင်ရဟန်းအဖြစ်သည်။ ဒုလ္လဘော၊ အင်မတန်မှ ခဲယဉ်းလှပါပေ၏။ သဒ္ဓမ္မသဝနံ၊ သူတော်ကောင်းတရားကြားနာရခြင်းသည်။ အတိဒုလ္လဘံ၊ အင်မတန်ခဲယဉ်းသဖြင့် အခဲထည်းဆုံးဖြစ်ပါပေ၏။ ဝေံ၊ ဤသို့။ ဒိဝသေ ဒိဝသေ၊ နေ့တိုင်း

နေတိုင်း။ ဩဝါဒ၊ မမေ့ရအောင် သတိဆောင်ဖို့လျှော်အောင် ထုံးပြု၍ ဆုံးမဩဝါဒပေးတော်မူပါ၏။

ဒီဒုလ္လဘငါးပါးထဲက တို့ဒကာ ဒကာမတွေမှာ လူအဖြစ်ကို ရပြီးပြီ။ ဘုရားပွင့်တဲ့ခေတ် ကြုံပြီးပြီ။ တရားလဲနာရပြီးပြီ။ သဒ္ဓါတရားဆိုတာလဲ ဖြစ်ပြီးပြီ။ ယခုတစ်ဖန် မိမိသားတွေက ရှင်အဖြစ်ကိုယူလို့ မိမိတို့က သာသနာ့အမွေခံလို့ အင်မတန်မြတ်တဲ့ ဒုလ္လဘကြီး ယူကြရပြန်ပြီ။ သာသနာ့ခေတ်ထဲမှာဖြစ်တဲ့ တို့တတွေ ကံကောင်းလှပါကလားလို့ တွေးပြီးဝမ်းမြောက်ကြဖို့ပါပဲ။ ဒီနေရာမျိုးမှာ တို့ဒကာ ဒကာမတွေဟာ သီရိဓမ္မာသောကမင်းကြီးနှင့်အတူတူ ဖြစ်နေကြပါပြီ။ ဟုပုံကတော့ သီရိဓမ္မာသောကမင်းကြီးဟာ မိမိရဲ့သားတော် သမီးတော်တွေကို သာသနာ့ထဲသွင်းပြီး သာသနာ့အမွေကိုခံယူခဲ့ကြတယ်။ တို့ဒကာ ဒကာမတွေလဲ ဒီအမွေမျိုး ယူကြရပေပြီ၊ ဒီလိုနေရာမျိုးမှာ တူတယ်လို့ဆိုတာပါ။

ယနေ့ သာသနာ့အမွေ ခံယူပွဲတော့ အောင်မြင်သွားပါပြီ။ ဒီလို အောင်မြင်ကြတာဟာ သားကလေးကို အမှီပြုပြီး အောင်မြင်တာမို့ သားတွေက အမိအဘကို ကုသိုလ်နှင့် ကျေးဇူးဆပ်တယ်လို့လဲ ဆိုနိုင်ပါတယ်။ မိဘ ကျေးဇူးတွေ ဆိုတာ အင်မတန်မှကြီးပါတယ်။ ဘယ်လောက်ကြီးတယ်လို့ မဆုံးဖြတ်နိုင်တဲ့အတွက် အနန္တလို့ ဆိုထားပါတယ်။ ဒီကျေးဇူးတွေကို ကျေအောင် မိကို လက်ယာ၊ ဖကို လက်ဝဲ ပခုံးပေါ် တင်ပြီး လုပ်ကျွေးတောင်မှ တစ်သက်တာ ကုန်သွားမယ်။ မကျေပေဘူးတဲ့။

ဘုရားရှင်တော်မှ မိဘကျေးဇူးကို နို့တစ်လုံးဖိုးသာကျေ တယ်လို့ဆိုရိုးစကားရှိကြပါတယ်။ ဒီတော့ ကြီးတဲ့ကျေးဇူးတွေ ကိုသားတွေက ကိုရင်ဝတ်ကြတာနှင့် ကျေးဇူးဆပ်တယ်လို့ယူဆ နိုင်တယ်။ ဒါကြောင့် ယနေ့အလှူပွဲဟာဖြင့် သာသနာ့အမွေ ခံယူပွဲရယ်၊ မိဘကျေးဇူး ဆပ်ပွဲရယ်လို့ ခေါ်နိုင်ပါတယ်။ ဒါကြောင့် တကယ့်မင်္ဂလာနေ့ကြီးပါလို့ အစက ဟောပြခြင်း ဖြစ်တယ်။ ဒီဝမ်းမြောက်မှုကိုအခြေခံပြီး နိဗ္ဗာန်ပေါက်လှမ်းကြ ရအောင် မွေ့ပဒေသာ ၄-ပါးကို ဖော်ဆောင်ဟောကြား ပါ့မယ်။ ဒီသုတ်တော်က ဌေးမ ပဏ္ဏာသ ရဋ္ဌပါလသုတ်မှာ သာပါတယ်။

အခါတပါးမှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ထုလ္လကောဋ္ဌိက အမည်ရှိတဲ့ ရွာကြီးသို့ရောက်တော်မူပါတယ်။ အဲဒီရွာရောက်တော့ ရွာနှင့် မနီးမဝေး အရည်ကင် ဓုတင်ရ လောက်တဲ့ တောအုပ်မှာ သီတင်း သုံးတော် မူပါတယ်။ ဘုရားရှင်ကြွရောက်လာတယ်ဆိုရင်ပဲ လူတွေမသိခင်နတ်တွေက အလျင်သိတယ်။ နတ်တွေကကုသိုလ်လိုချင်လွန်းလို့ ဘုရားရှင် ကြွလေရာတိုင်းကိုလိုက်ပြီး ဧယျာဝစ္စ ပြုသူကပြု၊ ဘေးရန် တွေကို ရှင်းသူကရှင်း၊ တရားမွေဆောက်တည်သူက ဆောက် တည်နှင့် နတ်တွေပျော်နေကြတာ။ သူတို့မှာ လူ့ပြည်မှာလို စားရေးသောက်ရေး လုံးပန်းပြီး မအားရတာမျိုးမှ မရှိဘဲကိုး။

ဒီလိုနတ်တွေက အလျင်သိပြီး နှိုးဆော်လိုက်တော့ လူတွေ ကပါ သိကြပါရော။ ဒီတော့ ဘုရားရှင်နေရာတောအုပ်ကြီး

နှင့်တကွ အနီးအပါးကရွာများမှ လူတွေဟာ ဘုရားရှင်ထံကို ဘုရားဖူး တရားနာ သူ့ထက်ငါဦးအောင် သွားကြတယ်။

အဲဒါကို ရွာထဲမှာရှိတဲ့ သူဌေးသား ရဋ္ဌပါလကမြင်တော့ အကြောင်းဘယ်လိုလဲလို့ မေးတာပေါ့။ အကြောင်းစုံကိုသိရတော့ ငါလဲ ဘုရားရှင်ရဲ့ တရားတော်ကို နာယူရအောင် သွားမယ်လို့ဆိုပြီး မိဘတွေကိုခွင့်ပန်လို့ အခြား ပရိသတ်တွေနှင့်အတူ တရားနာလိုက်လာခဲ့တယ်။ အဲဒီပွဲမှာ ဘုရားရှင်က ဓမ္မုဒ္ဒေသ လေးပါးကို ဟောပြတော်မူပါတယ်။ အဓိပ္ပါယ်ကတော့ တရားစည်းမျဉ်းကြီး ၄-ခုလို့ ဆိုလိုပါတယ်။ အဲဒီ တရားစည်းမျဉ်းကြီး ၄-ပါးကိုတော့ နောက်နားကျမှ ဟောပြပါမယ်။

ဒီလို တရားနာလိုက်ရတော့ ရဋ္ဌပါလ သူဌေးသားလေးရဲ့ စိတ်ထဲမှာ ဆီထိသည့်ဂွမ်းကဲ့သို့ တရားပီတိဖြင့် စိတ်နှလုံးနူးညံ့သွားတယ်။ လောကထဲမှာ တစ်ခါမျှမရဖူးတဲ့ စိတ်နှစ်သက်မှုပီတိကိုရတယ်။ စိတ်ထဲမှာလဲ ဒီလိုတွေးနေမိတယ်။ "ဒီလောက်ဖြူစင်မွန်မြတ်တဲ့ တရားတော်ကို အိမ်ရာတည်ထောင် လူ့ဘောင်မှာနေပြီး အားထုတ်နိုင်ဖို့ရာမလွယ်ကူဘူး။ အိမ်ထောင်ဆရာဝါသဆိုတာ ကိလေသာမှုတွေ တထောင်းထောင်းထရာဖြစ်တယ်။ ကိလေသာ အနှောင်အဖွဲ့တွေနှင့် ကျဉ်းမြောင်းလှတယ်။ ဒါကြောင့် ရဟန်းပြုပြီး ဒီတရားကို အားထုတ်တော့မယ်"

ဒီအတွေးမျိုးဟာ ဘုရားရှင်ပါဠိတော်တိုင်းမှာ ဒီအတိုင်းပဲပါတယ်။ ဒါကြောင့် လူဝတ်ကြောင်နှင့် တစ်လ နှစ်လမျှ တရားအားထုတ်ပြီး မဂ်အသီးသီးဆိုက်သွားကြတယ်လို့ လွယ်လွယ်ပဲ အထင်ကြီးနေတဲ့ ပုဂ္ဂိုလ်တွေဟာ သတိထားစဉ်းစားစရာအချက် တစ်ချက်ပါပဲ။

တရားပွဲ ပြီးတော့ ဘုရားရှင်ကိုဝင်ပြီး လျှောက်တယ်။ "အရှင်မြတ်ဘုရား၊ တပည့်တော်ကို သနားသဖြင့် ရဟန်းပြုပေးပါ" လို့။ ဒီတော့ ဘုရားရှင်က "ချစ်သား မိဘများကို ခွင့်ပန်ခဲ့ပြီလား" လို့ မေးတော့ ခွင့်မပန်ခဲ့ရသေးကြောင်း လျှောက်တယ်။ ခွင့်မပန်ခဲ့ရသေးရင် ဘုရားရှင်တို့သည် ရှင်ပြုမပေးကောင်း။ ဒါကြောင့် ပြန်ပြီးခွင့်ပန်ချေလို့ခိုင်းလိုက်တယ်။ မိဘများက ဒီသားတစ်ယောက်တည်းသာ ရှိတော့ ဒါပဲ သား၊ ဒါပဲသမီး၊ ဒါပဲ မြေးဆိုပြီး စုပုံချစ်နေကြရတယ်။ မျက်စိအောက်က အပျောက်မခံနိုင်ဖြစ်နေကြတယ်။ မိဘကိုခွဲခွာပြီး သာသနာ့ဘောင်ဝင်မယ်ဆိုတော့ ကောင်းတာကိုလုပ်တယ်ဆိုပေမယ့် ချစ်လွန်းလို့ နည်းနည်းမှ ခွင့်မပြုနိုင်ကြဘူး။

ဒါကြောင့် ချစ်သားရယ်၊ လူဘဝနှင့်နေပြီး ဒါနပြုပါ။ သီလ ဆောက်တည်ပါ။ ဘာဝနာပွားပါ။ အမေတို့ ရင်ကို ခွဲပြီးတော့ မသွားပါနဲ့လို့ တောင်းပန်းပြီး ရဟန်းပြုဖို့ခွင့်မပြုနိုင်ကြဘူး။ သားကလဲ ရဟန်းပြုချင်စိတ်ပြင်းထန်။ မိဘတွေကလဲ ခွင့်မပြုနိုင်။ တစ်ဘက်နှင့်တစ်ဘက် တင်းနေကြတော့ သားက ရဟန်းမပြုရရင် ထမင်းမစား ရေမသောက်တော့ဘူးလို့ ဆန္ဒပြပါရော။ ဒီတော့မှမိဘနှစ်ပါး မျက်လုံးပြူးကုန်တာပေါ့၊

တို့တို့ဝေပြောကြစို့ဆိုရင် မိဘနှင့်သားသမီး တင်းကြမ်းစတမ်း ဆိုတော့ မိဘဆိုတာ မေတ္တာအနန္တသမားကိုး။ သားသမီးကို အလျှော့ပေးကြရတာပေါ့။ မိဘနှစ်ပါး တိုင်ပင်ကြတယ်။ ကဲ-ရှင်မရေ၊ တို့သားကလေး သိပ်ကို စိတ်ဆင်းရဲနေပြီ။ တော်ကြာ မစားမသောက်ဘဲနှင့် သေသွားရင် တို့မှာအားလုံး ဆုံးမယ်၊ ရဟန်းပြုရင် သာသနာထဲမှာ သက်န်းရောင်ကလေး နှင့်တို့သားကို ဖူးမြင်နေရအုံးမယ်။ တကာယ်လို့ သူမပျော်ပိုက်ဘဲ လူထွက်လာရင်လဲ တို့ဆီပဲ ပြန်လာမှာပေါ့။ ကဲ-ခုတော့သူ့ အလိုကိုပဲ လိုက်ကြပါစို့ဆိုပြီး ကိုယ့်အပူကိုသိမ်းပြီး သား ကလေး စိတ်ချမ်းသာအောင် လိုက်လျှောခွင့်ပြုလိုက်ကြတယ်။ မိဘမေတ္တာနော်၊ အင်မတန်မှ သားသမီးတွေအပေါ် ကြီးမား ရှာကြပါတကား။ ဒါတွေကို သားသမီးတွေက သိတတ်ကြဖို့ သိပ်လိုပါတယ်။

ရဋ္ဌပါလ သူဌေးသားကလေးကလဲ ရဟန်းပြုခွင့်ရတယ်ဆို ရင် တစ်ရက်နှစ်ရက် အားဖြည့်ပြီး ဘုရားရှင်ထံမှာ ရဟန်းပြု လိုက်ပါတယ်။မိဘနှစ်ပါးမှာတော့ အသည်းနှလုံး ထုတ်ယူသွား ခြင်းခံလိုက်ရသလို မနေတတ်မထိုင်တတ်ဖြစ်နေကြရှာပါတယ်။ ရဋ္ဌပါလရဟန်းတော်ကလေးဟာ ဘုရားရှင်နှင့်အတူ သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်သို့ လိုက်သွားပြီးတော့ဘုရားရှင် ထံမှ တရားတော်းပြီး တစ်တောဝင်တစ်တောထွက် ကေစာရ ဟာရုးကျင့်သုံးတော်မူတယ်။

တစ်နေ့တော့ ကောရဗျမင်းရဲ ဥယျာဉ်မှာရဋ္ဌပါလ တရား အားထုတ်တော်မူနေတယ်။ ကောရဗျမင်းကြီးကလဲ အဲဒီနေ့မှာ

ဥယျာဉ်ကစားထွက်လာတယ်။ ဥယျာဉ်စောင့်ကအရှင်မင်းကြီး ဥယျာဉ်ထဲမှာ အင်မတန်မှ ကြည်ညိုစရာကောင်းလှတဲ့ ရဟန်းတော်ကလေးတစ်ပါး တရားအားထုတ်နေပါတယ်လို့ လျှောက်ထားတော့၊ ကောရဗျမင်းကြီးဆိုတာက ရတနာသုံးပါးကြည်ညိုပြီးသားဖြစ်လို့ ကဲ....ကောင်းပြီ၊ ရဟန်းတော်ကလေးကို အနေခင့်အယှက်ပေးရ ရောက်မှာစိုးလို့ ဥယျာဉ်ကစားတာကို ဖယ်ပြီး ရဟန်းတော်ကလေးထံ သွားရောက်ဖူးမျှော်တရားနာမယ်လို့ ရောက်လာတယ်။

မင်းကြီးရဲ့ စိတ်ထဲမှာ ရဋ္ဌပါလ သူဌေးသားကလေးဟာ အရွယ်က နုနုပျိုပျို၊ စည်းစိမ်ဥစ္စာက သိပ်ချမ်းသာ၊မိဘတွေက အလိုလိုက်ကြပါလျက် ဘာကြောင့်ယခုလိုငယ်စဉ် အခါကပင် ကာမဂုဏ်တွေကိုပယ်ပြီး ရဟန်း ပြုလာပါသလဲ။ ငယ်ရွယ်စဉ်က ကာမဂုဏ် ခံစားပြီးမှ ရဟန်းပြုရင် လောကကျိုး သံသရာကျိုး နှစ်မျိုးအကျိုးရမယ်၊ ဒါက မင်းကြီးရဲ့အတွေး။ ဒါကြောင့် အောက်ပါအတိုင်းလျှောက်ထားတယ်။

"အရှင်ဘုရား၊ ဤလောကမှာ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ဥစ္စာပျက်ခြင်း၊ ဆွေမျိုးပျက်ခြင်း၊ ဤလေးပါးသော ပျက်စီးမှုနှိပ်စက်တဲ့အတွက် ခိုကိုးရာမဲ့ဖြစ်လို့ ဖြစ်စေ၊ အိုလာတော့ သံဝေဂရလို့ဖြစ်စေ၊ လူ့ဘောင်ပယ်ပြီး သာသနာ့ဘောင်မှာ ရဟန်းပြုကြတယ်။ အရှင်ဘုရားမှာတော့ ငယ်ရွယ်နုနယ်၊ ရုပ်ရည်ကလဲ လှပါဘိသနဲ့၊ ဆွေမျိုးတွေ၊ စည်းစိမ်တွေကလဲ ပြည့်စုံပါဘိသနဲ့

အဘယ်အကြောင်းကိုမြင်၍ ယခုလို ငယ်ဝယ်ရွှယ်ရွှယ်
က ရဟန်းပြုလာပါသလဲ”

ဒီအခါမှာ ရဋ္ဌပါလရဟန်းတော်ကလေးကမင်းကြီးသိတော်မူ၊ မြင်တော်မူသောမြတ်စွာဘုရားသည်“ဓမ္မုပဒေသ”မဗွစည်းမျဉ်း လေးမျိုးကို ဟောပြတော်မူပါတယ်။ အဲဒီ လေးမျိုးကို ကြားနာရလို့ ယခုလို ငယ်ငယ်ကပင် ရဟန်းပြုခဲ့ပါတယ်။အဲဒီ လေးမျိုးက ဘာတွေလဲဆိုရင် -

## နံပါတ် (၁)

ဤလောကကြီးဟာ အို နာ သေ ဆိုတဲ့ ဘေးကြီးတွေထံသို့ အပို့ခံနေရပါတယ်။ နွားတွေကို နွား သတ်ရုံပို့သလိုပါပဲ။ ကနေ့ ငါ့ကိုမသတ်သေးဘူးဆိုပြီး ထွက်မပြေးတဲ့ နွားဟာ နောက်တစ်နေ့ ချည်တုပ်ပြီး နွားသတ်ရုံမှာ အသတ်ခံရမည့် အတိုင်းပါပဲ။ ဒီသတ္တဝါတွေဟာလဲ ဒီဥပမာနှင့် အလားတူပါတယ်၊ ငါငယ်သေးတယ်လို့ ဆိုပေမယ့် သေခြင်းက ချန်ထား ချင်မှ ထားမယ်။ ဒါကြောင့် သေခြင်းလက်ဦးခင် ထွက်ပြေး လာရပါတယ်လို့ ရှင်းပြပါတယ်။

## နံပါတ် (၂)

ဤလောကကြီးဟာ အားကိုးရာမဲ့ဘဲ လောကကြီးဖြစ်ပါတယ်။ ကိုယ်က သားရယ် သမီးရယ် စီးပွားရယ်လို့ အားကိုး စရာရှာပေမယ့် နာဘေး သေဘေးဆိုက်လာတော့ဘယ်သူမှလဲ

ကိုယ်စားဝင်ပြီး ခံလို့မရဘူး။ ဒါကြောင့် အားကိုးရာမဲ့တဲ့ လောကကြီးဖြစ်လို့ အားကိုးရာ အစစ်ကိုရှာဖို့ ယခုလိုငယ်ငယ်ကပင် ထွက်လာခဲ့ခြင်း ဖြစ်တယ်လို့ ဟောပြပါတယ်။

## နံပါတ် (၃)

ဤလောကကြီးဟာ ဘယ်တစ်ခုမှ ကိုယ်ပိုင်ဥစ္စာ မရှိဘူး။ ပိုင်တယ်လို့ ထင်တဲ့ဥစ္စာတွေဟာ တစ်နေ့ကျရင် အားလုံးစွန့်ပြီး သွားကြရမယ်။ ဒါကြောင့် ကိုယ်မပိုင်တာတွေကို မပိုင်တဲ့အတိုင်းထားပြီး၊ ပိုင်တဲ့တရားကိုရှာဖို့ ထွက်လာတယ်လို့ ဟောပြပါတယ်။

## နံပါတ် (၄)

ဤလောကကြီးဟာ အမြဲတမ်း လျော့နေတယ်။ ဘာတွေနှင့်ဖြည့်ဖြည့် ပြည့်သွားပြီ၊ မလိုချင်တော့ဘူးလို့ မရှိဘူး၊ လိုချင်ခြင်းဆိုတဲ့ တဏှာရဲ့ကျွန်ပဲ ဖြစ်နေကြရတယ်။ ဒါကြောင့် ကျွန်ဘဝကို တော့မလိုချင်ဘူး။ သခင်ဖြစ်အောင် လုပ်မယ်ဆိုပြီးငယ်ငယ်ကပင် ရဟန်းပြုလာတယ်လို့ ဟောကြားပါတယ်။ မင်းကြီးလည်း အင်မတန်မှ သဘောကျပြီး ဝမ်းမြောက်နှမော်တရားတော်ကို သာခေါ်ပါတယ်။ ရဟန်းတော်ကလေးဟာလည်းရဟန်းဘဝမှာတရားအားထုတ်ပြီး ရဟန္တာဖြစ်တော်မူပါတယ်။ ဒီဆောင်ပုဒ်တွေဟာ အကျယ်ချဲ့ ဟောရင် အင်မတန်မှ ကောင်းပါတယ်။ ဒီမှာတော့ အတိုချုပ်ဟောရမှာမို့အဲဒီဆောင်ပုဒ်တွေကို အားလုံးလိုက်ဆိုကြ ပြီးတော့ နိဂုံးသတ်ကြပါစို့။

၁။ အို-နာ-သေ သို့မောင်းနှင်ပို့၊ လူတို့မမြဲပါတကား။

၂။ ခိုကိုးရာမဲ့၊ တွယ်ရာမဲ့၊ အားနွဲ့လှချေပါတကား။

၃။ ကိုယ်ပိုင်ဥစ္စာ၊ မရှိပါ၊ ထားကာသွားရမှာပါတကား။

၄။ လိုမပြည့်ဝ၊ အားမရ၊ တဏှာ့ ကျွန်ကြီးပါတကား။

ကဲ-တရားနိဂုံးသတ်မယ်။

ဓမ္မာရမ္မဏပုညေန၊ အညေန ကုသလေန ဝေါ၊
သမ္ပတ္တိံ လောကိယံလဒ္ဓါ၊ ဘဝေထ ခေမဂါမိနော။

ဣမိနာ ဓမ္မာရမ္မဏပုညေန၊ သိမှတ်စရာ အဖြာဖြာစုံသည့် ဓမ္မာရုံ အမြတ်တရားကို မှတ်သားနာရ ဤကုသလကြောင့်လည်းကောင်း၊ အညေန၊ ထိုမှတစ်ပါးသော။ ကုသလေန၊ အလှူဒါန သီလစောင့်ရှောက် အားကိုး လောက်သည့် မြားမြောက်ထင်ရှား ကုသိုလ်တရားကြောင့်လည်းကောင်း။ ဝေါ-တို့မေ့၊ လိမ္မာဉာဏ် အလင်းဝဝင်သဖြင့် အတွင်းအပြင် အရောင်ဟပ်တာမို့ အမှောင်ခွာတ်လွှင် မုန်းလျက် အမြင့်ဆုံးခေါ် သင် သူတော်ကောင်း အပေါင်းတို့သည်။ လောကိယံ၊ ချမ်းသာသခင် နိဗ္ဗာန်ခွင်သို့မဝင်သေးမီ ဘုံစဉ်ဘည်လျက် လောကီခရိုင် ဝဋ်နှင့်ဆိုင်ထသော။ သမ္ပတ္တိံ၊ လူဖြစ်လျှင်လဲမငြိုငြင်၊ နတ်ဖြစ်သျှင်လဲမငြိုငြင်လိုချင်တိုင်းပြည့်စုံလျက်ချမ်းသာဂုဏ် ဟူသမျှတွေကို။ လဒ္ဓါ၊ စည်းစိမ်အသင့် ဂုဏ်အမြင့်နှင့် လွယ်လင့်တကူ လိုရာချူလျက် ရယူခံစားနိုင်ကြကုန်ပြီး၍၊ အန္တိမေဒေဟေ၊ အဆုံးစွန်

သောဘာဝနောက်ကာလ၌။ ခေမဂါမိနော၊ နင်လားတဲ့ ဝဠ်ဘုံ ထွက်မြောက်အောင်ခုန်မဟဲ့လို့ ကရွတ်ခြုံ ရှုံမုန်းလျက် အဆုံး စွန့်နင်းကန်ရှန်းပြီးလျှင် အတွင်းရန်ကလဲမခံပွလာ၊အပရန်ကလဲ မပေ့လာခေမာခေမာလို့ ခေါ်တဲ့ပြည်အမတာနန်းကျော့ကျော့ သို့လှမ်းပေါ့လှမ်းပေါ့ဟဲ့လို့ သော့သော့လျင်လျင်တွင်တွင်ကြီး ကူးမြောက်နိုင်ကြကုန်သည်။ဘဝေထ-ဘဝေယျာထ၊သာသနာ ဟိတ်မြတ် တံဆိပ်ခတ်လျက် သိဒ္ဓတ်နွယ် သခင်ဘုရားဘို့လို အထင်ရှား ဖြစ်ကြပါစေကုန်သတည်း။

မှတ်ချက်။ ။"ရှင်ပြုရေစက်ချရာ၌"ယခင်ရေစက်ချရိုးရိုးတွင် နံပါတ်(၁)အပိုဒ် ဒေသျာခမ္မ ဒါတဗ္ဗဝတ္ထုနို၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို၊ ဒေမ၊ သဒ္ဓါရှင်လန်း လှူဒါန်းကြပါကုန်၏ဆိုဘဲ့စကားရပ်အပြီးတွင် (ဝိသေသတော၊ အထူးအားဖြင့်။ အတ္တနော မိမိ၏။ဩရသေပုတ္တော၊ရင်နှစ်သည်းချာ သား ရတနာတို့ကို။ အဠှဟိ ပရိက္ခာရေဟိ၊ ရှစ်ပါး သော ပရိက္ခရာတို့ဖြင့်။ အနုဂ္ဂဟေတွာန၊ချီး မြှောက်၍။ သာသနဒါယဇ္ဇံ၊ သာသနာ့၏ အမွေခံအဖြစ်ကို။ ပဋိဂ္ဂဏှာပေယျာမ၊ဝမ်းမြောက် ဝမ်းသာ ခံယူသမှု ပြုကြပါကုန်၏ဘုရား ဟု ထည့်ဆိုပါလေ၊

ရှင်ပြုရဟန်းခံ တရားပြီး၏။

**ရဟန်းခံရေစက်ချရာ၌။** ။(ဝိသေသတော၊ ဧဧာနာရည် စူး အထူးအာ ဖြင့်။ ဣမံ သာ မဏေရံ ဤသာမဏေကို၊ အဌဟိ ပရိက္ခာရေဟိ၊ ရှစ်ပါးသော ရဟန်းပရိက္ခရာတို့ဖြင့်။ အနုဂ္ဂဟေတွာန၊ ချီးမြှောက် ထောက် ပံ့၍၊ ဥပသမ္ပဒ မာတာပိတုဌာနံ၊ ရဟန်းဒကာ ရဟန်းအမ မွန်မြတ်လှသော သာသနဌာနန္တရကို။ ပဋိဂ္ဂဏှေယျာမ၊ ဝမ်း မြောက်ဝမ်းသာ ခံယူကြပါကုန်၏ဘုရား)ဟု ပြင်၍ ဆိုပါလေ။

## ပရိတ်တရားတော်

**ပရိတ်မရွတ်မီ-**

ပရိတ်နာသူတို့နှင့် ရွတ်သူတို့ အင်္ဂါများကို ရှင်းလင်းပြော ပြပါ။

**စကားအချီး။** ။ယခု ပရိတ်ရွတ်မယ်၊ ပရိတ်တရား နာ ကြားကြရာမှာ နာသူများရဲ့ အင်္ဂါ၊ ရွတ်သူများရဲ့ အင်္ဂါလို့ရှိပါတယ်။ အဲဒါကို ပထမ နားလည် ကြပြီး ရွတ်ကြ၊ နာယူကြမှ ပိုပြီးထိရောက်ပါတယ်။ ဒါကြောင့် အလျင်ရှင်းပြပါမယ်။

**ရွတ်သူအင်္ဂါများ။** ။ပါဠိဥက္ကံ့ရံ အနာသေတွာ၊
အတ္တဇာနေယျ သာဓုကံ။
မေတ္တာ စိတ္တံ ဌပေတွာန၊
ဘဏေ ပရိတ္တ မုတ္တမံ။

ပဋိပတ္တိဘာဂကောာ၊ ပရိတ်ရွတ်သူသည်။ ပါဠိကန္တရံ၊ ပါဠိပုဒ် ပါဌ် အက္ခရာကို။ အနာသေတွာ၊ မပျက်စေဘဲရွတ်ခြင်းအင်္ဂါတစ်ပါး။ အတ္ထံ၊ အနက်ကို။ သာဓုကံ၊ ကောင်းစွာ။ ဇာနေယျ၊ သိခြင်းအင်္ဂါတစ်ပါး။ မေတ္တာစိတ္တံ၊ မေတ္တာစိတ်ကို။ ဥပဋ္ဌပေတွာန၊ ထားရခြင်းတစ်ပါး။ ဝါ၊ ဤ ၃-ပါးသောအင်္ဂါ၌ တည်၍။ ဥတ္တမံ၊ မြတ်သော။ ပရိတ္တံ၊ ပရိတ်တော်ကို။ ဘဏေ၊ ရွတ်ရာ၏။

ဒါက ရွတ်သူရဲ့အင်္ဂါဖြစ်တယ်၊ နာကြားသူများကတော့-

ကမ္မဋ္ဌေဝ ကိလေသောစ၊
အသဒ္ဓဟာနဋ္ဌာတိမေ။
သစေ အတ္ထိ သုဏန္တမှို၊
ပရိတ္တံ တံ န ရက္ခတိ။

ကမ္မဋ္ဌေဝ၊ ကမ္မန္တရာယ်ခေါ်သည့် အလွန်ကြီးသော မိဘသတ်ခြင်းစသော အနန္တရိယကံကြီး သင့်ရောက်ခြင်းလည်းကောင်း။ ကိလေသော စ၊ ကိလေသန္တရာယ် ခေါ်သော နိယတ မိစ္ဆာဒိဋ္ဌိကြီး သင့်ရောက်ခြင်း လည်းကောင်း။ အသဒ္ဓဟာနဋ္ဌ၊ ပရိတ်တရားတော်အပေါ်၌ မယုံကြည်ခြင်းလည်းကောင်း။ သုဏန္တမှို၊ နာကြားသူ၌။ သစေ အတ္ထိ၊ အကယ်တိရှိအံ့။ တံ၊ ထိုသူကို။ ပရိတ္တံ၊ ပရိတ်တော်သည်။ န ရက္ခတိ၊ မစောင့်ရှောက်နိုင်။

နံပါတ် (၁) ပဉ္စာနန္တရိယကံကြီး ၄ါးမျိုး ဆိုတာကသိပ်အပြစ်ကြီးလှပါတယ်။ (၁) အမိသတ်တဲ့ကံ။ (၂) အဘသတ်

တဲ့ကံ။ (၃) ရဟန္တာကိုသတ်တဲ့ကံ။ (၄) ဘုရားကို သွေး စိမ်းတည်အောင် ပြုတဲ့ကံ။ (၅) သံဃာဘေဒက သံဃာသင်း ခွဲတဲ့ကံ။ ဒီကံ ငါးပါးဟာ အပြစ်ကြီးလွန်းလို့ သေရင် အပါယ်ကျမည့် ကံတွေဖြစ်ပါတယ်။ လူနာ ရောဂါကျွမ်းနေ တာကို ဆေးကုမရသလို ဒီကံများသင့်နေသူကိုတော့ ပရိတ်က မကာကွယ်နိုင်ပါဘူးတဲ့။

နံပါတ်(၂) ဖြစ်တဲ့ ကိလေသန္တရာယ် ဆိုတာက ကံ-ကံ၏ အကျိုးတရားနှင့် အကြောင်းတရားကို မယုံတဲ့ နတ္ထိက၊ အဟေတုက၊ အကြိယဒိဋ္ဌိ ၃-မျိုးကို ဘုရားအဆူဆူ ချွတ် သော်လည်း မကျွတ်နိုင်အောင် မြဲစွာယူထားမိတဲ့ကံပဲ။ ဒါလဲ ဒိဋ္ဌိရောဂါက ကျွမ်းနေလို့ ကုမရတဲ့ လူနာဖြစ်နေပြီ။ ဒါကြောင့် ပရိတ်တော်က မစောင့်ရှောက်နိုင်ပါဘူးတဲ့။

နံပါတ်(၃) မယုံကြည်မှုဆိုတာက ဘာကိုမဆို ယုံကြည်ရ နှင့် လုပ်ပါမှ ဗိုလ်ငါးပါး အဓိပတိအား ရှိပြီး အောင်မြင်နိုင် တယ်။ ဒါကြောင့် အားရှိအောင် သဒ္ဓါယုံကြည်မှု ထားရ မယ်။ တို့ဒကာ- ဒကာမတွေမှာ ပြခဲ့တဲ့ အပြစ်ကြီး တွေလဲ မရှိဘူး၊ သဒ္ဓါတရားလဲပြည့်စုံနေကြသည်မို့ နာသူများ အင်္ဂါ ပြည့်စုံနေကြပါပြီ။ ဘုန်းကြီးတို့ကလဲ ရွတ်သူများအင်္ဂါပြည့်စုံ စွာနှင့် ရွတ်ကြမယ်။ ဒီလိုနှစ်ဘက်စုံလင်အောင်နာကြ ရွတ်ကြ တာမို့ ပရိတ်တော်ဟာတို့ကို အန္တရာယ်အသွယ်သွယ် အာဝမှ စောင့်ရှောက်မယ်လို့ ဝမ်းမြောက်စွာနှင့် ရွတ်ပွား နာယူကြ ပါစို့။

**အမှာ။** ။သမန္တာမှစ၍ ရွတ်လိုရာပရိတ်များကို ရွတ်ပါလေ။ အဆုံးတွင် အောက်ပါအတိုင်း နိဂုံးသတ်လေ။

ဒုဗ္ဗါဒိန် နုဘာဝေန၊
ဒုန္နိမိတ္တာ ဒုမင်္ဂလာ။
ဒုသဒ္ဒါ ပါပဂ္ဂဟာ စ၊
ဝိနသန္တု ဒုဿုပိနံ။

ဤမသိုဂေဟာ၊ ဇနီးမယား သမီးသားနှင့် စီးပွား ရွှေငွေ အခြေပိုင်ပိုင် နေထိုင်ကြရာ ဤအိမ်ဂေဟာ အတွင်း၌၊ ဒုန္နိမိတ္တာစ၊ စနည်းတစ်ဘောင် စို့သက်ရောင်နှင့် ထက်ခေါင် ဖျားကို လင်းတဝင်းဘိုး ဆိုးသမျှငှက် ဘောနက် တိရစ္ဆာန် ဝင်ပျံခိုအောင်း မကောင်းသော တိတ်နိမိတ်တို့သည် လည်း ကောင်း။ ဒုမင်္ဂလာစ၊ မကောင်းစွာသော အနိဋ္ဌဖလ ရုပ်ဒုက္ခ ဝေဒနာများစွာတွင်းကျင်း ကျော်မိလျှင်းက ရေတွင်း ရေကန် မကျန် တံတား စသည်များကြောင့် အသွားမတော် ဆိုသော် ပြစ်မှား စကားမမှန် ကြမ်းတမ်းစိမ့်ရေ အထွေထွေမျိုး ကျောင်းဆို အိမ်ဆို လျှိုးမိဘထွေ မြေနေပကောင်း ကျောင်းဆောက် အိမ်ဆောက် ထုပ်လျောက်သစ်ဝါး အထား မမှန် မျက်လှန်ဇောက်ထိုး ကျိုး၍ကျရာ အခါမတော် ကြောင့် ကျော်ဖွတ်တက် ခွေးကြက်ဝက်က ကျွဲ နွား စသည် များစွာ အပေါင်း မကောင်းစွာသော အမင်္ဂလာ မှန်သမျှ တို့သည် လည်းကောင်း။ ပါပဂ္ဂဟာစ၊ ဂြိုဟ်အိပ် စန်းကျ ပါပ သက်ခတ် သမသတ်နှင့် ဂြိုဟ်စား ဂြိုဟ်ပျက် ဂြိုဟ်ထွက်

ဂြိုဟ်ဝင် ဂြိုဟ်နင်း ဂြိုဟ်စီး ထွက်ပြီးမငြိမ် စန်းအိမ်လွန်းပြတ် နက္ခတ်ယိမ်းယိုင် မခိုင်လှုပ်ရှား မကောင်းထားသည့် သုဉ်းဌြား မန္ဒာ လေးဖြာခတ်ပျက် တစ်ချက်တွင်းဆိုး အကျိုးမထင် နတ်လျှင်တခေါ့ တခွဲ့တောသူ ဖမ်းယူစုန်းပုတ် ရုပ်မြှုပ်နာမ် ထား များစွာအပေါင်း မကောင်းသမျှသော ဂြိုဟ်စီးဒဿာ ကံကြမ္မာ တို့သည် လည်းကောင်း။ ဒုဿုပိနဥ္စ၊ မြွေပွေး မြွေဟောက် ငန်းပြောက် ငန်းကျား တောသားကိုက်ခဲ ခေါင်း ကွဲရိုက်နက် သွေးထွက်သံယို မလိုဆင်လိုက် ဖုတ်လှိုက်ပြင်းထန် ညွှန်ပုတ်သိုး သစ်ယောင်းချိုးနှင့် ချိုးသည့်သစ်စိမ်း ကတိမ်း ကပါး တောကျားလိုက်တွေ့ တစ္ဆေသဘက် ခေါင်းထက် ဆံပင် ပြတ်လျှင်တထွေ အနေမကျ မြင်ကကြောက်ဖွယ် အစွယ်ပြူးတူး ဘီလူး လိုက်လျက် ဝက်တောင် ပက်နှင့် သစ်ထက်တောင်ဖျား ကမ်းပါးကကျ များလှခထောင်သောင်း အိမ်မက် တိတ်နိမိတ် အပေါင်းတို့သည် လည်းကောင်း။ စေတော-ဒုန္နိမိတ္တာဒယော၊ ထိုဆိုအပ်ခဲ့ပြီး အသီးသီးအဝ၁ မကောင်း သမျှသော အတိတ်နိမိတ် မကောင်းသမျှသော ငှက်၏မြည်သံ တွန်သံ မကောင်းသမျှသော ဂြိုဟ်စီးသော ကံကြမ္မာ၊ မကောင်း သော အိမ်မက်ဟူသမျှတို့သည်။ ဗုဒ္ဓါဒိနံ၊ ဘုရားအစ မြတ်မွန်နှင့် သံဃာအရိယာ မြတ်ဆရာတို့၏။ အာနုဘာဝေန စ၊ တန်ခိုး တေဇော် မေတ္တာတော် အာနုဘော်ကြောင့် လည်းကောင်း။ ပရိတ္တမေ့မှာ နုဘာဝေနစ၊ ပရိတ်တရားတော်၏ တန်းခိုးထေဇော် အာနုဘော်ကြောင့်လည်းကောင်း၊ အာဂတာနံ၊ မနေ့ာပုဗ္ဗင် ဖဇာအစဉ်ဖြင့် ကြည်လင်ဟာဒယ ရောက်ရှိနေကြကုန်သော။

ဝေါဟာရကား၊ ပရိတ်တရား မှတ်သားနာသြောင်း သင်သူတော်ကောင်းတို့၏။ အဇ္ဈတ္တိကဗာဟိရေသု၊ ကိုယ်တွင်းကိုယ်ပ အိမ်တွင်းအိမ်ပ နှစ်ဌာနတို့၌။ သဗ္ဗအန္တရာယာ၊ အလုံးစုံအာဝဝအန္တရာယ် ဟူသမျှတို့သည်။ ဝိနဿန္တု၊ နေခြည်ထိပျောက်နှင်းရည်ပေါက်သို့ ပျောက်ပျက် လွင့်စင်နိုင်ကြပါစေ ကုန်သတည်း။ ဥပ္ပဇ္ဇမင်္ဂလာနိ၊ ကောင်းကျိုးချမ်းသာ မင်္ဂလာအာဝဝ ဟူသမျှတို့သည်။ ဝဍ္ဎန္တု၊ တစ်နေ့တစ်ခြား တက်နေလားသို့ တိုးပွားရှင်သန် နိုစ်ကြပါစေ ကုန်သတည်း။

## နတ်ပူဇော်ကိုးသတ်

ဧတ္တာဝတာ စ အမှေဟိ၊
သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ နုမောဒန္တု၊
သဗ္ဗ သမ္ပတ္တိ သိဒ္ဓိယာ။
ဒါနံ ဒဒန္တု သဒ္ဓါယ၊
သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊
ဂစ္ဆန္တု ဒေဝတာ ဂတာ။

ဧတ္တာဝတာစ၊ ဤမျှကြီးကုသိုလ် စွမ်းအားထုတ်၍ မယုတ်စေရ ပြုလုပ်ရသဖြင့်လည်း၊ အမှေဟိ၊ ဘာဝနာကမ်း လွှတ်ခွာသန်းဖို့ ကျွတ်တန်းပန်ဆု ငါတို့ဘစ်စုသည်။ သမ္ဘတံ၊ ယခုအားမှု နောင်တွေးရှုလျက် ဆည်းစုအပ်ခဲ့သာ။ ပုညသမ္ပဒံ၊

အငှပေါင်းစုမြုပ် ကောင်းမှုထုပ်၏ မယုတ်မယွင်း ပြည့်စုံခြင်းကို။ သဗ္ဗေ၊ရှိန်ဝါတောက်လင်း နောက်ပါသင်းနှင့် ခပင်းဉာဏ် အလုံးစုံကုန်သော။ ဒေဝါ၊ စကြာဝဠာသောင်းတိုက် ပေါင်းတဝိုက်မှရောက်ဆိုက်လာကြ၍ ရှင်နတ်များသည်။ အနုမောဒန္တု ကြည်လင်မနော ဘဝင်ဇောဖြင့် ရှင်မောဝမ်းမြောက်နိုင်ကြပါ စေကုန်သတည်း။

သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ ကံကြောင့်မျိုးမှန် အကျိုးခံဟု ရွေးကံရင်းနှီး ပြီးစီးခြင်းငှာ။ သဗ္ဗါယ၊ ကံကြောင့် အကျိုး မထောင့်ညှိုးဟု ဖြောင့်ရိုးစွဲကပ် အမြဲမှတ်သဖြင့်။ ဒါနံ၊ နည်း သည့် များသည် ခြားမရှည်ဘဲ ရှင်ကြည်လှူရိုး ဒါနမျိုးကို။ ဒန္တု၊ သူတော်ရဟန်း ရည်ရော်မှန်းလျက် လှူဒါန်းနိုင်ကြပါ စေကုန်သတည်း။ သီလံ၊ ပဉ္စ အဋ္ဌ ဒသင်္ဂဟု ကိုယ်မှမချွတ် ကျင့်ခါးဝတ်ကို။ သဗ္ဗဒါ အခါခပ်သိမ်း။ ရက္ခန္တု၊ မညှိုး မပြောက် မကျိုးပေါက်အောင် စောင့်ရှောက်နိုင်ကြ ပါစေ ကုန်သတည်း။ဘာဝနာဘိရတာ၊ သမထဝိပဿနာလက်မကွာဘဲ ဆက်ကာနေ့ည အားထုတ်နိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြ ပါစေကုန်သတည်း။ အာဂတာ၊ အများညီညာ တရားနာဖို့ ထားကာစွဲမှိတ် ခံအကြိတ်ဖြင့် သိုက်မြိုက်စုဆုံ ရောက်လာကြ ကုန်သော။ ဒေဝတာ၊ စကြဝဠာ သောင်းတိုက်ပေါင်းတဝိုက်မှ ရောက်ဆိုက်လာကြသော ရှင်နတ်များသည်။ ဂစ္ဆန္တု၊ ပရိတ်တရား တော်ပွဲ ပြီးကုန်စဲ၍ နေမြဲရပ်ဘုံ ပြန်ကြတော်မူကြပါစေကုန် သတည်း။

**အမှာ။** ။ပရိတ်များ၏ အသီးသီး အကျိုးပြလက်ာ နောက်၌ ပါလာပါလိမ့်မည်။

## ဘုရားအနေကဇာ တင်ရန်

**အမှာ။** ။တံခွန်ကုက္ကား၊ ပေါက်ပေါက်ပန်းများကို ဘုရားပူဇော်ရန် အသင့်ပြင်ထားစေ၊ အနေကဇာတင်မည့် ရဟန်းတော်က တံခွန်ကုက္ကား ပန်းတို့ကို အသီးသီးကိုင်လျက် လက်အုပ်ချီ ဆောင့်ကြောင့်ထိုင်ကာ ရှိခိုး၍ အနေက ဇာတိ သံသာရံ စသော အောက်ပါ ဥဒါန်းဂါထာများကို ရွတ်ပွားပါလေ။

အနေက ဇာတိ သံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ။

ဂဟကာရံ ဂဝေသန္တော၊
ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

ဂဟကာရက ဒိဋ္ဌောသိ၊
ပုန ဂေဟံ န ကာဟသိ။

သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊
ဂဟကူဋံ ဝိသင်္ခတံ၊

ဝိသင်္ခါရ ဂတံ စိတ္တံ။
တဏှာနံ ခယမဇ္ဈဂါ။

ဂဟာကာရ၊ အိမ်မင်းပိုင်နက် နာမင်းပိုင်နက် သေမင်းပိုင်နက် သူ့စားကျက်၌ မြေကွက်ဂရံ အမိန့်ခံလျက် ရုပ်နာမ်ယှက်လိမ် ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ ဆောက်လုပ်လာသည့် တဏှာ ယောကျ်ား ဟယ်-လက်သမား။ ပုနပ္ပုနံ၊ အမှန်းအဆ ဂဏန်း မပြနိုင်သည့် ဘဝအတန်တန် အဖန်ဖန် အထပ်ထပ်။ ဇာတိ၊ အိုနာသေရေး ဒုက္ခဘေးတို့ လုံးထွေးရောယှက်ကြိုးစုံဖက်လျက် ဖြစ်ပျက်သနွေ တည်နေရခြင်းသည်။ ယသ္မာ၊ အကြင့်ကြောင့်။ ဒုက္ခာ၊ ပြောပြလို့မကုန် လောကဓာတ် ထိုထိုဘုံတွင် အစုံစုံ ညှဉ်းဆဲသဖြင့် ဆင်းရဲခြင်း ကြီးလှပါပေ၏။ တသ္မာ၊ ထိုသို့ ညှဉ်းဆဲ အလွန်ပင် ဆင်းရဲလှလေသောကြောင့်။ ဂဟာကာရ၊ ကပ်ကမ္ဘာမှန်သမျှတွင် လပ်ကွာလို့ မကျန်ရအောင် သတ္တဝါ မှန်သမျှတို့၏ ဘဝတစ်ပင်တိုင် ခန္ဓာအိမ် လေးပင်တိုင် ခန္ဓာအိမ် ငါးပင်တိုင် ခန္ဓာအိမ်တွေကို ကြိမ်ဖန်များစွာ ဆောက်လုပ် လာသည့်တဏှာယောကျ်ားသင်လက်သမားကို။ ဂဝေသန္တော၊ ဘယ်ပုံဘယ်က ဘယ်လိုစသနည်းဟု နိသျှည်းမခံ သိပ်သည်းစွာ ကြိတ်ဖန်လျက် ကိုယ်ပိုင်ဉာဏ် အဟုန်စွမ်းဖြင့် စုံ၊မ်းရှာဖွေ လာခဲ့ရသော ငါဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ အနိဗ္ဗိသံ စာံညာဏ် အဝိန္ဒာန္တော၊ သင့်ကိုလှမ်း၍ အတင်းဖမ်းကိုင် မြင် စွမ်းနိုင်သည့် ကိုယ်ပိုင်ဉာဏ်မှန်ပြောင်းကို ကောင်းကောင်းပိုင်ပိုင် မရနိုင်သည်ဖြစ်၍။ အဒနကဇာတိသံသာရံ၊ ဘုရားမြတ်ဒီပင်္ကရာ နှင့် သုမေဓာရှင်ရခဲ့ ဘာဝမှာ တွေ့ခုစဉ် အခါကစပြီးလျှင်ရက် လ နှစ်တွေ တွက်စစ်လို့ရေလိုက်သော် သင်္ချေလေးရပ် ထိမ်း အမှတ်ဖြင့် တစ်သိန်းကပ် ကာလပတ်လုံး။သန္ဓာဝိဿံ သံသာရိ၊

ခန္ဓာအိမ် ကြိမ်ကြိမ်ဆောက်လျက် သံသရာ ပြန်ကာရောက်ပြီး လျှင် တုန့်ခေါက်လှည့်လည်၍ လာခဲ့ရလေပြီ။ ဝါ၊ အလောင်း တောင် သေစရာမပြတ်နိုင်သဖြင့် မြေကမ္ဘာတွင် ခြေရာထပ် လောက်အောင် လှည့်ပတ်၍ လာခဲ့ရလေပြီ။

ဂဟကာရက၊ ကာမဂုဏ်ငါးပါး တံစိုးဆက်ဆောင် စားပြီး လျှင် ဆိုးရွားယုတ်မာ တိုးပွားရှည်ကြာလာခဲ့ရသော တဏှာ ယောကျ်ား-ဟယ်လက်သမား ။တွံ၊ ချုံချင်တိုင်းချုံ ဖွဲ့ချင်တိုင်းဖွဲ့ တတ်တဲ့ တကယ့်ယောကျ်ား သင်လက်သမားကို။ မယာ၊ အိုမှုတစ်ဖြာ နာမှုဘစ်ထွေ သေမှုတစ်ဖုံ ကြောက်မက်ဖွယ်ဝိုင်းအုံ လျက် လက်နက်စုံပစ်ဖောက်သည့်ရန်သူဘို့ လက်အောက်တွင် ခုံထောက်ခန်းဖွင့်ကာ ပွင့်ထွန်းပေါ်ပေါက် လာခဲ့ရသော ငါ ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဒိဋ္ဌော၊ ဗောဓိပင်အောက် အမြင်ပေါက်လျက် သင်ဆောက်တဲ့ခန္ဓာအိမ်တွေကို မနိုင်ရွှေ့ညာဏ် ကွန့်မြူးလျက် လက်ပူးလက်ကြပ် ယခုခင် တွေ့မြင်အပ်ခဲ့လေပြီ။ ပုန၊ နောက်ထပ်တဖန်ပြန်လှန်ကွန့်လျက်။ ဂေဟံ၊ ရေမြေလေမီး ဓာတ်ကြီးလေးခု တိုင်ခြေပြုလျက် သွေးစုံးသားစု ရိုးစုတပ်ဆင် ဒိုင်းမြွား တင်လျက် ကိုယ်တွင် ဖြစ်လာ ဒွတ္တံသာဟု ညီညာ စပ်နှော ငါ့ခန္ဓာအိမ် အတ္တဘောကို။ န ကာဟာသိ၊ သင်ဘယ်လို စီမံ ဘယ်လိုဖန်လို့မှညာဏ်နီစွမ်းထုတ် ကြံစည်ကြိုးကုတ်၍ ရနိုင် တော့မည် မဟုတ်ပေ။ ဂဟာကူဋံ၊ သင်ဆောက်လုပ်ပြီး ခန္ဓာ ကိုယ် အတ္တဘောကြီး၏ ထွတ်ထိပ်မှာ မိုးကာ လွှမ်းချုပ် အဝိဇ္ဇာ တည်း ဟူသော ခေါင်အုပ်ကိုလည်း။ ဝိသင်္ခတံ၊

အရဟတ္တမဂ် စိန်သံလျက်ဖြင့် ပယ်ဖျက် ခုတ်ထွင် သုတ်သင် အပ်ခဲ့လေပြီ။

တေ၊ သင်ဆောက်လုပ်ပြီးခန္ဓာကိုယ် ·အတ္တဘောကြီး၏။ ဖာသုကာ၊ ညစ်ပူရှုပ်နောက် ဒွာဆောက်အဉီ အကူတန်ဆာ အကုန်ပါသည့် သုံးထောင်ဝက် ကိလေသာတို့ကို။ ဘဂ္ဂါ၊ ကမ္မက္ခယိန် ဉာဏ်လက်နက် ဝရဇိန်ဖြင့် ရှယ်ချိန် ပစ်သွင်း၍ အမြစ်ရင်း အုတ်ပန္နက်တို့ကို နုတ်ဖျက်အပ်ခဲ့လေပြီ။ စိတ္တံ၊ ညစ်နောက်ပူကင်း သန့်ရှင်းအေးကြည် ငါဘုရား၏ စိတ်တော်သည် ဝိသင်္ခါရဂတံ၊ အတောမသတ် ရှုပ်ပွေသည့်အလုပ်တွေ ဇာသိမ်းလျက် အငြိမ်းဓာတ်နိဗ္ဗာန်ဟု အသင်္ခတ ဓာတ်နယ် အတွင်းသို့ သက်ဆင်းခဲ့လေပြီ။ တဏှာနံ၊ သံသရာတခွင်မှာ ခန္ဓာအိမ်တွေစီစဉ်ပြီးလျှင် စည်မင်သာယာရုံးဆောက်ကာ မဆုံး အောင် ချဲ့ထွင်ကြတဲ့ ပယဉ္စတရားတို့၏။ ခယံ၊ ကိလေသာ အသင်းအပင်းတို့ကို စာရင်းအင်းနှင့်တကွ အကုန်ဖျက်တတ်တဲ့ ထက်မြက်ပြင်းထန် ခယခေါ်တဲ့အရဟတ္တမဂ်ဉာဏ်ကို။ အဇ္ဈဂါ၊ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်၍ ထိုင်ရာမထ ယခုပင် ရရှိတော်မူ ပါပေပြီ။

အနေကဇာတင်ရန် ပါဠိများ

၁။ အနေကဇာတိ သံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊
ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

ဂဟာကာရက ဒိဋ္ဌောသိ၊
ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊
ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ။
တဏှာနံ ခယ-မဇ္ဈဂါ။ (၃) ခေါက်။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ။ ပ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

၂။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ။
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

အဝိဇ္ဇာယတွေဝ အသေသဝိရာဂ နိရောဓာ သင်္ခါရနိရော-ဓော။ပ။ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

၃။ ယဒါ ဟဝေ ပါတုဘဝန္တိဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ ။ ပ။ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အဝိဇ္ဇာယတွေ၀ အသေသ ဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော ။ပ။ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

၄။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

ဇယန္တော ဗောဓိယာမူလေ၊ သကျာနံ နန္ဒိဝဍ္ဍနော။
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။
အပရာဇိတ ပလ္လင်္ကေ၊ သီသေ ပုထုဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပတ္တော ပမောဒတိ။
သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။

သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။
ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံမနောကမ္မံ၊ ပဏိဓိတေ ပဒ'က္ခိဏော။
ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ၊
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟသဗ္ဗေဟိဉာတိဘိ၊

ဤတွင် အနေကဇာတင်ခြင်း ပြီးပါပြီ။ အကယ်၍ အနည်းငယ် ချဲ့ထွင်ဟောကြားလိုပါက ယခင်ပြခဲ့သောအနေကဇာတိသံသာရံဂါထာကို ပြန်ရွတ်၍ အနက်ပေးပါ။ ၎င်းအနက်ကို အဓိပ္ပာယ် အချိန်ရသလောက် ပြောပြပါ။

ပြောပြပုံအကျဉ်း—

အနေကဇာတင်တယ်ဆိုတာ ဘုရားရှင်ရဲ့ ဥဒါန်းပါဠိတော်များကို ဘုရားရှင် ကျူးရင့်သလို သံဃာ့တော်များက ရွတ်ဖတ်ကြတာပါပဲ။အနေကဇာတင်မှ ရှုံခိုးကောင်းတယ်။ မတာဝီရင် ရှိမခိုးကောင်းဘူးလို့ မဆိုလိုပါဘူး။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာလဲ မိမိ အင်မတန်မှ လိုလားတော်မူသော ဘုရားအဖြစ်ကို ရောက်တော်မူတော့ ဆိတ်ဝမ်းမြောက်တော် မူပါတယ်။ ဒါကြောင့် ကျူးရင့်လိုက်တယ်။ အဲဒါ ဥဒါန်းဆိုတဲ့ ပါဠိရဲ့အဓိပ္ပာယ်ပဲ။ အဲဒီ ဥဒါန်းက (၃)ဂါထာရှိတယ်။ ဒါပေမယ့် အစဖြစ်တဲ့ အနေကဇာတိသံသာရံ ဂါထာကိုယူပြီး "အနေကဇာတင်လို့" လောက

ဝေါဟာရ ခေါ်နေကြတယ်။ ဒီဂါထာရဲ့ အဓိပ္ပာယ်ဟာ အင်မတန်မှ ကောင်းမွန်လှပါတယ်။

အကျယ်ဟောစရာလဲ အလွန်ကောင်းတယ်။ ဒါပေမယ့် အချိန်ကိုက်အောင် လိုရင်းအကျဉ်းချုပ်လိုက်ရရင် ငါဘုရားဟာ တဏှာကိုမအောင်နိုင်သေးလို့ ဘဝသံချေ မရေမတွက်နိုင်အောင် ခန္ဓာဝန်ထမ်းပြီး သံသရာလမ်းမှာ ပင်ပင်ပန်းပန်းကြီး လျှောက်ခဲ့ရပါပြီတဲ့။ အခု အဲဒီ ဒုက္ခ ခန္ဓာကိုယ်ကြီးကို တည်ဆောက်ပေးတာဟာ တဏှာဆိုတဲ့ တရားပဲ။ သူကပဲ လက်သည်ပဲလို့သိတော့ ဒီတဏှာကို သတ်နိုင်မည့်နည်းတွေကို ကိုယ်ဘိုင်ဉာဏ်ထူး၍ ဖွေရှာလာခဲ့ကိုက်တာ ယခု (၁၀၁) ခု ကဆုန်လပြည့်နေ့မှာ နည်းကောင်းရလို့ ငါသည် တဏှာကို သတ်လိုက်ပြီ။ ဝဋ်ရဲ့ဦးခေါင်းဖြစ်တဲ့ အဝိဇ္ဇာလဲ တဏှာနှင့်အတူသေပြီ။ နောက်ထပ်တစ်ဖန် ဘဝအသစ်မဖြစ်ရပြီ။သံသရာ ဇာတ်သိမ်းပြီ။ ဒုက္ခခပ်သိမ်း ငြိမ်းခဲ့ပြီလို့ ဥဒါန်း ကျူးရင့်လိုက်ခြင်း ဖြစ်တယ်။

အဝိဇ္ဇာတဏှာကို ဘုရားရှင်က ပယ်သတ်နိုင်သလို ပယ်သတ်နိုင်ပါစေလို့ တိုက်တွန်းရင်း နိဂုံးသတ်ပါတယ်။

## ဆွမ်းအလှူတရားတော်

(အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် ဘောဇနသုတ်)

ဘောဇနံ ဘိက္ခဝေ ဒဒမာနော ဒါယကော
ပဋိဂ္ဂါဟကာနံ ပဉ္စဌာနာနိ ဒေတိ၊ အာယုံ ဒေတိ၊
ဝဏ္ဏံ ဒေတိ၊ သုခံ ဒေတိ၊ ဗလံ ဒေတိ၊ ပဋိဘာနံ ဒေတိ။

ဘိက္ခဒေ၀၊ ရဟန်းတော်များ အို-ချစ်သားတို့။ ဘောဇနံ၊ ဘောဇဉ်ကို။ ဒဒမာနော၊ ပေးလှူသော။ ဒါယကော၊ ဒါယကာသည်။ ပဋိဂ္ဂါဟကာနံ၊ အလှူခံပုဂ္ဂိုလ်တို့အား။ ဒိဌေ၀ ဓမ္မေ၊ မျက်ခမှာက်၌ပင်လျှင်။ ပဥ္စဌာနာနိ၊ ငါးဌာနတို့ကို။ ဒေတိနာမ၊ ပေးလှူသည်မည်၏။ ကတမာနိ ပဥ္စ၊ အဘယ် ငါးပါးတို့နည်းဟူမူကား။ အာယုံ ဒေတိ၊ အသက်ကိုပေးလှူ သည်မည်၏။ ၀ဏ္ဏံ ဒေတိ၊ အဆင်းကိုပေးလှူသည် မည်၏။ သုခံ ဒေတိ၊ ချမ်းသာကို ပေးလှူသည်မည်၏၊ ဗလံ ဒေတိ၊ ခွန်အားကို ပေးလှူသည်မည်၏၊ ပဋိဘာနံ ဒေတိ၊ ဉာဏ်ပညာကို ပေးလှူသည်မည်၏။

အဲဒါ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင် ဟောတော်မူတဲ့ ဒေသနာဖြစ်ပါတယ်။ တို့ဒကာ ဒကာမများမှာ ယနေ့ ဆွမ်းလှူကြတယ်။ လောကအမြင်ဆိုရင် ဆွမ်းတစ်ခုတည်းလှူ တယ်လို့မြင်ပေမယ့် သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးနှင့်မြင်တာက ငါးပါးသော အရာဌာနတို့ကို ပေးလှူနေတယ်လို့ မြင်တော်မူ ပါတယ်။ ဘာတွေလဲလို့ဆိုရင်—

အာယုံဒေတိ=အသက်ကို ပေးလှူခြင်းမည်တယ်။

၀ဏ္ဏံဒေတိ=အဆင်းကို ပေးလှူခြင်းမည်တယ်။

သုခံ ဒေတိ=ချမ်းသာကို ပေးလှူခြင်းမည်တယ်။

ဗလံ ဒေတိ=ခွန်အားဗလကို ပေးလှူခြင်းမည်တယ်။

ပဋိဘာနံ ဒေတိ=ဉာဏ်ကို ပေးလှူခြင်းမည်တယ်-တဲ့။

ဒါက ဘုရားရှင်အမြင်နော်။ တို့လူအမြင်ကတော့ ဆွမ်းလှူတယ်လို့မြင်တယ်။ ဘုရားရှင်က အသက်စသော အလှူငါးမျိုးကို လှူနေတယ်လို့မြင်တယ်။ ဒီတော့ အဓိပ္ပာယ်ရှင်းပြမယ်။

(၁) ဆွမ်းလှူသူသည် အသက်ဒါနမည်တယ် ဆိုခြင်းက "သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ"သတ္တဝါမှန်သမျှ အာဟာရအပေါ်မှာ တည်ရပါတယ်တဲ့။ အာဟာရမရှိရင် အသက်မရှင်နိုင်ဘူး။ ဒါကြောင့် ယနေ့ဆွမ်းလှူလိုက်တာဟာ သံဃာတော်တို့ကို အသက်လှူလိုက်တာ မည်ပါတယ်တဲ့။ ဒီအဓိပ္ပာယ်နှင့် ဘုရားရှင် ဟောတာပါ။

နံပါတ် (၂) ဝဏ္ဏံ ဒေတိ=အဆင်းကိုလှူတယ်ဆိုတာကတော့ အဆင်းလှ,မလှဆိုတာ အာဟာရအပေါ်မှာ တည်တယ်။ အာဟာရကောင်းရင် အဆင်းပိုလှတယ်။ အာဟာရမစားရရင် နဂိုလှပြီးတာတွေသည်ပင် ပျက်သွားနိုင်တယ်။ ဒါကြောင့် အာဟာရကို လှူတာဟာ အဆင်းကိုလှူတာလဲမည် တယ်လို့ ဆိုလိုပါတယ်။

နံပါတ် (၃) သုခံ ဒေတိ=ချမ်းသာကို ပေးလှူတယ်ဆိုတာက အာဟာရကို စားသောက်ရမှသာ ချမ်းသာနိုင်ကြတာ၊ မစားသောက်ရရင် ရွှေပုံပေါ်ထိုင်နေရပါစေ၊ ချမ်းသာရယ်လို့ မရှိနိုင်ပါဘူး။ ဒါကြောင့် အာဟာရကို လှူတာဟာ ချမ်းသာကို လှူတာလဲ မည်ပါတယ်တဲ့။

နံပါတ် (၄) ဗလံ ဒေတိ=ခွန်အားဗလကို ပေးလှူသည်ဆိုတာကတော့ အထူး ရှင်းပြစရာတောင် မလိုပါဘူး၊ ဆွမ်း

မစားရရင် သံဃာတော်များကစပြီး အားလုံး သတ္တဝါတွေ အားခွန်ဗလ ဘယ်လိုဖြစ်နိုင်မလဲ။ ဒါကြောင့် ဆွမ်းကိုလှူတာဟာ ခွန်အားဗလကို ပေးလှူတာမည်တယ်လို့ ဟောခြင်းဖြစ်ပါတယ်။

နံပါတ် (၅)ပဋိဘာနံဒေတိ = ပညာကို လှူတယ်ဆိုတာက လောကီ လောကုတ္တရာ ဉာဏ်တွေဟာ အာဟာရ မျှတမှသာ ဖြစ်နိုင်ပါတယ်။ ဖြစ်ပြီးဉာဏ်တွေလဲ တိုးတက်ကြည်လင်နိုင်ပါတယ်။ ဒါကြောင့် ဘောဇဉ်ကို ပေးလှူတာဟာ ပညာဉာဏ်ကိုလဲ ပေးလှူတာ မည်ပါတယ်။

ဒီလို အကျိုး ငါးပါးတို့ကို ဒိဋ္ဌအားဖြင့် ပေးလှူရတဲ့ အတွက်ကြောင့်"သဒ္ဓိသံပရာယံ ဇနေတိ"ဆိုတဲ့အတိုင်း တူသော အကျိုးတရားများကို ရရှိပုံကို ဘုရားရှင်က ဆက်ဟောတော်မူပါတယ်။

"အာယုံ ခေါပန သိက္ခဝေ ဒတွာ အာယုဿ ဘာဂီ ဟောတိ၊ ဒိဗ္ဗဿ ဝါ မာနုဿဿ ဝါ"တဲ့ ချစ်သားတို့ အသက်ကို ပေးလှူလိုက်ရတဲ့အတွက် နတ်၌ဖြစ်သောအသက်၊ လူ၌ ဖြစ်သောအသက်တို့ကို ရနိုင်ပါတယ်တဲ့။ အသက်ရှည်တဲ့နေရာမှာ သက်တမ်းကိုကျော်ပြီး ရှည်နိုင်ခြင်းကို ရနိုင်တယ်လို့ ဆိုလိုပါတယ်။

နံပါတ် (၂)အဆင်းကို ပေးလှူလိုက်ရတဲ့ အတွက်ကြောင့် နတ်၌ဖြစ်သောအဆင်း၊ လူ၌ဖြစ်သော အဆင်းတို့ကိုလဲပဲရနိုင်တယ်။ အခြားလူနတ်တို့ကိုအဆင်းအားဖြင့် သာလွန်နိုင်တယ်။

နံပါတ်(၃) သုခ ချမ်းသာကို ပေးလှူလိုက်ရတဲ့အတွက် နတ်၌ဖြစ်သောချမ်းသာ၊ လူ၌ဖြစ်သော ချမ်းသာတို့ကို ရနိုင်ပါတယ်။ လူဖြစ်ရ နတ်ဖြစ်ရတဲ့အခါမှာ အခြား လူနတ်တို့ကို ချမ်းသာအားဖြင့် သာလွန်ပါတယ်။

နံပါတ် (၄) ခွန်အားဗလကို ပေးလှူလိုက်ရတဲ့ အတွက် ဆင်ပြောင်ငါးစီးအားကိုဆောင်တဲ့ဝိသာခါတို့လို၊ အာသောကမင်းတရားကြီးတို့လို၊ သိကြားမင်းတို့လို၊လူနတ်ခွန်အားတွေကို သာလွန်ပြီးတော့ ရနိုင်ပါတယ်။

နံပါတ် (၅) ဉာဏ်ပညာကို ပေးလှူ လိုက်ရတဲ့ အတွက် လူ့ဘဝမှာဆိုရင် အရှင်သာရိပုတ္တရာတို့လိုဉာဏ်ကြီးခြင်း၊ နတ်ပြည်မှာ ဖြစ်သောအခါဆိုရင်လဲ သိကြားမင်းတို့လို ဉာဏ်ကြီးခြင်း အကျိုးထူးတွေကို ရနိုင်ပါတယ်။

အဲဒီဉာဏ်အလှူဟာသိပ်ကိုအရေးကြီးပါတယ်။လောကီလဲ လောကီမို့လို ပညာသင်ရင် တတ်လွယ်တယ်။ လောကုတ္တရာ ဆိုရင်လဲ ထက်မြက်တဲ့ဉာဏ်ရှိပြီး တစ်ဂါထာမျှ ကြားနာလိုက်ရ ရုံနှင့် အရှင်သာရိပုတ္တရာအလောင်းတို့လို ချက်ချင်း အရိယာ ဖြစ်နိုင်တယ်။ ဒါကြောင့်ဉာဏ်အလှူဟာ သိပ်အရေးကြီးပါ တယ်။အထက်တန်းကျရေးမှာဉာဏ်အလှူဟာ ပဓာနကျတယ်။ "ပညာ နရာနံ ရတနံ"ပညာသည် သတ္တဝါတို့အတွက် ရတနာ အစစ်ပါတဲ့။

ယခုဟောဒီ ဒကာ ဒကာမတော်မှာ အကျိုးထူးငါးပါးကို ရစေတတ်တဲ့ ဆွမ်းဒါနကို သံဃာတော်တို့အား လှူဒါန်းလိုက်ရပေပြီ၊ ဒီဒါနကိုအခြေခံပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်နိုင်ပါစေသားလို့ ဆုတောင်းကြပါ။

ဆွမ်းတရား ပြီး၏။

ကထိန်တရားတော်

ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တုတေ။
ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဓမ္မာနုဘာဝေန၊ သဒါ သုခီ ဘဝန္တုတေ။
ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
(အနက်ကို ရှေးကအတိုင်း ဆိုပါလေ)

ယနေ့တို့ ဒကာ–ဒကာမတွေက ကထိန်အလှူဒါန်းတာ ရိုးရိုးအလှူ မဟုတ်ပါဘူး။ အင်မတန် ဝိသေသထူးပါတယ်။ သင်္ကန်းကိုလှူတဲ့အတွက် ပစ္စယဒါနဖြစ်သလို ဝိနည်းဒေသနာတော်ကို ချီးမြှောက်တဲ့အတွက် ဓမ္မဒါနလဲမည်ပါတယ်။ ဒီလို ဝိသေသ ထူးခြားတဲ့ အပြင် တစ်နှစ်မှတစ်သ၊ တစ်လမှတစ်ကြိမ် ကျောင်းတိုက်တစ်ခုမှာ နှစ်ကြိမ်မလှူရ၊ တစ်ကြိမ်မျှသာလှူ ရတာမို့ အင်မတန်မှမြတ်လှတဲ့ ကာလ ဒါနကြီးလဲဖြစ်ပါတယ်။

"ကထိယတေ သီလာ ယိယတေ ဗုဒ္ဓါဒီဟိတိ ကထိန်" ဆိုတဲ့ ဒိဋ္ဌိပ်နှင့်အညီ ဘုရားစသော သူတော်ကောင်းတို့က ကောင်းပေ ကောင်းပေလို့ ချီးမွမ်းအပ်သောကြောင့် ကထိန်မည်ပါတယ်။ ဘာကြောင့် ချီးမွမ်းအပ်သလဲဆိုရင် -

(၁) သံဃိကသာ လှူရခြင်း၊

(၂) အာကာသ၌ ကောင်းကင်ဝမှ လျှောကျသော မိုးရည်လို တစ်စုံတစ်ခု နိမိတ်ပယောဂဖြင့် ကထိန် လှူချင်လာအောင် မဆွဲဆောင်ကောင်းဘူး။

(၃) တခြားပစ္စည်းတွေဆိုရင် ရဟန်းတော်များမှာ ပိဘာဒေ့ပျိုးထံမှာ တောင်းကောင်းတယ်။ ကထိန်သင်္ကန်းကို တော့ အပိကိုသော်မှ မတောင်းကောင်းပါဘူးတဲ့။ ပြီးတော့ တခြားအလှူ ဘယ်နှကြိမ် လှူပါစေ၊ ကထိန်ကို မမီဘူး ဆိုတာ ဘုရားရှင်ပညတ်တော်မူတဲ့ ဝိနည်းပညတ်ချက်အချို့ ကို ဒီကထိန်ဟာ ပယ်နုတ်ထားနိုင်တဲ့ သတ္တိရှိတယ်။ ဒါမှလဲ အင်မတန်မှ ထူးခြားတဲ့ဂုဏ်ပဲ၊ ဘုရားပညတ်တဲ့ အာဏာဆိုတာ အင်မတန်မှ ပြင်းထန်တယ်။ ဒါကို ဘယ်သိကြား ဗြဟ္မာမှ မပယ်နုတ်နိုင်ပါဘူး။ ယခု ကထိန်ခင်းသူတွေကတော့ ကထိန် ခင်းခြင်းအားဖြင့် ပယ်နုတ်နိုင်ပါတယ်။

ဒါကြောင့် အင်မတန်မှထူးတဲ့အလှူပါလို့ ဆိုခဲ့ရခြင်းပါပဲ။ သိက္ခာပုဒ် ပညတ်တချို့ကို ပယ်နုတ်နိုင်တာနဲ့ ပတ်သက်လို့ တိတိကျကျ သိရအောင် အကျယ်နည်းနည်း ဟောပါ့မယ်။

“ကထိနန္တိ ပဉ္စာနိသံသေအညတ္တ ဂန္တုံ အဒတွာ အန္တောကရဏ သမတ္ထတာယ ကထိနံ၊ ထိရန္တိ အတ္ထော” ဟူသော အဋ္ဌကထာ ပါဠိနှင့်အညီ–

(၁) အနာမန္တစာရ၊
(၂) အသမာဒါနစာရ၊
(၃) ဂဏဘောဇဉ်၊
(၄) ယာဝဒတ္ထစီဝရ၊
(၅) ယော စ တတ္ထ စီဝရုပ္ပါဒ–

ဆိုတဲ့ အကျိုးငါးပါးတို့ကို မလွတ်ရအောင် အရ ယူပေးနိုင်တဲ့ အတွက် ကထိန်လို့ ခေါ်ပါတယ်။

ရဟန်းတော်များမှာ ဘုရားပညတ်တဲ့ သိက္ခာပုဒ်ဟာ အာဏာဘဲ။ ဘယ်သိကြား ဗြဟ္မာမှ ပယ်လို့မရဘူး၊ ရုပ်သိမ်းလို့ မရဘူး။ ဒီလောက် ပြင်းထန်တဲ့ အာဏာတော်ကို ဒီဒကာ ဒကာမတွေက ကထိန်ခင်းပြီးတော့ ပယ်နုတ်နိုင်ပါတယ်။ ဒါလဲ ဝိနည်းက ခွင့်ပြုချက်ဖြင့် နုတ်တာပါ၊ ပယ်နုတ် နိုင်ပုံများ ကတော့–

နံပါတ်(၁) ရဟန်းတော်များမှာ ရှေးဦး ပင့်ထားသော ဆွမ်းကို လက်ခံပြီးလျှင် ထင်ရှားရှိသောရဟန်းကိုမပန်ကြားဘဲ ဒါယကာ တစ်ဦးဦးအိမ်သို့ မသွားရဘူး။ သွားရင် “ယော ပန ဘိက္ခု နိမန္တိတော သဘတ္တော သမာနော သန္တံ ဘိက္ခုံ အနာပုစ္ဆာ ပုရေဘတ္တံ ဝါ ပစ္ဆာဘတ္တံ ဝါ ကုလေသု စာရိတ္တံ

အာပဇ္ဇေ ယျ အညတြသမယာ ပါစိတ္တိယံ''ဆိုတဲ့ သိက္ခာပုဒ်အရ ပါစိတ် အာပတ်သင့်ပါတယ်။ အဲဒီသိက္ခာပုဒ်ကို ကထိန်ခင်း သဖြင့် တပေါင်းလပြည့်နေ့အထိ ကင်းလွတ်ခွင့် ဘုရားရှင်ပေး တော်မူပါတယ်။ ဒါဟာ နံပါတ်တစ်ဖြစ်တဲ့ "အနာမန္တစာရ" အကျိုးလို့ ခေါ်ပါတယ်။

နံပါတ် (၂) က ရဟန်းများမှာ ဝတ်ရုံတဲ့ သင်္ကန်းကို အဓိဋ္ဌာန်တင်ပြီးမှ ဝတ်ရပါတယ်။ လူတွေလို ငါ့သင်္ကန်းငါဝတ် ချင်သလို ဝတ်မယ်လို့မလုပ်ရပါဘူး။ သင်္ကန်းဆိုတာ ဘယ်သူ လှူလှူ ဘုရားပေးတဲ့ သင်္ကန်းဖြစ်တယ်။ ဒါကြောင့် အဓိဋ္ဌာန် တင်ခြင်းဆိုတဲ့ ဝိနည်းဖြင့်တင်ပြီးမှ ဝတ်ရတယ်။ ဒီသင်္ကန်းနှင့် အရုဏ်တက်တဲ့ အခါမှာ အတူတကွရှိနေရမယ်။ အတူရှိနေရမယ် ဆိုတာ သင်္ကန်းသည် ရဟန်းတော်ရှိရာ တိုက်တာ အတွင်းမှာ ရှိနေရမယ်။ သင်္ကန်းက တစ်ကျောင်းမှာ၊ သို့မဟုတ်တစ်အိမ်မှာ၊ ရဟန်းကတနေရာမှာဆိုပြီး တခြားစီမနေရပါဘူး သင်္ကန်းကို ဒီလောက်ထိ ရိုသေရပါတယ်။ တကယ်လို့ ဒီလိုမနေဘူးဆိုရင် "နိဋ္ဌိတစီဝရသ္မိံ ဘိက္ခုနာ ဥဗ္ဘတသ္မိံ ကထိနေ ဧကရတ္တမ္ပိစေ ဘိက္ခု တိစီဝရေန ဝိပ္ပဝသေယျ အညတြ ဘိက္ခု သမ္မုတိယာ နိဿဂ္ဂိယံ ပါစိတ္တိယံ" ဆိုတဲ့ သိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ် အာပတ်သင့်ပါတယ်။ ဒီအာပတ်ကိုလဲ ကထိန်ခင်းခြင်းဖြင့် တပေါင်းလပြည့်နေ့တိုင်အောင် ပယ်နုတ်ခွင့် ပြုထားပါတယ်။ ဒါဟာ နံပါတ် (၂)ဖြစ်တဲ့ "အသမာဒါနစာရ"အကျိုးပဲ။

နံပါတ်(၃)မြင်တဲ့ အကျိုးကတော့ ရဟန်းတော်များမှာ ပအပ်သော ဖိတ်ခြင်းခေါ်တဲ့ လူ့အသုံးအားဖြင့် ထမင်းစား ကြွပါ၊ မုန့်စားကြွပါဆိုရင် ကြွပြီး မစားကောင်းပါဘူး။ အားလုံးကို ဆွမ်းစားကြွပါလို့သာပင့်ရတယ်။ ဒီလိုမအပ်သော ဝေါဟာရနှင့် ဖိတ်လို့ ကြွပြီးစားမိရင် "ဂဏ ဘောဇနေ အညတြ သမာယာ ပါစိတ္တိယံ" ဆိုတဲ့သိက္ခာပုဒ်အရ ပါစိတ် အာပတ် သင့်ပါတယ်။ ဒီအာပတ်ကိုလဲ အထက်ပါအတိုင်း ကထိန်က ပယ်နုတ်နိုင်ပါတယ်။ အဲဒါကို "ဂဏဘောဇန" အကျိုးလို့ ခေါ်ပါတယ်။

နံပါတ်(၄) အကျိုးက ရဟန်းတော်များမှာ အလျား တစ်တောင်၊အနံ တစ်တွာ လက်လေးသစ်ရှိတဲ့ အဝတ်ကိုရလျှင် ဆယ်ရက်အတွင်း အဓိဋ္ဌာန်တင်ရဘယ်၊မတင်ရင် "နိဋ္ဌိတစီဝရ သ္မိံ ဘိက္ခုနာ ဥဗ္ဘတသ္မိံ ကထိနေ ဒသာဟပရမံ အတိရေက စီဝရံ ဓာရေတဗ္ဗံ၊တံ အတိက္ကာမယတော နိဿဂ္ဂိယံပါစိတ္တိယံ" ဆိုတဲ့ သိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါတယ်၊ ဒီအာပတ်ကိုလဲ ကထိန်ပယ်နုတ်ပါတယ်။ အဲဒါကို "ယာဝဒတ္ထ စီဝရ" အကျိုးလို့ ခေါ်ပါတယ်။

နံပါတ်(၅) အကျိုးက ကထိန်အာနိသင်ရတဲ့ ကျောင်း တိုက်ထဲမှာ သံဃိက သင်္ကန်းလှူရင် နောက်မှရောက်လာတဲ့ ရဟန်းရယ်၊ တထိန်အာနိသင်မရတဲ့ရဟန်းရယ် ရပိုင်ခွင့်မရှိဘူး။ အဲဒီကျောင်းတိုက်မှာ ဝါကပ်ပြီး ကထိန်အာနိသင် ရသော

ရဟန်းများ ဝေမျှယူနိုင်တယ်ဆိုတဲ့ အကျိုးဖြစ်တယ်။ "ယော စတတ္တ စိဝရုပ္ပါဒ" အကျိုးလို့ခေါ်ပါတယ်။ အဲဒါကိုလင်္ကာ ကလေးများ လိုက်ဆိုကြပါ။

လင်္ကာ။ ။အနာမန္တာ၊အသမာနှင့်၊တဖြာဂဏ၊ ယာဝယော တတ်၊ ယင်းငါးရပ်၊မှတ်လေ ကထိန်အာနိသင်။
"အနာမန္တာ"ကျိုးဆိုတာ၊နောင်လာ ဖိတ်ထား၊ ဆွမ်းကိုများ၊ သွား၍ စားကောင်းပါပေသည်။
"အသမာဒါနာ"ကျိုးဆိုတာ၊ ညဥ့်ကင်းကွာလဲ၊ ပြစ်ကင်းသည်။
"ဂဏဘောဇနာ"အကျိုးဆိုတာ၊မအပ်မရာ၊ ဖိတ် လာလျှင်လဲ၊ စားကောင်းသည်။
"ယာဝဒတ္ထ" ကျိုးဆိုရန်၊ မိဠ္ဌာန်မတင်လဲ ပြစ် ကင်းသည်။
"ယောစတတ္ထာ"အကျိုးမှာ၊သံဃာပိုင်သ၊ စီ ရ၊ အစိုးတရ ပိုင်ဆိုင်သည်။

ဒီလို သိက္ခာပုဒ်များကို ပယ်နုတ်နိုင်တယ်ဆိုတာ အခြား ဘယ်ကုသိုလ်မျှ မရှိပါဘူး။ အမြင့်ဆုံးဟောလိုက်ရရင် မဂ်ဖိုလ် ကုသိုလ်သည်ပင်လျှင် ဘုရားရှင်ရဲ့ အာဏာတော်ကို နည်းနည်း ကလေးမှ မပယ်နုတ်နိုင်ဘူး။ကထိန်အလှူတစ်ခု သည်သာလျှင် ဒီအာဏာကို ပယ်နုတ်နိုင်တာရှိတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာ များဟာ ဒီအလှူကို မလုပ်ရမနေနိုင် အပြိုင်အဆိုင် ကြိုးစား လှူဒါန်းကြတယ်။

"ဧနေတိ သဒိသံ ပါကံ"ဆိုတဲ့အတိုင်း တူသောအကျိုးကို ပေးတတ်ပါတယ်။ ဒီလောက်ကြီးကျယ် ထက်မြက်တဲ့ ကထိန် ဒါနဟာဖြင့် အထက်တန်းကျကျမွန်မြတ်ထက်မြက်တဲ့ အကျိုး ကို ပေးမှာပဲဆိုတာ အထူးပင် ဟောစရာ မလိုတော့ပါဘူး။ ရှေးဆရာတော်များက တူသောအကျိုးပေးအနေနှင့် လွတ်လပ် သော ဘဝမျိုးဖြစ်ရခြင်း၊ထောင်တန်းအချုပ်အနှောင်မှလွတ် ရခြင်း၊ မိမိကိုယ်ကို သူတစ်ပါးက မလွှမ်းမိုးနိုင်ခြင်း၊ မိမိကသာ နေရာတကာ အစိုးတရ ဖြစ်နိုင်ခြင်း၊စသော အကျိုးများကို ဟောကြားတော်မူပါတယ်။ ဒါဟာလဲ အမြွက်မျှသာ ဖြစ်ပါ တယ်။ အာကာကိုလှာပုံပြု မေရုစုတ်တံချီ၊ သမုဒ်မင်ရည် ဖျော်လို့ နှစ်အသင်္ချေ ရေးတာတောင်မှ ကထိန် အကျိုးပေး ကတော့ ကုန်နိုင်ဖွယ်မရှိပါဘူး။

ဒဲဒီမှာ အထူးအားဖြင့် ယောကျ်ားများမှာ ပေါ်ဘီကျ ရဟန်းဖြစ်နိုင်တယ်။မိန်းမများမှာ မဟာလတာ တန်ဆာကိုဆင် မြန်းရပြီး မဂ်ဖိုလ်ကိုရနိုင်တယ်ဆိုတဲ့ အကျိုးထူးများကတော့ မဂ်ဖိုလ်နှင့်စပ်တာမို့ အထူးမှတ်စရာ ကောင်းပါတယ်၊ ဒီကုသိုလ် ဟာ သာသနာနှင့်စပ်မှုရတဲ့ ကုသိုလ်ဖြစ်တယ်။ ပြီးတော့လူတဲ့ ဝဋ္ဋကလဲ အရဟတ္တဓဇသင်္ကန်း ဖြစ်တယ်။ ဒါကြောင့်မိမိတို့ရဲ့ သာသနာတွင်း ဒါနကိုအခြေခံပြီး မဂ်ပန်းဖိုလ်ပန်း ပွင့်လန်း ရေးကိုလဲ ကြိုးစားရန် ကျန်ပါသေးတယ်။ ဒီကုသိုလ်ဟာ မဂ်ဖိုလ်ရဲ့ အထောက်အပံ့ဖြစ်ပါစေ။ ဒီကုသိုလ်ကို အခြေခံပြီး နိဗ္ဗာန်ကို မြန်မြန်ကြီးပေါက်ရောက်ပါစေလို့လဲ ဆုတောင်းကြ ပါ။ ကဲ-တရားနိဂုံးသတ်ကြပါစို့။

ကေတော ကမ္မံ ကတ္တာန၊
ပုညခေတ္တ အနုတ္တရေ။
ကေတော သံသရိတွာန၊
ကေတော ဝိနိဝတ္တယုံ။

အနုတ္တရေ၊ယှဉ်ပြိုင်လာလျှင် မနိုင်ရှုံးရခပသိမ့် အဘွတ် ဆုံး အမြတ်ဆုံး ဖြစ်ပေသသော။ ပုညခေတ္တ၊တစ်ကြိမ်သာ စိုက် ပျိုးက ကောင်းကျိုးအနန္တ အမှန်မသွေ ရနိုင်ပေသည့် လယ် ကောင်း မြေကောင်း ချောင်းဝင် မြောင်းဝင် စည်ပင်ခိုင်ဖြိုး ရိုးလယ်ကြီးနှင့်လည်း တူပေထသော၊ သာသနေ၊ ဗုဒ္ဓမြတ်စွာ ရောင်ဝါထိန်ညီး သာသနာ့တော်ကြီး အဘွင်း၌။ ကေတော၊ သဘောတူမနောတူ စိတ်တူကိုယ်တူ ကြည်ဖြူနှစ်သက် ပေါင်း ဖက် ညီညွတ်ကြကုန်လျက်၊ ကမ္မံ၊ သာသနာပြု မဟာ ကုသိုလ်ကံ စေတနာတော်ကြီးကို။ ကတ္တာန၊ အနာဂတ်ရေး မျှော်တွေးထောက်ဆ ပြုလုပ်ရကုန်သောကြောင့်။ကေတော၀၊ လူဖြစ်လျှင်လဲ အတူတူ နတ်ဖြစ်လျှင်လဲ အစဉ်မကွာ ဗြဟ္မာ ဖြစ်လျှင်လဲ မခွဲဘဲသာလျှင် သံသရိတွာန၊ လူ့ရပ်နတ်ဌာန် ဗြဟ္မာ့ဘုံပါ မကျန်ရအောင် အထက်တန်းကျကျ သာသနာ တော်ကြီးကို ထောက်ပံ့ချီးမြှောက် ပြုစုနိုင်သည့် ပုဂ္ဂိုလ်ထူးတို့ သာဖြစ်ကုန်ကြလျက်။ အန္တိမေဒေဟေ၊ အဆုံးစွန်ဘဝ နောက် ကာလ၌။ ကေတော၀၊ အတူတကွသာလျှင်။ ဝိနိဝတ္တယုံ၊ မဂ္ဂင်ဖောင် ယာဉ်ပျံစီးလို့ နိဗ္ဗာန်ခရီးဖွင့်တော် မူကြပါစေကုန် သတည်း။

## ကထိန် ရေစက်ချ

အမှာ။ ။ယခင်ပြခဲ့သော ရေစက်ချ ရိုးရိုးအတိုင်း သီလ ဆောက်တည်ခြင်း၊ ဆွမ်းဒါန လှူခြင်းတို့ကို ဆိုပြီး နောက် (ဝိသေသတော၊ အထူးအားဖြင့်။ ကထိနတ္တာယ၊ ကထိန်ခင်းခြင်းငှာ။ ကထိနစီဝရံ၊ ကထိန်လျာ သင်္ကန်းကို။ သံဃဿ၊ သံဃာအား။ ဒေမ၊ လှူဒါန်းပါကုန်၏။) ဟု အထူး ထည့်၍ဆိုပါ။ မည်သည့်ရေစက်ချမဆို မိမိပြုလုပ်သောကုသိုလ် အထူးကို ဝိသေသတော၊ အထူးအားဖြင့်ဟု ပါဠိခံလျက်ဖြည့် စွက်ဆိုပါလေ။ မြန်မာသက်သက်လည်း ရေစက်ချကို ပြုလုပ်နိုင် ပါသည်။

### ကထိန်အလှူနှင့် သင်္ကန်းအလှူ နှစ်မျိုး‌ဖော်ပြနိုင်သောတရားတော်

အန္နဒေါ ဗလဒေါ ဟောတိ၊
ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ။
ယာနဒေါ သုခဒေါ ဟောတိ၊
ဒီပဒေါ ဟောတိ စက္ခုဒေါ။

အန္နဒေါ၊ ဆွမ်းခဲဖွယ် ဘောဇဉ် ချိုချဉ်သစ်သီး အနည်း နည်းကို ပေးလှူသောသူသည်။ ဗလဒေါ၊ အားအင် ဗလကို ပေးလှူသည်မည်၏။ ဝတ္ထဒေါ၊ အဝတ်ကို ပေးလှူသောသူသည်။ ဝဏ္ဏဒေါ၊ အဆင်းကို ပေးလှူသည် မည်၏။ ယာနဒေ ယာဉ်ကိုပေးလှူသောသူသည်။ သုခဒေါ၊ ချမ်းသာကိုပေး

သည်မည်၏။ ဒီပဒေါ၊ ဆီမီးကိုပေးလှူသောသူသည်။ စက္ခုဒေါ၊ မျက်စိကို ပေးလှူသည်မည်၏။

ဤဒေသနာတော်နှင့်အညီ ယနေ့ တို့ဒကာ ဒကာမများမှာ အဝတ်ကို ပေးလှူရပြီ။ အဝတ်ဆိုတဲ့ နေရာမှာလဲ ရိုးရိုး အဝတ်တင်မဟုတ်ဘူး။ သင်္ကန်းအဝတ်ဖြစ်ပါတယ်။ သင်္ကန်း မှာလဲပဲ ကထိန်လျာသင်္ကန်းဖြစ်ပြန်တယ်၊ ဒါကြောင့် ထူး သထက်ထူး၊ မြတ်သထက်မြတ်တဲ့ အဝတ်အလှူ ဖြစ်ပါတယ်။ ဒီအလှူနဲ့စပ်ပြီး အကျိုးတရားကို ဝမ်းမြောက်စရာ ဟောကြား လို့ ဝတ္ထုသက်သေထားပါမယ်။ ဝတ္ထုကတော့ ဓမ္မပဒ အဋ္ဌ-ကထာ ပထမတွဲမှ မဟာကပ္ပိန ရှင်ဘုရင်နှင့် အနောဇာမိဖုရား တို့အကြောင်း ဖြစ်ပါတယ်။

ရှေးအခါက ဗာရာဏသီ ပြည်အနီးမှာ အိမ်ခြေတစ်ထောင် ရှိတဲ့ ရက်ကန်းသည်ရွာကြီးရှိတယ်။ အဲဒီရွာမှာ မဟာကပ္ပိန ရှင်ဘုရင်အလောင်းနှင့် အနောဇာ မိဖုရားအလောင်း နှစ်ဦးတို့ဟာ ရွာသူကြီးမောင်နှံဖြစ်ခဲ့ကြတယ်။ တစ်ခုနေ့မှာ ဝါဆိုခါနီး အချိန်ရောက်လာတော့ ပစ္စေကဗုဒ္ဓါ အရှင်မြတ် တစ်ထောင်တို့ဟာ ဝါကပ်ဆိုရန် ဝါဆိုကျောင်း ရရှိရေးအတွက် ကိုယ်စားလှယ် ရှစ်ပါးကို ဗာရာဏသီမင်းထံ စေလွှတ်သတဲ့။ မင်းကလဲလယ်ထွန် မင်္ဂလာကျင်းပနေတော့ ပစ္စေကဗုဒ္ဓါတွေကို အရေးမစိုက်နိုင် ပါဘူးတဲ့။ ပစ္စေကဗုဒ္ဓါ ကိုယ်စားလှယ်တော်ကြီး ရှစ်ဦးဟာ အသာကလေး ပြန်လာရင်း စောစောက ရက်ကန်းသည်ရွာမှ သူကြီးကတော်နှင့် တွေ့သတဲ့။

သူကြီးကတော့ ပဒ္ဒေကာဗုဒ္ဓါ အချင်မြတ်များရဲ့ ကြည်ညိုဖွယ်ကို ဖူးတွေ့ရတော့ ဝမ်းမြောက်စွာနှင့် အရှင်မြတ်တို့ကို အကျိုးအကြောင်း လျှောက်ထားတယ်။ တချို့များဆိုရင် သူ့ဘာသာသူ နေတာပဲဆိုပြီး အသာဖယ်သွားမယ်။ အခုတော့ လိမ္မာရေးခြားရှိတဲ့ အမျိုးသမီးဖြစ်လို့ အရှင်မြတ်များမှာ တစ်ခုခုအကြောင်းထူးတော့ ရှိမှာပဲဆိုပြီး ရှိခိုးနှုတ်ဆက်ပြီးလျှောက်ထားတယ်။ အကျိုး အကြောင်း သိရှိတော့ သိပ်ဝမ်းသာသွားတယ်။

ဪ....ငါတို့မှာ အရေတော်လေစွ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်များကို ကျောင်းဆောက် ကိုးကွယ်ကြရတော့မှာ ဆိုပြီး ဝမ်းသာ အားရနှင့်- "အရှင်မြတ်ဘုရားတို့၊ဝါကပ်ဆိုရန်လဲနီးပါပြီ။ အရှင်မြတ်များသည် ဤရွာကိုအမှီပြုပြီး ဝါကပ်တော်မူကြပါ၊ ဘုရားတပည့်တော်မများက ပစ္စည်းလေးပါးလှူဒါန်းပါမည်။ အရှင်မြတ်များကို အမှီပြုပြီး ဘုရား တပည့်တော်မများမှာ ကုသိုလ်ပွားကြရပါမည် ဘုရားလို့ လျှောက်ထားတယ်။

ပြီးတော့ ရွာကိုပြန်သွားပြီး တစ်ရွာလုံးကို တိုင်ပင်တယ်။ ပစ္စေကဗုဒ္ဓါတစ်ထောင်တွက် တစ်အိမ်လျှင် ကျောင်းတစ်ဆောင်စီဆောက်စေတယ်။ ရွာမှာ အိမ်တစ်ထောင်ရှိတော့ ပစ္စေကဗုဒ္ဓါတစ်ထောင်ကို တစ်အိမ်ကျစီ ဆွမ်းရော၊ ကျောင်းရော ဝေပုံချပြီး လှူဒါန်းကြဖို့ စီမံခန့်ခွဲတယ်။ သူစီမံလိုက်တာ ပစ္စေကဗုဒ္ဓါတွေမှာ အားလုံးပြည့်စုံပြီး ချမ်းချမ်း သာသာ ဝါကပ်ဆိုတော်မူကြရတယ်။

သီတင်း ဝါလကျွတ်တော့ တစ်အိမ်သကင်္န်းတစ်စုံစီ ရက်လုပ်ဖို့ နှီးတော် ပြန်တယ်။ လိမ္မာရေးခြား စကားအရာ ပီယဝါစာနှင့် လိုက်သံနှိုးဆော်လိုက်ဘော့ သင်္ကန်းအစုံပေါင်း တစ်ထောင်လဲ ရပြန်တာပဲ။ တယ်တော်တဲ့ အမျိုးသမီးပဲနော်။ အဲဒီသင်္ကန်းတစ်ဆောင်ကို ကထိန်လျာသင်္ကန်းအဖြစ် လှူဒါန်းပြန်တယ်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်က တစ်ထောင်။ သင်္ကန်းအစုံပေါင်းက တစ်ထောင်။ သာသနာ့ အရောင် ဝင်းထိန်ပြောင်ပြီး ဘယ်လောက်ကြည်ညိုစရာများ ကောင်းလိုက်မလဲလို့ မှန်းဆပြီးသာ ကြည်ညိုကြပါတော့။

အဲဒီလို စုပေါင်းကုသိုလ်ပြုကြပြီးတဲ့နောက် ပစ္စေကဗုဒ္ဓါအရှင်မြတ်များကလဲ ဝါကျွတ်ပြီးလို့ ဒေသစာရီ ကြွကြတော့ မွာမို့ ကန်တော့ပွဲကြီး ကျင်းပကြဘယ်။ လိုအပ်သောဆုများတောင်းကြတာပေါ့လေ။ ဆုတောင်းလိုက်ပုံကတော့-

ကောကဿောကာ ဝါသေန၊
ပိဏ္ဍာဒိပယောဟိတေ။
ဝဿံ ဝုဋ္ဌေ စ ဒုသေန
ပဂ္ဂဟုံ သမစိတ္တကာ။

တေ၊ ထိုမဟာကပ္ပိန် နရိန်လောင်းလျာ အနော်ဇာနှင့် သဒ္ဓါရှိဆောင် ရှာသားတစ်ဆောင်တို့သည်။ သမစိတ္တကာ၊ စိတ်တူ ကိုယ်တူ ကြည်ဖြူမျှတ သဒ္ဓါလှကြကုန်သည်ဖြစ်၍။ ကောကော၊ သဒ္ဓါကြည်လင် အလှူရှင်တစ်ယောက်စီ သည်။ ကောကဿ၊ အမြတ်ထွတ်တင် ပစ္စေကအရှင်တစ်ပါးစီအား။ အာဝါ

သေန စ၊ ဝမ်းသာရွှင်ပြုံး သီတင်းသုံးစရာ ကျောင်းဝိဟာ တစ်ဆောင်စီဖြင့်လည်းကောင်း။ ပိဏ္ဍာဒိပဝ္စယေဟိ စ၊ ဆွမ်း သင်္ကန်းဆေး လေးပစ္စယ အဝဝတို့ဖြင့်လည်းကောင်း။ ပဂ္ဂဟေတွာန၊ သဒ္ဓါစိုက်ဆောက် စေဘနာပေါက်ကာ ချီးမြှောက်ကြပြီ·၍။ ဝဿံဝုဋ္ဌေ၊ မိုးလကင်းလွတ် သီတင်းကျွတ်ရာ ကထိန်ခေတ်အခါ၌။ ဒုဿေန စ၊ တစ်ဦးစီတစ်ဦးစီ အထူးရည်လျက် ပြုံးကြည်ရွှင်လန်း ကိုယ်တိုင်ရက်သည့် မြတ်သင်္ကန်းဖြင့်။ပဂ္ဂဟုံ၊ ငမ်းပန်းတသာ ပြည်မြေမာသို့ သေချာရောက်ကြောင်း ဆုမွန်တောင်း၍ ကောင်းမှုတွေ ပြုခဲ့ကြလေသပြီ။

အဲဒီလိုကုသိုလ် အတူပြုနေကြတာကြောင့် တစ်ထောင်သော သူတို့ဟာ အပါယ်မကျဘဲ၊ အတူတကွ လူ့ရပ်နတ်ဌာန် စုန်ဆန်လူးလာ စံစားကြပြီးနောက် ငါတို့ ဂေါတမဘုရားရှင် လက်ထက်တော်အခါ ကုက္ကုဋဝတီမြို့တော်ကြီးမှာ ယခင်ရွာသူကြီးက မဟာကပ္ပိန ရှင်ဘုရင်ဖြစ်လာတယ်။ သူကြီးကတော်က အနော်ဇာမိဖုရား ဖြစ်လာတယ်။ အခြံအရံတစ်ထောင်က မင်းမိဖုရားရဲ့ အခြံအရံတစ်ထောင်ဖြစ်လာတယ်။ သူတို့ဟာ ကုသိုလ်အတူတူပြုခဲ့ကြတာမို့ အမိဝမ်းတွင်း အတူဆင်း၊ တဲ့ ညီချင်းအစ်ကို မောင်ရင်းနှမတွေလို အင်မတန်ချစ်ခင်ကြသတဲ့။ သိပ် ပျော်စရာကောင်းကြမှာပဲ၊

မဟာကပ္ပိန ရှင်ဘုရင်ကြီးဟာ တစ်နေ့သောအခါမှာနောက်လိုက် အမတ်တစ်ထောင်တို့နှင့်တကွ ရထားစီးပြီး ဥယျာဉ်တော်သို့ ထွက်လာတယ်။ လမ်းခုလယ်မှာ သာဝတ္ထိပြည်မှ ကုန်သည်

ရောင်းဝယ် လာရောက်ကြတဲ့ လှည်းကုန်သည်တွေ ငါးရာနဲ့ တွေတော့ သတင်းအထူးအဆန်း ဝါသနာပါတဲ့အတွက် ဘယ်လို သတင်းထူး ကြားခဲ့ကြသလဲလို့ ကုန်သည်တွေကို မေးတယ်။ ကုန်သည်တွေက မိမိတို့ သာဝတ္ထိပြည်မှာ (သဗ္ဗညု ထွတ်ထား ဘုရားရှင် ပွင့်တော်မူပါတယ်)လို့ဆိုတဲ့ သတင်းကိုလျှောက်ထား ကြတယ်။

ဘုရားဆိုတဲ့ သတင်းကို ကြားလိုက်ရုံနှင့်ပဲ မင်းကြီးဟာ ဝမ်းသာလုံးဆို့ပြီး မေ့မြောသွားတယ်။ အတန်ကြာမှ သတိရလာလို့ အသင်ကုန်သည်တို့၊ ဘုရားလို့ ပြောလိုက်သလားလို့ ထပ်မေးတယ်။ မှန်လှပါ၊ ဘုရားပွင့်ကြောင်းပါဘုရားလို့ ထပ်လျှောက်ထားပြန်တယ်။ ဘုရင်ကြီးဟာ ဘုရားနှင့် ရေစက်ပါလွန်းလို့ ဘုရားလို့ကြားရတိုင်း ပီတိလှိုင်းတွေထပြီး မေ့မြောလို့ သွားလိုက်တာ ၃-ကြိမ်တိုင်သွားတယ်။ ကုန်သည်တွေကို သတင်းကောင်း ယူလာတယ်ဆိုပြီး ဘုရားသတင်း အတွက် တစ်သိန်း၊ တရားသတင်းအတွက် တစ်သိန်း၊ သံဃာသတင်း အတွက် တစ်သိန်းဆုပေးတော်မူတယ်။ ဘုရားလို့ကြားလိုက်ရတာနှင့် တပြိုင်နက် ကဲ မောင်မင်းတို့၊ ဘုရားပွင့်ပြီဆိုမှတော့ ဘုရားထက် တန်ခိုးကြီးတာ မရှိတော့ဘူး။ ဒါကြောင့် ထီးတွေ နန်းတွေ မိရာဖုးတွေဆိုတာ အလကားဟာတွေပဲ။ ငါတော့ ဘုရားဖူးရန် သွားတော့မယ်။ နန်းတော်မပြန်တော့ဘူး၊ ဒီနေရာ ကပဲသွားမယ်။မင်းတိုလိုက်ကြမလားဆိုတော့ အမတ်တွေကလဲ လိုက်မယ်လို့ ကတိပေးကြတယ်။

ကုန်သည်တွေကိုတော့ အမောင်တို့ နန်းတော်ကို သွားလေကြ။ အနော်ငေ းဖုံရားကို ဘုရားသတင်း သွားပြောကြ။ သူကလဲ အသင်တို့ကို သုထူးများ ပေးလိမ့်မယ်။ ငါတော့ ဘုရားရှင်ထံ အမြန်သွားပြီလို့ သတင်းကိုလဲ ပြောပြလိုက်ပါလို့ မှာပြီး အဲဒီနေရာကပဲ ဘုရားရှင်ကို မှန်းဆပြီး ထွက်လာခဲ့ကြတယ်၊ ဘုရားရှင်ထံ ရောက်လိုဇောနှင့် မြင်း၊စီးပြီး ထွက်လာရာ အပရပစ္ဆာခေါ်တဲ့မြစ်နားကိုရောက်လာတယ်။ မြစ်ကလဲ နှစ်ဂါဝုတ်လောက်ကျယ်တယ်။ လှေစရာ လှေဖောင်ကလဲ မရှိဘူး။

ဒီနေရာ မှာ မင်းကြီးက စဉ်းစားကြည့်တယ်။ "ငါတို့သည် သံသရာမြစ်ကြီးကို ကူ မြောက်ရန် ထွက်လာခဲ့ပါတယ်။ ဒီမြစ်ကလေးဟာ သံသရာမြစ်ကြီးနှင့်စာရင် အကျဉ်းကလေးမျှသာ ဖြစ်တယ်။ ဘုရားရှင်သည် သံသရာမြစ်ကြီးကို ကူး၊မြောက်တော်မူပြီးပြီ၊ ထိုဘုရားရှင် ဂုဏ်တော်ဖြင့်ပင် ငါတို့ ကူးကြစို့" ဆိုပြီး ဂုဏ်တော် အဓိဋ္ဌာန်နှင့် ကူးလိုက်တာ မြင်းခွာကိုတောင်မှ ရေမစိုဘူး။ ပကတိ မြေပြင်ကို ခြေတင်လို့သွား၊သကဲ့သို့ အသာကလေးနှင့် ဟိုဘက်ကမ်းရောက်သွားတော့ ဘုရားတန်ခိုး ပို၍ယုံကြည် ဝမ်းမြောက်သွားတော့တာပေါ့။

အဲဒီ အပရပစ္ဆာမြစ် ပြီ တဲ့နောက် နီလဝါဟနာ ခေါ်တဲ့ မြစ်သို့ ရောက်ကြတယ်။ ဒီမြစ်က ယူဇနာတစ်ဝက်ကျယ်တယ်၊ ဒီမြစ်ကိုလဲ ဘုရား၊ဂုဏ်တော်ကို အဓိဋ္ဌာန်ပြီး ကူးပြန်တယ်။ တတိယအကြိမ်မှာလဲ စန္ဒဘာဂါခေါ်တဲ့ မြစ်ကိုရောက်ပြန်တယ်။ ဒီမြစ်က တစ်ယူဇနာ ခရီးကျယ်ဘယ်။ အဲဒီမြစ်ကိုလဲ ဘုရား၊ဂုဏ်တော်နှင့်ပဲ အဓိဋ္ဌာန်လျက် ကူးပြန်တယ်။

တတိယဖြစ်တဲ့ စန္ဒာဘာဂါမြစ်ကို ကူးမြောက် လိုက်တာနှင့် တပိုင်နက် ဘုရားရှင်ကိုယ်တော်မြတ်က ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးလို့ ကြိုဆိုတော်မူပါတယ်။ ပါရမီရှင်များဆိုတာ ဘုရားရှင်ပင်လျှင် ကြိုရတယ်။ ဘယ်လောက် ဝမ်းမြောက်စရာ ကောင်းလိုက်သလဲလို့၊ မဟာကပ္ပိနရှင်ဘုရင်ဟာ အဝေးကပင်ဘုရားရှင်ကို ဖူးမြင်ရတော့ ဒါ-ဧကန္တဗုဒ္ဓဖြစ်ရမယ်လို့ဆုံးဖြတ်နိုင်တယ်။ ရှိသေစွာဖြင့် ဘုရားရှင်ကို မြင်ရတဲ့နေရာကပဲ မြင်းပေါ်ကဆင်းပြီး ခြေကျင်လျှောက်ကာ ဘုရားရှင်ထံမှောက် အရောက်လာတယ်။ အမတ်ဘစ်ထောင်နှင့်အတူ ဘုရားရှင်ကို မဝသော ဖူးမြင်ခြင်းဖြင့် ဖူးတွေ့တယ်။ ဘုရားရှင်က မဂ်ဖိုလ်နှင့်စပ်သော သစ္စာတရား ပြလိုက်တာနဲ့ တပြိုင်နက် မင်းနှင့်တကွ ပရိသတ်ကြီး သောတာပန် တည်သွားတယ်။ ဒီတော့မှ သာသနာ့ရဲ့ အရသာကို ကျကျနနကြီးသိလို့ သာသနာ့ထဲ အတွင်းကျကျ ဝင်ပါ တော့မယ်လို့ ဆိုပြီး ရဟန်းပြုခွင့်ပေးတော်မူပါလို့ တောင်းပန်တယ်။

မြတ်စွာဘုရားက ဤသူတို့မှာ ဧဟိဘိက္ခု ခေါ်နိုင်လောက်အောင် ရှေးက သင်္ကန်းလှူဖူးရဲ့လားဆိုတာ ကြည့်လိုက်တော့လှူဖူးကြောင်း သိတော်မူလို့ "ဧဟိဘိက္ခု" ခေါ်တော်မူတယ်။ ဧဟိဘိက္ခု ခေါ်တယ်ဆိုတာက မြန်မာလို "ချစ်သား၊ လာလှည့်။ ငါဘုရားရှင်ရဲ့ သာသနာမှာ တရားအားထုတ်လှည့်ပါ။ ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ လျင်မြန်စွာရောက်လိမ့်မယ်" လို့ ခေါ်တော်မူတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ ဒီလိုခေါ်လိုက်တာနှင့်တစ်ပြိုင်နက်တန်ခိုးဖြင့်ပြီးသော သင်္ကန်းပရိက္ခရာအပြည့်

အစုံ ဝတ်ရုံပြီး တစ်ခါတည်း ဝါတော်ခြောက်ဆယ်ရ မထေရ်လို ဘုရားရှေ့မှာ ရဟန်းတော်တွေ တခါတည်း ဖြစ်သွားတယ်။ အဲဒါ သက်န်းလှူခြင်းရဲ့အကျိုးထူးပဲ။ သင်္ကန်းသာမလှူဖူးရင် "ဧဟိဘိက္ခု" ခေါ်လို့မရဘူး။ ရဟန္တာတော့ ဖြစ်ချင်ဖြစ်မှာ ပေါ့။ ရဟန္တာဖြစ်နိုင်တာက ကုသိုလ်တစ်မျိုး၊ "ဧဟိဘိက္ခု" ခေါ်နိုင်တာက တစ်မျိုးစီဖြစ်တယ်။

ကုန်သည်တွေဟာ နန်းတော်သွားပြီး မိဖုရား အနောဇာကိုလဲ ဘုရား၊ တရား၊ သံဃာ သတင်းကို လျှောက်ထားတော့ မိဖုရားကလဲ သိပ်ဝမ်းမြောက်လို့ ပီတိယုံး ဆို့ပြီး ၃-ကြိမ် မေ့မြောသွားတယ်။ ကုန်သည်တွေကို မင်းကြီးက ဒီသတင်းအတွက် ဘယ်လောက်ပူဇော်သလဲမေးတော့ ရတနာ တစ်ပါးကို တစ်သိန်းစီပူဇော်ကြောင်း လျှောက်ထားကြတော့ မင်းကြီးထက် ၃-ဆ တိုးပြီး၊ ရတနာတစ်ပါးလျှင် ၃ သိန်းစီနှုန်း ၉-သိန်းတိတိ ပူဇော်လိုက်တယ်။ သာမန်မိန်းမမှုမဟုတ် ဘဲကိုး။ ဟို အလျင်ဘဝတုန်းမှာလဲ ပစ္စေကဗုဒ္ဓါ ငါးရာကို သူပဲ ပင့်ဆောင်ခဲ့တာပဲ မဟုတ်လား။ ပြီးတော့ မိန်းမများ ဆိုတာ သူများထက်သာရမှ ထူးရ ဆန်းရမှ ကျေနပ်တာ။ အခုလဲ မင်းကြီးထက် ၃-ဆတက်ပြီး အသာယူလိုက်တယ်။ သူ့ထက်ဆန်းတယ်ဆိုတာ ဒီလိုနေရာမျိုးမှာ ထူးဆန်းမှုအကျိုးရှိတာ။ သူများ တိုက်တည်ရင် ငါက တန်းတည်မည်လို့ ပြိုင်တာတွေကိုတော့ နောက်ဆုံးမှာ "မာန်မူကြွကြွ မြင့်လွန်းကလည်း လျောကျနောက်ဆုံးရှိချေ၏။" ဆိုတာလိုဖြစ်တတ် ပါတယ်။

ကုန်သည်တွေက မင်းကြီးနှင့် အမတ်တစ်ထောင်တို့ ဘုရားရှင်ထံ ချက်ချင်းလိုက်သွားဟဲ့အကြောင်းကိုပါ ဆက်လျှောက်ထားတော့ ဘယ်အောက်ကျခံမလဲ သူတောင်မှ ထီးနန်းကို စွန့်နိုင်သေးတာ၊ သူစွန့်တဲ့တံထွေးကို ငါကဘာလို့ မျိုရမှာလဲ၊ သူ့ထက်တောင် စွန့်နိုင်သေးတယ်ဆိုပြီး အားကျမခံ အခြံအရံတစ်ထောင်နှင့်အတူရထားစီးပြီး ဘုရားရှင့်ထံလိုက်တော့တာပဲ။ အင်း....ခုခေတ်တော့ ထီးနန်းမပြောနှင့် ဘာမဟုတ်တဲ့ တဲကုပ်တောင်မှ စွန့်နိုင်ဖို့ ခဲယဉ်းကြပေတယ်။ ပါရမီချင်း သိပ်ကွာကြပါပေတယ်။ မိဖုရားနှင့် အခြံအရံ တစ်ထောင် တို့ဟာလဲ ရှေးနည်းအတူ မြစ်ကြီးဆီးနေတာ တွေ့တော့ဘုရားဂုဏ်တော်ကို အဓိဋ္ဌာန်ပြီး ကူးကြတာ မြစ်သုံးတန်လုံးမှာရထားဘီးတောင်မှ မစွတ်စိုဘဲ ဘုရားရှေ့မှောက် ရောက်ကြပါတယ်။

မင်းနှင့်မိဖုရားတို့ဟာအချင်းချင်းမြင်နေကြရင်(တစ်ယောက်တည်း ထွက်သွားရကောင်း မလား၊ တကယ်ဆို အတူခေါ်ရောပေါ့) စသည်ဖြင့် အပြစ်တင်နေကြမှာစိုးလို့ အချင်းချင်းမမြင်သာအောင် တန်ခိုးဖြင့်ကွယ်ထားလိုက်တယ်။ မိဖုရားနှင့် အခြံအရံများ ကတော့ ဘုရာ ရှင်အာရုံနှင့်ပဲ မင်းကြီးဘယ်မှာလဲ မမေးအားပါဘူး။ ဘုရားရှင်ကို ဖူးမဝ ဖြစ်ငေ ပါတယ်။ ဘုရားရှင်က မိဖုရားနှင့် အခြံအရံတို့ကို တရားဟောတယ်။ မင်းကြီးတို့လဲ ရဝ်းတရားကိုလိုက်ပြီး နာယူကြတယ်။ အဲဒီမှာ မိဖုရားနှင့် အခြံအရံများက သောတာပန် တည်ကြတယ်။ မင်းကြီးနှင့်ပရိသတ်ကတော့ ရဟန္တာဖြစ်ကြတယ်.

တရားဆုံးတော့ ဘုရားရှင်က အဓိဋ္ဌာန်ရုပ်သိမ်းလိုက်တယ်။ အချင်းချင်း ဝမ်းသာအားရ တွေ့ကြတယ်။ အနေ့်ဇာ မိဖုရားနှင့် ပရိသတ်ကလဲ ရှေ့ဆက် အားထုတ်လိုက် ကြတာ ရဟန္တာ ထေရီမများ အသီးသီးဖြစ်လို့ ဘုရားရှင် ထံမှာဲ "ဧဟိဘိက္ခု" အခေါ်ခံရတယ်။ ဘုရားရှင်လဲ မင်းမိဖုရားတို့ ဆီးကြိုရာ ညောင်ပင်ရင်းမှာပဲ အားလုံးရဟန္တာကိစ္စ ပြီးဆုံးပြီ ဖြစ်တော့ ပွင့်သစ်စဖြစ်တဲ့ ရဟန္တာမထေရ် တစ်ထောင်၊ ရဟန္တာ ထေရီမ တစ်ထောင်ခြံရံပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်သို့ ပြန်ကြွလာလိုက်ဘာ အင်မတန်မှ ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံပြီး ကြည်ညိုစရာကောင်းနေပါတယ်။

ဂုဏ်တော်ရည်မှန်း ကြည်ညိုစမ်း၊

တာရကာ ပရိဝါရိတံ၊
စန္ဒံ ဝ ဂဂနတလံ၊
ဝေ သောဘဂ္ဂသမ္ပန္နံ၊
နာဂေဟိ ပရိဝါရိတံ။

(ဓဝနာ ဂ ါထာ။)

ဂဂနတလံ-ဂဂနတလေ၊ ဆီးနှင်းမြူတိမ် သူရိန်ကင်း၍ ပြာလဲ့ကြည်လင် ထက်ကောင်းကင်၌။ တာရကာ ပရိဝါရိတံ၊ တလက်လက်ထွန်းတောက် မြားမြောက်သွယ်သွယ် ငွေစင်ကြယ် တို့ တုန့်လှည်ပတ်ခြံ ဝန်းရံ၍နေထသော။ ပုဏ္ဏမံ၊ ဝိုင်းဝိုင်းတိတ် ရွှန်းစိုအိ၍ အလုံးစုံ ပြည့်ထသော။ စန္ဒံ၊ အေးမြရောင်ခြည်

သိတလိပ်ဟု ငွေရည်ဘော်သွန်း လပြည့်ဝန်းသည်၊ ဝိဓရာစန္ဒာဝ ကျက်သရေမင်္ဂလာ လွန်စွာဖြိုးကြွယ် တင့်ထယ်လှပ ရှုမဝလေ သကဲ့သို့၊ ဝေဝံ တထာ၊ ဥပမာခိုင်း နှိုင်းတုစရာ သည်အတိုင်း သာလျှင်၊ သာသနေ၊ ကိလေသာမြူရှိန် ပူဟိန်ကင်းပ အေးမြ သာယာ သာသနာဥ္၊ နာဂေဟိ ပရိဝါရိတံ၊ ကိလေသာ အာသဝေါခွာမျောကင်းပြတ်ရဟန္တာအရှင်မြတ်တို့ဖြင့်ဝန်းပတ် ခြံရံအပ်သော၊ သောဘဂ္ဂသမ္ပန္နံ၊ သိရိဘုန်းဂုဏ် ကိုယ်လုံးခြုံ၍ သုံးဘုံကျက်သရေ မကိုဋ်ပေဟု တွက်ရေများဖြင့် ဂုဏ်ထူးတင် သည့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ သာဒရံ၊ ကိုယ်ရော စိတ်ပါ ညွတ်နူးစွာဖြင့်၊ ဝန္ဒေ-ဝန္ဒာမိ၊ နှလုံးပီတိ ဂွမ်းဆီထိမျှ အားရဝမ်းသာ ရှိခိုးကန်တော့လိုက် စမ်းပါလေ့။

ကဲ-သကၠန်းလှူရတဲ့ အကျိုးနှင့်စပ်ပြီး ရှင်ဘုရင်၊ မိဖုရား၊ ပရိတ်သတ်များဖြင့် တရားသစ္စာ သိမြင်ကြလို့ နိဗ္ဗာန်တောင်မှ ဝင်စံကုန်ကြပြီ။ တို့ပရိတ်သတ်လဲ သူတို့နှင့်ထပ်တူ သင်္ကန်းအလှူ တော်လှူပြီးပြီ။ နိဗ္ဗာန်စခန်းတက်လှမ်းဖို့အကြောင်း ဝိပဿနာ အလုပ်ကောင်းတွေကို ကြိုးစားအားထုတ်ကြရန် စခန်းကလဲ ကျန်ပါသေးတယ်၊ ဒါကြောင့် ဝိပဿနာအလုပ် အတိုချုပ် ပွားများလိုက်ကြပါစို့။ အားလုံးလိုက်ဆိုကြပါ။

၁။ လှူဖွယ်ဝတ္ထု အစုစုလည်း ပြုပြင်သမျှ သခ်ါရမို့ ခဏ ဖြစ်လျက် ခဏပျက် စဉ်ဆက်မပြပေ။

၂။ အလှူခံသား ဤ အရှင်များလည်း ထိုနည်းချည်း အပြီး ပုံမသေ။

၃။ အလှူပေးငြား ပုဂ္ဂိုလ်များလည်း ထိုနည်းချည်း အပြီး ပုံမသေ့။

၄။ ဖြစ်ပျိုးပွက်မျိုး ဒုက္ခရှိုး အဆိုးချည်းသာပေ။

၅။ အဆိုးဒုက္ခ စိုးမရ အနတ္တချည်းသာပေ။

၆။ လက္ခဏာယာဉ် တင်ကာပင် ဆင်ခြင်သုံးသပ်နေ။

၇။ မဂ္ဂင်ပွားစီး ရထားကြီး ထွက်ပြီးနိဗ္ဗာန်ပြေ။ (ပြည်)

၈။ နိဗ္ဗာန်ရောက်မှ အေးချမ်းရ ဒုက္ခငြိမ်းပြီလေ။

ကဲ-တရားလဲ စုံလင်သွားပြီ။ တရားနိဂုံး သတ်ကြစို့ရဲ၊

ကတော ကမ္မံ ကတ္တာနံ၊
ပုညခေတ္တေ အနုတ္တရေ။
ကေတော သံသရိတ္တာနံ၊
ကေတော ဝိနိဝတ္တယံ။

(အနက် ရှေးအတိုင်းရွတ်ဆို၍ နိဂုံးသတ်လေ)

ကထိန် အလှူတရားတော် ပြီး၏။

ဆွမ်းအလှူအကြောင်း ရှေ့ဒါနခန်း၌ ပြခဲ့ပြီ။

ကျောင်းအလှူတရားတော်

အန္နဒေါ ဗလဒေါ ဟောတိ၊
ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ။
ယာနဒေါ သုခဒေါ ဟောတိ၊
ဒီပဒေါ ဟောတိ စက္ခုဒေါ။

သော စ သဗ္ဗဒဒေါ ဟောတိ၊
ယော ဒဒါတိ ဥပဿယံ။
အမတံ ဒဒေါ စ သော ဟောတိ၊
ယော-ဓမ္မ-ပနုသာသတိ။ (သံ၊ပ)

ဒေဝပုတ္တ၊ သို့လိုရေးနှင့် မေးလျှောက်လာငြား အို-နတ်သား။ အန္နဒေါ၊ ဆွမ်းခဲဖွယ် ဘောဇဉ် ချိုချဉ်ရသာပေး လှူသောသူသည်။ ဗလဒေါ၊ အားခွန်ဗလကို ပေးလှူသည် မည်၏။ ဝတ္ထဒေါ၊ အဝတ်ကို ပေးလှူသောသူသည်။ ဝဏ္ဏဒေါ၊ အဆင်းကိုပေးလှူသည်မည်၏။ ယာနဒေါ၊ ယာဉ်ကို ပေးလှူသောသူသည်။ သုခဒေါ၊ ချမ်းသာကို ပေးလှူသည်မည်၏။ ဒီပဒေါ၊ဆီမီးကို ပေးလှူသောသူသည်။ စက္ခုဒေါ၊ မျက်လုံးကို ပေးလှူသည်မည်၏။ ယော၊ အကြင်သူသည်။ ဥပဿယံ၊ နေရာကျောင်းကို။ ဒဒါတိ၊ ပေးလှူ၏။ သော၊ ထိုသူသည်။ သဗ္ဗဒဒေါ၊ အားလုံးကို ပေးလှူသည်။ ဟောတိ၊ ဖြစ်၏။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ တရားကို။ အနုသာသတိ၊ ဟောကြား ဆုံးမ၏။ သော၊ ထိုသူသည်။ အမတံ၊အမြိုက်ကို။ ဒဒေါ စ၊ ပေးလှူသည်မည်၏။

ဒီ ဒေသနာတော်နှင့်အညီ ကျောင်းအလှူဟာ အလှူ အားလုံးကို ပေးလှူတာ မည်တယ်။ ရဟန်း တော်များမှာ ပစ္စည်းလေးပါးရယ်လို့ ရှိတယ်။ မှီရာလေးပါးပေါ့၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတို့ဖြစ်တယ်။ ကျောင်းတစ်ခုကို လှူလိုက်တာဟာ ပစ္စည်းလေးပါးကို လှူခြင်းမည်ပါတယ်တဲ့။ အဓိပ္ပာယ်က ဥပမာ ဆွမ်းခံသွားလို့ မရရင် ဖြစ်စေ၊ ဆွမ်းခံ မသွားနိုင်အောင်ထိ မကျန်းမမာရင် ဖြစ်စေ ကျောင်းထဲ ဝင်ပြီး ဧရသောက် အသန်၊ပြေနေလိုက်ရင်ဆွမ်းမစားရပေမယ့် အားပြည့်လာလို့ ဆွမ်းကိစ္စပြီးပါတယ်။ တစ်ရက်တာမျှတော့ ခံနိုင်ရည် ရှိသွားတယ်။

ဒါဟာ ကျောင်းကနေပြီး ဆွမ်းကိစ္စကို ဆောင်ရွက်လိုက် ခြင်းပါဘဲ၊ သင်္ကန်းမရှိရင်လဲ ကျောင်းထဲ ဝင်အိပ်နေရင် အရှက်အကြောက်လုံပြီး ဖြစ်သွားတယ်။ ဒါဟာလဲကျောင်းက သင်္ကန်းကိစ္စကို ဆောင်ရွက်လိုက်ခြင်းပဲ။ မကျန်းမမာရင်တော့ ကျောင်းက သိပ်အရေးကြီးတော့တယ်။ ကျောင်းထဲဝင်အိပ်ပြီး နားနေလိုက်ရင် အတော်အတန် မကျန်းမာတာ လောက်တော့ ပြေပျောက်သွားတာပါပဲ၊ ဒါကြောင့်ကျောင်းဟာ ဆေးကိစ္စ ကိုလဲ ဆောင်ရွက်နိုင်ပါတယ်၊ ဒါတွေဟာ ကျောင်းကပစ္စည်း လေးပါးကို ဆောင်ရွက်ခြင်းပါ။ ဒါကြောင့်ကျောင်းတစ်ခုကို လှူလိုက်တာဟာ ပစ္စည်းလေးပါးလုံးကို လှူလိုက်ခြင်းမည်တယ် လို့ဆိုခဲ့ပါတယ်။

ကျောင်းသာ မရှိရင် တခြား ပစ္စည်းလေးပါးတွေဟာဘာ မျှ ထောက်ဘည်ရာမပေးနိုင်ပါဘူး ဒါကြောင့် ဘုရားရှင်က

ကျောင်းအလှူကို အမြတ်ဆုံးဒါန အဖြစ်ထားပါတယ်။ အနာထပိဏ်သူဌေးကြီး ကျောင်းလှူတော့ ဘုရားရှင်က–

"ဝိဟာရဒါနံ သံဃဿ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ"

သံဃဿ၊ သံဃာအား။ ဝိဟာရဒါနံ၊ ကျောင်းအလှူကို။ ဗုဒ္ဓေန၊ ဘုရားရှင်သည်။ အဂ္ဂံ၊ အမြတ်ဆုံးဟူ၍။ ဝဏ္ဏိတံ၊ ချီးမွမ်းအပ်၏။

ဒီလို ဟောတော်မူပါတယ်။ ကျောင်းဆိုတာ အားလုံးရဲ့ တည်နေရာဌာနပေကိုး။ ကျောင်းအလှူရဲ့ အကျိုးပြ ဝတ္ထု သက်သေတွေတော့ အများကြီးရှိပါတယ်။ ဒီအထဲက အချို့မျှ ထုတ်ပြ ဟောကြားလိုက်ပါမယ်။

အခုဟောကြားမည့် ဝတ္ထုဟာ ဓမ္မပဒ အဋ္ဌကထာ ဒုတိယ တွဲမှ ရောဟိနီ မင်းသမီးဝတ္ထု ဖြစ်တယ်။ ဘုရားရှင်လက်ထက်တော်အခါက အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်ရဲ့ နှမ ဖြစ်တဲ့ ရောဟိနီ မင်းသမီးဟာ နူနာရောဂါ စွဲကပ်တယ်။ အစ်ကိုတော် အနုရုဒ္ဓါ ကြွလာတော့ တခြား ဆွေတော် မျိုးတော်တွေ လာရောက်ဖူးကြပေမယ့် သူကတော့ နူနာစွဲနေလို့အပြင်မထွက်ရဲဘူး။ အစ်ကိုတော် အရှင်အနုရုဒ္ဓါကမေးတော့ အကြောင်းစုံ သိရော၊ ဒီအခါကျတော့ အစ်ကို အနုရုဒ္ဓါက "နှမတော်၊ သင် သည်အတိတ်ကအကုသိုလ်ကြောင့် နူနာစွဲခဲ့တယ်။ အကုသိုလ်ကို ကုသိုလ်နှင့်ကုမှ ရတယ်။ ဒါကြောင့် ကောင်းမှုအဖြစ် ကျောင်း ဆောက်လှူပါ"လို့ မိန့်လိုက်တယ်။

နှမတော် ရောဟိနီ မင်းသမီးက မိမိဝတ်တဲ့ အဝတ်တန်ဆာများကိုရောင်းပြီးတော့ ဘုံခုနစ်ဆင့်ရှိတဲ့ ကျောင်းကို ဆောက်တယ်။ ပြီးတော့ အစ်ကိုတော်ကိုလျှောက်တယ်။ အရှင်အနုရုဒ္ဓါက "နှမတော်၊ သင်သည် ကျောင်းကိုအထက်ဘုံအဆင့်မှအစဉ်အတိုင်း လှေကားတိုင်အောင် ရေးဆေးပြီးတော့ တံမြက်လှည်းရမယ်၊ ရေခွံမ်းအိုး တည်ရမယ်၊ မျက်နှာသုတ်ပဝါ၊ ရေစစ်၊ ထွေးခံ စသည်ဖြင့်တည်ထားပြီး သန့်ရှင်းရေးလုပ်ရမယ်" လို့ မိန့်တော်မူပါတယ်။

နှမတော်ကလယ်ယုံကြည်စွာဖြင့် ပြုလုပ်လိုက်တာ နူနာရောဂါ သက်သာလာတယ်။ အဲဒီနောက် ဘုရားအမှူးရှိတဲ့ သံဃာတော်များကိုပင့်လို့ ကျောင်း ရေစက်ချပွဲ ကျင်းပတယ်။ အဲဒီမှာ ရောဟိနီမင်းသမီးဟာ တရားနာရင်း ရောဂါလဲ ကင်းတယ်။ မဂ်ဖိုလ်လဲ ရသွားပါတယ်။ ဒီဌာမမှုအကျိုးပေးတာပေါ့။အဲဒီလို ရောဂါကင်းပျောက်ရုံတင်မက သောတာပန်ဘဝဖြင့် လူ့ပြည်မှာ ချမ်းသာစွာနေပြီးနောက် သေလွန်တော့ တာဝတိံသာ နတ်ပြည်မှာ သွားဖြစ်တယ်။ ဖြစ်တာကအဖြစ်ဆန်း။ နတ်သားလေးယောက်တို့ ဝိုင်းရံနေတဲ့ဗိမာန်မှာ သွားဖြစ်တယ်။ လှလိုက်တာကလဲ လွန်ရော။ နတ်ပြည်တစ်ခုလုံး တုမမီဘူး။ ဒီတော့ သူလိုချင် ငါလိုချင်နှင့် ပြဿနာတက်ရောပေါ့။ဒီကိစ္စ တရားဆုံးဖြတ်ခံဖို့ သိကြားမင်းထံ ရောက်သွားတယ်။ သိကြားမင်းက တရားစစ်တယ်။

ဒီနေရာမှာ လူ့ပြည်တွင်မကဘူး၊ နတ်တွေ လွန်လွန်းတဲ့ အဖြစ်ကို ပြောရအုံးမယ်။ ပထမနတ်သားကို သိကြားမင်းက

တရားစစ်တော့“သူဟာ ဒိနတ်သမီးကို မြင်ရကတည်းက ရင်ထဲမှာ ဒိန်းဒလိန်းနတ်ပူးပြီး ရင်ထဲ စစ်စည်တီးသလို ဖြစ်နေပါတယ်။ ဒါကြောင့် ဒိနတ်သမီးနှင့်ကင်းလို့ သူမနေနိုင်တော့ပါ။ သူ့ကို ဒိနတ်သမီးအပိုင်ပေးပါ”လို့ ထွက်ဆိုတယ်။

နောက် နတ်သားတစ်ယောက်က “သူဟာ ဒိနတ်သမီးကို ချစ်လွန်းလို့ ချစ်စိတ်တွေ တားမနိုင်ဆီးမရ၊ တောင်ပေါ်ကစမ်းရေ ဒလဟောကျသလိုဖြစ်ရပါတယ်။ ဒါကြောင့် သူ့ကို ပေးပါ”လို့ တောင်းတယ်။

တတိယနတ်သားကတော့“သူ့မျက်စိတွေဟာ ဒိနတ်သမီးကို မြင်ကတည်းက ပုစွန်မျက်လုံးလို ပြူးနေပါတယ်။ မျက်လုံးကို အထဲပြန်သွင်းလို့တောင် မရတော့ပါဘူး”တဲ့။ ကဲလိုက်ကြတာ။ ဒါကြောင့် သူသာရထိုက်တယ်ပေါ့ ဒလ။

စတုတ္ထနတ်သားကတော့“ ရင်ထဲလေခတ်သလို တလှပ်လှပ်ဖြစ်နေရပါတယ်။ သူ့ကိုမရရင် ရင်ကွဲ သေရတော့မယ်။ ဒါကြောင့် သူ့ကိုပဲပေးပါ”လို့ တောင်းတယ်။

ဒီတော့ သိကြားမင်းက“အသင်နတ်သားတို့၊ သင်တို့အဖြစ်ထက် ငါ့အဖြစ်က ပိုဆိုးပါတယ်။ ငါကတော့ သူ့ကိုမရရင် အခုပဲ သေပွဲဝင်မယ်။ ဒါကြောင့် ငါသာ ရထိုက်တယ်” လို့ ဆုံးဖြတ်ပြီး အပိုင်စီးလိုက်တယ်။

တကယ့် သိကြားမင်းနေ၁၊ ကျောင်းဒါနကို အခြေခံပြီး သိကြားမင်း မိဖုရားလည်းဖြစ်ပြန်ပြီ၊ သိကြားမင်းကလဲ မိဖုရာ

အသစ်ကလေးကို ချစ်လိုက်တာ လွန်ပါရော။ သူ့မိဘများ ဘုန်းတော်တို့ သုနန္ဒာတို့တော်င် မေ့နေတယ်။ ဟိုအဟောင်းကြီးတွေကတော့ ငှလို စောင်းလို့ပေါ့လေ။ ဒါပေမယ့် မင်းသမီးကလေးက အရိယာဆိုတော့ ငြည်းစိမ်ယင်မှုး မနေအားပါဘူး။ အထက်မဂ်ဖိုလ်များအတွက် တရားအားထုတ်ရင်း ချမ်းသာစွာ စံစားနေရပါသတဲ့၊ ဤ-တို့ဒကာ ဒကာမများလဲ ရောဟိနီမင်းသမီးလေးဘဝကို အားကျ အတုယူနိုင်ကြပါစေ၊ တရားနိဂုံးသတ်မယ်။

ပုဗ္ဗေဟံ ဟရကိစ္စာနိ၊
အကရိံ ပေမစေတသာ။
ဣဒါနိ သကကိစ္စာနိ၊
အဟော မေ ဓမ္မသဥ္စယိ။

အဟံ၊ သံသရာဝဋ္ဋတွင်း မလွတ်ကင်း၍ အပြင်းအထန်ဒုက္ခဒဏ်ဖြင့် ကြိမ်ဖန်ခါခါ လွန်စွာပေ့ရှုပ် အကျွန်ုပ်သည်။ ပုဗ္ဗေအနမတဂ္ဂ သံသာရဟု အစမထင် ရှေးရှေးသော ဘဝတခွင်၌။ ပေမစေတသာ၊ ပျော်ရွှင်မြူးခုန် ဝဋ္ဋဘုံသဘော လိုက်လျော ညီစွာ သာယာနှစ်သက် စုံမက်မြတ်နိုး တွယ်တာသော စိတ်မျိုးရှိသည်ဖြစ်၍။ ပရကိစ္စာနိ၊ သားရေး သမီးရေး စီးပွားရေးနှင့် ရှုပ်ထွေးပွေလီ မသတီဖွယ် လောကီနယ်အရပ်ရပ် အထပ်ထပ်အဖုံဖုံ ကိစ္စမျိုး အစုံစုံတို့ကို။ အကရိံ၊ အကျိုးမပြီး အချည်းနှီးအလကား အားပါးတရ ပြုလုပ်ခဲ့ဖူးလှပေပြီ။

ဣဒါနိ၊ သာသနာ့စက်ရှိန် လက်လက်ထိန်ဝေ ပဒေသာတမျှ လူ့ဘဝကို ကြုံရဘိတောင်းယခုလို အခါကောင်းကြီး၌၊ ဓမ္မ သဥ္စယ၊ လောကီအာသာ ဗယ်ညာမတွေး စိတ်အေးချမ်းမြ ဓမ္မအာရုံ ပွားကုံသိမ်းဆည်း အလိမ္မာဉာဏ်ကြီးသည် ဖြစ်၍သာ လျှင်။ သကင်္ကိစ္စာနိ၊ ကိုယ်ရေးကိစ္စ တစ်စမကျန် ရှာကြဆည်း ပူးရတနာသုံးပါးနှင့်စပ်သော ကုသိုလ်ထူးတွေကို။ ကဒရာမိ၊ ကျန်းမာသည့်အခိုက် လုံ့လဂိုက်၍ နှစ်ခြိုက်ကြသည့်သာ ပြုလိုက် ပါတော့အုံ။ မေ၊ ငါ၏၊ သော၊ တရားမွေ့သိမ် ပီတိရှိန်ဖြင့် စိတ်ငြိမ်ကိုယ်ငြိမ် ဣဒ္ဒြေရရ ပုညကုသိုလ်တောင်းဆု ဆို၍ ယခုလို ပြုလုပ်ရခြင်းသည် အဒဟာ၊ ပြည်နိဗ္ဗာန်မဂ်နန်းသို့ တက် လှမ်းဖို့ အကြောင်းရင်း ဖြစ်သမို့၊ ဩော် ကောင်းခြင်းကြီး ကောင်းလှပါပေဘော့သည် တကား။

သာဓု-သာဓု-သာဓု။

## ဆေးအလှူတော် အကြောင်း

ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ၊
သဗ္ဗဗုဒ္ဓါ နုဘာဝေန၊ သဒါသုခီ ဘ ာန္တု တေ။
သဗ္ဗဓမ္မာ နုဘာဝေန....
သဗ္ဗသံဃာ နုဘာဝေန....

(ရှေ့ကအတိုင်း အနက်ပေးလေ။)

ယနေ့ ဆေးလှူဒါန်းကြတယ်၊ ဆွမ်းသ င်္ဂန်း အလှူမျိုးကို ခေတ္တ တော်တော်များများပဲ လှူကြရိုးရှိတယ်။ ဆေးကို တော့ ဂျူခဲတယ်။ အမှန်ကတော့ ဆေးအလှူကိုတောင်မှ ပိုလှူသင့်ပါတယ်။ "အာရောဂျ ပရမာလာဘာ" ဆိုတဲ့အတိုင်း ကျန်းမာရေးက အင်္ဂါကပဉာတ်လား။ ယနေ့တော့ ထူးတဲ့ဒါန အဖြစ် ဆေးကိုလှူလိုက်ကြပါပြီ၊ ဒီအကြောင်းနှင့် ပတ်သက် လို့ထေရာပါဒါန်မှာ ဆေးအလှူရဲ့ အကျိုးများကိုဟောကြား ထားတာရှိပါတယ်။ ပထမဦးစွာ ဆေးလှူရခြင်းအကျိုးဆောင် ပုဒ်လိုက်ဆိုကြပါ။

> သက်ရှည်ဆင်းလှ၊ ခနျှမ်းသာ၊ ပညာခွန်အား၊
> လွန်ကြီးမား၍၊ များပြားခြွေရံ၊ ဘေးရန် ကင်းရှဲ၊
> ဆင်းရဲမကပ်၊ လူနတ်ရှိသေ မကွေချစ်သူ၊ ဆယ်ပါးမူ၊
> မှတ်ယူ ဆေးအလှူ အကျိုးတည်း။

ဒီလင်္ကာအတိုင်း အကျိုးဆယ်ပါးကိုရရှိနိုင်ပါတယ်။ သက် သေ သာဓကအဖြစ် ရှင်ဗာကုလမထေရ်ဆိုတာ လူတိုင်းကြား ဖူးကြပါတယ်။ အနာမဲ့သူ ရှင်ဗာကူဆိုတာ သူပေါ့။ ဘယ် လောက်များ အနာကင်းသလဲဆိုတော့ ခေါင်းတောင်းမှ တစ်ခါ မျှ မကိုက်ဘူး။ နှာတောင်မှ တခါမျှမစေးဘူးတဲ့။ ဒီအကျိုးတွေ တင်မကဘူး။ သက်တော် ၁၆၀-ရှည်လိုက်သေးတယ်။ အနာ ကင်းကင်းနှင့် သက်ရှည်တာနော်။ ဒီအကျိုးတွေ ဘာကြောင့်ရ သလဲ၊ အတိတ်ခဆောင်လိုက်ရင်-

လွန်လေပြီးသော ကမ္ဘာတစ်သိန်း အထက်မှာ ရှင်ဗာကုလ အလောင်းဟာ ရသေ့ တစ်ပါးဖြစ်ခဲ့ပါတယ်။ အဲဒီအခါမှာ အနောမဒဿီ မြတ်စွာဘုရားဟာ လေနာရောဂါ ဖြစ်တော်မူတယ်။ တောသစ်ဥသစ်ဖုတွေကို ကိုယ်တိုင်တူးယူလာပြီး လေနာ ပျောက်ဆေးလှူဒါန်းခဲ့တယ်။ ဒီကုသိုလ်ကြောင့် ကမ္ဘာတစ် သိန်းတိုင်တိုင် အပါယ်မကျခဲ့ရဘဲနှင့် လူ့ဘုံ နတ်ဌာန် စုန်ဆန် စံစားပြီးနောက် ဘဝတိုင်းမှာလဲ အနာမဲ့သူသာ ဖြစ်ခဲ့ရတယ်။ ဘယ်လောက် အနာရောဂါ ကင်းသလဲဆိုရင် ဟတ်ချိုးလို့ တောင်မှ မချေခဲ့ရပါဘူးတဲ့၊ ဘယ်လောက်များ အားကျစရာ ကောင်းလိုက်သလဲလို့။ ခန္ဓာကိုယ်ကြီး ရှိတဲ့အခါမှာ ရောဂါ ကင်းဖို့တော့ အင်မတန် လိုအပ်ပါတယ်။ ရောဂါကင်းမှ လောကီ လောကုတ္တရာ အကျိုးတွေကို ကြိုးစားနိုင်ကြပါတယ်၊ စည်းစိမ်တွေ ဘယ်လောက်များနေပါစေ အနာနှိပ်စက်ရင်တော့ ဘယ်စည်းစိမ်မှ အရသာမရှိနိုင်တော့ဘူး။ ဒါကြောင့် ရောဂါ ကင်းကြောင်း ဖြစ်ခဲ့တဲ့ ဆေးအလှူကိုတော့ ဂရုစိုက်ပြီး လှူဒါန်းကြဖို့ အင်မတန်မှ ကောင်းလှပါတယ်။

ရှင်ဗာကုလ အလောင်းဟာ ဂေါတမ မြတ်စွာဘုရားလက် ထက်ရောက်တော့ ဗာကုလဆိုတဲ့နာမည်နှင့် စည်းစိမ်ချမ်းသာ တွေကို ခံစားလာလိုက်တာ လူ့ဘဝနှင့်ပင် အသက် (၈၀) တိုင်ရောက်သွားတယ်။ ဒီနေရာမှာ ဗာကုလဆိုတဲ့ အဓိပ္ပာယ်က ဆွေမျိုး နှစ်ဘက်စလုံး ထံမှာ တစ်လှည့်စီ စံစားရတဲ့သူလို့ အဓိပ္ပာယ်ရတယ်။ အကြောင်းကဒီလိုပါ။ ရှင်ဗာကုလကလေး

မေ့ပွားလိုက်တော့ ရေဆိပ်မှာ ရေစင်သပ္ပယ်တုန်း ပြုန်းဆို ငါးကြီးတစ်ကောင်က ယူသွားရော။ ကုသိုလ်ပါလာတော့ မသေပါဘူး။ အဲဒီငါးကြီးကို သူဌေးကတော် တစ်ယောက်က ဝယ်ပြီးခွဲလိုက်တော့ အတွင်းမှာ ရွှေဆင်းလိုချပ်စရာကောင်း တဲ့ ကလေးတွေတော့ ချစ်စိတ်ပွားပြီး သားအဖြစ်မွေးတယ်။

မိဘရင်းတွေကလဲ လိုက်ရှာတော့ တွေ့ရော။ ဒီတော့ မိဘအရင်းနှင့် မွေးစားမိဘတို့ဟာ သူပိုင်ထိုက် ကိုယ်ပိုင်ထိုက် ငြင်းကြတယ်။ ရေအဆုံး ကုန်းတစ်ဝက်ဆိုတဲ့ စကားပုံအတိုင်း ဆိုရင် မိဘအရင်းမှာ ဆုံးရတော့မလို ဖြစ်နေတယ်။ ဒါပေမယ့် ဒီကိစ္စက ပစ္စည်းပျောက်မဟုတ်ဘူး။ သားပျောက်တာ ဖြစ်နေ တော့ ပစ္စည်းနှင့်အတူ ဆုံးဖြတ်လို့မရဘူး။ မိဘရဲ့ ချစ်ခြင်း မေတ္တာကို ထည့်တွက်ရတယ်။ မွေးစားမိဘကလဲ ချမ်းသာဖြစ်နေ တော့ ကဲ-မိဘနှစ်ပါး နှစ်ဘက်သားတွေက တလှည့်စီမွေးမြူကြ စေလို့ ဆုံးဖြတ်ချက်ချလိုက်တယ်။ မိဘနှစ်ပါးထံမှာတစ်လှည့်စီ စံစား လာလိုက်တာ တို့ဘုရား သာသနာမှာ ရဟန်းပြုပြီး တရားအားထုတ်တယ်။ အာသဝေါ ကုန်ခန်းရဟန္တာ ဖြစ်သွား တော့တာပဲ အဲဒီအခါကျတော့ ကိုယ်တော်တိုင် ဥဒါန်းကျူး ရင့်လိုက်ပုံက-

အပရိမေယျော ဣတော ကပ္ပေ၊
ယံကမ္မ-မကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊
တေသဇ္ဇာ ဣဒံ ဖလံ။

အဟံ၊ ဗာကုလဟု နာမမှည့်ခေါ် ငါ ရဟန်းတော်သည်။ ဣတော၊ ဘုရားငါးဆူ ပွင့်တော်မူရာ ဤဘဒ္ဒကမ္ဘာမှ၊ အပ္ပရိ-မေယျေ ကပ္ပေ၊ နှစ်လ နေ့ရက် ရေတွက်မရ တစ်သိန်း ကပ်ကာလ ထက်၌။ တဒါ အနောမဒဿီ နာမည်ကျော်ကြား ရှင်တော် ဘုရား၏ ထင်ရှားပွင့်ရာ သာသနာတွင်းခါ၌။ ယံ ကမ္မံ၊ မြတ်စွာဘုရားမှာ လေနာစွဲသဖြင့် သက်သာစေကြောင်း ဆေး ဝါးကောင်းကို ရှုံးပေါင်းလှူရ အကြင်ကုသလကို။ အကရိံ၊ စေတနာပန်း သဒ္ဓါလျှမ်း၍ လှူဒါန်ခဲ့ရလေပြီ။တေန ကမ္မေန၊ လေနာပျောက်ရေး ထောက်တွေးယူဆ ဆေးလှူရသော ထိုကုသလကြောင့်။ ဒုဂ္ဂတိံ၊ အပွာယ်ဒုဂ္ဂတိ ရောက်မည့်လမ်း ကြောင်း မကောင်းသမျှ ဒုဂ္ဂတိဘဝကို၊ နာဘိဇာနာမိ၊ ရောက် မည်ဝေးစွ သိပင်မသိခဲ့ရပေပြီ။ ဣဒံ၊ သိန်းကပ်ကမ္ဘာ ပါယ် လေးရွာသို့ ဘယ်ခါမကျ ဘဝဖြာဖြာ အေးမြချမ်းသာ နေလာ ခဲ့ရခြင်းသည်။ ဓဘသဇ္ဇဿ၊ လေနာပျောက်ကင်း ဆေးလှူရ ခြင်း၏။ ဖလံ၊ သင့်တော်ညီမျှကျိုးဖလပင် ဖြစ်ပါပေသတည်း။

ဆေးလှူခြင်းအကျိုးကို သင့်တော်အောင် ဟောကြားပြီး ပါပြီ။ ဤဆေးလှူရသော ဒါနက ငါတို့ကို ကျမ်းမာချမ်းသာ ရုံတင်မက နိဗ္ဗာန်တိုင်အောင် အကျိုးပေါက်အောင် ပေးနိုင်ပါ စေသားလို့ ဆုတောင်းရင်း တရား နိဂုံးသတ်ကြပါစို့။
(ကြိုက်ရာဂါထာတစ်ခုဖြင့် နိဂုံးသတ်နိုင်သည်။ ရှေ့ကပြခဲ့ပြီ)

အောက်ပါ ဂါထာမှာ ဝိပဿနာတရားနိဂုံးသတ်ရန် သင့် တော်သည်၊

ဥဒယဗ္ဗယ သင်္ခါရေ၊
နိဗ္ဗိန္ဒိတွာန ပဏ္ဍိတော။
သဂါထ မနုယုဉ္စေယျ၊
မောဃကာလံ န ခေပယေ။

ဘောဒန္တော၊ ဝိမုတ္တိ ဉာဏ်အခါမှာ လူဖြစ်ကာ အသိဖြာဖြာ ရလာကြကုန်သော အို-တပည့် ဒကာ ဒကာမအပေါင်းသူတော်ကောင်းတို့။ ပဏ္ဍိတော၊ ဝိပဿနာမြင်ကာသိမှ ပညာရှိသို့ သမုတ် အပ်တဲ့သူတော်ကောင်းသည်။ ဥဒယဗ္ဗယသင်္ခါရေ၊ ဥပါဒ်ဌီဘင် အစဉ်အမြဲ အချင်တဖွဲဖွဲဖြစ်ခြင်း ပျက်ခြင်း မစဲရှိနေကြသည့် ဥဒဗ္ဗယ သင်္ခါရဓမ္မတွေကို။ နိဗ္ဗိန္ဒတိ၊ သံသရာခရီး တလျှောက်မှာဖြင့် ပန်ခါခါ အပြီးတွေ့ခဲ့ကြသမို့ မြန်မကြာငြီး ငွေ့ဖို့ကောင်းကြလှပေပြီ၊ နိဗ္ဗိန္ဒိတွာန၊ ငြီးငွေ့ကြကုန်ပြီး၍ သကိစ္စံ၊ သားကိစ္စ သမီးကိစ္စတွေနှင့် အလကား အချိန်တွေ မကုန်လွန်ကြပါစေလင့် ကလိန်ချုပ် သံသရာအလုပ်မှ ခန္ဓာဝန် အမြတ်ထုတ်တဲ့ ခန္ဓာနာမ်ရုပ် အနိစ္စ, ခန္ဓာနာမ်ရုပ် ဒုက္ခ, ခန္ဓာနာမ်ရုပ် အနတ္တလို့ဆိုတဲ့ မိမိတို့ရဲ့အလုပ်ကို။ အနုယုဉ္စေယျ၊ အာဂါရိယသာသနာမှာ ဃရာဝါသ အဖြာဖြာ အမှုကိစ္စတွေများ တယ်လို့ အလကား ဆင်ခြေတွေနဲ့ မနေကြနှင့်တော့ သွားလျှင် လည်း ဆင်ခြင် စားလျှင်လည်းဆင်ခြင် နေလျှင်လည်း ဆင်ခြင် ထိုင်လျှင်လည်း ဆင်ခြင်တွင်တွင်ကြီး ပွားများလိုက်ကြကုန်ရာ၏။ မောဃကာလံ စားကာ အိပ်ကာ ပျော်ရွှင်ကာဖြင့်လိုရာမပြီး အချည်းနှီး ကာလတွေကို။ ဝါ-မောဃကာလံ၊ ဟို

တယ်ဘုံဆိုင် အစုံလိုက် ဂုဏ်ပြိုင်ပျော်ပါ၊ အလကား ဟာတွေကို၊ နှ ဒေပယော၊ ပကုန်လွန်ကြပါစေလင့်။ ဝါ- နှ ဒေါပယော၊ ပဲ့နိဗ္ဗာန် ရှေ့ပြည်နန်း အမဟာဆီသို့ စိတ်ကြံအတွေးထွ အကုန် နှုန်းဆပြီးလျှင် ဒိပ္ပမရေသွ လုံးနိုင်ကြပါစေ ကုန်သာသည်း။

ပြီး၏။

## အခန်း (၃)

## ကမ္ဗာ ကမ္ဗ

### ကထိန်ကံဆောင်ပုံနှင့် သိမှတ်ဖွယ်ရာ

**ကထိန်ကံဆောင်ပုံ။** ။ကထိန်လျှာ (၃ တ်) သင်္ကန်းကို ညဦးကကြိုတင် လှူမထားရ။ ကျောင်းသို့ကြိုတင် ပို့လိုက ပို့နိုင်သည်။ ကထိန်းခင်းမည့်ရက်၌သာ လှူရသည်၊ ကထိန်သင်္ကန်းကို ရဟန်းရှင်လူ မည်သူမဆိုလှူနိုင်သည်။ ကထိန်ခင်းခြင်းကိုကား ရဟန်းသာခင်းနိုင်သည်။

**လှူဒါန်းပုံ။** ။သံဃဿ ကထိနဒုဿံ ဒေမ ကထိနံ အတ္ထရိတုံ။

(သံဃဿ ကထိနစီဝရံ ဒေမ ကထိနံ အတ္ထရိတုံ ဟုလည်းသုံးနိုင်သည်။)

ထိုသို့ လှူပြီးသောအခါ အနည်းဆုံး ကထိန်ခံ ရဟန်းက တစ်ပါး၊ ကမ္မဝါစာ ရွတ်ဖတ်မည့်ရဟန်းက ၄-ပါး၊ ပေါင်း ငါးပါးတို့သည် သိမ်ရှိရာ မည်သည့်ကျောင်းတိုက်သို့ ဖြစ်စေ သွား၍ အောက်ပါ ကမ္မဝါစာကို ဖတ်၍ပေးရမည်။ ခင်းသော အခါကား လှူသောကျောင်း၌သာပြန်၍ တစ်နေ့တည်းခင်းရမည်။ (ထိုနေ့လှူ၊ ထိုနေ့ပေး၊ ထိုနေ့ခင်းရမည်။) ခင်းခြင်းသည် သိမ်ထဲ၌သာ ဖြစ်သည်မဟုတ်၊ သိမ်အပြင်၌လည်း ဖြစ်သည်။

ကမ္ဗဝါစာဖြင့် ပေးသော သင်္ကန်းကို (သင်းပိုင်ဖြစ်စေ၊ ကေသိဖြစ်စေ၊ နှစ်ထပ်ဖြစ်စေ တစ်ခုသောသင်္ကန်းကို) ကထိန်ခင်းရမည်။

သင်းပိုင်ဖြင့်ခင်းလိုလျှင်။ ။မူလ သင်းပိုင်ကို (ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ) ဟု ဆို၍ စွန့်ပါ။ ကေသိဖြင့် ခင်းလိုလျှင် (ဣမံဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ) ဟု ဆို၍စွန့်ပါ။ နှစ်ထပ်ဖြင့် ခင်းလိုလျှင် (ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ) ဟု ဆို၍စွန့်ပါ။ ထိုနောက် အသစ် ရထားသော သင်းပိုင်ဖြင့် ခင်းမည်ဆိုလျှင် အသစ်သင်းပိုင်ကို(ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ)ဟု အဓိဋ္ဌာန်တင်ပါ။ ကေသိဖြင့် ခင်းလိုလျှင် (ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ)ဟု ဆို၍ အဓိဋ္ဌာန်တင်ပါ။ နှစ်ထပ် သင်္ကန်းအသစ်ဖြင့် ခင်းလိုလျှင် (ဣမံ သံဃာဋိံ အဓိဋ္ဌာမိ) ဟု ဆို၍ အဓိဋ္ဌာန်တင်ပါ။

ကပ္ပဗိန္ဒုထိုးပုံ။ ။ထိုသို့ အဓိဋ္ဌာန်တင်ပြီးနောက် ခင်းမည့်သင်္ကန်းကို ထောင့်စွန်း၌ ကပ္ပဗိန္ဒုခေါ်သည့် အစက်ဆိုးပါ။

ကထိန်ခင်းပုံ။ ။ထို့နောက် ခင်းမည့်သင်္ကန်းကို ရရှိသော ရဟန်းက သင်းပိုင်ဆိုလျှင် (ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ) ဟု ဆိုခင်းပါ။ ကေသိ ဖြစ်လျှင် (ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ)ဆိုခင်းပါ။ နှစ်ထပ် သင်္ကန်းနှင့် ခင်းလိုလျှင် (ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ) ဆို၍ခင်းပါလေ။

ကထိန်အနုမောဒနာပြုပုံ။ ။ထို့နောက် ခင်းသောရဟန်းက (အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ) ဟု အနုမောဒနာ ပြုရန် တိုက်တွန်းရမည်။ ကျန်သည့်ရဟန်းတော်များက (အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော၊ ကထိနတ္ထာရော အနုမောဒါမ)ဟု အနုမောဒနာ ပြုကြရမည်။

## ကထိန်နှင့်စပ်၍ သိမှတ်ဖွယ်

၁။ 'ကထိန်လျှာသက်နှိး'ကို တစ်ရက်ကြိုတင်၍ မလှူရ၊ ယနေ့လှူ နောက်တစ်နေ့ အရုဏ်မတက်မီ ခင်းရမည်။ (နောက်တစ်နေ့ အရုဏ် တက်သွားလျှင် သိုးသော သင်္ကန်းမည်၏၊ ကထိန်မဖြစ်ပြီ။)

၂။ "ကထိန်ခင်းရာ ကာလ" သီတင်းကျွတ် လပြည့်ကျော် တစ်ရက်မှ တန်ဆောင်းမုန်း လပြည့်ထိ။

၃။ "ခင်းသည့်အကြိမ်" အရာမ် တစ်ခု၌ တစ်ကြိမ်သာ ခင်းရမည်။

"ကထိန်နုတ်ခြင်း" ဟူသည် ကထိန်ခင်းရန် နုတ်ခြင်း မဟုတ်။ သင်္ကန်းလာဘ်ကို အာနိသင်ရသော ရဟန်းနှင့် မရသောရဟန်းတို့ အညီအမျှ ဝေငှ နိုင်ရန်သာ ဖြစ်သည်။

၄။ "ကထိန်အာနိသင် ရရာကာလ"။ ။ကထိန်မခင်း လျှင် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တန် ဆောင်မုန်းလပြည့်အထိ တစ်လဖြစ်သည်၊ ခင်းလျှင် တပေါင်းလပြည့်ထိ ငါးလဖြစ်သည်။

၅။ "ကထိန် အာနိသင်များ"။

(၁) အနာမန္တစာရ ရှေးက ဖိတ်ထားသော ဆွမ်းရှိသော် တည်း ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ ဒကာ များအိမ်သို့သွားနိုင်ခြင်း။

(၂) အသမာဒါနစာရ၊ တိစီဝရိက် အဓိဋ္ဌာန် တင်ထားသော သင်္ကန်းနှင့် ညဉ့်ကင်း၍ နေသော်လည်း အာပတ် မသင့်ခြင်း။

(၃) ဂဏဘောဇန၊ ထမင်းစားကြွပါ စသည်ဖြင့် မအပ် သောနည်းဖြင့် ဖိတ်သော်လည်း လိုက်၍ စားကောင်း သည်။ ပါစိတ်အာပတ် မသင့်ခြင်း။

(၄) ယာဝဒတ္ထစီဝရ၊ အာနိသင်ရရာ ကာလတိုင်း၌ သင်္ကန်းကို အဓိဋ္ဌာန် မတင်သော်လည်း အာပတ် မသင့်ခြင်း။

(၅) ယော စ တတ္ထ စီဝရုပ္ပါဒ၊ ကထိန်အာနိသင် ရရာ ကျောင်းတိုက်၌ ဖြစ်လာသော သံဃိက သင်္ကန်းကို ကထိန်အာနိသင်ရသော ရဟန်းတော်များသာ ပိုင် သည်။ ဤငါးပါးတို့ကို ကထိန်အာနိသင် ငါးပါးဟု ခေါ်ပါသည်၊

## ကထိန် ကမ္မဝါစာ

ကမ္မဝါဖတ်မည့် ခေါင်းဆောင်သူက ကထိန်ခံမည့် သူကို အမည်မှည့်ပါ။ ယခုအခါ ကမ္မဝါဥတ်ရွတ်ဖတ် လွယ်စေခြင်း၊ ငှာလည်းကောင်း၊ ဂရုဂါရဝ ဖြစ်စေခြင်းငှာ လည်းကောင်း ကထိန်ခံမည့် ဆရာတော် '(ဘဒ္ဒန္တထေရာဝံသ)ကို "တိဿ" ဟု အမည်မှည့်ပါ၏။ ဥတ်ကမ္မဝါစာ၌ "တိဿ"ဟု အမည် ဖတ်ရွတ်သည်ရှိသော်၊ (ဘဒ္ဒန္တထေရာဝံသ) ကို ဖတ်သည်ဟု မှတ်တော်မူကြပါ။

ဥတ်။ ။သုဏာတု မေ ဘန္တေ သံဃော။ ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော ဣမံ ကထိနဒုဿံ တိဿဿ ဘိက္ခုနော ဒဒေယျ ကထိနံ အတ္ထရိတုံ။ ဧသာဉတ္တိ။

ကမ္မဝါစာ။ ။သုဏာတု မေ ဘန္တေ သံဃော ဣဒံ သံဃဿ ကထိန ဒုဿံ ဥပ္ပန္နံ။ သံဃော ဣမံ ကထိန ဒုဿံ (တိဿဿ ဘိက္ခုနော) ဒေတိ ကထိနံ အတ္ထရိတုံ၊ ယဿာ ယသ္မတော ခမတိ ဣမဿ ကထိနဒုဿဿ (တိဿဿ ဘိက္ခုနော) ဒါနံ ကထိနံ အတ္ထရိတုံ၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

နိဂုံး။ ။ဒိန္နံ ဣဒံ သံဃေန ကထိနဒုဿံ တိဿဿ ဘိက္ခုနော ကထိနံ အတ္ထရိတုံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။

အမှာ။ ။ကထိန် သင်္ကန်းချုပ်ပြီးဖြစ်လျှင် (ကထိနစီဝရ) ဟု ဖတ်၍ မချုပ်ရသေးလျှင် (ကထိနဒုဿ)ဟု ဖတ်ရမည်၊

ကထိန်းခင်းခြင်းကိစ္စပြီး၏။

## ဥပုသ်ပြုပုံ

ရဟန်းတော်များသည် ၁၄၊ ၁၅ ရက် ဥပုသ်နေ့များ၌ တစ်ပါးရှိလျှင် အဓိဋ္ဌာန်၊နှစ်ပါးရှိလျှင်ဖြစ်စေ၊ သုံးပါးရှိလျှင်ဖြစ်စေ ပါရိသုဒ္ဓိ ဥပုသ်ပြုရ၍ ၄ ပါးမှစ၍ အထက်ရှိလျှင် သံဃ ဥပုသ်ပြုရပါသည်၊ ဥပုသ်ပြုခြင်းမှန်သမျှကို သိမ်ထဲ၌ပြုရပါမည်။

သိမ်ဆိုသည်မှာ ရေသိမ်ကိုလည်း သိမ်ဟုပင်ခေါ်ပါသည်။ ဥပုသ်ပြုမည့်အခါ မီးကြိုးများ နွယ်တန်းများ ကြိုးတန်းများ သိမ်နှင့် အပြင်ပမှလာ၍ အဆက်အသွယ်ရှိက ဖြတ်ပါ။ တံမြက်လှည်းပါ။ ဆီမီးညှိထွန်းပါ၊ သောက်ရေ သုံးဆောင်ရေ တည်ထားပါ။ နေရာခင်းပါ။ ၎င်းတို့ကို ပြုလုပ်ပြီးလျှင်-

တစ်ပါးတည်းဖြစ်ပါက။ ။အဇ္ဇမေဥပေါသထော (ပန္နရသော) တိ အဓိဋ္ဌာမိဟု သုံးကြိမ်ဆိုပါလေ။

(အကယ်၍ ၁၄-ရက်) ဥပုသ်နေ့ဖြစ်လျှင် (အဇ္ဇ မေ ဥပေါသထော စာတုဒ္ဒသောတိ အဓိဋ္ဌာမိ)ဟု ဆိုပါ။

နှစ်ပါးဖြစ်ပါက။ ။အချင်းချင်း ဒေသနာများ ကြားလိုက်ပါ။ ပြီးလျှင် ကြီးသူကစ၍ (ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိမံ ဓာရေဟိ)ဟုသုံးကြိမ်ဆိုပါ။ ကျန်ရဟန်းက သာဓုခေါ်ပါ။ အကြီးကဆုံးလျှင် အငယ်ရဟန်းတော်က(ပရိသုဒ္ဓေါ အဟံဘန္တေ ပရိသုဒ္ဓေါတိမံ ဓာရေထ) ဟုသုံးကြိမ်ဆိုပါလေ၊ ကျန်ရဟန်းက သုံးကြိမ်အဆုံးတွင် သာဓုခေါ်ပါလေ။

သုံးပါးဖြစ်ပါက။ ။ဉတ်ထားပါ။ဉတ်ထားပုံမှာ (သုဏန္တု မေ အာဝုသော အဇ္ဇုပေါသထော (ပန္နရသော)၊ ယဒါယသ္မန္တာနံပတ္တကလ္လံ၊မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ-ကရေယျာမ) ဟု သုံးကြိမ် ဉတ်ထားပါ။ ထိုသို့ ဉတ်ထားပြီးနောက် ယခင် ၂-ပါးအတိုင်း အကြီးကစ၍ ပရိသုဒ္ဓေါ အဟံ စသည်ဖြင့် ၃-ကြိမ် ဆိုပါလေ။ ဉတ်ထားရာတွင် ၁၄–ရက် ဥပုသ်ဖြစ်ပါက "ပန္နရသော" နေရာတွင် စာတုဒ္ဒသောကို ပြောင်းပြီးထည့်၍ဆိုပါ။

## လေးပါးနှင့်

### လေးပါးကစ အထက်ကို သံဃဥပုသ်ပြုပုံ

ဆီမီးညှိထွန်းခြင်း စသည်ကို ယခင်အတိုင်း ပြုလုပ်ပြီးပါစေ။ သံဃာတော်များသည် သိမ်အထဲ၌ အချင်းချင်း စပ်၍ ထိုင်နေကြပါစေ။ (ခွဲ၍ တစ်ပါးစီဖြစ်နေပါက ကံပျက်တတ်သည်။ သတိထားပါ။)

ဥပုသ် အမေးအဖြေကို ၂-ပါးပြုလုပ်ပါ။ အကြီးကစ၍ ဥတ်ထားပါ။

ဥတ်ထားပုံ။ ။သုဏာတု မေ ဘန္တေ သံဃော၊ ယဒိသံဃဿ ပတ္တကလ္လံ၊ အဟံ (နာဂ)ဝိနယံ ပုစ္ဆေယျံ။

အငယ်ကပြန်၍ အောက်ပါအတိုင်းဥတ်ထားပါ။

ယုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ (တိဿေန) ဝိနယံ ပုဋ္ဌော ဝိသဇ္ဇေယျံ။

အကြီးရဟန်းက စ၍မေးပါ။ ။သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေနစ။ ဥပေါသထဿ တောနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ ဟူသော အဋ္ဌကထာပါဌ်နှင့်အညီ-

(၁) သိမ်အပြင်၌ တံမြက်လှည်းခြင်း၊

(၂) ဆီမီးညှိထွန်းခြင်း၊

(၃) သောက်ရေ သုံးဆောင်ရေ တည်ထားခြင်း၊

(၄) နေရာခင်းခြင်း။

ဤလေးပါးသော ပြုဖွယ်ကိစ္စတို့ကို သံဃာ မစည်းဝေးမီ ရှေးအဖို့၌ပြုအပ်သည်၏ အဖြစ်ကြောင့် ပုဗ္ဗကရဏတို့မည်ကုန်၏၊ ဟူ၍ အဋ္ဌကထာဆရာမြတ်တို့ မိန့်အပ်သည်နှင့်အညီ ဤလေးပါးသော ပုဗ္ဗကရဏတို့တွင် တံမျက်လှည်းခြင်းကိစ္စပြီးပြီလော။

အငယ်။ ။ပြီးပါပြီ အရှင်ဘုရား။

အကြီး။ ။ဆီမီးညှိထွန်းခြင်းကိစ္စ ပြီးပြီလော။

အငယ်။ ။ပြီးပါပြီဘုရား၊ အကယ်၍ နေ့လယ် အလင်းရောင်ရှိပါက နေရောင်ရှိ၍ ဆိမ်းညှိထွန်းဖွယ် မလို၍ ပြီးပါပြီဘုရားဟု ဖြေပါ။

အကြီး။ ။သောက်ရေ သုံးဆောင်ရေ တည်ထားခြင်းကိစ္စ ပြီးပြီလော။

အငယ်။ ။ပြီးပါပြီဘုရား။

အကြီး။ ။နေရာခင်းခြင်းကိစ္စ ပြီးပြီလော။

အငယ်။ ။ပြီးပါပြီဘုရား။

အကြီး။ ။'ဆန္ဒပါရိသုဒ္ဓိ ဥတုက္ခာနံ၊ဘိက္ခုဂဏနာ စ ဩဝါဒေါ။ ဥပေါသထဿတောနိ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ'ဟု အဋ္ဌကထာဆရာမြတ်တို့ မိန့်မှာတော်မူအပ်သည်နှင့်အညီ (၁) ဆောင်အပ်သောဆန္ဒကို လျှောက်ထားခြင်း၊ (၂) ဆောင်အပ်သော ပါရိသုဒ္ဓိကို လျှောက်ထားခြင်း၊ (၃) ဆောင်း နွေ မိုး ဟု ဆိုအပ်သော သုံးပါးသော ဥတုတို့တွင် ရောက်ဆဲဖြစ်သော ဥတုပက္ခတို့ကို ရေတွက်၍ လျှောက်ထားခြင်း၊ (၄) သိမ်အပြင် နှစ်တောင့်တစ်ထွာ ဟတ္ထပါသ်၌ စည်းဝေးရောက်နေသော သံဃာတော် တို့ကို ရေတွက်၍ လျှောက်ထားခြင်း၊ (၅) ဘိက္ခုနီမတို့က အဘယ် မထေရ်ထံ၌ ဩဝါဒ ခံရပါမည်နည်းဟု ဩဝါဒ ခံရန် မေးလျှောက်ခြင်း ကို သံဃာတော်တို့အား ပြန်ကြားလျှောက်ထားခြင်း။ ဤငါးပါးသောကိစ္စ

တို့ကို သံဃာစည်းဝေးပြီးနောက် ပါတိမောက်မပြမီ ရှေးအဖို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စမည်၏ဟု မိန့်အပ်သည်နှင့်အညီ ထိုပုဗ္ဗကိစ္စ ငါးပါးတို့တွင် ဆန္ဒကို လျှောက်ထားခြင်းကိစ္စ ပြီးပြီလော။

အငယ်။ ။ပြီးပါပြီဘုရား။

အကြီး။ ။ပါရိသုဒ္ဓိကို လျှောက်ထားခြင်းကိစ္စ ပြီးပြီလော။

အငယ်။ ။ပြီးပါပြီဘုရား။

အကြီး။ ။ယခုရောက်ဆဲဥတုကား အဘယ်ဥတု၊ အဘယ်ပက္ခ ဖြစ်ပါသနည်း။

အငယ်။ ။ဟေမန္တဥတု ဒုတိယပက္ခ၊ မန္တရသီဥပုသ်နေ့ ဖြစ်ပါသည်ဘုရား။

(ကြုံတွင် ရောက်နေဆဲဥတုပက္ခတို့ကိုသာ လျှောက်ထားရမည်၊)

အကြီး။ ။သိမ်အပြင်၌ စည်းဝေးရောက်နေသော သံဃာတော်များ အဘယ်မျှအရေအတွက် ရှိပါသနည်း။

အငယ်။ ။၇-ပါးရှိပါသည်ဘုရား။

(ရှိသမျှ ရေတွက်၍ ရှိရာကို လျှောက်ပါ။)

အကြီး။ ။ဘိက္ခုနီမတို့က လျှောက်ထားသော ဘိက္ခုနီဩဝါဒကို လျှောက်ထားခြင်းကိစ္စ ပြီးပြီလော။

အငယ်။ ။ယခုအခါသာသနာတော်၌ ဘိက္ခုနီမဘို့မရှိသောကြောင့် ဘိက္ခုနောဝါဒကိုလျှောက်ထားပွယ်ကိစ္စမရှိ၊ ပြီးပါပြီဘုရား။

အကြီး။ 'ဥပေါသထော ယာဝတိကာ စ ဘိက္ခူကမ္မပတ္တာ၊ သဘာဂါပတ္တိယောစန ဝိဇ္ဇန္တိ ဝဇ္ဇနီယာစ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ၊ ပတ္တကလ္လန္တိ ဝုစ္စတိ'ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်မှာတော်မူအပ်သည်နှင့်အညီ (၁)ဥပုသ်နေ့၏ အစွမ်းဖြင့် စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီဟု ၃ ပါး၊ ပြုတတ်သော ကာရကပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သံဃ၊ ဂဏ ပုဂ္ဂလအားဖြင့်၃-ပါး၊ ပြုအပ်သောကတ္တဗ္ဗာကာရ၏အစွမ်း အားဖြင့်သုတ္တုဒ္ဒေသ၊ ပါရိသုဒ္ဓိ၊ အဓိဋ္ဌာန်အားဖြင့် ၃-ပါး၊ ဤ-၉ ပါးတို့တွင် တစ်ပါးပါးဖြစ်ခြင်း၊ (၂)အနည်းဆုံး သံဃာ ၄-ပါးတို့သည် ဥပုသ်သိမ်အပြင်၌ နှစ်တောင့်တစ်ထွာ ဟတ္ထပါသ်ကို မစွန့်မူ၍ တည်နေခြင်း၊ (၃) ထိုရဟန်းတို့မှာ သဘာဂအာပတ် မရှိခြင်း၊ (၄) လူဘိက္ခုနီ စသော ၂၁-ပါးသော ဝဇ္ဇနီယ ပုဂ္ဂိုလ်တို့ကို သံဃာ၏ နှစ်တောင့်တစ်ထွာ ဟတ္ထပါသ်မှ အပ ပို့၍ ကြဉ်အပ်ပြီးဖြစ်ခြင်း။ ဤလေးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသော ကံကို ပတ္တကလ္လမည်၏ဟု အဋ္ဌကထာ ဆရာမြတ်တို့ မိန့်မှာတော်မူအပ်သည်နှင့်အညီ ယခုပြုလတ္တံ့သော ဥပုသ်ကံသည် ပတ္တကလ္လ ဖြစ်ပါ၏လော။

အငယ်။ ။ပြခဲ့သော အင်္ဂါများနှင့် ပြည့်စုံသောကြောင့် ပတ္တကလ္လ ဖြစ်ပါသည်ဘုရား။

အကြီး။ ။ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာဒပေတွာ ဒေသိတာ ပတ္တိကာသ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ။ (ကျန်သံဃာများက သာဓုခေါ်ပါစေ။)

တိုက်တွန်းသောဥတ်

အငယ်ကဆို။(သုံးယော ဘန္တေအာယသ္မန္တံ ပါတိမောက္ခုဒ္ဒေသံ အဇ္ဈေသတိ၊ ဥဒ္ဒိသတု အာယသ္မာ ပါတိမောက္ခံ။ ဒုတိယမ္ပိ၊ တတိယမ္ပိ ဆိုလေ။)

အကြီးက ပါတိမောက်ပြလေ။

အမှာစကား။ ။အကယ်၍ မေးဖြေပြုမည့်နှစ်ပါး မရနိုင်၍ တစ်ပါးတည်း မေးဖြေ ပြုရမည်ဆိုပါလျှင် အောက်ပါအတိုင်း မေးဖြေပြုပါလေ၊

စကား၀။ ။ကိံ သံဃဿ ပုဗ္ဗကိစ္စံ ဟူသော နိဒါန်းပါဠိ၊ ယဒိ သံဃဿ ပတ္တကလ္လံ ဟူသော ဥတ်ပါဠိ တို့နှင့်အညီ ပုဗ္ဗကရဏ လေးပါး၊ ပုဗ္ဗကိစ္စ ငါးပါး၊ ပတ္တကလ္လ အင်္ဂါလေးပါးတို့ကို မေးစိစစ်လျှောက်ထားပါမည် အရှင်မြတ်ဘုရားတို့။

'သမ္မုခါ ပဒီပေ စ။လ။ ပုဗ္ဗကရဏန္တိ ဝုစ္စတိ' ဟူသော အဋ္ဌကထာပါဌ်နှင့်အညီ ဥပုသ်အိမ် သိမ်အပြင်၌ (၁) တံမြက်လှည်းခြင်း၊ (၂) ဆီမီးထွန်းခြင်း၊ (၃) သောက်ရေ သုံးဆောင်ရေ တည်ထားခြင်း၊ (၄) နေရာခင်းခြင်း၊ ဤ ၄-ပါးသော ပြုဖွယ်ကိစ္စတို့ကို သံဃာမစည်းဝေးမီ ရှေးအဖို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကရဏ တို့မည်၏ ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်မှာတော်မူအပ်သောကြောင့် ဤလေးပါးသော ပြုဖွယ်ကိစ္စတို့တွင် တံမြက်လှည်းခြင်းကိစ္စ ပြီးပါပြီ။

နေ့ တည်းဟူသော အလင်းရောင်ရှိသည်ဖြစ်၍ ဆီမီးထွန်းညှိဖွယ်ကိစ္စ မရှိ၊ ပြီးပါပြီ။

သောက်ရေ သုံးဆောင်ရေတည်ခြင်းကိစ္စ ပြီးပါပြီ။

နေရာခင်းခြင်းကိစ္စ ပြီးပါပြီ။

''ဆန္ဒပါရိသုဒ္ဓိ ဥတုက္ခာနံ ။ လ ။ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ'' ဟု အဋ္ဌကထာဆရာတို့ မိန့်မှာတော်မူသည်နှင့်အညီ (၁) ဆောင်အပ်သော ဆန္ဒကို လျှောက်ထားခြင်း၊ (၂) ပါရိသုဒ္ဓိကို လျှောက်ထားခြင်း၊ (၃) ရောက်ဆဲဖြစ်သော ဥတုပက္ခကို ရေတွက်၍ လျှောက်ထားခြင်း၊ (၄) သိမ်အပြင် နှစ်တောင့်တစ်ထွာ ဟတ္ထပါသ်အတွင်း၌ တည်နေကုန်သောသံဃာတို့အား ရေတွက်၍ လျှောက်ထားခြင်း၊ (၅) ဘိက္ခုနီမတို့က လျှောက်ထားလာသော ဘိက္ခုနောဝါဒကို ပြန်ကြား လျှောက်ထားခြင်း။ ဤငါးပါးသော ပြုဖွယ်ကိစ္စတို့သည် သံဃာစည်းဝေး

ပြီးနောက် ပါတိမောက်မပြမိ ရှေးအဖို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စတို့ မည်ကုန်၏။

ထိုငါးပါးတို့တွင် "ဆန္ဒာရဟ" ပုဂ္ဂိုလ် မရှိသည် ဖြစ်၍ ဆန္ဒကို ဆောင်ဖွယ်, လျှောက်ဖွယ်မရှိ၊ ပြီး ပါပြီ ဘုရား။

"ပါရိသုဒ္ဓါရဟ" ပုဂ္ဂိုလ် မရှိသည်ဖြစ်၍ ပါရိသုဒ္ဓိကို ဆောင်ဖွယ်, လျှောက်ဖွယ်မရှိ၊ ပြီးပါပြီဘုရား။

ယခုရောက်ဆဲ ဥတုပက္ခကား ဟေမန္တဥတု၊ ဒုတိယပက္ခ၊ ပန္နရသီဥပုသ်နေ့ ဖြစ်ပါသည်ဘုရား။

ယခုအခါ သိမ်အပြင်၌ စည်းဝေး တည်နေကြကုန်သော သံဃာတော်တို့ကား ၇-ပါး အရေအတွက် ရှိပါသည်ဘုရား။

ယခုအခါ သာသနာတော်၌ ဘိက္ခုနီများ မရှိ၍ ဘိက္ခုနောဝါဒ လျှောက်လာသည်ကို ပြန်ကြား လျှောက်ထားဖွယ် ကိစ္စမရှိ၊ ပြီးပါပြီ ဘုရား။

ဥပေါသထော ယာဝတိကာ စ ဘိက္ခူ ကမ္မပတ္တာ (ပ) ပတ္တကလ္လန္တိ ဝုစ္စတိ ဟု အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့် အညီ (၁) ဥပုသ်သည် နေ့၏အစွမ်းအားဖြင့် စာတုဒ္ဒသီ၊ ပန္နရသီ၊ သာဂ္ဂီမအားဖြင့် ၃-ပါး၊ ကာရက ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သံဃ၊ ဂဏ၊ ပုဂ္ဂလအားဖြင့် ၃-ပါး၊ ကတ္တဗ္ဗာကာရ၏ အစွမ်းအားဖြင့် သုတ္တုဒ္ဒေသ၊ ပါရိသုဒ္ဓိ၊ အဓိဋ္ဌာန်အားဖြင့် ၃-ပါး၊ ဤ ၉-ပါးတို့တွင် တစ်ပါးပါးဖြစ်ခြင်း၊ (၂) အယုတ်ဆုံး လေးပါး၊ လေးပါးထက်လွန်ကုန်သော ပကတတ် ရဟန်းတော်

တို့သည် သိမ်အပြင် နှစ်တောင့် တစ်ထွာ ဟတ္ထပါသ်၌ စပ်၍ တည်နေကြခြင်း၊ (၃) ထိုရဟန်းတော်တို့အား သဘာဂ အာပတ်မရှိခြင်း၊ (၄) သိမ်အပြင် နှစ်တောင့် တစ်ထွာ ဟတ္ထပါသ်မှ အပ္ပဲပ၍ ကြဉ်အပ်ကုန်သော လူ အစရှိသော နှစ်ကျိပ် တစ်ယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်များမရှိခြင်း။ ဤ (၄)ပါသော အင်္ဂါတို့နှင့် ပြည့်စုံသောကံကို ပတ္တကလ္လဖြစ်၏ မိန့်တော်မူအပ်သောကြောင့် ယခု ပြုလတ္တံ့သော ဥပုသ်ကံသည်လည်း ဖော်ပြအပ်ပြီးသော ပတ္တကလ္လအင်္ဂါတို့နှင့် ပြည့်စုံသဖြင့် ပတ္တကလ္လဖြစ်ပါသည် အရှင်ဘုရား။

ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ ။ပ။ အာရာဓနံ ကရောမ။

(သာဓုခေါ်ကြကုန်)

ပြုသူက ဥတ်ထားရန်။ ။သုဏာတု မေ ဘန္တေ သံဃော။ အဇ္ဇုပေါသထော (ပန္နရသော) ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဥပေါသထံ ကရေယျ။ ပါတိမောက္ခံ ဥဒ္ဒိသေယျ။

အမှာ။ ။"၁၄-ရက် ဥပုသ်နေ့ဖြစ်လျှင် စာတုဒ္ဒသော" ဟု ပြင်ဆိုပါ။

ကိံ သံဃဿ ပုဗ္ဗကိစ္စံ ။ပ။ အာဝိကတာ ဟိဿ ဖာသု ဟောတိ။

ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော။ နိဒါနံ။ တတ္ထာယသ္မန္တေ ပုစ္ဆာမိ၊ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ဒုတိယမ္ပိ ပုစ္ဆာမိ၊ ကစ္စိတ္ထ ပရိသုဒ္ဓါ၊

တတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ပရိသုဒ္ဓေတ္ထာယသ္မန္တော၊ တသ္မာ တုဏှီ၊ ဧဝ မေတံ ဓာရယာမိတိ။

နိဒါန် နိဋ္ဌိတံ။

တတြိ မေ စတ္တာရော ပါရာဇိကာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

(ယော ပန ဘိက္ခု – ဘိက္ခူနံ မှစ၍ ပါရာဇိက ပါဠိ အဆုံး ဧဝ မေတံ ဓာရယာမိတိ) တိုင်အောင်ရွတ်ပါ။

ပါရာဇိကာ နိဋ္ဌိတာ

သုတဖြင့် သိမ်းပုံ။ ။ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ။ ဥဒ္ဒိဋ္ဌာ စတ္တာရော ပါရာဇိကာဓမ္မာ။

သုတာ ခေါ ပနာယသ္မန္တေဟိ တေရသ သံဃာဒိသေသာဓမ္မာ၊ သုတာ ဒွေ အနိယတာ ဓမ္မာ။ သုတာ တိံသ နိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ။ သုတာ ဒွေနဝုတိ ပါစိတ္တိယာ ဓမ္မာ။ သုတာ စတ္တာရော ပါဋိဒေသနိယာ ဓမ္မာ။ သုတာသေခိယာ ဓမ္မာ။ သုတာ သတ္တ အဓိကရဏ သမထာ ဓမ္မာ။

ဇေတ္တက် တဿ ဘဂဝတော သုတ္တာဂတံ သုတ္တပရိယာပန္နံ၊ အနုဒ္ဒမာသံ ဥဒ္ဒေသံ အာဂစ္ဆတိ၊ တတ္ထ သဗ္ဗေဟေဝ သမဂ္ဂေဟိ သမ္မောဒမာနေဟိ အဝိဝဒ မာနေဟိ သိက္ခိတဗ္ဗန္တိ။

ပါရာဇိကုဒ္ဒေသော ဒုတိယော။

အားလုံး သာဓုခေါ်ကြကုန်၊ ပါတိမောက်ပြုခြင်း ပြီး၏။

## ပဝါရဏာပြုခြင်း

ရဟန်းတော်များသည် ပထမဝါ ကပ်ဆိုကြလျှင် သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုရသည်။

ဒုတိယဝါကပ်ဆိုကြလျှင် တန်ဆောင်မုန်း လပြည့်နေ့၌ ပဝါရဏာပြုရသည်။

ပဝါရဏာပြုပုံကို အစမှစ၍ ပြပါမည်၊

ဥပုသ်ပြုသကဲ့သို့ တံမြက်လှည်းခြင်း စသော ကိစ္စများကို ကြိုတင်ပြုပြီး နေပါစေ။

ထို့နောက် -

တစ်ပါးတည်းဖြစ်လျှင်။ ။အဇ္ဇ မေ ပဝါရဏာ ပန္နရသီတိ အဓိဋ္ဌာမိ-ဟုသုံးကြိမ်ဆို၍ အဓိဋ္ဌာန် ပဝါရဏာ ပြုပါလေ။

အမှာ။ ။ ၁၄-ရက်နေ့ ဖြစ်လျှင် (ပန္နရသီ) နေရာတိုင်း၌ (စာတုဒ္ဒသီ) ဟု ရွက်ဖတ်ပါ။

၂-ပါးဖြစ်လျှင်။ ။အကြီး ရဟန်းက စ၍ ဉတ်မထားရဘဲ (အဟံ အာဝုသော အာယသ္မန္တံ ပဝါရေမိ။ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒတု မံ အာယသ္မာ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ) ၃-ကြိမ်ဆိုလေ။ ကျန်ရဟန်းက သာဓုခေါ်ပါလေ။

၃-ပါး ၄-ပါးရှိမူ-ဉတ်အလျှင်ထားပါ။

ဉတ်ထားပုံ—

(သုဏာန္တု မေ အာယသ္မန္တော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပဝါရေယျာမ)-

ဟု ဉတ်ကိုထားပြီးနောက် အကြီးကစ၍ အောက်ပါအတိုင်း ပဝါရဏာပြုပါလေ။

(အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ။ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ)-ဟု ၃-ကြိမ်ဆိုလေ။

အငယ်ရဟန်းက။ ။အဟံဘန္တေ အာယသ္မန္တေ ပဝါရေမိ စသည်ဖြင့်ဆိုပါ။ ရှေ့အတိုင်း မထူးပြီ။

၅-ပါးမှစ၍ အထက်သံဃ ။ဥပုသ်ပြုရာ၌ ၄-ပါး ဖြစ်လျှင်
ပဝါရဏာပြုပုံ သံဃဥပုသ် ပြုနိုင်သော်လည်း
ပါဝါရဏာတွင် ငါးပါးပြည့်မှ
သံဃ ပဝါရဏာ ပြုလုပ်ရသည်ဟု မှတ်ထားပါ။

ပထမဦးစွာ ဉတ်ထားပါ။

ဉတ်ပါဠိ။ ။သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇပဝါရဏာ
ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော
ပဝါရေယျ။

မထေရ်ကြီးက စရ်ဆိုပါ။ ။သံဃံ အာဝုသော ပဝါရေမိ၊
ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိ
သင်္ကာယ ဝါ၊ ဝဒတု မံ သံဃော အနုကမ္ပံ ဥပါဒါယ။
ပဿန္တော ပဋိကရိဿာမိဟု ၃-ကြိမ်ဆို။

ရဟန်းငယ်က။ ။သံဃံ ဘန္တေ ပဝါရေမိ-ဟု အာဝုသော
နှင့် ဘန္တေကို ပြောင်းဆိုရုံမျှသာ ထူး၏။

## ပဝါရဏာ အမေးအဖြေကို ပြုလုပ်လိုပါလျှင်

## ပဝါရဏာ မေးဖြေပုံ

အမေးပုဂ္ဂိုလ်။ ။နမော တဿ ၃-ကြိမ်ဆို၍ ဉတ်ထားပါ။
သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ
ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ (မေဓိယံ) ဝိနယံ ပုစ္ဆေယျံ။

(က) ပကာရေဟိ ဒိဋ္ဌာဒီဟိ ဝါရေတိ တောယာတိ ပဝါရဏာ။ တောယ၊ ဤရဟန်းကျင့်ဝတ်ဖြင့်။ ဒိဋ္ဌာဒီဟိ၊ ဒိဋ္ဌသုတပရိသင်္ကိတဟု ဆိုအပ်ကုန်သော။ ပကာရေဟိ၊ အပြားတို့ဖြင့်။ ဘိက္ခူ၊ရဟန်းတို့ကို။ ဝါရေတိ သံဃာဂိုဏ်း ပုဂ္ဂိုလ်တို့ ဆည်းကပ်စေတတ်၏။ ဘတ္တော၊ ဆည်းကပ်သည်တို့ကို။ ကရောတိ၊ ပြုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာ သာမဂ္ဂီရယာ၊ ထိုရဟန်းကျင့်ဝတ်သည်။ ပဝါရဏာ၊ ပဝါရဏာမည်၏။

ဤသို့ ဝိဂ္ဂဟ် လုစ်ဆိုမြွက်ဟ သမဂ္ဂစာရိတ္တသိက္ခာ ပဝါရဏာကို မြတ်စွာဘုရားသည် အဘယ်ပြည်မှာ နေတော်မူသောအခါ ပညတ်တော်မူပါသနည်း။

(ခ) သာဝတ္ထိပြည်၌နေတော်မူစဉ် ဤပဝါရဏာကို ခွင့်ပြုတော်မူ၏ဟု ဆိုပြီ။ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း။

(ဂ) ကောသလတိုင်းသား ရဟန်း တော် များ ကို အကြောင်းပြု၍ အချင်းချင်း စကားမပြော၊ တုဏှိဘောဖြင့် နှီးနှောတိုင်ပင် ဆုံးမခြင်းမရှိ။ သဘိမ္မေလျော့သူပေါ်ပေါ်တန်တန် ဟတ္ထဝိလင်္ဃတ မူဂဗ္ဗတ တိတ္ထိယ သမာဒါန ဝတ္တကြောင့် သမဂ္ဂစာရိတ္တသိက္ခာ ပဝါရဏာကို ခွင့်ပြုပညတ်တော်မူ၏ဟု ဆိုပြီ။ ယင်းပဝါရဏာသည် သင်္ချာအားဖြင့် အဘယ်မျှ အရေအတွက် ရှိပါသနည်း။

(ဿ) ယင်းသို့ အရေအတွက်အားဖြင့် ကိုးပါးသော ပဝါ ရဏာတို့တွင် အဘယ် ပဝါရဏာကိုငါတို့ ယခု ပြုအပ်ကုန် သနည်း။

(င) သံဃပဝါရဏာကို ငါတို့ပြုအပ်၏ဟု ဆိုပြီ။
သမ္ပဋ္ဌနိ ပဒိပေါ စ၊ ဥဒကံ အာသနေန စ၊
ပဝါရဏာယ ဧတာနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ-

ဟူ၍ မိန့်တော်မူအပ်သော အဋ္ဌကထာပါဠိနှင့်အညီ(၁)ပဝါရ ဏာအိမ်၊ သိမ်အပြင်၌ တံမြက်လှည်းခြင်း။ (၂) ဆီမီးထွန်းညှိ ခြင်း။ (၃) သောက်ရေ သုံးဆောင်ရေ တည်ထားခြင်း။ (၄) နေရာခင်းခြင်း။ ဤလေးပါးသော ပြုဖွယ်ကိစ္စတို့ကို သံဃာမစည်းဝေးမီက ရှေးအဖို့၌ ပြုအပ်သည်၏အဖြစ်ကြောင့် ပုဗ္ဗကရဏတို့ ပည်၏ဟု အဋ္ဌကထာဆရာမြတ်တို့ မိန့်တော်မူ သောကြောင့် ဤလေးပါးသော ပြုဖွယ်ကိစ္စတို့တွင် ဤပဝါ- ရဏာ အိမ်၊ သိမ် အပြင်၌-

(၁) တံမြက်လှည်းခြင်းကိစ္စ ပြီးပြီလော။

(၂) ဆီမီးညှိထွန်းခြင်းကိစ္စ ပြီးပြီလော။

(၃) သောက်ရေ သုံးဆောင်ရေ တည်ထားခြင်းကိစ္စ ပြီးပြီလော၊

(၄) နေရာခင်းခြင်းကိစ္စ ပြီးပြီလော။

(စ) ဆန္နပဝါရဏာ ဥတုက္ခာန်၊ ဘိက္ခုဂဏနာစ ဩဝါဒေါ ပဝါရဏာယ တောနီ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ-

ဟု မိန့်ဆိုအပ်သော အဋ္ဌကထာ ပါဌ်နှင့်အညီ-

(၁) ဆန္ဒကိုလျှောက်ထားခြင်း။ (၂) ပဝါရဏာကို လျှောက်ထားခြင်း။ (၃) သီတင်းကျွတ် လပြည့်နေ့၌ ပြုအပ်သော ပထမ ကတ္တိကပဝါရဏာ၊ တန်ဆောင်မုန်း လပြည့်နေ့၌ ပြုအပ်သော ဒုတိယ ကတ္တိကပဝါရဏာအားဖြင့် နှစ်ပါးသော ပဝါရဏာတို့တွင် တစ်ပါးပါးသော ပဝါရဏာကို လျှောက်ထားခြင်း၊ (၄) ပဝါရဏာအိမ်, သိမ်အပြင်၌ စည်းဝေးရောက်လာကြသော သံဃာတော်တို့ကို ရေတွက်၍ လျှောက်ထားခြင်း။ (၅) ရဟန်းမတို့က အကျွန်ုပ်တို့သည် အဘယ်မထေရ်ထံ၌ အဆုံးအမကို ခံယူရပါကုန်အံ့နည်းဟု လျှောက်လာသော စကားကို သံဃာအား လျှောက်ထားခြင်း။

ဤငါးပါးသော ပြုဖွယ်ကိစ္စတို့ကို သံဃာ စည်းဝေးပြီးနောက် ပဝါရဏာမပြုမီ ရှေးအဖို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စ မည်၏ဟူ၍ အဋ္ဌကထာဆရာမြတ်တို့ မိန့်မှာသည်နှင့်အညီ ဤငါးပါးသော ပြုဖွယ်ကိစ္စတို့တွင်-

(၁) ဆန္ဒကို လျှောက်ထားခြင်းကိစ္စ ပြီးပြီလော။

(၂) ပဝါရဏာကို လျှောက်ထားခြင်းကိစ္စ ပြီးပြီလော။

(၃) သီတင်းကျွတ်လပြည့်နေ့၌ ပြုအပ်သော ပထမကတ္တိက ပဝါရဏာ၊ တန်ဆောင်မုန်းလပြည့်နေ့၌ ပြုအပ်သော ဒုတိယ ကတ္တိက ပဝါရဏာ အားဖြင့် ၂-ပါးသော ပဝါရဏာတို့တွင် အဘယ်ပဝါရဏာကို ငါတို့ပြုအပ်ပါသနည်း။

(၄) ပဝါရဏာအိမ် သိမ်အပြင်၌ စည်းဝေးရောက်လာကြသော သံဃာ အရေအတွက်ကား အဘယ်မျှ ရှိပါသနည်း။

(၅) ရဟန်းမတို့က ကျွန်ုပ်တို့သည် အဘယ်မထေရ်ထံ၌ အဆုံးအမကို ခံယူရပါမည်နည်းဟု လျှောက်ထားသော စကားကို သံဃာအား ပြန်ကြား လျှောက်ထားခြင်းကိစ္စ ပြီးပြီလော။

(ဆ) ပဝါရဏာ ယာဝတိကာ စ ဘိက္ခူ ကမ္မပတ္တာ၊ သဘာဂါပတ္တိယော စ နဝိဇ္ဇန္တိ၊ ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ၊ ပတ္တကလ္လန္တိ ဝုစ္စတိ-

-ဟူသော အဋ္ဌကထာပါဋ္ဌ်နှင့်အညီ—

(၁) ပဝါရဏာသည်နေ့၏အစွမ်းအားဖြင့်စာတုဒ္ဒသီပဝါရဏာ၊ ပန္နရသီပဝါရဏာ၊ သာမဂ္ဂီပဝါရဏာ အားဖြင့် ၃-ပါး။ ကာရကပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သံဃပဝါရဏာ၊ ဂဏပဝါရဏာ၊ ပုဂ္ဂလပဝါရဏာ အားဖြင့် ၃-ပါး။ ကတ္တဗ္ဗာကာရ၏ အစွမ်းအားဖြင့် တေဝါစိကာ၊ ဒွေဝါစိကာ၊ ကေဝါစိကာ

ပဝါရဏာအာ·ဖြင့် ၃-ပါး။ ဤ ၉-ပါးသော ပဝါရဏာတို့တွင် တစ်ပါးပါးဖြစ်ခြင်း။

(၂) အယုတ်ဆုံး(အနည်းဆုံး) ငါးပါး ရှိကုန်သော ရဟန်းတော်တို့သည် ပဝါရဏာအိမ်, သိမ်အပြင် နှစ်တောင့် တစ်ထွာ ဟတ္ထပါသ်ကို မစွန့်မူ၍ တည်နေခြင်း။

(၃) ထိုရဟန်းတို့အား သဘာဂအာပတ် မရှိခြင်း။

(၄) ပဝါရဏာအိမ်,သိမ်အပြင် နှစ်တောင့် တစ်ထွာ ဟတ္ထပါသ်မှ အပြင်၌ ကြဉ်အပ်ကုန်သော လူစသော နှစ်ကျိပ်တစ်ယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်များ မရှိခြင်း။

ဤလေးပါးသော အင်္ဂါတို့နှင့်ပြည့်စုံသော ပဝါရဏာကံကို ပတ္တကလ္လဖြစ်၏ဟု အဋ္ဌကထာ အရှင်မြတ်တို့ မိန့်မှာတော်မူအပ်သောကြောင့် ယခုပြုလတ္တံ့သော ပဝါရဏာသည် ပတ္တကလ္လဖြစ်ပါ၏လော။

(ဇ) ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ ပရိယောသာပေတွာ(သမာဒပေတွာလည်းဟူ) ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခု သံဃဿ အနုမတိယာ ပဝါရဏာ ဥတ္တိံ ဌပေဿာမ။

သာဓုခေါ်ကြကုန်။

ရဟန်းငယ်က။ ။သံဃော ဘန္တေ အာယသ္မန္တံ ပဝါရဏာ ဥဗ္ဗာဟုံ ဒေဿ ဥပမန္တံ အဒ္ဒေသတိ၊ ဒွပေတုအာယသ္မာ ပဝါရဏာ ဥဗ္ဗာဟုံ''ဟု တိုက်တွန်းသော ဥတ်ကိုရွတ်လိုက်သော အခါ အမေးပြုသူ ရဟန်းကြီးက အောက်ပါအတိုင်း ပဝါရဏာဥတ်ထားပါ၊ ပဝါရဏာဥတ်ကို ထားပြီးလျှင် အချင်းချင်း ပဝါရဏာပြုနိုင်ပြီ။

ပဝါရဏာဥတ်ထားပုံ။ ။သုဏာတု မေ ဘန္တေ သံဃော။ အဇ္ဇပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ။

ယခင်ပြခဲ့သည့်အတိုင်း ပဝါရဏာ ပြုကြလေတော့။

ပဝါရဏာအမေး ပြီး၏။

## ပဝါရဏာ အဖြေ

နဝမော တဿ သုံးခေါက် ဆို၍ ဥတ်ထားပါ။

ဥတ်။ ။သုဏာတုမေ ဘန္တေ သံဃော။ ယဒိ သံဃဿ ပတ္တကလ္လံ။ အဟံ အာယသ္မတာ (တိဿေန) ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ။

(က) တေန ခေါ ပန သမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ-

စသည်ဖြင့် ဝိနည်းမဟာဂါ ပါဠိလာရှိသည်နှင့်အညီ သာဝတ္ထိ ပြည် ဇေတဝန် ကျောင်းတော်၌ စံပျော်တော်မူစဉ် မြတ်စွာ ဘုရားသည် (အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝုဋ္ဌာနံ ဘိက္ခူနံ တီဟိ ဌာနေဟိ ပဝါရေတုံ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ အစရှိသည်ဖြင့်)ပဝါရဏာကို ခွင့်ပြုတော်မူပါသည်ဘုရား။

(၁) တေန ခေါ ပန သမယေန သမ္ဗဟုလာ သန္ဒိဋ္ဌာ သမ္ဘတ္တာ ဘိက္ခူကောသလေသု ဇနပဒေသု အညတရသ္မိံ အာဝါသေ ဝဿံ ဥပဂစ္ဆိသု–

အစရှိသည်ဖြင့် ဝိနည်းမဟာဝါ ပဝါရဏာက္ခန္ဓက ပါဠိ လာ ရှိသည်နှင့်အညီ- ကောသလတိုင်း တစ်ခုသော ဇနပုဒ်ဝယ် တစ်ခုသော ကျောင်းတိုက်၌ ဝါကပ်ဆိုကုန်သော ရဟန်းတော် များ၏ အချင်းချင်း စကားမပြော နှိုးနှော တိုင်ပင်ခြင်းမရှိ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဘန်တန် ရန်သူတမျှမူ ဂဗ္ဗတဟာတ္ထ ဝိလယ်တ လက်ပြခြေပြ တိတ္ထိတို့၏ အကျင့်ကို ကျင့်ကြခြင်းကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာ စေသတ္တာသည် နိယျာနိက ဝဋ်မှ ထွက်မြောက်ရာ ငါဘုရား သာသနာတော်၌ တာဝန်ကို ထမ်းရွက်ကြကုန်သော ဗုဒ္ဓသားတော်အချင်းချင်း ဖြစ်ကြကုန် လျက် အချင်းချင်းစကားမပြော တုဏှိဘောဖြင့် နှိုးနှောဆုံးမ ခြင်းမရှိ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေ့ရက်ရှည်ကြာ နေခြင်းငှာမသင့်၊ အရိယာသူတော်ကောင်းတို့၏ နေထိုင်ခြင်း မျိုးမဟုတ်ဘဲ နွားတိရစ္ဆာန် ရန်သူတို့၏ နေထိုင်ခြင်း မျိုးသာ ဖြစ်ချေသည်ဟု ကဲ့ရဲ့တော်မူ၍ (န ဘိက္ခဝေ မူဂဗ္ဗတံ တိတ္ထိယ

သမာဒါနံ သမာဒယိတဗ္ဗံ၊ ယော သမာဒယေယျ အာပတ္တိ-ဒုက္ကဋဿ) ဟု သိက္ခာပုဒ် ပညတ်လျက် ကောသလတိုင်းသားရဟန်းများကိုပင် အစကြောင်းပြု၍ အချင်းချင်း စကားမပြောနိုးနှောသုံးမခြင်းမရှိ၊ သတိမေ့လျော့ ပေါ့ပေါ့တန်တန်ရန်သူ တမျှ ဟတ္ထဝိလင်္ဃိတ မူဂဗ္ဗတ တိတ္ထိယသမာဒါန ဝတ္တုကြောင့်ဤပဝါရဏာကိုခွင့်ပြုပညတ်တော်မူပါသည်ဘုရား၊

(ဂ) စာတုဒ္ဒသော ပန္နရသော၊
သာမဂ္ဂီ ဒိနဘော တိခော။
ဒိန ပုဂ္ဂလ ကာတဗ္ဗာ၊
ကာရတော တေ နဝေရိတာ။
တယော တယောတိ ကတ္ဝာန၊
ဒိန ပုဂ္ဂလဘေဒတော။
တေဝါစိ ဒွေကဝါစိတိ၊
နဝ ဝုတ္တာ ပဝါရဏာ၊

ဟု မူလသိက္ခာ မိန့်မှာသည်နှင့်အညီ ကိုးပါး ရှိပါသည်ဘုရား။

(ဃ) ဣမေ ပန ဧကော-ပုဂ္ဂလော၊ ဒွေ တဒယော
စတ္တာရော ဂဏော၊ တတော ပရံ သံဃော-

ဟု ဋီကာဆရာ မိန့်မှာသည်နှင့်အညီ ယခုအခါ သံဃာငါးပါးပြည့်သည်ဖြစ်၍ သံဃပဝါရဏာကိုပြုအပ်ပါသည်ဘုရား။

(င) ၁။ ပြီးပါပြီ ဘုရား။
၂။ ပြီးပါပြီ ဘုရား။

၃။ ပြီးပါပြီ ဘုရား၊
၄။ ပြီးပါပြီ ဘုရား။

(စ) ၁။ ဆန္ဒာဝရဟာ ပုဂ္ဂိုလ်မရှိသည်ဖြစ်၍ ဆန္ဒကို လျှောက်ထားဖွယ်မရှိ၊ ပြီးပါပြီ အရှင်ဘုရား။
၂။ ပဝါရဏာဝရဟာ ပုဂ္ဂိုလ် မရှိ၍ပဝါရဏာကို လျှောက်ထားဖွယ်မရှိ၊ ပြီးပါပြီအရှင်ဘုရား။
၃။ ပထမ ကတ္တိက ပဝါရဏာ ဖြစ်ပါသည် အရှင်ဘုရား။
၄။ (   )ပါးအရေအတွက် ရှိပါသည်ဘုရား။ (ရှိသည့် အရေအတွက်ကို ဖြေပါ)
၅။ ယခုအခါ သာသနာတော်၌ ရဟန်းမတို့ မရှိ၍ ဘိက္ခုနောဝါဒကို သံဃာတော်တို့အား ပြန်ကြား လျှောက်ထားဖွယ် မရှိ၊ ပြီးပါပြီ ဘုရား။

(ဆ) ပတ္တကလ္လ ဖြစ်ပါသည်ဘုရား။

(ဇ) သံဃော ဘန္တေ အာယသ္မန္တ ပဝါရဏာ ဥတ္တိဒ္ဓပန် အဇ္ဇသတိ၊ ဒွေပေတု အာယသ္မာ ပဝါရဏာ ဥတ္တိ ။ ၃-ကြိမ် ဆိုပါလေ။

ဓမ္မာ။ ။ဤပါဠိကို ပဝါရဏာ ဥတ်ထားရန် တိုက်တွန်းသော အဇ္ဈေသက ဥတ်ဟုခေါ်ပါသည်။

ပဝါရဏာအဖြေ ပြီး၏။

ဒေသနာကြား, ဒေသနာခံပုံ

ရဟန်းငယ်ကစ၍ကြားပါ။ ။အဟံ ဘန္တေ သဗ္ဗာ အာပတ္တိ-
ယော အာရောစယာမိ။

အကြီး။ ။သာဓု သာဓု သာဓု။

အငယ်။ ။အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပန္နော-တာ တုမှမူလေ ပဋိဒေသေမိ။

အကြီး။ ။ပဿတိ အာဝုသော တာ အာပတ္တိယော။

အငယ်။ ။အာမ ဘန္တေ ပဿာမိ။

အကြီး။ ။အာယတိံ အာဝုသော သံဝရေယျာသိ။

အငယ်။ ။သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။

အကြီး။ ။သာဓု သာဓု သာဓု၊

(ဤသို့ အငယ်ရဟန်းက တစ်ခေါက် ကြားပြီးသောအခါ အကြီးရဟန်းကပြန်၍ အောက်ပါအတိုင်းကြားရမည်၊)

အကြီး။ ။အဟံ အာဝုသော သဗ္ဗာ အာပတ္တိယော အာရောစယာမိ။

အငယ်။ ။သာဓု သာဓု သာဓု။

အကြီး။ ။အဟံ အာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာအာပတ္တိယော အာပန္နော၊ တာ တုယှမူလေ ပဋိဒေသေမိ။

အငယ်။ ။ပဌာထ ဘန္တေ တာ အာပတ္တိယော။
အကြီး။ ။အာမ အာဝုသော ပဿာမိ၊
အငယ်။ ။အာယတိံ ဘန္တေ သံဝရေယျာထ။
အကြီး။ ။သာဓု သုဋ္ဌု အာဝုသော သံဝရိဿာမိ။
အငယ်။ ။သာဓု သာဓု သာဓု။

အငယ်ကတစ်ခေါက် ပြန်ကြားပုံမှာ

အငယ်။ ။အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှ မူလေ ပဋိဒေသေမိ။
အကြီး။ ။ပဿသိ အာဝုသော တာ အာပတ္တိယော။
အငယ်။ ။အာမ ဘန္တေ ပဿာမိ။
အကြီး။ ။အာယတိံ အာဝုသော သံဝရေယျာသိ။
အငယ်။ ။သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။
အကြီး။ ။သာဓု သာဓု သာဓု။

ဤတွင် အားလုံးပြီး၏။

ဆန္ဒပေးပုံ

ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟာရ၊ ဆန္ဒံ မေ အာရောစေဟိ။

ပါရိသုဒ္ဓိပေးပုံ

ပါရိသုဒ္ဓိံ ဒမ္မိ၊ ပါရိသုဒ္ဓိံ မေ ဟာရ၊ ပါရိသုဒ္ဓိံ မေ အာရောစေဟိ။

ဆန္ဒကို သံဃာအား လျှောက်ထားပုံ

တိဿေန ဘိက္ခုနာ ဆန္ဒော ဒိန္နော၊ တမဟံ သံဃဿ အာရောစေမိ။

ပါရိသုဒ္ဓိကို သံဃာတော်အား လျှောက်ကြားပုံ

တိဿေန ဘိက္ခုနာ ပါရိသုဒ္ဓိ ဒိန္နာ။ တမဟံ သံဃဿ အာရောစေမိ။

တိစီဝရိက် အဓိဋ္ဌာန်တင်ပုံ

နှစ်ထပ်သင်္ကန်း၊ ကိုယ်ရုံ၊ သင်းပိုင်၊ဤ ၃-ထည်ကို တိစီဝရိက် (တိ=၃ ထည်သော၊ စီဝရိက်=သင်္ကန်း) ခေါ်သည်။

၎င်းတို့ကို တိစီဝရိက် ဟူသော နာမည်ဖြင့် အဓိဋ္ဌာန်တင် လိုလျှင် တစ်ထည်စီကို ကိုင်လျက်-

နှစ်ထပ်သင်္ကန်းကို တင်လိုလျှင် ဣမံ သံဃာဋိံ အဓိဋ္ဌာမိ။
(၃) ခေါက်။

ကိုယ်ရုံကို တင်းလိုလျှင်-ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။

သင်ပိုင်ကို တင်လိုလျှင်-ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ။

အမှာ။ ။အဝေးမှာသင်္ကန်းများတည်နေလျှင်"ဧတံ သံဃာဋိံ အဓိဋ္ဌာမိ၊ ဧတံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ၊ ဧတံ အန္တရဝါသကံ အဓိဋ္ဌာမိ"ဟု (ဧတံ) သဒ္ဒါဖြင့် တင်ပါလေ။

ပရိက္ခာရစောဠ ဟူသောနည်းဖြင့် တင်လိုလျှင်-မည်သည့်အဝတ်ကိုမဆို အလျား တစ်တောင် အနံတစ်ထွာရှိလျှင် တင်နိုင်သည်။

တစ်ထည်ကို တင်လိုလျှင်-ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ။

အများကိုတင်လိုလျှင်-ဣမာနိ စီဝရာနိ ပရိက္ခာရ စောဠာနိ အဓိဋ္ဌာမိ။

အမှာ။ ။အခေါ်မှာ သင်္ကန်းများဘည်နေလျှင် "တံ၊ တော နိ" ဟု နည်းများအလိုက် တင်ပါလေ။

## အဓိဋ္ဌာန်တင်ရမည့်ရက်

သင်္ကန်းရလာလျှင် (သာမညအားဖြင့် ဆယ်ရက်အတွင်း) အဓိဋ္ဌာန်တင်ရမည်ဟု မှတ်ပါ။ "ကထိန်ခင်းလျှင်၊ အာနိသင်ရက် တပေါင်းလပြည့်နေ့ထိ မတင်ဘဲထားနိုင်သည်" ထိုရက်လွန်က တင်ရမည်။ မည်သို့ပင်ဖြစ်စေ အဓိဋ္ဌာန်တင်ခြင်းအလုပ်သည် ခက်သည်မဟုတ်သဖြင့် ဆယ်ရက်အတွင်း အဓိဋ္ဌာန် တင်လိုက်ခြင်းက ကောင်းပေသည်။ အဓိဋ္ဌာန်တင်ရာ၌ တိစီဝရိက်နည်းဖြစ်စေ၊ ပရိက္ခာရစော ဠနည်းဖြစ်စေ၊ ကြိုက်ရာဘင်ပါ။ "တိစီဝရိက်နည်းကား" တာဝန်ပေါ၏၊ လွယ်၏။

## ကပ္ပဗိန္ဒုထိုးပုံ

ရဟန်းတို့များ သင်္ကန်းသစ်ရ၍ ဝတ်တော့မည်ဆိုလျှင် ကပ္ပဗိန္ဒုထိုးရသည်။ ထိုပုံမှာ သင်းပိုင်၊ သင်္ကန်းတို့၏ အနားပတ်

ထောင့်စွန်း၌ ကြမ်းပိုးကျောက်ကုန်းမျှလောက်ကဲ့သို့ ပမာဏ ရှိသောအစက်ကို ခဲပြင့်ဖြစ်စေ၊ သစ်ရွက်စိမ်းကိုခဲ၍ တုတ်ဖြင့် ဖြစ်စေ ခြစ်ပေးပါ။ တစ်ခါထိုးပြီးနောက် ပျက်သွားလျှင်လည်း ထပ်ထိုးစရာ မလိုပြီ။

(ဝိကပ္ပနာနှင့် ပစ္စုဒ္ဓိရ်တို့ကိုမူကား မရှိသလောက် နည်းနေသောကြောင့် ဤတွင်မရေးတော့ပြီ၊)

ဝါကပ်ဆိုပုံ

ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ။
(၃)ခေါက်။

ဝါပန်ပုံ။ ။အဇ္ဇော သတ္တာဟေ ပဋိနိဝတ္တိဿာမိ၊ သတ္တာဟဗ္ဘန္တရေ ပဋိနိဝတ္တိဿာမိ၊

ဝါပန်သွားနိုင်စရာအခါ။ ။ဒါတို့၊ အလှူပေးလိုပါသည်။
သောတို့၊တရားနာလိုပါသည်။
ပသိတို့၊ ဖူးမြင်လိုပါသည်။ ဤသို့(တို့) ၃-ချက်, တစ်ချက် ချက်ညီသောအခါ ဒကာ ဒကာမများကို ကရဏာထားလျက် ၇-ရက်အတွင်း၌ သွား၍ ၇-အရုဏ်အတွင်းပြန်ရမည်။

အမှာ။ ။ရဟန်းများ ဝိနည်း၌ တစ်ရက်ဆိုသည်ကို တစ်အရုဏ်တက်သည်နှင့်သတ်မှတ်ပါသည်။ထို့ကြောင့် ၇-ရက်ဟူသည်ကို ၇-ရက်ဟုမှတ်၍ ၇-အရုဏ် မပြည့်မီ မိမိ ဝါဆိုရာကျောင်းသို့ ပြန်ရမည်၊

ဝါကျိုးပြတ်လျှင်ဘာဖြစ်တတ်သနည်း။ ။ကထိန်အာနိသင်
မရခြင်း၊ ဒုက္ကဋ်
အာပတ်သင့်ခြင်း ဖြစ်တတ်သည်။ ဝါပြယ်သောကြောင့်ရဟန်း၊
ဝါတစ်ဝါနှစ်ဝါစသည်ဖြင့် လျော့သွားသည်မဟုတ်။

## ကံဆောင်ရာ ကမ္မဝါစာဖတ်ရာ၌ သတိပြုရန်များ
## ဗျဉ္ဇနဗုဒ္ဓိဆယ်ပါး

သိထိလံဓနိတဉ္စ၊ ဒီဃရဿံ ဂရုံလဟုံ။
နိဂ္ဂဟိတဉ္စ သမ္ဗန္ဓံ၊ ဝ ဝတ္ထိတဉ္စ ဝိမုတ္တံ-
ဟူသောပါဠိနှင့်အညီ-

သိထိလ=လျော့လျော့ ရွတ်ရသော အက္ခရာများ။

ဓနိတ=ပြင်းပြင်းရွတ်ရသော အက္ခရာများ။

ဒီဃံ=အသံရှည်ဖြင့် ရွတ်ရသော အက္ခရာများ။

ရဿ=အသံတိုဖြင့် ရွတ်ရသော အက္ခရာများ။

ဂရု=လေးလေးရွတ်ရသော အက္ခရာများ၊

လဟု=ပေါ့ပေါ့ရွတ်ရသော အက္ခရာများ။

သမ္ဗန္ဓ=သန္ဓိစပ်ထားသောကြောင့် စပ်၍ရွတ်ရသော အက္ခရာများ။

ဝဝတ္ထိတ=မစပ်ပဲထားသဖြင့် ဖြတ်၍ရွက်ရသော အက္ခရာများ။

နိဂ္ဂဟိတ = နှိပ်၍ရွတ်ရသော အက္ခရာများ။

ဝိမုတ္တ = လွှတ်၍ ရွတ်ရသော အက္ခရာများဟု ဆယ်ပါး ရှိသည်။

၎င်းတို့တွင် ဝဂ်ဒုတိယ၊ ဝဂ်စတုတ္ထ အက္ခရာများကို ဓနိတ ဟုမှတ်။ ကြွင်းသောအက္ခရာများကို သိထိလဟုမှတ်၊ အဝဂ် အက္ခရာများကိုလည်း သိထိလဟု မှတ်ပါ။

(ပုံစံ)

က၊ ခ၊ ဂ၊ ဃ၊ င၊

စ၊ ဆ၊ ဇ၊ ဈ၊ ည၊

ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊

တ၊ ထ၊ ဒ၊ ဓ၊ န၊

ပ၊ ဖ၊ ဗ၊ ဘ၊ မ၊

ဤကား ဝဂ် အက္ခရာများတည်း။

ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အံ၊

ဤကား အ-ဝဂ် အက္ခရာများတည်း။

ဒီဃများမှာ-အာ-ဤ-ဦ-ဧ-ဩ

ရဿများမှာ-အ-ဣ-ဥ

ဂရုနှင့် လဟု-ဒီဃနှင့် ဂရု၊ ရဿနှင့် လဟု တူ၏။

သမ္ဘန္ဓ -တုဏှာသာ တည်း။ တုဏှိဘာဝ်ပုဒ်၊ အသာ တစ်ပုဒ် ဖြစ်ပါလျက် တစ်ပုဒ်စိ မရွတ်ဘဲ တုဏှာသာ ဟု စပ်ထားသောကြောင့် စပ်၍သာ ရွတ်ရမည်။

ဝ ဝတ္တိတ -သော တုဏှာသာတည်း။ ဤ၌ သော တစ်ပုဒ်ဖြတ်လျက် ရွတ်ရမည်။ တုဏှာသာ တစ်ပုဒ်ဖြတ်လျက် ရွတ်ရမည်။ သောတုံ+ဏှာသာ ဟု မရွတ်ရ။
နိဂ္ဂဟိတ-ကံ-ကိံ-ကုံ။

ဝိမုတ္တ— ကာ- ခါ- ဂါ- အသံကို ဖွင့်လွှတ်၍ ရွတ်ရမည်။

## ကံပျက်သည့်ရွတ်ခြင်းနှင့်မပျက်ခြင်း

၎င်းဆယ်ပါးတို့တွင် အားလုံးညီမှ ကံအောင်မြင်သည်ဟု မမှတ်ရ။ "မပျက် ၆-ပါး၊ ပျက် ၄-ပါး မှတ်သားရွတ်ဖတ်ရာ" ဟူသည်နှင့်အညီ ကံပျက်နိုင်သော ဗျဉ္ဇနဗုဒ္ဓိ ၄-ပါးသာ ရှိပါသည်။ ၎င်း ၄-ပါးတို့မှာ—

သိထိလကို ဓနိဆို မှတ်သို့ကံပျက်ပြီး။ (အဓိပ္ပာယ်သွယ်ပြီ)
ဓနိကိုကား သိထိထား မှတ်သားကံပျက်ပြီ။ (လွယ်ပြီ)
ဝိမုတ္တကို နိဂ္ဂဟိတ်ဆို မှတ်သိုဘ်ပျက်ပြီ၊ (လွယ်ပြီ)
နိဂ္ဂဟိတ်ကိုကား ဝိမုတ်ထား မှတ်ထားကံပျက်ပြီ။

အဓိပ္ပာယ်။ ။သုဏာတုဟု ဖွင့်ရမည့် နေရာ၌ သုဏံ တုဟု နှိပ်၍ ရွတ်လျှင် ကံပျက်သည်ဟူလို။

မပျက် ၆-ပါးကား—

ဒီဃကို ရဿဆိုခြင်း။
ရဿကို ဒီဃဆိုခြင်း၊
ဂရုကို လဟုဆိုခြင်း။
လဟုကို ဂရုဆိုခြင်း။
သမ္ဗန္ဓကို ဝဝတ္ထိတဆိုခြင်း၊
ဝဝတ္ထိတကို သမ္ဗန္ဓဆိုခြင်း။

ဤခြောက်ပါးဖြစ်ပါသည်။

ဗျတ္တနှင့် ပဋိဗလအထူးအမှာ

ဗျတ္တ။ ။ဝိနည်းကို အဋ္ဌကထာနှင့်တကွ နှုတ်တက်ရသူ၊ ဝါ၊ အယုတ်ဆုံး ကမ္မဝါစာကို နှုတ်တက်ရသူ၊ ဝါ၊ ကြည့်၍ သေချာစွာ ဖတ်နိုင်သူ။

ပဋိဗလ။ ။ချောင်းဆိုးနာ၊ သလိပ်နာကင်းသူ၊ နှုတ်ခမ်းတွဲခြင်း စသည်ကင်း၍ သန့်ရှင်းစွာ ကမ္မဝါစာ ဖတ်နိုင်သူ။

အန္တရာယ်ကင်းနှင့် ပဗ္ဗာဇနီယ ကမ္မဝါစာအခန်း

အမှာစကား။ ။ဒကာ ဒကာမများက အန္တရာယ်ကင်းရန် ပရိတ်ရွတ်ရုံနှင့် မပြီး၊ ကမ္မဝါစာများကိုပါ ချီးမြှင့်ပါရန်လျှောက်ထားတတ်ကြသည်။ ထို့ကြောင့်အန္တရာယ်

ကင်း ကမ္မဝါစာနှင့် ပဗ္ဗာဇနိယ ကမ္မဝါစာကိုလည်း ကျောင်း ထိုင်ဘုန်းကြီးများအတွက် ထည့်ပေးလိုက်ပါသည်၊

ထိုတွင် အန္တရာယ်ကင်းရန်အတွက် အန္တရာယ်ကင်း ကမ္မဝါစာ ၃-မျိုးကိုလည်းကောင်း၊ပဗ္ဗာဇနိယ ကမ္မဝါစာတစ်မျိုး ကိုလည်းကောင်း မိမိကြိုက်ရာ ရွတ်နိုင်ပါသည်၊ စုံလင်အောင် အပြည့်အစုံ ထည့်လိုက်ပါသည်။

အထူးမှာ။ ။ကမ္မဝါစာ၌သံယောဟု ရွတ်ရသဖြင့်အနည်းဆုံး သံဃာ ၄-ပါးပြည့်မှသာ ကမ္မဝါစာကိုဖတ်ပါ။

## အန္တရာယ်ကင်း (အနန္တရာယိက) ကမ္မဝါစာရွတ်ပုံ အစီအစဉ်

**နံပါတ်(၁)အစီအစဉ်**

ရွတ်လိုသောနေရာ။ ။ဥပမာ-မြေသစ် အိမ်သစ် ဖြစ်စေ အန္တရာယ်ဖြစ်နေသော လူနာ စသည် ဖြစ်စေ၊ မိမိရွတ်လိုသောအရာကို အလိုရှိသလောက် ပိုင်းခြား၍ ပရိတ်ပန်း၊ ချည်၊ သဲ၊ ရေများကို ရွတ်သူ သံဃာများ၏ ရှေ့၌ ထားပါ။

ထို့နောက်ပရိတ်တော်များရွတ်ဆိုပါ။ ထို့နောက်ပြလတ္တံ့သော "အန္တရာယ သမုဂ္ဃါတ ကမ္မဝါ"ကို (မြေနေရာဖြစ်ပါက)ဟတ္ထပါသ်ချင်း အကွက်မလပ်အောင်စပ်အောင်ရွတ်ပါ။

နံပါတ်(၂)အစီအစဉ်။ ။ထို့နောက် မိမိအန္တရာယ်ကင်းစေလိုသောနေရာကို ပန်း၊ ချည်၊ သဲ၊ ရေ စသည်တို့ဖြင့် စည်းသားခြင်း၊ ပက်ဖျန်းခြင်းပြုပါ။

နံပါတ်(၃)အစီအစဉ်။ ။သိမ်နိမိတ်ကြားသကဲ့သို့ တစ်ပါးကမေး၍ တစ်ပါးက ဖြေပါ။

မေးမြန်ပုံ။ ။အရှေ့အရပ်က အဘယ်နိမိတ်ပါနည်း။

အဖြေရဟန်းက။ ။ပရိတ်သဲပါ၊ ခဲပါ၊ ရေပါဘုရားဟု ဖြေပါ။ (မိမိထားသည့်စည်းကို ဖြေရမည်။)

ထို့နောက် အရှေ့အရပ်သို့ ပြန်ရောက်သည်အထိ အစဉ်အတိုင်း မေး ဖြေပါ။ (ဤသို့ အရှေ့ကစ၍ အရှေ့ကိုပြန်မေးဖြေမှ နိမိတ်စပ်သည်ဟု မှတ်ပါ။)

နံပါတ်(၄)အစီအစဉ်။ ။ထို့နောက် ပရိတ်သဲ စသည်ထည့်ထားသော အိုးသစ် ရှစ်လုံးကို အန္တရာယ်ကင်းစေလိုသော နေရာကို အရပ်ရှစ်မျက်နှာ ရှစ်ခုစေအောင် ချထားပါ။

နံပါတ်(၅)အစီအစဉ်။ ။အနန္တရာယိက သမ္မုတိကမ္မဝါစာ အနန္တရာယိက ကရဏ ကမ္မဝါစာတို့ကို ရွတ်ဖတ်ပါလေ။ သဲနိမိတ် မရနိုင်လျှင် ရေ၊ ကျောက်ခဲ စသည် တစ်ခုခုကိုပြုလုပ်ပါလေ။

## အန္တရာယ သမုဂ္ဃါတ ကမ္မဝါစာ

ဉတ်။ ။သုဏာတု မေ တန္တေ သံဃော၊ ယဒိ သံဃဿ-
ပတ္တကလ္လံ၊ သံဃော၊ သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာ
ဝေန ဉာဏပုဗ္ဗင်္ဂမာနုပရိဝတ္တိတာ ကာယ ဝစီဘမ္မာနံ
အန္တရာယိက ဇီဝိတာနံ သဗ္ဗဝေရ ဇီတာနံ သဗ္ဗ
ဝေရံ သမူဟနတံ ဣမသ္မိံ (အာရာမေ) ဝသန္တံ
သဗ္ဗန္တရာယံ သဗ္ဗပရိဿယံ သမူဟနေယျ၊ ဧသာ
ဉတ္တိ။

ကမ္မဝါစာ။ "သုဏာတု မေ ဘန္တေ သံဃော၊ သံဃော
သတ္တန္နံ၊ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာ
နုပရိဝတ္တိတ ကာယဝစီကမ္မာနံ အန္တရာယိက
ဇီဝိတာနံ သဗ္ဗဝေရဇီတာနံ သဗ္ဗဝေရံ သမူဟ-
နတံ ဣမသ္မိံ (အာရာမေ) ဝသန္တံ သဗ္ဗန္တရာယံ
သဗ္ဗပရိဿယံ သမူဟနတိ၊ ယဿာယသ္မတော
ခမတိ သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏ-
ပုဗ္ဗင်္ဂမာနုပရိဝတ္တိတ ကာယဝစီကမ္မာနံ အန္တ-
ရာယိက ဇီဝိတာနံ သဗ္ဗဝေရ ဇီဟာနံ သဗ္ဗ-
ဝေရံ သမူဟနတံ ဣမသ္မိံ (အာရာမေ) ဝသ-
တော သဗ္ဗန္တရာယဿ သဗ္ဗပရိဿယဿ
သမုဂ္ဃါတော၊ သော တုဏှဿ။ ယဿ နက္ခ-
မတိ၊ သော ဘာသေယျ။

နိဂုံး။ ။သမူဟတော သံဃေန သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာနုပရိဝတ္တိတ ကာယဝစီကမ္မာနံ အနန္တ-ရာယိကဇီဝိတာနံ သဗ္ဗဝေရဇိတာနံ သင်္ဃဝေရံ သမူဟနတံ ဣမသ္မိံ (အာရာမေ) ဝသန္တော သဗ္ဗန္တရာယော သင်္ဃပရိသာယော။ ခမတိ သံဃဿ တသ္မာ တဏှီ။ ဧဝမေတံ ဓာရယာမိ။ နိဋ္ဌိတာ။

ထို့နောက် အောက်ပါကမ္မဝါစာကို ဆက်၍ရွတ်ပါ

### အနန္တရာယိက သမ္မုတိ ကမ္မဝါစာ

ဉတ်။ ။သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဧတေဟိနိမိတ္တေဟိ ဣမံ(အာရာမံ)သတ္တန္နံ ဗုဒ္ဓါနံအာနုဘာဝေန ဣမသ္မိံ(အာရာမေ) ဝသတံ အနန္တရာယိကံ သဗ္ဗပရိဿယ ဝိနာသကံ သမ္မန္နေယျ၊ ဧသာဉတ္တိ။

ကမ္မဝါစာ။ ။သုဏာတု မေ ဘန္တေ သံဃော။ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ၊ သံဃော ဧတေဟိ နိမိမတ္တေဟိ ဣမံ (အာရာမေ) သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဣမသ္မိံ (အာရာမေ) ဝသတံ အနန္တရာယိကံ သဗ္ဗပရိဿယဝိနာသကံ သမ္မန္နတိ။ ယဿာယသ္မတော ခမတိ ဧတေဟိ နိမိတ္တေဟိ ဣမဿ(အာရာမဿ) သတ္တန္နံ ဗုဒ္ဓါနံ

အာနုဘာဝေန ဣမဿ္မိံ (အာရုမ္မေ) ဝသတော အနန္တရာယိကာသ သမ္ပရိဿယ ဝိနာသာယ သမ္ပုတ္တာ၊ သော တုဏှိသ၊ ယံအာ နက္ခမတီ၊ သော ဘာသေယျ။

နိဂုံး။ ။သမ္မတော သံဃေန တေတဟိ နိမိတ္တေဟိ အယံ (အာရုမ္မော)သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဣမဿ္မိံ (အာရုမ္မေ) ဝသန္တော အနန္တရာယိကော သမ္ပ- ပရိဿယ ဝိနာသကော။ခမတိ သံဃဿ၊တသ္မာတုဏှီ၊ ဧဝမေတံ ဓာရယာမိ။

ထို့နောက် အောက်ပါကမ္မဝါစာကို ရွတ်ပါ

အနန္တရာယိက ကရဏ ကမ္မဝါစာ

ဉတ်။ ။သုဏာတု မေ ဘန္တေ သံဃော။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣမံ (အာရုမံ) သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာ နုပရိဝတ္တိတ ကာယဝစီကမ္မာနံ အနန္တရာယိကာ ဇီဝိတာနံ သမ္ပ- ဝေရံ အဘိဘဝတံ သမ္ပဝေရဇိတာနံ အနန္တရာယိကံ သမ္ပဝေရဒိယာတကံ ကရေယျ ဣမဿ္မိံ (အာရုမေ) ဝသတံ · ဘယဝိနာသာယ ပြဟ္မစရိယာနုဂ္ဂဟာယ။ သော ဉတ္တိ။

ကမ္မဝါစာ။ ။သုဏာတု မေ ဘန္တေ သံဃော။ သံဃော ဣမံ (အာရုမံ) သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာ

ဝေန ဉာဏပုဗ္ဗင်္ဂမာနုပရိဝတ္တိတ ကာယဝစီ
သမ္မာနံ အနန္တရာယိကဇီဝိတာနံ သဗ္ဗဝေရံ
အဘိဘဝတံ သဗ္ဗဝေရဇိတာနံ အနန္တရာယိကံ
သဗ္ဗဝေရဝိဿာတကံ ကရောဟိ ဣမသ္မိံ (အာ-
ရာမေ) ဝသတံ ဘယဝိနာသာယ ပြဟ္မစရိယာ
နုဂ္ဂဟာယ။ ယဿာယသ္မတော ခမတိ ဣမဿ
(အာရာမဿ) သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန
ဉာဏပုဗ္ဗင်္ဂမာ, နုပရိဝတ္တိတ ကာယဝစီကမ္မာနံ
အနန္တရာယိက ဇီဝိတာနံ သဗ္ဗဝေရံ အဘိဘဝတံ
သဗ္ဗဝေရဇိတာနံ အနန္တရာယိကဿ သဗ္ဗဝေရ-
ဝိဿာတကဿ ကရဏံ· ဣမသ္မိံ (အာရာမေ)
ဝသတံ ဘယဝိနာ သာယပြဟ္မစရိယာ နုဂ္ဂ-
ဟာယ သောတုဏှဿ။ယဿ နက္ခမတိ သော
ဘာသေယျ။

နိဂုံး။ ။ကတော သံဃေန အယံ (အာရာမေ) သတ္တန္နံ
ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာနုပရိဝတ္တိတ
ကာယဝစီကမ္မာနံ အနန္တရာယိက ဇီဝိတာနံ သဗ္ဗ-
ဝေရံ အဘိဘဝတံ သဗ္ဗဝေရဇိတာနံ အနန္တရာ-
ယိကော သဗ္ဗဝေရဝိဿာတကော ဣမသ္မိံ
(အာရာမေ) ဝသတံ ဘယဝိနာသာယ ပြဟ္မစရိ-
ယာ နုဂ္ဂဟာယ။ ခမတိ သံဃဿ၊ တသ္မာတုဏှီ။
ဧဝမေတံ ဓာရယာမိ (နိဋ္ဌိတာ။)

အမှာ။ ။ဤ"ကမ္မဝါစာ" သုံးစောင်ကို ပြခဲ့သည့် အစီအစဉ် အတိုင်း ၃-စောင်ပြည့်အောင် တစ်ကြိမ်တွင်း ရွတ်ပါလေ။

ယခု "ကမ္မဝါစာ" တွင် အရာမ်ကို ရွတ်ရန် ရည်ရွယ်၍ "အာရာမေ" ဟု ဆိုခဲ့သည်။

ရွာတစ်ရွာလုံးကိုဖတ်လိုလျှင်။ ။ 'ဂါမေ' ဟု ပြင်ရွတ်ပါ။

မြို့ဖြစ်လျှင်—'ဣမသ္မိံ နဂရေ' ဟုလည်းကောင်း၊ 'အယံ အာရာမော' နေရာ၌ 'ဣဒံ နဂရံ' ဟုလည်းကောင်း ပြင်ရွတ်ပါ။

အိမ်ဖြစ်လျှင်— 'ဣမသ္မိံ ဂေဟေ' ဟု လည်းကောင်း၊ 'အယံ အာရာမော' နေရာ၌ 'ဣမံ ဂေဟံ' ဟု လည်းကောင်း၊ 'အာရာမဿ' နေရာ၌ 'ဂေဟဿ' ဟု လည်းကောင်း ပြင် ဖတ်ပါ။

လူနာ၏ကိုယ်ဖြစ်လျှင်— 'ဣမသ္မိံ သရီရေ' ဟု လည်းကောင်း၊ 'အယံ အာရာမော' နေရာ၌ 'ဣမံ သရီရံ' ဟု လည်းကောင်း ပြင်ဖတ်ပါ။ ဤ 'ကမ္မဝါစာ' သုံး စောင်ကို ပခုက္ကူနိကာယ 'အာဒိကမ္မိက' ဖြစ်တော်မူသော ရေစကြို ဆရာတော်ဘုရားကြီး ပြုစုတော်မူသည့်နည်းကိုမှီလျက် "ပခုက္ကူ နိကာယဓိပတိ 'အရှင်နန္ဒဝံသ' အဂ္ဂမဟာပဏ္ဍိတ မထေရ်" ပြုစုတော်မူသည်။

ဤ ''ကမ္မဝါစာ'' များအပြင် ''ပဗ္ဗာဇနီယကမ္မဝါစာ''ကိုလည်း ကံသာဆရာတော် စသော ရှေးဆရာတော်များ စီရင်လျက် အန္တရာယ်ကင်းစေခြင်းငှာ ရွတ်ဖတ်စည်လာ ပြုခဲ့ကြပါသည်။ ထို့ကြောင့် ၎င်း ''ပဗ္ဗာဇနီယ ကမ္မဝါစာ'' များကိုလည်း 'အောက်တွင်' ဖော်ပြပါသည်။

ကြိုက်ရာ 'ကမ္မဝါစာ' များကို ရွတ်တော်မူကြပါကုန်။

## 'ပဗ္ဗာဇနီယ ကမ္မဝါစာ' ရွတ်ပုံ

၁။ ပရိတ်ရေအိုး၊ သဲ စသည်တို့ကို ရှေ့တွင်ထားပါ။

၂။ မေတ္တသုတ်ပရိတ်၊ စသည်တို့ကို ရွတ်ပါ။

၃။ ၎င်း ပရိတ်ရေ၊ သဲ စသည်ဖြင့် စည်းသားပါ။

၄။ အောက်ပါ အမိန့်တော်ပြန်တမ်းကို သံဃာက ပီပီ သသ လေးနက်စွာ အမိန့်ပြန်ပါ။

## အမိန့်တော်ပြန်တမ်း

ဤ (ဦး.........ဒေါ်........) တို့ပိုင်သော အိမ်၌ဖြစ်စေ၊ အိမ်၏ အရပ်အတွင်း၌ဖြစ်စေ လူကိုမူးအောင်၊ ဝေအောင်၊ နှလုံးတုန်ရင်ခုန်အောင်၊ မေ့လျော့ငိုကြွေး စိတ်မအေးရအောင် ပြုလုပ်တတ်သော အဇ္ဈတ္တိကမီးသရဲ သင်းကွဲပြိတ္တာ နတ်ဘီလူး, နတ်မိစ္ဆာများ ရှိနေတာကို အိမ်ရှင်များက နှစ်သက်ပါသလား။ မနှစ်သက် ပါသလား။ (၃-ကြိမ်စီ စစ်ပါ။)

အိမ်ရှင်များက၊ မရှိတာကို နှစ်သက်ပါသည်ဟု (၃) ကြိမ် ပြောပါ။ (ရွာ၊ မြို့ အရပ်တို့ကို ထိုအပ်သလို လဲလှယ်၍ ဆိုပါလေ။)

လူနာကို ရွတ်လိုလျှင် (ကိုယ်ကိုထည့်၍ဆိုပါ) ထိုသို့မေးပြီး၍ မနှစ်သက်ကြောင်း ပိုင်ရှင်များက ပြောပြီးသောအခါ ရဟန်းက အောက်ပါအကိုင်း ဆက်၍ အမိန့်ပြန်ပါ။

ဤ (ဦး.........ဒေါ်.........) တို့၏ ပိုင်ဆိုင်သော အိမ်၌ ဖြစ်စေ၊ အိမ်၏ အရပ်အတွင်း၌ဖြစ်စေ လူကို မူးအောင်၊ ဝေအောင်၊ နှလုံးတုန် ရင်ခုန်အောင်၊ မေ့လျော့ငိုကြွေး စိတ် မအေးရအောင် ပြုလုပ်တတ်သော အစိမ်းသရဲ သင်းကွဲပြိတ္တာ နတ်ဘီလူး နတ်မိစ္ဆာများ ရှိနေတာကို အိမ်ရှင်များကလည်း မနှစ်သက်၊ သံဃာတော်များကလည်း မနှစ်သက်။

ဤ အိမ်၌ နေသူ လူအပေါင်းတို့သည် ရတနာ ၃-ရပ်ကို အမြဲမပြတ် ဆည်းကပ် ကိုးကွယ်နေကြသော ဘုရား တရား သံဃာ၏ တပည့် သား သမီးများ ဖြစ်ကြကုန်၏။ သင်တို့ အစိမ်းသရဲ သင်းကွဲပြိတ္တာ နတ်ဘီလူး နတ်မိစ္ဆာ တို့သည်ကား ရတနာ ၃-ပါးနှင့်မစပ် အပြင်အပ သတ္တဝါများသာ ဖြစ်ကုန်၏။

ထို့ကြောင့် သင်တို့သည် (ဦး.........ဒေါ်.........) တို့နှင့်တကွ တစ်အိမ်တည်း တစ်ရာတည်း၌ နေခြင်းငှာ မထိုက်ကုန်။ အရပ်လေးမျက်နှာကို အစိုးရသော ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊

ကုဝေရ နတ်မင်းကြီး ၄-ဦးထံ သင့်လျော်လျောက်ပတ်သော နေရာကိုတောင်း၍ ရရာအရပ်၌ သင်တို့ဘာသာ ချမ်းသာစွာ နေကြလေ။ ဘုရားအမိန့်တော်၊ တရားအမိန့်တော်၊ သံဃာ အမိန့်တော်။

ဤအမိန့်တော်ပြန်တမ်းကို ထုတ်ပြီးမှ အောက်ပါအတိုင်း "ပဗ္ဗာဇနီယ ကမ္မဝါစာ" ကို ရွတ်ပါလေ။

## ပဗ္ဗာဇနီယ ကမ္မဝါစာ

အမှာ။ ။လူနာကို ဖတ်လိုသော် 'ဂေဟေ'နေရာ၌ 'သရီရေ' ဟုလည်းကောင်း။ 'ဂေဟာ' နေရာ၌ 'သရီရာ' ဟု လည်းကောင်း ထည့်ပါလေ။

ဥတ်။ ။သုဏာတု မေ ဘန္တေ သံဃော။ ဣမေ အမနုဿာ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍ နာဂါ စဏ္ဍာ ရုဒ္ဒါ ရဘသာ အဒယာလုကာ ဝိဟေသကာ၊ ဣမေသံ စဏ္ဍတာ ရုဒ္ဒတာရဘသံ အဒယာလုကတာ ဝိဟေသကတာ ဒိဿန္တိစေဝသုယျန္တိ စ။ ယဒိသံဃဿပတ္တကလ္လံ။ သံဃော ဣမေသံ အမနုဿာနံ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍ နာဂါနံ ဣမသ္မာ (ဂေဟာ) ဣမသ္မာ (အာရာမာ) ပဗ္ဗာဇနီယကမ္မံ ကရေယျ။ နဣမေဟိ အမနုဿေဟိ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍ နာဂေဟိ ဣမသ္မိံ (ဂေဟေ) ဣမသ္မိံ (အာရာမေ) ဝတ္ထဗ္ဗန္တိ။ ဧသာ ဉတ္တိ။

ကမ္ဗဝါစာ။ ။သုဏာတု မေ ဘန္တေ သံဃော။ ဣမေ အမ-
နုဿာ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍ နာဂါ စတ္တာရဒွါ
ရဘာသာ အဒယာလုကာ ဝိဟေသကာ၊ ဣမေသံ
စတ္တာ ရဒွတာ ရဘာသံ အဒယာလုကတာ
ဝိဟေသကတာ ဒိဿန္တိ စေဝ သုယျန္တိ စ။ ဣမေ
ဟိ ဝိဟေသိတာနိ ဒိဿန္တိ စေဝ သုယျန္တိ စ။
သံဃော ဣမေသံ အနုမဿာနံ ယက္ခ ဂန္ဓဗ္ဗ
ကုမ္ဘဏ္ဍ နာဂါနံ ဣမဿ (ဂေဟာ) ဣမဿ
(အာရာမာ) ပဗ္ဗာဇနီယကမ္မံ ကရောဘိ။ န
ဣမေဟိ အမနုဿေဟိ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍ
နာဂေဟိ ဣမသ္မိံ (ဂေဟေ) ဣမသ္မိံ (အာ
ရာမေ) ဝတ္ထဗ္ဗန္တိ။ ယဿာယသ္မတော ခမတိ
ဣမေသံ အမနုဿာနံ ယက္ခ ဂန္ဓဗ္ဗ နာဂါ
နံ ဣမဿ (ဂေဟာ) ဣမဿ (အာရာမာ)
ပဗ္ဗာဇနီယကမ္မဿ ကရဏံ။ န ဣမေဟိ အမ-
နုဿေဟိ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍ နာဂေဟိ
ဣမသ္မိံ (ဂေဟေ) ဣမသ္မိံ (အာရာမေ)
ဝတ္ထဗ္ဗန္တိ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊
သော ဘာသေယျ။ (ဒုတိယမ္ပိ တေမတ္ထံ
ဝဒါမိ၊ တတိယမ္ပိ မေတတ္ထံ ဝဒါမိ)။

နိဂုံး။ ။ကတံ သံဃေန ဣမေသံ အမနုဿာနံ ယက္ခ ဂန္ဓဗ္ဗ
ကုမ္ဘဏ္ဍ နာဂါနံ ဣမဿ (ဂေဟာ) ဣမဿ (အာ

ရာမာ) ပဗ္ဗာဇနီယ ကမ္မသာ ကရဏံ။ နတ္ထမေဟိ အမ-
နုဿေဟိ ယက္ခ ဂန္ဓဗ္ဗကုမ္ဘဏ္ဍ နာဂေဟိ ဣမဿိ
(ဂေဟ) ဣမဿိ (အာရာမေ) ဝတ္ထဗ္ဗန္တိ။ ခမတိ
သံဃဿ၊ တသ္မာ တုဏှီ။ ဧဝ မေတံ ဓာရယာမိ။
နိဋ္ဌိတာ။

## ပရိတ်အကျိုးပြ လင်္ကာ

၁။ မဟာမင်္ဂလ၊ ပရိတ္တကား၊ သုခများစွာ၊ မင်္ဂလာပွား
သက်၊ ဘုန်းကျက်သရေ၊ ပြည့်ဖြိုးစေ၏။

၂။ သုံးတွေသောကပ် သတ်ဖြတ်ဒုက္ခ်၊ နာနှိပ်ဒျက်ဆိုး၊
မှုကြီးရောက်က၊ ရဘနပရိတ်၊ ရန်ညှန်နှိပ်၍၊ စိတ်သစ္စာ
ပြု၊ ရွတ်မှုမှန်စွာ၊ လွန်ချမ်းသာ၏။

၃။ ဗျာပါဒသောက စိတ်ဒုက္ခနှင့်၊ နေ့ညမရွှင်၊ အိပ်လျှင်
မပျော်၊ သူဘိုသော်လည်း၊ အော်သော်ညှဉ်းဆဲ၊မေတ္တာ
နည်းက၊ ရွတ်မြဲရိုတုပ်၊ မေတ္တာသုတ်တည်း၊

၄။ ကြမ်းကြုတ်သစ်ကျား၊ မြွေပျားကင်းသန်း၊ စုန်းဖမ်း
နတ်တိုက် အလိုက်သူပြု၊ အမှုရှိက၊ ရွတ်ပါခန္ဓ၊
ပရိတ္တတည့်။

၅။ ဘယန္ဒောဝ်သွင်း၊ ခြေကျဉ်းကြိုးတပ်၊ထိပ်ခပ်ဗန္ဓ၊ ရှိလေ
ကမူ၊မောရပရိတ်၊မအိပ်မနေ၊ရှိသေနေ့ည၊ လုံ့လမပြတ်
ရွတ်ဆိုအပ်၏။

၆။ တေဇအဂ္ဂိ၊ မီးဘေးရှိက၊ ဝနသုတ်ပင်၊ ဆင်ခြင်တိုင်းထွာ၊ ရွတ်ဆိုရာ၏။

၇။ မှုအင်ဘေးကြီး၊ ရောက်တုံပြီးသော်၊ ကြက်သီးမွေးညှင်း၊ ပူပြင်းထန်စွာ၊ ရှိသောခါလျှင်၊ မဟာဓဇ၊ သုတ်မြတ်လှကို၊ မှန်စွာဆင့်စေ့၊ ရွတ်အောက်မေ့က ပျောက်ပျက်ရ၏။

၈။ ကိုယ်မှာရောဂါ၊ ဖျားနာတထူး၊ ဘီလူးသဘက်၊ နှိပ်စက်ဖန်ခါ၊ အာဋာနာဋိယ၊ ပရိတ္တကို၊ နေ့ညရွတ်ပါ၊ ကျန်းမာပကတိ၊ ဧကန်ရှိ၏။

၉။ မချို့ပြင်းပြ ဣတ္ထိယတို့၊ ဂဗ္ဘကိုယ်ဝန်၊ သားမွန်မဖွား၊ ခက်ခဲငြားမူ၊ စကားသစ္စာ၊ မှန်စွာကြီးဘိ၊ အင်္ဂုလိဟု၊ မည်ရှိပရိတ္တာ ရေသာမန်းတိုက် ကိုယ်၌အန္တရာယ် သားဖွားလွယ်၏။

၁၀။ လူငယ်လူကြီး၊ ဖျက်ဆီးဖန်များ၊ နာဖျားတာရှည် မတည် စိတ်လက်၊ မသက်မသာ၊ ရှိသောခါလျှင်၊ မဟာဗောဇ္ဈင်၊ ပရိတ်ပင်တည့်။

၁၁။ အိပ်လျှင်နိမိတ်၊ အတိတ် အနာဂတ်၊ မြင်လတ်သောခါ၊ သင်္ချာဗေဒ၊ ပုဗ္ဗဏှကို၊ နေ့ညရွတ်လေ၊ ပျောက်ပြေ အန္တရာယ်၊ ရှင်းရှင်းကွယ်သည်။ ။မှတ်ဖွယ်ကျမ်းလာ အပြီးတည်း။

## အရပ်ဆယ်မျက်နှာ စည်းချဂါထာ

အရှေ့မြောက်အရပ်- သဗ္ဗေ ဗုဒ္ဓါ ဂုဏ္ဌိပတ္တာ၊
ပစ္စေကာနဉ္စ ယံ ဂုဏ္ဌိ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

| | | |
|---|---|---|
| အရှေ့အရပ် | သဗ္ဗေ ဗုဒ္ဓါ | (ခေမ ပတ္တာ) ယံ ခေမံ။ |
| အရှေ့တောင်- | ။ | (ဇိန ပတ္တာ) ယံ ဇိနံ။ |
| တောင်အရပ်- | ။ | (လာဘပတ္တာ) ယံလာဘံ။ |
| အနောက်တောင်- | ။ | (တေဇပတ္တာ)ယံ တေဇံ။ |
| အနောက်အရပ်- | ။ | (ဗလပတ္တာ) ယံ ဗလံ။ |
| အနောက်မြောက်- | ။ | (ယသပတ္တာ) ယံ ယသံ)။ |
| မြောက်အရပ်- | ။ | (သိရီပတ္တာ) ယံ သိရီံ။ |
| အရှေ့မြောက်ရပ်ထပ်ဆို- | ။ | (ဂုဏ္ဌိပတ္တာ) ယံ ဂုဏ္ဌိံ။ |
| အထက်အရပ်- | ။ | (ဈာနပတ္တာ) ယံ ဈာနံ။ |
| အောက်အရပ်- | ။ | (နိစ္စပတ္တာ) ယံ နိစ္စံ။ |

## လောကပါလ နတ်မင်းကြီးလေးပါးစောင့် ဂါထာ

ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော၊ ဥတ္တရံ ဒိသံ။
စတ္တာရောတေမဟာရာဇာ၊ လောကပါလာ ယသဿိ
နော။ တေပိ အမှေ့ နုရက္ခန္တု၊ အရောဂေန သုခေန-စ။

ပုရတ္ထိမေနာ၊ မြင်းမိုရ်တောင်မှ ငွေရောင်ခြည်လျှပ် အရှေ့အရပ်၌။ ဓတရဋ္ဌော၊ ဂန္ဓဗ္ဗနတ် အမျိုးမျိုးတို့ကို စိုးရနိုပ်ကွပ်ဂုဏ်ရှိန်လျှပ်ပေသော ဓတရဋ္ဌ နတ်မင်းကြီးလည်းကောင်း။ဒက္ခိဏောနာ၊ မြင်းမိုရ်တောင်မှ မြရောင်ခြည်လျှပ် တောင်အရပ်၌။ ဝိရုဠှကော၊ ကုမ္ဘဏ်အပေါင်းတို့ကို ကောင်းစွာ ပိုက်ခြုံ တန်ခိုးဂုဏ်ထန်ပြင်း ဝိရုဠှက နတ်မင်းကြီးလည်းကောင်း။ ပစ္ဆိမေနာ၊ မြင်းမိုရ်တောင်မှ ဖန်ရောင်ခြည်လျှပ် အနောက်အရပ်၌။ ဝိရူပက္ခော၊ နတ်နဂါးတို့ကို ပိုက်ဖျားစိုးရ ဂုဏ်အာဏာရှိပေသော ဝိရူပက္ခ နတ်မင်းကြီးလည်းကောင်း။ ဥတ္တရံဒိသံ၊ မြင်းမိုရ်တောင်မှ ရွှေရောင်ခြည်လျှပ် မြောက်အရပ်၌။ ကုဝေရော၊ နတ်ဘီလူးအပေါင်းတို့ ညွှတ်ပြောင်းခယ ဂုဏ်အာဏာ ရှိပေသော ကုဝေရ နတ်မင်းကြီးလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးယောက်ကုန်သော။ တေမဟာရာဇာ၊ တန်ခိုးဘောဇာ အာဏာထန်သည်း ထိုနတ်မင်းကြီးတို့သည်။ လောကပါလာ၊မိမိတို့ ပိုင်ဆိုင်ရာ ဆိုင်ရာ ပိုင်းဖြတ်ကာဖြင့် ကမ္ဘာလောကဘုံဌာနကို ကျနသေချာ စောင့်ရှောက်လျက် နေကြပါကုန်၏။ ယသဿိနော၊ အဘက်ဘက် ပြည့်စုံများသော အခြံအရံလည်း ရှိကြပေကုန်၏။ တေပိ၊ တန်ခိုးအာဏာ တေဇာ ထန်ပြင်းသော ထိုနတ်မင်းကြီးတို့သည်လည်း။ အမှေ၊ ငါတို့ကို။ (တုမှေ၊သင်တို့ကို) အရောဂေန စ၊ ရောဂါလွတ်ကင်း ကျန်းမာခြင်းဖြင့်လည်းကောင်း။ သုခေန စ၊ကိုယ်စိတ်နှစ်ဖြာ လိုလားစွာဖြင့် မကြာပြည့်ဖွံ့မ်း အေးချမ်းခြင်းဖြင့်လည်းကောင်း။ အနုရက္ခန္တု၊ သမီးသား

ပမာ ကြီးမားစွာသည့် မဟာသတ်မှတ် ကာရုဏာဓာတ်ဖြင့် စောင့်ကြပ်မသွေ ရပ်တည်တော်မူပါစေကုန်သတည်း။

နတ်နဂါးတို့ဖြင့် စည်းချဂါထာ (အဋ္ဌရာယ်ကင်း)

အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊
ဒေဝါ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ့ နုရက္ခန္တု၊
အရောဂေန သုခေန စ။

အာကာသဋ္ဌာ၊ ဘဝရှေးက တန်ခိုးလျှံ၍ နဘံဇဋ္ဌာ၊ မွေ့အာကာဝယ် နေရာဗိမာန် အသင့်ဖန်သဖြင့် ပျော်စံနေကြ အာကာသတရိုး တည်နေကိုးသည် အာကာသစိုရ်းဟု ခေါ်ကြကုန်သော။ ဒေဝါစ၊ ထူးတင့်ထွန်းကာမြူးပျော်ရာသား နတ်ဒေဝါများသည်လည်းကောင်း။ ဘူမဋ္ဌာ၊ မေရုမြင်းမိုရ်လယ်ဗဟိုနှင့် ရိပ်ခိုတန့်နား မြေတလွှားဝယ် ဘည်နာကြကုန်သော။ ဒေဝါစ၊ မြေဒ္ဓိမှီကာ နေရာဗိမာန် ပျော်စံများပြား နဘ်အများသည်လည်းကောင်း။ နာဂါစ၊ အခိုးမီးသျှုံ တန်ခိုးထန်သား နတ်နဂါးတို့သည်လည်းကောင်း။ မဟိဒ္ဓိကာ၊ ကမ္မဇိဒ္ဓိ သိဒ္ဓိပြည့်ဖြိုး တန်ခိုးကြီးကြပေကုန်၏။ တေပိ၊ အာကာသဋ္ဌ ဘူမဒေဝါ မြေနဂါးရိုး နတ်အမျိုးမျိုးတို့သည်လည်း။ အမှေ့၊ ရဘနာသုံးရပ် မြက်ထက်မြတ်ကို မပြတ်ရှယ်ရိုး ဆည်းကပ်ကိုးကွယ်ကြသော ငါတို့ကို။ (တုမှေ့၊ သင်တို့ကို။) အရောဂေန စ၊ ရောဂါလွတ်ကင်းမကျန်းမာခြင်းဖြင့်လည်းကောင်း။ သုခေန စ၊

ကိုယ်စိတ်နှစ်ဖြာ လိုက္ခစွာဖြင့် မကြာပြည့်စွမ်း အေးချမ်းခြင်း ဖြင့်လည်းကောင်း။ အနုရက္ခန္တ၊ သမီးသားပမာ ကြီးမားစွာ သည့် မဟာသတ်မှတ် ကရုဏာခေတ်ဖြင့် စောင့်ကြပ်မသေ့ မ္စ ကြပါစေကုန်သတည်း။

❁

## ရှင်ပြုအစီအစဉ်

**အမှာ။** ။ရှင်လောင်းများကို အနည်းဆုံး ၁၀-ရက်ခန့် ကြို တင်၍ ရှင်ကျင့်ဝတ်များကို သင်ပေးထားပါ။

ယခုခေတ်တွင် ဖုတ်ပူမီးတိုက် ရှင်ပြုကြသည်ကား မသင့် လှပါ။

ရှင်ပြုခြင်းဟူသည်-

(၁) ခေါင်းရိတ်ခြင်း။

(၂) သင်္ကန်းကို ဆရာရဟန်းကိုယ်တိုင် ဖြစ်စေ၊ ဆရာ ရဟန်းက ခိုင်းစေသူကဖြစ်စေ ကိုရင်လောင်းအား ဝတ်ပေးခြင်း။

(၃) သရဏဂုံ ပီသစွာဆိုခြင်း။

ဤသုံးပါးဖြစ်ပါသည်။

**ဆောင်ပုဒ်။** ။ခေါင်းရိတ် သင်္ကန်းပေး၊ ရွတ်ရေးသရဏဂုံ ၃-ပါးစုံ၊ မှတ်ကုန် ရှင်ပြုခြင်း။

အမှာ။ ။ရှင်လောင်းများသည် ကိုယ်ပိုင်သင်္ကန်း ဖြစ်သော်လည်း မိမိဘာသာ သင်္ကန်းကို မဝတ်ကောင်း။ ဆရာ ရဟန်းက အမိန့်ပေးမှ ဝတ်ကောင်းသည်။

ရှင်ပြုပုံ။ ။(၁) ခေါင်းရိတ်ပြီး ဖြစ်ပါစေ၊ ခေါင်းမရိတ်ပြီး သေးလျှင်လည်း တဘက်များကို လက်ကန်တော့ သိုင်းလျက် မတ်တတ်ရပ် လက်အုပ်ချီကာ သံဃာရှေ့အောက်ပါအတိုင်းဆိုပါ။

သံဃာလယ်သို့ဝင်ရန်ခွင့်ပန်ခြင်း။ ။အဟံ ဘန္တေသံဃမဇ္ဈေ ပဝေသနံ အာပုစ္ဆာမိ။

မြန်မာပြန်။ ။အရှင်ဘုရား၊ ဘုရားတပည့်တော်သည် သံဃာ့အလယ်သို့ ဝင်ရန် ပန်ကြားပါသည် ဘုရား။ ယိုသို့ပန်ကြားပြီးနောက် သံဃာ့အလယ်သို့ ရှေ့ခြေတစ်လှမ်းတိုး၍ ဝင်ကာ ဆောင့်ကြောင့် ထိုင်ပါလေ။ လက်အုပ်ချီလျက် သင်္ကန်းကို ကိုင်ဆော၍ အောက်ပါအတိုင်းဆိုပါ။

သင်္ကန်းအပ်ခြင်း။ ။သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ (ဣမံ) ကာသာဝံ (ဂဟေတွာ) ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဘန္တေ၊ အရှင်ဘုရား။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုရခြင်းအကျိုးငှာ၊ ဣမံ ကာသာဝံ၊ ဘုရားတပည့်တော်

လက်၌ရှိသော ဤသင်္ကန်းကို။ ဂဟေတွာ၊ ယူတော်မူ၍။ မံ၊ ဘုရားတပည့်တော်ကို။ အနုကမ္ပံ၊ အစဉ်သနားသည်ကို။ ဥပါ-ဒါယ။ အကြောင်းပြု၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေ ပြုပေးတော်မူပါဘုရား။ (ဤသို့ဆို၍ ဆရာသို့အပ်ပါ။)

ထို့နောက် အောက်ပါအတိုင်း ဆို၍ သင်္ကန်း ပြန်တောင်းပါ။

**သင်္ကန်းတောင်းခြင်း။** ။သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနသဲ၊ သစ္ဆိကရဏတ္ထာယ (တေ) ကာသဝံ (ဒတွာ)ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဘန္တေ၊အရှင်ဘုရား။ သကလဝဋ္ဋဒုက္ခ နိဿရဏ နိဗ္ဗာနသဲ၊ အလုံးစုံသော။ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာနိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုံရခြင်း အကျိုးငှာ။ တေ ကာသာဝံ၊ အရှင်ဘုရား လက်တော်၌ ရှိသော ထိုသင်္ကန်းကို။ ဒတွာ၊ ပေးသနားတော်မူ၍။ မံ၊ ဘုရားဘပည့်တော်ကို၊ အနုကမ္ပံ၊ အစဉ်သနားသည်ကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေ ပြုပေးတော်မူပါဘုရား။

(ဆရာရဟန်းက ကိုယ်တိုင်ဖြစ်စေ၊ ဆရာရဟန်းကခိုင်းစေသူဖြစ်စေ သင်္ကန်းဝတ်ပေးနိုင်သည်။ ခေါင်းမရိတ်ရသေးလျှင် ရိတ်၍ ဝတ်ပါ။)

ထို့နောက် အောက်ပါအတိုင်း ရှင်သာမဏေ အဖြစ်ကို တောင်းပါ။

ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ
ပဗ္ဗဇ္ဇံ ယာစာမိ။ ဒုတိယမ္ပိ....။တတိယမ္ပိ....။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ဘုရား တပည့်တော်သည်။ သံသာရ ဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ လွတ်မြောက်ပါရခြင်းအကျိုးငှာ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ အရှင်ဘုရား။

(၃) ခေါက် ဆိုပါလေ။

ထို့နောက် ရှင်လောင်းများကို ကန်တော့ခန်းကို ဆိုပါစေ။

**ကန်တော့ခန်း။** ။ဩကာသ၊ဩကာသ၊ဩကာသ၊ကာယဝစီ
မနောခါလျက် သုံးလီဒွါရ သုံးဝစေတနာ
သုံးဖြာပဏာမ ဂါရဝဖြင့် တုပ်ကွရှိကျိုး လက်စုံမိုးလျက်ဘုရား တရား သံဃာ ရတနာ သုံးပါး ဆရာသမားတို့အား ရှိခိုး ကန်တော့ပါ၏ အရှင်ဘုရား။

ဤသို့ ရှိခိုးပူဇော် ဖူးမျှော်မာန်လျော့ ကန်တော့ ရသော ကောင်းမှုကံ စေတနာတို့ကြောင့် လေးရပ်အပါယ် - သုံးသွယ် သောကပ် ရပ်ပြစ်ရှစ်ပါး ငါးပါးရန်သူ ဘေးမှုရှစ်ပါး ဒဏ် ဆယ်ပါးနှင့် ဝိပတ္တိတရား လေးပါး၊ အနာမျိုး ကိုးဆယ့်ခြောက် ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရပါလို၏ အရှင် ဘုရား။

ရှင်လောင်းများသို့ ဆရာက ဆုပေးရန်။ ။ဤသို့ကန်တော့ရသော ကုသိုလ်ကံစေတနာကြောင့် ဆင်းရဲခပ်သိမ်း ကင်းပျောက်ငြိမ်းလျက် မြတ်စွာဘုရား သာသနာ၌ ဖန်ဝါဆင့်မြန်း ဝတ်သင်္ကန်းဖြင့် ရှင်လန်းကြည်သာ ကျင့်သိက္ခာကို ကြိုးစားပေါက်ဆောက် တံခွန်ဆောက်လျက် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေ။

(မိမိရသလို အခြားနည်းဖြင့်ဆုပေးနိုင်ပါသည်။)

ဆယ်ပါးသီလပေးရန်။ ။အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ။ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။ ဒုတိယမ္ပိ တတိယမ္ပိ။ (ရှင်လောင်းများ လိုက်ဆိုပါစေ။)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(ရှင်လောင်းက ၃-ခေါက် ပြန်ဆိုပါစေ။)

သရဏဂုံ။ ။ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ၊ တတိယမ္ပိ ဆက်ဆိုပါလေ။

အမှာ။ ။ဓ-ဆ-ဃ အက္ခရာများကို ပြင်းစွာရွတ်ပါ။

သရဏဂုံ ဆိုပြီးလျှင် ရှင်ဖြစ်ပါပြီ။

ထို့နောက် ဆရာရဟန်းက တိသရဏဂမန် ပရိပုဏ္ဏံ ဟု ဆိုပါ။

တပည့်များကို 'အာမဘန္တေ' ဟု လိုက်ဆို ခိုင်းပါ။

ထို့နောက် ဆယ်ပါးသီလကို ချပေးလေ။

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလ ဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူကဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဆရာရဟန်းက- တိသရဏေန သဟ ဒသသာမဏေရ ပဗ္ဗဇ္ဇ သီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သီလံ သမ္ပာဒေထ ဟု ဆိုပါ။

တပည့်များက "အာမဘန္တေ" ဟု လိုက်ဆိုပ လေ။

ထို့နောက် 'ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ' ဟု ၃-ကြိမ်ဆို၍ ဥပဇ္ဈယ်ယူပါစေ။

အနက်မှာ။ ။ဘန္တေ။ အရှင်ဘုရား။ တို့၊ အရှင်ဘုရားသည်။ မေ၊ တပည့်တော်၏။ ဥပဇ္ဈာယော၊ အပြစ်ကြီးငယ် အသွယ်သွယ်ကို နည်းလမ်းကျန ဆိုဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာမြတ်သည်။ ဟောတိ၊ ဖြစ်တော်မူပါဘုရား။

ဆရာဘုန်းကြီးက-ပါသာဒိကေန သမ္ပာဒေထ။ ပါသာဒိကေန၊ ကြည်ညိုဖွယ်သော ကိုယ်နှုတ်အမူအရာနှင့်။ သမ္ပာဒေထ၊ ပြည့်စုံအောင် စောင့်ထိန်းကြဟု ဆိုပါ။

တပည့်များက 'အာမဘန္တေ' ဟု ဆိုပါစေ။

### ကိုရင်များအား နာမည်ပေးပုံ

တနင်္ဂနွေသားကို-အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ ဖြင့် အမည်မှည့်ပါ။ (ဥပမာ) ဩဘာသ၊ အာသဘ၊ ဣန္ဒက စသည်ဖြင့် မှည့်ပါ။

တနင်္လာသားကို-က၊ ခ၊ ဂ၊ ဃ၊ င အက္ခရာဖြင့် အမည်မှည့်ပါ။ (ဥပမာ) ခေမာ၊ ကမာရ၊ ဃောသိလ စသည်ဖြင့် မှည့်ပါ။

အင်္ဂါသားကို-စ၊ ဆ၊ ဇ၊ ဈ၊ ည ဖြင့် အမည်မှည့်ပါ။ (ဥပမာ) စန္ဒိမာ၊ ဇနက၊ ဉာဏ စသည် မှည့်ပါ။

ဗုဒ္ဓဟူးသားကို-ယ၊ ရ၊ လ၊ ဝ ဖြင့် အမည်မှည့်ပါ။ (ဥပမာ) ယသ၊ ရာဇိန္ဒ၊ ဝါသဝ စသည်မှည့်ပါ။

ကြာသာပတေးသားကို-ပ၊ ဖ၊ ဗ၊ ဘ၊ မ ဖြင့် အမည်မှည့်ပါ။ (ဥပမာ) ဖာသုက၊ ပညောဘာသ စသည်ဖြင့်မှည့်ပါ။

သောကြာသားကို-သ၊ ဟ ဖြင့် အမည်မှည့်ပါ။ (ဥပမာ) သီဟ၊ သာသန စသည် မှည့်ပါ။

စနေသားကို—တ၊ ထ၊ ဒ၊ ဓ၊ န ဖြင့်အမည်မှည့်ပါ။ (ဥပမာ) ထာဝရ၊ နန္ဒက၊ ဓမ္မ စသည်မှည့်ပါ။

## ပုတီးစိပ်ခေါ် ပစ္စဝေက္ခဏာများ

**သင်္ကန်း။** ။ချမ်းပူကိုဖျက်၊ ခြင်မှက်လေနေ၊ ကင်းမြွေလဲ့သုန်၊ ဟိရိဂုဏ်ကို၊ ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို ကိုယ်ကိုစံပယ်၊ ဆင်ပြင်မယ်ဟု၊ စိတ်ဝယ်မမှန်း၊ ဤသင်္ကန်းကို ဖုံးလွှမ်း သုံးဆောင်ပါသတည်း။

**ဆွမ်း။** ။ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊
လှုပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊ လေး
ဖြာ ဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်
အောင်တည်လျက်၊အ သက်မျှတမ်း၊မခမောပန်းငြား
မြတ်ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်နိုင်
ပါစေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်ခစရ၊ ယာပိုက်
မျှလစ်၊ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့
ခအောင်ဟု သုံးဆောင်မှိဝဲ ပါသတည်း။

**ကျောင်း။** ။ချမ်းပူကိဖျက် ခြင်မှက်လေနှင့်၊ ကင်းမြွေဝေးမှု၊
ဥတုဘေးဘျမ်း၊ မသန်းကင်းစင်၊ စိတ်ကြည်သင်၊
ကြောင်း၊ နေရာကျောင်းကို၊ ကိန်းအောင်းမှီခို
ပါသတည်း။

**ဆေး။** ။ကျင်နာခံခက်၊ နှိပ်စက်ဖိစီး၊ ဖြစ်ပြီး ဖြစ်လာ၊
ဝေဒနာကို၊ စွန့်ခွာပယ်လျှဉ်း၊ဆင်းရဲကင်း၍၊လူမငြီး
မြတ်စွာ၊ သာသနာကို၊ ကြည်သာရှင်လန်း၊ ကျဖွံ့
ဖြည့်စွမ်းဖို့၊ ရည်မှန်းသုံးဆောင်ပါသတည်း။

ရဟန်းခံ ဥပသမ္ပဒကံ အခန်း
နာရသူ ကြည်ညိုဖွယ်ရာ အကြောင်းဝတ္ထုနှင့်တကွ
ရဟန်းလောင်း ဆုံးမပုံ

ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော = ရဟန်းလောင်းကိုရှေးဦး
စွာ ဥပဇ္ဈာယ်ယူစေရမည်ဟု မြတ်စွာဘုရား ဟောတော်မူသော

ကြောင့် သင် ရဟန်းလောင်းသည် ဥပဇ္ဈာယ်ဆရာကို အလျင် ယူဦးလော့။

ဥပဇ္ဈာယ်ယူပုံ=ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။ (ဒုတိယမ္ပိ တတိယမ္ပိ) ၃-ခေါက်ယူစေ။

အရှင်မြတ်ဘုရား၊ အရှင်မြတ်ဘုရားသည် ဘုရား တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါဘုရား။

ဥပဇ္ဈာယ်ဆရာက-ပါသာဒိကေန သမ္ပာဒေဟိ (၂-ပါး ၃-ပါးဖြစ်က သမ္ပာဒေထဟုပြင်) လူအများ ကြည်ညိုဖွယ်ဖြစ်သော ကိုယ်အမူအရာ နှုတ်အမူအရာနှင့် ပြည့်စုံပါစေ။

ရဟန်းလောင်းများက-"အာမဘန္တေ" ဟု ဆိုကြပါစေ။

အမှာ- (၁)ဥပဇ္ဈာယ်လုပ်မည့် ရဟန်းကို မထေရ်ကြီးကို ဖြစ်စေ၊မိမိနှင့်အမြန်းစပ်သောမိမိကိုကပ်၍ ဆိုဆုံးမနိုင်သော ဆရာရင်းကို ဖြစ်စေ ရွေး၍ ဥပဇ္ဈာယ်ယူနိုင်ပါသည်။ သင့်သည်ချည်းပင်။

(၂) ဤသို့ ဥပဇ္ဈာယ်ယူပြီးမှ ကမ္မဝါဖတ်ရန် နာမည်ပြောင်းလဲ မှည့်ခြင်းကို ပြုရမည်။ ဥပဇ္ဈာယ်မယူသေးခင် နာမည်ပြောင်းလဲမှည့်ခြင်းကား ဥပဇ္ဈာယ်သည်ပင် မရှိသေးသောကြောင့် မသင့်။

အမည်မှည့်ခြင်း-ယခုအခါ ကမ္မဝါဖတ်ရာ၌ လွယ်ကူစေခြင်း၊ ဂရုဂါရဝ ဖြစ်စေခြင်း အကျိုးငှာ ဆရာ ဥပဇ္ဈာယ်ဖြစ်တော်မူသော ( ) ဆရာတော်ဘုရား၏အမည်ကို(တိဿ)ဟု မှည့်ပါ၏။ ဥပဇ္ဈာယ် ဆရာတော်ဘုရားက မိမိ အမည်ကို(တိဿ ဟုမှတ်တော်မူပါ။သံဃာတော်မြတ်အပေါင်းကလည် ဥပဇ္ဈာယ် ဆရာတော်မြတ်၏ အမည်ကို (တိဿ ဟု မှတ်တော်မူပါဘုရား။ ပဉ္စင်းလောင်း၏အမည်ကို (နာဂ)ဟု မှည့်ပါ၏။ ပဉ္စင်းလောင်းက မိမိအမည်ကို (နာဂ)ဟုမှတ်ပါ။ သံဃာတော် အပေါင်းကလည်း ပဉ္စင်းလောင်း၏ အမည် ကို (နာဂ)ဟု မှတ်တော်မူပါ။

## သပိတ်သင်္ကန်း ပြောကြားခြင်း

ဥပဇ္ဈံ ဂါဟာပေတ္ဗာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ=ဥပဇ္ဈာယ်ယူစေပြီးနောက် အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော ရဟန်းလောင်း၏ ကိုယ်ပိုင်သပိတ်၊ သင်္ကန်းကို ပြောကြားရမည်ဟု မြတ်စွာဘုရား မိန့်ကြားအပ်သောကြောင့် ရဟန်းလောင်းပိုင်ဆိုင်သော သပိတ်၊ သင်္ကန်းတို့ကို ပြောကြားမည်။

အယံ တေ ပတ္တော=ဤသပိတ်သည် သင်ပဉ္စင်းလောင်း၏ ကိုယ်ပိုင် သပိတ်ဟုမှတ်။

ရဟန်းလောင်းက "အာမဘန္တေ"ဟု ဆိုပါစေ။

အယံ တေ သံဃာဋိ=ဤနှစ်ထပ်သင်္ကန်းသည် သင် ပဉ္စင်းလောင်း၏ ကိုယ်ပိုင် နှစ်ထပ်သင်္ကန်းဟုမှတ်။

ရဟန်းလောင်းက "အာမဘန္တေ"ဟု ဆိုပါစေ။

အယံ တေ ဥတ္တရာသင်္ဂေါ=ဤအပေါ်ရုံ သင်္ကန်းသည် သင် ပဥ္စင်းလောင်း၏ အပေါ်ရုံသင်္ကန်းဟု မှတ်။

ရဟန်းအလောင်းက"အာမဘန္တေ"ဟု ဆိုပါစေ။

အယံ တေ အန္တရဝါသကော=ဤသင်းပိုင်သည် သင် ပဥ္စင်းလောင်း၏ ကိုယ်ပိုင်သင်းပိုင်ဟုမှတ်။

ရဟန်းလောင်းက"အာမဘန္တေ"ဟု ဆိုပါစေ။

အမှာ။ ။ရဟန်းလောင်း၏ သင်္ကန်း သင်းပိုင်တို့ကို ရဟန်းမခံမီ ကပ္ပိယန္ဒုမျှား ထိုးပေးကြ၏၊ ကပ္ပိယန္ဒု ဆိုသည်မှာ ရဟန်းဖြစ်မှ လုပ်ရမည့် ကိစ္စဖြစ်သောကြောင့် ရဟန်းခံပြီးမှ သာသျှင် ရင်းကိစ္စ ပြုလုပ်ပါလေ။

## ဟတ္ထပါသ်မှ အပသို့ ထုတ်ခြင်း

ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ=ပဥ္စင်းလောင်းကို သင့်တော်ရာ နေရာသို့ ခေါ်သွား သင်ကြားပြီးမှ သံဃာ့အလယ်၌ အန္တရာယိကဓမ္မတို့ကို မေးရမည်ဟု ဘုရားရှင် ခွင့်ပြုတော်မူ သောကြောင့် သင်သည် သံဃပရိတ်သတ်မှ နှစ်တောင့်တစ်ထွာ ဟတ္ထပါသ် လွတ်လောက်ရာ အရပ်၌ ခြေစုံရပ်ကာ နေချေဦး လော၊ အနုသာသနဉတ် ပြီးလတ်သောအခါမှ သင့်နောက်သို့ ငါလိုက်လာခဲ့တော့အံ့။

## အနုသာသနဉတ် (ဗျဥ္ဇနဗုဒ္ဓိညီအောင်ဖတ်)

သုဏာတု မေ ဘန္တေ သံဃော။ နာဂေါ အာယသ္မတော တိဿဿဥပသမ္ပဒါ ပေက္ခော။ ယဒိ သံဃဿ ပတ္တကလ္လံ။ အဟံ

နာဂံအနုသာသေယျ။ (ဤဥ တ်ကိုရွတ်ပြီး ရဟန်းလောင်းရှိရာ သို့လိုက်သွားပါ။ ရဟန်းလောင်း၏ ယာဘက်မှရပ်၍ ဆုံးမပါ။)

## ရဟန်းလောင်းကို သွန်သင် ဆုံးမခြင်း

ပဉ္စင်းလောင်း၊ နားစေ့စေ့ထောင်။ ဤအခါကာလသမယ သည် သင့်မှာ အဟုတ်အမှန် ဝေကန်ကို မှန်ရာဖြေဆိုရမည့် အခါ ဖြစ်ပေသည်။ သင့်မှာ ရဟန်းပြုခြင်း၏ အပြစ်နှင့် ဂုဏ် အလုံးစုံကို သံဃာ့ အလယ်၌ သံဃာသမ္မုတိရသော မထေရ်က မေးစိစစ်သော် ထင်ရှားရှိလျှင် ရှိပါတယ်။ မရှိလျှင် မရှိဘူးလို့ လျှောက်ထားရမည်။ ကြောက်ကြောက်ရွံ့ရွံ့ မျက်နှာတွန့်ပြီး ရှက်ရွံ့သဆို မနေနှင့်မဟုတ်တာကို စစ်စစ်ခါခါ မေးရမလား ဆိုပြီး မကြည်မသာလဲ မဖြစ်နှဲ့။

(၁) အို-ပဉ္စင်းလောင်း၊ သင့်မှာ နူနာ၊ အသားထွတ် မြင်းဖုနာ၊ မကွဲမအက် ပြောက်ကျားသောအနူကွက်၊ ချောင်း ဆိုး ကုတ်ဟီးနာ၊ သူရူးနာ ဟူသော အနာကြီး ၁ါးမျိုး ရှိပါ သလားလို့ မေးလိမ့်မည်။ ရှိလျှင်ရှိပါကြောင်း၊ မရှိလျှင် မရှိပါ ကြောင်း သင်က လျှောက်ထားပါလေ။

ဒီလိုမေးရတဲ့ အကြောင်းကတော့-ဘုရားသခင် လက်ထက် တော်က အနာကြီး၅ါးမျိုး စွဲကပ်ကြတဲ့ လူတွေဟာဆရာဇီဝက ထံသွားပြီး ဆေးကုပေးပါလို့ တောင်းပန်ကြတယ် ဆရာဇီဝက က ငါ့မှာ ဘုရင်၊ မိဖုရား၊ နန်းတွင်းသား တွေကိုလဲ ဆေးကုရ တယ်။ ဘုရားရှင်၏ တပည့် သံဃာတွေကိုလဲ ဆေးကုရတယ်။

မအားလပ်ဘူး၊ တော်ရာသွားပြီး ဆေးကုကြပါလို့ ငြင်းလိုက်တယ်။ အနာကြီး ရောဂါ စွဲကပ်ခံရသူတွေဟာ ငါတို့သည် သာသနာ့ဘောင်သို့ ဝင်ကြရင် ဆရာဇီဝကရဲ့ ဆေးကုသမှုကို ခံကြရမယ်လို့ သဘောပိုက်ကြပြီး သဒ္ဓါတရား မရှိသော်လည်း ဆေးဝါးကုသလိုမှုကြောင့် သာသနာမှာ ရဟန်းပြုကြတယ်။ သာသနာတော်အတွင်းမှာ ဆရာဇီဝကရဲ့ ဆေးဝါးကုသမှုခံကြရလို့ အနာကြီးရောဂါများ ကောင်းသွားတော့ ပြန်ပြီးလူထွက်ကြတယ်။

အခါတစ်ပါးမှာ အဲဒီရဟန်းလူထွက်တွေနဲ့ ဆရာဇီဝကဟာ လမ်းမှာတွေ့တော့ ဆရာဇီဝကက ဒီပုဂ္ဂိုလ်တွေကို မှတ်မိနေပါတယ်။ သူတို့ကလဲ ဆရာဇီဝကကို "ငါတို့ သဒ္ဓါ၍ ရဟန်းပြုကြသည် မဟုတ်ပါ။ ဆေးကုခံလိုမှုကြောင့် ရဟန်းပြုသူများဖြစ်၍ ယခု ရောဂါကောင်းလို့ လူထွက်လာကြပါတယ်" လို့ ပြန်ပြောကြပါတယ်။ ထိုအခါ ဆရာဇီဝကဟာ အလွန်သံဝေဂရပြီးလျှင် ဘုရားရှင်ကို လျှောက်ထားပါတယ်။

"အရှင်ဘုရား၊ အနာကြီးရောဂါ ၅-မျိုး စွဲကပ်တဲ့သူတွေကို ရဟန်းပြုခွင့် မပေးပါနဲ့ဘုရား။ သူတို့ သာသနာ့ ဘောင်ထဲရောက်လာရင် သူတို့ကို ပြုစုကုသ နေရတာနဲ့ သံဃာတော်များမှာ ပရိယတ် ပဋိပတ်အလုပ်တွေ အင်မတန်မှ ဆုတ်ယုတ် လှပါတယ် ဘုရား" လို့ လျှောက်ထားတဲ့အတွက်ကြောင့် ဘုရားရှင်ဟာ "ငါဘုရားရှင် သာသနာတော်တွင်း၌ အနာကြီးငါးမျိုး စွဲကပ်သူကို ရဟန်းပြုမပေးရ" လို့ သိက္ခာပုဒ် ပညတ်တော်မူတဲ့

အတွက် သင့်ကို အခုလို အနာကြီး ငါးမျိုးရှိသလားလို့ မေးစစ်ခြင်းဖြစ်တယ်။

(၂) ပဥ္စင်းလောင်း၊ သင်သည် လူသား စင်စစ်ဖြစ်ရဲ့လားလို့လဲ မေးပါလိမ့်မည်။ ဒီအခါ လူသားစင်စစ်ဖြစ်ရင် ဖြစ်တယ်။ မဖြစ်ရင် မဖြစ်ဘူး လျှောက်ထားရမယ်။

ဒီလို စစ်စစ်ပေါက်ပေါက် မေးရခြင်း အကြောင်းကတော့ ဘုရားရှင်လက်ထက်တော်အခါက နတ်နဂါးကြီးတစ်ကောင်ဟာ သူ့ရဲ့နဂါးဘဝကို ရွံတဲ့အတွက် ငါသည်လူယောင် ဖန်ဆင်းပြီး ရဟန်းပြုတော့မယ်လို့ အကြံရပြီးတော့ လူယောင်ဆောင်ပြီး ရဟန်းဘောင် ဝင်ခဲ့တယ်၊ တစ်နေ့တော့သူနှင့်အတူတခန်းတည်း အိပ်တဲ့ ရဟန်းတော်တစ်ပါးဟာ ညသန်းခေါင်လောက်အိပ်ရာမှ နိုးလာတဲ့အခါ သူ့အဖော် ရဟန်းကို မတွေ့ဘဲ အခန်းပြည့်မျှ အိပ်မောကျနေတဲ့ နဂါးကြီးကိုတွေ့တော့ အလွန်တရာ လန့်ဖျတ်အော်ဟစ်ပြီး ကျောင်း အပြင်ဘက်ကို ထွက်ပြေးလာခဲ့တယ်၊

ဖြစ်ပုံကတော့ အဲဒီလူယောင်ဆောင်ထားတဲ့ နဂါးကြီးဟာ ခါတိုင်းမှာ သတိထားပြီးတော့ အိပ်မပျော်အောင် စောင့်စည်းလာပေမယ့် နေ့လရှည်ကြာလာတော့ အိပ်ချင်လွန်းတာနဲ့ သတိလွတ်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားမိတယ်။ နဂါးတို့မည်သည် ဘယ်လောက်ပဲ လူယောင်ဖန်ဆင်း ထားနိုင်ပေမယ့် သတိလွတ်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတဲ့အခါ ပကတိနဂါးအသွင် ပြန်ပေါ်လာမြဲ ဓမ္မတာ ဖြစ်တယ်။

အဲဒီ အကြောင်း အတ္ထုပ္ပတ်ကို ဘုရားရှင် သိရတော့ "ချစ်သား၊ သင်တို့နဂါးမျိုးဟူသည် ဤဘဝ၌ မဂ်ဖိုလ်မရနိုင်၊ နဂါးဘဝနှင့်ပင်နေ၍ ဒါန,သီလ, ဘာဝနာများအားထုတ်ပြီး လူ့ဘဝ နတ်ဘဝတို့ကို ရအောင်သာကြိုးစားပါ"ဟု မိန့်တော်မူပြီးလျှင် "ချစ်သားတို့၊ တိရစ္ဆာန်ကို ရဟန်းမပြုရ၊ ပြုထားဟဲ့ ရဟန်းအသွင်ကိုလဲ ဖျက်စေ"လို့ သိက္ခာပုဒ် ပညတ်ထားတဲ့ အတွက် ယခုလို မေးစိစစ်ရခြင်း ဖြစ်တယ်။

(၃) ပဥ္စင်းလောင်း၊ သင်သည် ယောကျ်ားစင်စစ်ဖြစ်ရဲ့ လားလို့လဲ မေးပါလိမ့်မယ်၊ ဒီအခါ ယောကျ်ားစင်စစ် ဖြစ်ရင် ဖြစ်တယ်။ မဖြစ်ရင် မဖြစ်ဘူးဆိုတာ အမှန်အတိုင်း လျှောက် ထားရမယ်။

ဒီလို စစ်စစ်ပေါက်ပေါက် မေးရခြင်း အကြောင်းရင်း ကတော့ ဘုရားရှင် လက်ထက်တော်အခါက နပုံးပဏ္ဍုက်တွေ ဟာ သာသနာ့ဘောင်သို့ ဝင်ရောက်ပြီး ရဟန်း ပြုလာကြပါ တယ်။ သူတို့ဟာ သာသနဘောင်ထဲမှာဆင်ထိန်းမြင်းထိန်းတွေနဲ့ ပြစ်မှားပြီး ရှုပ်ရှုပ်ပွေပွေ ပြဿနာတွေကို ဖြစ်ပွားစေကြတယ်။ ဒါကြောင့် မြတ်စွာဘုရားက "ချစ်သားတို့၊ နပုံးပဏ္ဍုက် ဥဘ ဘောဗျည်းတို့ကို ရဟန်းပြု မပေးရဘူး ပြုပေးရင်လဲ ဖျက်ဆီး ပစ်ရမယ်"လို့ သိက္ခာပုဒ် ပညတ်တော်မူတယ်။ ဒါကြောင့် သင့်ကို ယခုလို မေးစိစစ်ရခြင်း ဖြစ်တယ်။

(၄) ပဥ္စင်းလောင်း၊ သင်သည် သူ့ကျွန်အဖြစ်မှ လွတ် မြောက်သူ ဖြစ်ပါရဲ့လားလို့လဲ မေးစိစစ်ပါလိမ့်မယ်။ ဒီအခါ မှာလဲ အမှန်အတိုင်း လျှောက်ထားရမယ်။

ဒီလိုမေးရတဲ့ အကြောင်းရင်းကတော့ ဘုရားရှင်လက်ထက် တော်အခါက ကျွန်တွေဟာ မိမိတို့ရဲ့ ဘဝလွတ်မြောက်ရေး အတွက် သာသနာ့ဘောင်သို့ ပြေးဝင်ပြီးရဟန်းပြုကြပါတယ်။ ဒီအခါ ကျွန်ပိုင်ရှင်တွေနဲ့ ပြဿနာ ဖြစ်ကြရတဲ့အတွက်ဘုရား ရှင်က "ချစ်သားတို့၊ ကျွန်တွေကို ရဟန်းပြုမပေးကြနဲ့" လို့ ပညတ်တော်မူတဲ့အတွက်ကြောင့် ဒီလိုမေးစိစစ်ရခြင်း ဖြစ်တယ်။

(၅) ပဥ္စင်းလောင်း၊သင်သည်သူ့ကြွေးကင်းသူဖြစ်ရဲ့လား လို့လဲ မေးပါလိမ့်မယ်။ ဒီအခါမှာလဲ အမှန်အတိုင်း လျှောက် ရမယ်။

ဒီလိုမေးရတဲ့ အကြောင်းကတော့ ဘုရားရှင် လက်ထက်က ကြွေးတင်သူတွေဟာ သာသနာ့ဘောင်သို့ ဝင်ပြီး ခိုလှုံကြ ပါတယ်။ ဒီအခါ ကြွေးရှင်တွေက လိုက်လာကြတဲ့ အတွက် ပြဿနာဖြစ်ကြရလို့ ကြွေးမကင်းသူကို ရဟန်းဝတ်မပေးရလို့ ပညတ်တော်မူတဲ့အတွက် ယခုလို မေးစစ်ရခြင်းဖြစ်တယ်။

(၆) ပဥ္စင်းလောင်း၊ သင်သည် မင်းခယောကျ်ား၊ မင်းမှု ထမ်း အဖြစ်မှ လွတ်ကင်းသူ ဖြစ်ပါရဲ့လားလို့လဲ မေးစိစစ်ပါ လိမ့်မယ်။

ဒီအခါမှာလဲ အမှန်အတိုင်း လျှောက်ထားရမယ်။

ဒီလို မေးစစ်တဲ့ အကြောင်းကတော့ ဘုရင် ဗိမ္ဗိသာရ လက်ထက်တော်အခါက ဘုရင့် စစ်သည်တော်တွေဟာ မိမိရဲ့ စစ်သားဘဝကို ငြီးငွေ့ပြီးတော့ သာသနာ့ဘောင်မှာ ရဟန်း

ဝင်ပြုကြပါတယ်။ ရဟန်းပြုကြတဲ့ စစ်သားတွေ အတော်များကြပါတယ်။ အခါတစ်ပါးမှာ တိုင်းပြည်မှာ သူပုန်ထလေတော့ ဘုရင်က စစ်သားတွေ လွှတ်ပြီး အေးငြိမ်းအောင် ပြုကြလို့ အမိန့်ပေးပါတယ်။ အဲဒီအခါမှာ အမတ်ကြီးများက အရှင်ဘုရား စစ်သားတွေအားလုံး ရဟန်းပြုကုန်ကြပြီ။ စေလွှတ်ရန် စစ်သားများ မရှိတော့ပါဘုရားလို့ လျှောက်ထားတယ်။ ထိုအခါ ဘုရင်ကြီးက ဥပဒေပြုအမတ်ကြီးကို "ဥပဒေမှာ ဘုရင့်စစ်သားကို ဘုရင်မသိဘဲ ရဟန်းပြုပေးရင် ဥပဒေက ဘယ်အပြစ်ပေးပါသလဲ"လို့ မေးတော်မူတယ်။

မင်းမြတ်၊ ဘုရင့်စစ်သားကို ဘုရင်မသိဘဲ ရဟန်းပြုပေးရင် ဥပဇ္ဈာယ်ဆရာကို ခေါင်းဖြတ်ရမယ်၊ ကမ္မဝါစာဆရာကို လျှာဖြတ်ရမယ်။ ကာရကသံဃာကို နံကျိုးအောင် ရိုက်ရမယ်လို့ ဥပဒေ ရှိပါကြောင်း လျှောက်ထားလေတော့မှ မင်းကြီးက အလွန် စိတ်မချမ်းမသာ ဖြစ်ရပါတယ်။ ငါလို အရိယာ မင်းကောင်း မင်းမြတ်လက်ထက်ဆိုရင် ကိစ္စမရှိဘူး။ သာသနာ မကြည်ညိုတဲ့မင်းများ လက်ထက်မှာဆိုရင် ရဟန်းတော်များ ဘေးအန္တရာယ် သင့်ကုန်ပါလိမ့်မယ်။ သည်အကြောင်းကို မြတ်စွာဘုရားထံ လျှောက်ထားမှ တော်မယ်လို့ စဉ်းစားတော်မူပြီး မြတ်စွာဘုရားကို လျှောက်ထားတဲ့အတွက် မြတ်စွာဘုရားက ဘုရင့်အမှုထမ်း ဖြစ်ဟဲ့သူကို ရဟန်းမပြုပေးရဟု ပညတ်တော်မူတဲ့အတွက် ယခုလို မေးစစ်ရခြင်းဖြစ်တယ်။

(၇) ပဉ္စင်းလောင်း၊ သင်္ကိုမိဘနှစ်ပါးတို့က ရဟန်းပြုရန် ခွင့်လွှတ်အပ်ပြီးပြီလားလို့လဲ မေးလိမ့်မယ်။ ဒီအခါမှာလဲအမှန် အတိုင်း လျှောက်ထားရမယ်။

ဒီလို မေးရခြင်း အကြောင်းကတော့ မြတ်စွာဘုရားသခင် လက်ထက်တော်က ဘုရားရှင်ဟာ ဆွေတော် မျိုးတော်တွေကို ချီးမြှောက်ရန် အလို့ငှာ ကပိလဝတ် နေပြည်တော်သို့ ကြွလာ တော်မူပြီးနောက် နှမတော် ဇနပဒကလျာဏီနှင့် ညီတော်နန္ဒ ကို လက်ထပ်ထိမ်းမြားပြီး ထီးနန်းအပ်ပေးရန် အသင့်ပြင်ထား ဆဲမှာ ညီတော်နန္ဒမင်းသားကို အလိုမဘူဘဲလျက် ရဟန်းပြုပေး ပြီးနောက် အဘအမွေကိုတောင်းရန် လိုက်လာသော သားတော် ရာဟုလာ 'ခုနစ်နှစ်' သားလေးကိုလည်း ဘိုးတော် ဘွားတော် မယ်တော် မျိုးတော် အလိုမတူပါဘဲလျက် ရှင်ပြုပေးလိုက်ရာ အလွန်ပင် မချိတင်ကဲ ရင်ကွဲမတတ် ဖြစ်တတ် ရသောကြောင့် ဘုရင် သုဒ္ဓေါဒနသည် ဘုရားရှင်ထံသို့ မချိတင်ကဲ ရင်ကွဲမတတ် သော အမူအရာဖြင့် ရောက်လာပြီးလျှင် "အရှင်ဘုရား၊ ဘုရား တပည့်တော်တို့မှာ သားတော်ကို ထီးညွန့် နန်းလျာ အဖြစ် အားကိုးအားထား ပြုထားကြပါသော်လည်း သားတော်မှာ တောထွက်၍ ဘုရားအဖြစ်သို့ ရောက်သွားပါသည်။ ယင်းအခါ ညီတော်နန္ဒမင်းသား တစ်ယောက် ထီးညွန့်နန်းလျာ အဖြစ်ရှိသေး သည်ဟု ဖြေနိုင်ကြပါသေးသည်ဘုရား၊ ညီတော်နန္ဒမင်းသား ကိုလဲ အရှင်ဘုရားက ရဟန်းပြုပေးလိုက်တော့ ရင်ထဲမှာမအေး ရ ဖြစ်ပါသည်။ သို့သော် မြေးတော်ရာဟုလာကလေး နန်းညွန့်

န်းလျှာအဖြစ် ရှိသေးတာပဲလို့ ဖြေသိမ်ရပါသေးတယ်။ ယခု ဘစ်ဖန် ဒီမြေးတော် ရာဟုလာကလေးကိုပင် အရှင်ဘုရားက ရှင်ပြုပေးလိုက်ပြန်သောအခါ ဖခမည်းတော်တို့မှာ နှလုံးသား တွေကြေပြုန်းပြီး ခွေနုံး ကြရပါတယ်ဘုရား၊ သား သမီးတို့ အပေါ်မှာမိဘတို့ရဲ့ ချစ်ခြင်းမေတ္တာဟာ အရေထူ အရေပါး အသား အရိုးတွေကိုဖောက်ပြီး ရိုးတွင်း ခြင်ဆီထိအောင် နက် ရှိုင်းစွာ တည်ကြပါသည်။ ခမည်းတော်သည်ပင်လျှင် အင်မတန် မှ စိတ်ထိန်းရပါသည်ဘုရား။ သူတစ်ပါးတို့က သားဘုရား အပေါ်မှာ ဒေါသရန်ငြိုးထားပြီး အန္တရာယ်ဆိုးများပင် ပြုနိုင် ကြပါသည်ဘုရား။ ဒါကြောင့်မိဘများခွင့်မပြုသော သားသမီး တို့ကို ရှင်ရဟန်းပြုမပေးပါနဲ့ဘုရား" လို့ ခမည်းတော် သုဒ္ဓေါဒန မင်းကြီး လျှောက်ထားတောင် ပန်ချက်အရ ဘုရားရှင်က "ချစ် သားတို့၊ မိဘများခွင့်မပြုရသေးသော သားသမီး တို့ကို ရှင်မပြု ရ၊ ပဉ္စင်းမခံရ" ဟု ပညတ်တော်မူအပ်သောကြောင့် ယခုလိုမေး စစ်ရခြင်းဖြစ်ပါတယ်။

(ဂ) ပဉ္စင်းလောင်း၊ သင်သည် ပဋိဘာန္ဒေ တည်နေသည်မှ စ၍ ရေတွက်သော် အသက် နှစ်ဆယ်ပြည့်သောသူဖြစ်သလားလို့ လဲ့ မေးလိမ့်မယ်။ ဒီအခါမှာလဲ အမှန်အတိုင်း လျှောက်ထားရ မယ်။

ဒီလိုမေးရတဲ့ အကြောင်းက ဘုရားရှင်လက်ထက်တော်အခါ မှာ အသက်နှစ်ဆယ်မပြည့်သေးတဲ့ ကလေးငယ်တွေကို တိုက်ရိုက် ရဟန်းခံပေးလိုက်ရင် သူတို့တတွေဟာ ဆာလောင် မွတ်သိပ်ခြင်း

ဒဏ်၊ အပူအအေးဒဏ်တွေကို ကခလေးပီပီ မခံနိုင်ကြသေးတာမို့ အချိန်မတော် ဆာလှတယ်၊ လောင်လှတယ်၊ ထမင်းပေးပါ၊ ဟင်းပေးပါစသည်ဖြင့် ငိုယိုပူဆာကြလို့ ဘုရားရှင်က "ချစ်သားတို့၊ အသက်နှစ်ဆယ် မပြည့်သူဟာ ဥတုဒဏ်၊ ဆာလောင်မွတ်သိပ်မှုဒဏ်ကို မခံနိုင်ဘူး"။ ဒါကြောင့် အသက်နှစ်ဆယ်မပြည့်သေးသူကို ရဟန်းခံမပေးရလို့ ပညတ်တော်မူသောကြောင့် ယခုလို မေးစိစစ်ရခြင်း ဖြစ်တယ်။

(၉) ပဉ္စင်းလောင်း၊ သင့်မှာ သပိတ်သင်္ကန်း ပြည့်စုံပြီလောလို့လဲ မေးလိမ့်မယ်။ ဒီအခါမှာလဲ အမှန်အတိုင်း လျှောက်ထားရမယ်။

ဒီလိုမေးရခြင်း အကြောင်းကတော့ ရှေးအခါက တချို့ ရဟန်းလောင်းတွေက အငှားသပိတ် သင်္ကန်းတွေနဲ့ ရဟန်းခံကြတယ်။ ရဟန်းခံပြီးတာနဲ့ တစ်ပြိုင်နက် ပိုင်ရှင်တွေက သပိတ်သင်္ကန်းတွေကို ပြန်ယူသွားတော့ ဝတ်စရာမရှိ၊ ဆွမ်းခံစရာမရှိ၊ ကိုယ်လုံးကြီး လက်ဖြင့် ဆွမ်းခံကြရတယ်၊ အဲဒါကို အကြောင်းပြုပြီး ဘုရားရှင်က "ကိုယ်ပိုင်သပိတ် သင်္ကန်းနှင့်မှ ရဟန်းခံရမယ်လို့" ပညတ်တော်မူတဲ့အတွက် ယခုလို မေးစိစစ်ရခြင်း ဖြစ်တယ်။

(၁၀) ပဉ္စင်းလောင်း၊ သင့်နာမည်ကို ဘယ်လို ခေါ်ပါသလဲလို့လဲ မေးလိမ့်မယ်။ ဒီလိုမေးတဲ့အခါ (အဟံ ဘန္တေ နာဂေါ နာမ) ဘုရားတပည့်ရဲ့ အမည်သည် 'နာဂ' ဖြစ်ပါတယ်လို့ ဖြေရမယ်၊

သင့်ရဲ့ ဥပဇ္ဈာယ် နာမည် ဘယ်လို ခေါ်ပါသလဲ လို့လဲ မေးလိမ့်မယ်။ ဒီအခါမှာ(ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရော နာမ) ဘုရားတပည့်ရဲ့ဥပဇ္ဈာယ်ဆရာနာမည်က 'အရှင်တိဿ' မည်ပါသည်ဘုရားလို့ ဖြေရမယ်။

အို-ပဉ္စင်းလောင်း သင်ပဉ္စင်းလောင်းနှင့် အတူ ငါသည် သံဃာ့အလယ်သို့ မသွားအပ်ဘူး။ ဆုံးမသောရဟန်းက ရှေးဦးစွာ သံဃာ့အလယ်သို့ သွားပြီး၍ သံဃာကို ကြားသိစေပြီးမှ သင့်ကိုငါက ခေါ်လိုက်မည်၊ ထို့ကြောင့် သင်သည် ဤနေရာ၌ ရပ်နေခဲ့ဦး။

**အမှာ။** ။ရဟန်းလောင်း ဆုံးမသူက တစ်ဦးတည်း သံဃာ အလယ်သို့သွားပြီး အောက်ပါဥတ်ကိုဖတ်ပါ။

## ဩသာရဏာ ဉတ်ထား၍ ခေါ်ခြင်း

သုဏာတု မေ ဘန္တေ သံဃော။ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ အနုသိဋ္ဌော သော မယာ။ ယဒိ သံဃဿ ပတ္တကလ္လံ။ နာဂေါ အာဂစ္ဆေယျ။

(ဖတ်ပြီးလျှင် ရဟန်းလောင်းကို လာခဲ့ဟုခေါ်။ ရဟန်းလောင်းက လက်အုပ်ချီ၍လာ)

## ပဋ္ဌင်းအဖြစ်ကို တောင်းပန်ခြင်း

**တိုင်ပေးပါ**=သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။
ဒုတိယမ္ပိ သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ။
ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။
တတိယမ္ပိ သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊
ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃံ၊ သံဃာတော်ကို။ ဥပသမ္ပဒံ၊ ရဟန်းပဋ္ဌင်းအဖြစ်ကို၊ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မံ၊ ဘုရားတပည့်တော်ကို။ အနုကမ္ပံ၊ အစဉ်သနားခြင်းကို၊ ဥပါဒါယ၊ အကြောင်းပြု၍။ ဥလ္လုမ္ပတု ဥဒ္ဓရတုပတိဋ္ဌပေတု၊ ညစ်ညမ်းသော အကုသိုလ်အဖို့မှ ထုတ်ဆောင်၍ ဖြူစင်သောကုသိုလ် အဖို့၌တည် အောင်ထားတော်မူပါ ဘုရား။ ဝါ၊ သံသရာတည်း ဟူသော ဝဲသြဃရေ အလျဉ်မှဆယ်ယူ၍နိဗ္ဗာန်တည်းဟူသောကုန်းထက်၌ တည်အောင် ထားတော်မူပါ ဘုရား။ ဝါ၊ ယုတ်နိမ့်သော ရှင်သာမဏေအဖြစ်မှထုတ်နုတ်၍ မြင့်မြတ်သော ရဟန်းပဋ္ဌင်း အဖြစ်၌ တည်အောင် ထားတော်မူပါ ဘုရား။

## ပုစ္ဆနသမ္မုတိဉတ်

သုဏာတု မေ ဘန္တေ သံဃော။ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခော။ ယဒိ သံဃဿ ပတ္တကလ္လံ။ အဟံ နာဂံ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ။

## မေးစိစစ်ခြင်း

မေးစိစစ်ခြင်းမှာ ဟာခင်အဘိုး မထူးတော့ပြီ။

### ဒွန် ရဟန်းလောင်း ဆုံးမပုံ

နမော တဿ ဘဂ ဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ဥပဇ္ဈာယ်ယူစေခြင်း။ ။ပဌမံ ဥပဇ္ဈံဂါဟာပေတဗ္ဗော၊ သာမဏေရ၊ ပဥ္စင်းလောင်း သာမဏေတို့။ ဥပသမ္ပဒါပေက္ခော၊ ပဥ္စင်းလောင်းကို။ ပထမံ၊ ရှေးဦးစွာ။ ဥပဇ္ဈံ၊ အပြစ်ကြီးငယ် အသွယ်သွယ်ကို ကြည့်ရှု မပြတ် ဆုံးမတော်မူသော ဥပဇ္ဈာယ် ဆရာမြတ်ကို၊ ဂါဟာပေတဗ္ဗော၊ ယူစေအပ်၏၊ ဣတိ၊ ဤသို့၊ ဝစနတော၊ မြတ်စွာဘုရား ဟောကြားတော်မူသောကြောင့်၊ ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ဆရာကို။ ဂဏှထ၊ ယူကြကုန်ဦးလော့။

ဥပဇ္ဈာယ်ယူပုံ။ ။ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။

(၃) ခေါက်ဆို။

ဆရာက ပါသာဒိကေန သမ္ပာဒေထ ဟု ဆိုပါလေ။

တပည့်က–အာမဘန္တေ ဟု ဝန်ခံပါလေ။

အမည်မှည့်ခြင်း ။ယခုအခါ ကမ္မဝါစာ ရွတ်ဖတ်ရာ၌ လွယ်ကူစေခြင်းအကျိုးငှာ ပဥ္စင်းလောင်းတို့တွင် ရှင်တိဿကို ပထမနာဂ၊ ရှင်ဒတ္တကို ဒုတိယနာဂ၊ ရှင်မိတ္တကို

တတိယနာဂဟု အမည်မှည့်ပါ၏။ ပဉ္စင်းလောင်းတို့က မိမိတို့ အမည်ကို နာဂဟုမှတ်ကြပါ။ သံဃာတော် အပေါင်းကလည်း ပဉ္စင်းလောင်းတို့၏ အမည်နာမကို ပထမနာဂ၊ ဒုတိယနာဂ တတိယနာဂ အသီးသီးမှတ်တော်မူပါ။

ဥပဇ္ဈာယ်၏ အမည်ကိုလည်း တိဿဟုမှည့်ပါ၏။ ဥပဇ္ဈာယ် ဆရာက မိမိအမည်တော်ကို တိဿ ဟု မှတ်တော်မူပါ။ သံဃာ တော် အပေါင်းကလည်း ဥပဇ္ဈာယ်ဆရာ၏ အမည်တော်ကို တိဿဟု မှတ်တော်မူပါ၊ ပဉ္စင်းလောင်းတို့ကလည်း မိမိရဲ့ ဥပဇ္ဈာယ်ဆရာတော်၏ အမည်ကို တိဿ ဟုမှတ်ကြပါ၊

**သပိတ် သင်္ကန်း** ပြောကြားခြင်း–ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တ စီဝရံအာစိက္ခိတဗ္ဗံ။ ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ဆရာကို။ ဂါဟာပေတွာ။ ယူစေပြီး၍။ ပတ္တစီဝရံ၊ ကိုယ်ပိုင်သပိတ်သင်္ကန်းကို။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။ ဣတိ ဝစနတော၊ ဤသို့ မြတ်စွာဟောတော်မူသောကြောင့်။ အာစိက္ခိဿံ၊ ပြောကြားပေအံ့။

ဣမေ၊ ဤသပိတ်တို့သည်။ဝေါ၊ သင်ပဉ္စင်းလောင်းတို့၏။ ပတ္တာ၊ သပိတ်တို့တည်း။ (ပဉ္စင်းလောင်းတို့က အာမဘန္တေ ဟု ဝန်ခံပါစေ။)

ဣမာ၊ ဤနှစ်ထပ် သင်္ကန်းကြီးတို့သည်။ ဝေါ၊သင်တို့၏။ သံဃာဋိယော၊ နှစ်ထပ်သင်္ကန်းကြီးတို့တည်း။ (အာမဘန္တေ ဟု ဝန်ခံပါစေ။)

ဣမေ၊ ဤကိုယ်ရုံတို့သည်။ ဝေါ၊ တို့၏။ ဥတ္တရာသင်္ဂါ၊ ကိုယ်ရုံ တို့တည်း။ (အာမဘန္တေ ဟု ဝန်ခံပါစေ။)

ဣမေ၊ ဤခါးဝတ် သင်းပိုင်တို့သည်။ ဝေါ၊ သင်တို့၏။ အန္တရဝါသကာ၊ ခါးဝတ် သင်းပိုင်တို့တည်း။ (အာမ ဘန္တေ ဟူ၍ဝန်ခံပါစေ။)

## ဟတ္ထပါသ်မှ အပထုတ်ခြင်း

**ဂစ္ဆထ အမုမှိသြကာသေ တိဋ္ဌထ-နာဂါ၊** ပဉ္စင်းလောင်းတို့။ ပထမံ၊ ရှေးဦးစွာ။ ကေမန္တံ သင့်တင့်လျောက်ပတ်သော အရပ်၌။အနုသာသိတွာ၊ဆုံးမပြီး၍ ပစ္ဆာ နောက်မှ။ အန္တရာယိကေ ဓမ္မေ၊ အန္တရာယ်ကို ပြုတတ်ကုန်သောတရားတို့ကို။ ပုစ္ဆိတုံ၊ မေးစစ်ခြင်းငှာ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အနုညာတံ၊ ခွင့်ပြုအပ်၏။ တသ္မာ၊ ထိုကြောင့်။ တုမှေ၊ သင်တို့သည်။ဂစ္ဆထ၊ လက်အုပ်ချီကာ မျက်နှာခရှထား နောက်ဆုတ်သွားကြကုန်လော့။ အမုမှိ သြကာသေ၊ နှစ်ခတောင့်တစ်ထွာ ဟတ္ထပါသ် လွတ်လောက်သော ထိုအရပ်၌။တိဋ္ဌထ၊ သမ္မုတိဉတ်ပြီးဆုံးလတ်အောင် တန့်ရပ်မငွသွ တည်နေကြလေကုန်ဦးလော့။

**အနုသာသနဉတ်။** ။(ဗျဉ္ဇနဗုဒ္ဓိညီစေ)သုဏာတု မေဘန္တေ သံဃော။နာဂေါစနာဂေါစနာဂေါစ အယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။ ယဒိသံဃဿပတ္တကလ္လံ။ အဟံ နာဂံစ နာဂံစ နာဂံစ အနုသာသေယျံ။

ဆုံးမခြင်း။ ။နာဂ ါ၊ ပဥ္စင်းလောင်းတို့။ တုမှေ၊ သင်တို့သည်။ သုဏာထ၊ နားထောင်ကြကုန်။ အယံကာ လော၊ ဤအခါသည်။ တုမှာကံ၊ သင် ပဥ္စင်းလောင်းတို့၏။ သစ္စကာလော၊ မှန်သောစကားကို ဆိုရမည့်အခါ ပေတည်း ဘူကတာလော၊ ဟုတ်သည်ကိုသာ လျှောက်ဆိုရမည့်အခါပေ တည်း။ ယံ၊ အကြင် အဖြစ်နှင့်ဂုဏ် အလုံးစုံသော သဘော တရားသည်။ ဇာတံ၊ သင်တို့၏ကိုယ်၌ ဖြစ်ပေါ် ထင်ရှား၏။ တံ၊ ထိုသဘောတရားကို။ သံဃမဇ္ဈေ၊ သံဃာ့အလယ်၌။ ပုစ္ဆန္တေ၊ မေးစိစစ်သည်ရှိသော်။ သန္တံ၊ ထင်ရှားရှိသည်ကို။ အတ္ထီတိ၊ ရှိပါသည်ဘုရား ဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထား ပြောဆိုရမည်။ အသန္တံ၊ ထင်ရှားမရှိသည်ကို။ နတ္ထီတိ၊ မရှိပါဘုရား ဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ထားရမည်။ မာ ခေါဒိတ္ထသ ရှုံ့ဘိရှုံ့တုံ့ မရှိ ကြကုန်လင့်။ မာ မင်္ကူ အဟုဝတ္ထ၊ အဖြစ်စကား ရှက်ဖွယ် များကို မေးလားစမ်းလား ရှိတကားဟု မျက်ခွက် မျက်နှာ မကြည်မသာ မဖြစ်ကြကုန်လင့်။ ဧဝံ၊ ဤဆိုအပ်လတ္တံ့သော နည်းဖြင့်။ တုမှေ၊ သင်တို့ကို။ ပုစ္ဆိဿန္တိ၊ သမ္မုတိရသောမထေရ် မြတ်တို့က မေးစစ်ကြကုန်လတ္တံ့။

၁။ နာဂ ါ၊ ပဥ္စင်းလောင်းတို့ တုမှာကံ၊ သင်တို့အား၊ ကုဋ္ဌံ၊ နူနာလည်းကောင်း။ ဂဏ္ဍော၊ အသားထွက်မြင်းဖုနာ လည်းကောင်း။ ကိလာသော၊ မကွဲမအက် ပြောက် ကျားသော အနူကွက်လည်းကောင်း။ သောသော၊ ချောင်းဆိုးနာလည်းကောင်း။ အပမာရော၊ သူရူးနာ

လည်းကောင်း။ ဣတိဝေဝုပ၊ ဤသို့ သဘောရှိကုန်သော်။ အာဗာဓာ၊ အနာကြီး ငါးမျိုးတို့သည်။ သန္တိ၊ ရှိကုန်သလော။

၂။ မနုဿော အတ္ထ၊ လူသားစင်စစ်တို့ ဖြစ်ကြကုန်၏လော။

၃။ ပုရိသော အတ္ထ၊ ယောကျ်ားစင်စစ်တို့ ဖြစ်ကြကုန်သလော။

၄။ ဘုဇိဿာ အတ္ထ၊ ကျွန်လေးမျိုးတွင် မပါဝင်ဘဲတော်လှန်ကောင်းမြတ်သော သူတို့ ဖြစ်ကြပါကုန်၏လော။

၅။ အနဏာ အတ္ထ၊ ကြွေးမြီကင်းသောသူတို့ဖြစ်ကြပါကုန်၏လော။

၆။ နအတ္ထ ရာဇဘဋ္ဌာ၊ မင်းခယောကျ်ားမဖြစ်ဘဲ ရှိကြပါကုန်၏လော။

၇။ အနုညာတတ္ထ မာတာပိတူဟိ၊ မိခင် ဖခင်တို့က ခွင့်ပြုပြီးသူတို့ ဖြစ်ကြပါကုန်၏လော၊

၈။ ပရိပုဏ္ဏဝီသ တိဝဿာအတ္ထ၊ အသက်နှစ်ဆယ် ပြည့်သူတို့ ဖြစ်ကြပါကုန်၏လော။

၉။ ပရိပုဏ္ဏံဘုမှာကံပတ္တစိဝရံ၊ သင်တို့အား သပိတ်သင်္ကန်းပြည့်စုံကြကုန်၏လော။

၁၀။ ကိန္နာမော်အတ္ထ၊ သင်တို့အဘယ်အမည်ရှိကြကုန်သနည်း။

၁၁။ ကောနာမော တုမှာကံဥပဇ္ဈာယော၊ သင်တို့၏ဥပဇ္ဈာယ်ဆရာ၏ အမည်ကား အဘယ်အမည်ရှိပါသနည်း။

ဣတိ၊ ဤသို့။ ပုစ္ဆိသာန္တိ၊ မေးကြလတ္တံ့။ ဧဝံပုစ္ဆန္တေသု၊ ဤသို့ မေးကြကုန်သည်ရှိသော်။ သန္တံ၊ ထင်ရှားရှိသည်ကို။ အတ္ထီတိ၊ ရှိပါ၏ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ သင်တို့ကလျှောက်ထားရမည်။ အသန္တံ၊ ထင်ရှားမရှိသည်ကို နတ္ထီတိ၊ မရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ သင်တို့က လျှောက်ထားရမည်။ နာဂ၊ ပဉ္ဇင်းလောင်းတို့။ နာဂေဟိ ပဉ္ဇင်းလောင်းတို့နှင့်။ ဧကတော၊ အတူ။ ကာကွ။ နဂန္တဗ္ဗံ၊ သံဃာ့အလယ်သို့ မသွားအပ်။ ဣတိ ဝစနတော၊ ဤသို့ဟောတော်မူသောကြောင့်။ တုမှေ၊ သင်တို့သည်။ ဣမေဝ၊ ဤအရပ်၌ပင်လျှင်၊ တိဋ္ဌထ၊ သမ္မုတိဉတ်ပြီးဆုံးလတ် အောင် တန့်ရပ်တည်နေခဲ့ကြကုန်ဦးလော့၊

## သြသာရဏာဉတ်ထား၍ ခေါ်ခြင်း

သုဏာတု မေ ဘန္တေ သံဃော။ နာဂေါစ နာဂေါစ နာဂေါစ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ အနုသိဋ္ဌာ သောစ သောစ သောစ မယာ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ နာဂေါစ နာဂေါစ နာဂေါစ အာဂစ္ဆေယျုံ။

( အနုသိဋ္ဌာ တေ မယာ- ဟူ၍ဆိုလျှင်လည်းသင့်၏။ )

အမှာ။ ။ဤဉတ်ကို ရွတ်ပြီးလျှင် အပြင်၌ ကျန်နေခဲ့သော ရဟန်းလောင်းများကို လာခဲ့ကြဟုခေါ်ပါ၊ ရဟန်း လောင်းများက လက်အုပ်ချီလျက် သံဃာ့အလယ်သို့လာကြပါ။

**ပဉ္စင်းအဖြစ်ကိုတောင်းပန်ခြင်း။** ။သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ။ ဥလ္လုမ္ပတု မံ (ဘန္တေ **သံဃော** အနုကမ္ပံ ဥပါဒါယ။ ဒုတိယမ္ပိ၊ တတိယမ္ပိ)

**အနက်မြန်မာ။** ။ဘန္တေ၊ အရှင်ဘုရား။ သံဃံ၊ သံဃာတော်ကို ဥပသမ္ပဒံ ရဟန်း ပဉ္စင်းအဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မံ၊ ဘုရားတပည့်တော်ကို။ အနုကမ္ပံ၊ အစဉ် သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ဥလ္လုမ္ပတု၊ ယုတ်နိမ့်သော သာမဏေ အဖြစ်မှ မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ထုတ်နုတ်ကယ်တင်တော် မူပါဘုရား။

**ပုစ္ဆနသမ္မုတိဉတ်။** ။သုဏာတု မေ ဘန္တေ သံဃော။ အယံ စ နာဂေါ။ အယံ စ နာဂေါ အယံ စ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။ ယဒိ သံဃဿ ပတ္တကလ္လံ။ အဟံ နာဂံစ နာဂံစ နာဂံစ အန္တရာယိ-ကေ ဓမ္မေ ပုစ္ဆေယျံ။

**မေးစစ်ခြင်း။** ။နာဂေါ၊ ပဉ္စင်းလောင်းတို့။ တုမှေ၊ သင်တို့သည်။သုဏာထ၊နားစိုက်၍ထောင်ကြကုန်။ အယံကာလော၊ ဤအခါသည်။ တုမှာကံ၊ သင်ပဉ္စင်းလောင်းတို့၏။သစ္စကာလော၊ မှန်သောစကားကိုသာ ဆိုရမည့်အခါပေတည်း။ ဘူတကာလော၊ ဟုတ်သည်ကိုသာ ဆိုရမည့်အခါပေတည်း။ယံ၊ အကြင် အပြစ်နှင့်ဂုဏ် အလုံးစုံသော သဘောတရားသည်။ ဇာတံ၊ သင်တို့၏ ကိုယ်ဝယ်ဖြစ်ပေါ်လာ၏။ တံ၊

ထိုသဘောတရားကို။ အဟံ၊ သမ္မုတိရသော ငါသည်။ ပုစ္ဆာမိ၊ မေးစစ်ပေအံ့။ သန္တံ၊ ထင်ရှားရှိသည်ကို။ အတ္ထီတိ၊ ရှိပါသည် ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ သင်တို့က လျှောက်ထားပြောဆိုရမည်။ အသန္တံ၊ ထင်ရှားမရှိသည်ကို။ နတ္ထီတိ၊ မရှိပါဘုရား ဟူ၍ ဝတ္တဗ္ဗံ၊ သင်တို့က လျှောက်ထားရမည်။

၁။ နာဂါ၊ ပဉ္စင်းလောင်းတို့။ တုမှာကံ၊ သင်တို့အား၊ ကုဋ္ဌံ၊ နူနာလည်းကောင်း။ ဂဏ္ဍော၊ အသားတွတ် မြင်းဖုနာလည်းကောင်း၊ ကိလာသော၊ မကွဲမအက် ပြောက်ကျားသော အနူကွက်လည်းကောင်း။ သော-ဿော၊ ချောင်းဆိုးနာလည်းကောင်း။ အပမာရော၊ သူရူးနာလည်းကောင်း။ ဧဝရူပါ၊ ဤသို့သဘော ရှိကုန်သော။ အာဗာဓာ၊ အနာကြီးငါးမျိုးတို့သည်။ သန္တိ၊ ရှိကုန်သလော။

“နသန္တိ ဘန္တေ၊ မရှိပါကုန်ဘုရား” ဟု ရဟန်းလောင်း များက ဖြေပါစေ။

၂။ မနုဿာ၊ လူသားစင်စစ်တို့သည်။ အတ္ထ၊ ဖြစ်ကြကုန်၏ လော။

အာမဘန္တေ၊ လူသားစင်စစ် ဖြစ်ကြပါကုန်သည်ဘုရား ဟု ဖြေ။

၃။ ပုရိသာ၊ ယောကျ်ားစင်စစ်တို့သည်၊ အတ္ထ၊ ဖြစ်ကြပါ ကုန်သလော။

အာမဘန္တေဟု ဖြေ။

၄။ ဘုဇိဿာ၊ ကျွန်လေးမျိုးတို့တွင် မပါဝင်ဘဲတော်လှန်ကောင်းမြတ်သူဘို့သည်။ အတ္တ၊ ဖြစ်ကြကုန်၏လော။
အာမဘန္တေဟု ဖြေ။

၅။ အနဏာ၊ ကြွေးမြီကင်းသောသူတို့သည်။ အတ္တ၊ ဖြစ်ကြပါကုန်၏လော။
အာမဘန္တေဟု ဖြေ။

၆။ ရာဇဘဋ္ဌာ၊ မင်းခယောကျ်ားတို့သည်။ နအတ္တ၊ မဖြစ်ဘဲရှိကြကုန်၏လော။
အာမဘန္တေဟု ဖြေ။

၇။ မာတာပိတူဟိ၊ မိဘနှစ်ပါးတို့က။ အနုညာတာ၊ ခွင့်ပြုပြီးသူတို့သည်။ အတ္တ၊ ဖြစ်ကြပါကုန်သလော။
အာမဘန္တေဟု ဖြေ။

၈။ ပရိပုဏ္ဏဝီသတိဝဿာ၊ အသက်နှစ်ဆယ် ပြည့်ပြီးသောသူတို့သည်။ အတ္တ၊ ဖြစ်ကြကုန်၏လော။
အာမဘန္တေဟု ဖြေ။

၉။ တုမှာကံ၊ သင်တို့အား။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပြီလော။
အာမဘန္တေဟု ဖြေ။

၁၀။ တုမှေ-သင်တို့သည်။ ကိံနာမာ။ အဘယ်အမည် ရှိကြကုန်သည်။ အတ္တ၊ ဖြစ်ကြကုန်သနည်း၊
အဟံ ဘန္တေ နာဂေါ နာမ၊ ဘုရားတပည့်တော်၏ အမည်သည် နာဂ မည်ပါသည် ဘုရား ဟု ဖြေ။

၁၁။ တုမှာကံ၊ သင်တို့၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ် ဆရာမြတ်သည်။ ကောနာမော၊ အဘယ်အမည် ရှိပါသနည်း။

ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရော နာမ၊ ဘုရားတပည့်တော်တို့၏ ဥပဇ္ဈာယ် ဆရာသည် သက်တော် ရှည်လှစွာသော အရှင်တိဿ မည်ပါသည် ဘုရားဟု ဖြေ။

မေးစစ်ရန် ပြီး၏။

## သုဒ္ဓ ဥပသမ္ပဒ ကမ္မဝါစာ

အမည်ထပ်ကြားခြင်း။ ။သင်၏အမည်ကို နာဂဟုမှတ်။ သင်၏ ဥပဇ္ဈာယ် အမည်ကို အရှင်တိဿဟုမှတ်။

ငါမှစ၍ ကမ္မဝါစာ ရွတ်ဖတ်သော အရှင်မြတ် တို့ကို ကမ္မဝါစာ ဆရာတို့ဟု မှတ်။

ဥပဇ္ဈာယ်ဆရာ ကမ္မဝါစာ ဆရာနှင့် တကွ စည်းဝေးရောက်လာသော သံဃာတော် (........)ပါးတို့ကို ကာရကသံဃာတော် အပေါင်းဟူ၍ မှတ်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃ ကြိမ်)

**ညတ်။** ။သုဏာတု မေ ဘန္တေ သံဃော။ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂံ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ဧသာ ဉတ္တိ။

**ကမ္မဝါစာ။** ။သုဏာတု မေ ဘန္တေ သံဃော။ အယံနာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ။ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သံဃော နာဂံ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဿာယသ္မတော ခမတိ နာဂဿ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။
တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။

**နိဂုံး။** ။ဥပသမ္ပန္နော သံဃေန နာဂေါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။

## ဒွန္ဒဥပသမ္ပဒ ကမ္မဝါစာ

(နမောတဿ ၃-ကြိမ်ဆို)

**ဉတ်။** ။သုဏာတု မေ ဘန္တေ သံဃော၊ အယံ စ နာဂေါ အယံ စ နာဂေါ အယံ စ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏံ မေသံ ပတ္တစီဝရံ။ နာဂေါ စ နာဂေါ စ နာဂေါ စ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော နာဂံ စ နာဂံ စ နာဂံ စ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ဧသာ ဉတ္တိ။

**ကမ္မဝါစာ။** ။သုဏာတု မေ ဘန္တေ သံဃော၊ အယံ စ နာဂေါ အယံ စ နာဂေါ အယံ စ နာဂေါ၊ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏံ မေသံ ပတ္တစီဝရံ။ နာဂေါ စ နာဂေါ စ နာဂေါ စ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သံဃော နာဂံ စ နာဂံ စ နာဂံ စ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဿာ ယသ္မတော ခမတိ နာဂဿ စ နာဂဿ စ နာဂဿ စ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော တာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။

နိဂုံး။ ။ဥပသမ္ပန္နော သံဃေန နာဂေါစ နာဂေါစ နာဂေါစ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ ဧဝမေတံ ဓာရယာမိ။

## သြဝါဒပြုခန်း

**အရိပ်စသည်ကိုဖြေကြားခြင်း။** ။တာဝဒေဝ၊ ရဟန်းဖြစ်စ ထိုခဏ၌ပင်လျှင်။ ဆာယာ လူရိပ်ကို။ မေတဗ္ဗာ၊ တစ်သူရှိပြီ, နှစ်သူရှိပြီ ဖဝါးချိလျက် နှိုင်းယှဉ်မှတ်သား ပြောကြားအပ်၏။

ဥတုပမာဏံ၊ ဆောင်း, နွေ, မိုးဟု ဥတု အတိုင်းအရှည်ကို။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။

ဒိဝသဘာဂေါ၊ နေ့အဖို့ကို။ အာစိက္ခိတဗ္ဗော၊ ပြောအပ်၏။

သင်္ဂီတိ၊ အရိပ် ဥတု နေ့ဟု စုဆောင်း သုံးပါးအပေါင်းကို။ အာစိက္ခိတဗ္ဗာ၊ ပြောကြားအပ်၏။

ဤသို့ ဟောတော်မူသောကြောင့် သင်္ဃရဟန်းသစ် သည် အတိတ်သာသနာတော်……. ….ခု။ ကလိယုဂ်……….ခု။ မြန်မာ ကောဇာသက္ကရာဇ်…. ….ခုနှစ်။ ဥတု………..လဆ………..ရက် ….………နေ့။နေတက်……………ဖဝါး…………………ဗိလာ။ (စက်နာရီ……..နာရီ…….. မိနစ်…………စက္ကန့်) အချိန်တွင် မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်သည်ဟုမှတ်။

(မြန်မာ ကောဇာသက္ကရာဇ်တွင် "၃၇၃၉" နှောလျှင် ကလိယုဂ်သက္ကရာဇ်ကို ရသည်။

မှိုရာနှင့်ရှောင်ရာ။ ။စတ္တာရော၊ လေးပါးကုန်သော။ နိဿယာ၊ မှိုရာပစ္စည်းတို့ကို။ အာစိက္ခိတဗ္ဗာ၊ ပြောထားအပ်ကုန်၏။ စတ္တာရိ၊ လေးပါးကုန်သော။ ဆကာရဏီယာနိ၊ မပြုကျင့်အပ်သည်တို့ကိုလည်း။ အာစိက္ခိတဗ္ဗာနိ၊ ပြောထားအပ်ကုန်၏။ ဣတိ ဝစနတော၊ ဤသို့ စောဘုရား ဟောကြားတော် မူအပ်သောကြောင့်။ အာစိက္ခိဿံ၊ ပြောကြားပေအံ့။

၁။ ဆွမ်းခံသွားရသဖြင့် ရအပ်သော ဆွမ်းကို အမှီပြု၍ တစ်သက်ပတ်လုံး ရဟန်းတရား အားထုတ်ရမည်။ လာဘ်လာဘ ပေါများပါမူကား ပင့်ဖိတ်လှူဒါန်းအပ်သော ဆွမ်းစသည်ကိုလည်း ဘုဉ်းပေးသုံးဆောင်ကောင်းသေးသည်။ (အာမဘန္တေ ဟု ခံယူစေ။)

၂။ မြေမှုန့် လိမ်းကပ်သော ပံသုကူသင်္ကန်းကို အမှီပြု၍ တစ်သက်ပတ်လုံး ရဟန်းတရားအားထုတ်ရမည်။ လာဘ်လာဘ ပေါများပါမူကား ကောချည်သင်္ကန်း စသည်ကိုလည်း ဝတ်ရုံသုံးဆောင်ကောင်းသေးသည်။ (အာမ ဘန္တေခံယူစေ။)

၃။ သစ်ပင်ရင်း တည်းဟူသော ကျောင်းကို အမှီပြု၍ တစ်သက်ပတ်လုံး ရဟန်းတရား အားထုတ်ရမည်၊ လာဘ်လာဘ ပေါများပါမူကား လေးဘက်စောင်း နှစ်ဘက်စောင်းမိုးသော ကျောင်းစသည်ကိုလည်း နေထိုင်သုံးဆောင်ကောင်းသေးသည်။ (အာမ ဘန္တေဟု ခံယူစေ။)

၄။ နွားကျင်ငယ်ရည်ဖြင့် စိမ်အပ်သော ဆီးဖြူ သျှိသျှားသဖန်းခါး စသော ဆေးကို အမှီပြု၍ တစ်သက်ပတ်လုံး ရဟန်

တရား အားထုတ်ရမည်။ လာဘ်လာဘ ပေါများပါမူကား ထောပတ်စသော ဆေးများကိုသည်း သုံးဆောင်ကောင်းသေးသည်။ (အာမ ဘဋ္ဌေဟု ခံယူစေ၊)

ဤလေးပါးတို့ကို ဒီရာ (နိဿယ) ပစ္စည်းလေးပါးတို့ဟူ၍ မှတ်။

၁။ ပဉ္စင်းအဖြစ်သို့ ရောက်သော သင်ရဟန်းသည် မေထုန်မှုကို တိရစ္ဆာန်မဦသော်မှ မမှီဝဲအပ်။ ဦးခေါင်းပြတ်ပြီးသော သူသည် အသက်တစ်ဖန် ပြန်ရှင်ခြင်းငှာ မသင့်သကဲ့သို့ မေထုန်မှီဝဲမိသော ရဟန်းသည်လည်း ရဟန်းတစ်ဖန်ဖြစ်ခြင်းငှာ မထိုက်ပြီ။ ထိုအမှုကို သင်သည် ရဟန်းသိက္ခာ ကိုယ်မှာ တည်နေသမျှ မပြု ကျင့်အပ်။ (အာမ ဘန္တေဟု ခံယူစေ။)

၂။ ပဉ္စင်းအဖြစ်သို့ ရောက်သော ရဟန်းသည် သူတစ်ပါး၏ ပစ္စည်းကို မြက်ဝါးခြမ်းစိတ်မျှ ကိုသော်မှလည်း မခိုးယူအပ်။ အညှာမှ ကြွေကျသော ဖတ်ရွက်ရော်သည် စိမ်းလန်းခြင်းငှာ မဖြစ်နိုင်သကဲ့သို့ တစ်မတ်တန်မျှ ခိုးမိသော ရဟန်းသည်လည်း တစ်ဖန် ရဟန်းဖြစ်ခြင်းငှာ မထိုက်တော့ပြီ။ ထိုအမှုကို သင်သည် ရဟန်းသိက္ခာ ကိုယ်မှာတည်နေသမျှ မပြုအပ်။ (အာမဘန္တေဟု ခံယူစေ။)

၃။ ပဉ္စင်း အဖြစ်သို့ ရောက်သော သင်သည် သူ့အသက်ကို ခြပုံး ပိုးရွမျှကို သော်မှလည်း မသတ်အပ်။ ကွဲပြီးသော ကျောက်ဖျာကြီးသည် နောက်တစ်ဖန်ပြန်၍ မစပ်တော့သကဲ့သို့

ကိုယ်ဝန်ကျစေရုံမျှလူသား၏အသက်ကိုသတ်မိသောရဟန်းသည် ရဟန်းတစ်ဖန် ပြန်၍ဖြစ်ခြင်းငှာ မထိုက်ပြီ။ ဤအမှုကို သင်သည် ရဟန်းသိက္ခာ ကိုယ်မှာ တည်နေသမျှ မပြုအပ်။ (အာမဘန္တေ ဟု ခံယူစေ။)

၄။ ပဉ္စင်းအဖြစ်သို့ ရောက်သော သင်သည် ဈာန် မဂ် ဖိုလ်တရားကို (ဆိတ်ငြိမ်ရာကျောင်း၌အလွန်မွေ့လျော်၏) ဟူ၍ မျှပင် မပြောအပ်။ လည်ဆစ်ပြတ်ပြီးသော ထန်းပင်သည်တစ်ဖန် အညွန့်ပေါက်၍ ရှင်သန်ခြင်းငှာ မထိုက်သကဲ့သို့ ဈာန် မဂ် ဖိုလ် ကို မရဘဲ ရ၏ဟု ကြွားဝါ ပြောဆိုမိသော ရဟန်းသည်လည်း ရဟန်းတစ်ဖန်ဖြစ်ခြင်းငှာမထိုက်ပြီ။ ထိုအမှုကိုသင်သည်ရဟန်း သိက္ခာ ကိုယ်မှာတည်နေသမျှ မပြုအပ်။ (အာမ ဘန္တေ ဟု ခံယူစေ။)

ဤလေးပါးတို့ကို ပါရာဇိက (အကရဏီယ) လေးပါး ခေါ်သည်ဟု မှတ်ပါ။

ခွင့်လွှတ်စကား- ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါဆရာ၊ သြဝါဒဆရာ တို့၌ ပြုသင့်သော ဝတ်ကြီး ဝတ်ငယ်တို့ကိုမပြု မူ၍ ချမ်းသာစွာပရိယတ်၊ ပဋိပတ်တို့ကို ပွားများအားထုတ်၍ နေထိုင်လေ။ (ဆရာကမိန့်။)

တပည့်ကလည်း အောက်ပါ အတိုင်းလျှောက်-ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါစာဆရာ၊ သြဝါဒဆရာ ဖြစ်ကုန်သော အရှင်ဘုရားတို့သည်သဒ္ဓိဝိဟာရိက အန္တေဝါသိက တပည့်ဖြစ်သော တပည့်တော်အပေါ်၌ပြုသင့်

ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့ကိုမပြုမူ၍ချမ်းသာသက်သာ စွာ ကြောင့်ကြမဲ့ နေတော်မူကြပါကုန် ဘုရား။

## ကထိန် သိမ် ပရိဝါသ် စသည်

ကထိန် သိမ် ပရိဝါသ် အကြောင်းကို ကျမ်းတစ်စောင်မျှ ရေးဖွဲ့ရမည်ဖြစ်သော်လည်း အသုံးများသော၊ ဝါ-အသုံးပြု နေကျ ကထိန် သိမ် ပရိဝါသ် အကြောင်းများကိုသာ ရေးပါ မည်။ဤမျှဖြင့် ရဟန်းတော်များ သုံးနိုင်ပါပြီ။

(ကထိန်အကြောင်း ရေးပြီးခဲ့ပြီ။)

**သိမ်အဓိပ္ပါယ်။** ။သိမ်ဟူသည် သီးသန့်အပိုင်းအခြားနေရာ တစ်ခုဟု အဓိပ္ပါယ်ထွက်သော သီမာဟူသော ပါဠိမှ သက်ဆင်းလာသော မြန်မာမှု ဝေါဟာရဖြစ်ပါသည်၊

ထို့ကြောင့် အစိုးရမင်းများ သတ်မှတ်ထားသော သူကြီး တစ်ပိုင်၊ယခုခေတ် ရပ်ကွက် တစ်ပိုင်၊ ရွာတစ်ရွာသည် အလို လို သိမ်တစ်လုံးဖြစ်နေပါသည်။

၎င်းကို သဘာဝအားဖြင့် ပြီးနေသော 'ပကတိဂါမသိမ်' ခေါ်ပါသည်။

၎င်းကို ကမ္မဝါစာဖြင့် မသတ်မှတ် ရသေးဘဲ ပကာတိ အားဖြင့် ပြီးနေသောအဆင့်သာဖြစ်၍ 'အဗဒ္ဓသိမ်'ဟုလည်း ခေါ်ပါသည်။

၎င်းအတွင်း၌ ကံပြုလိုပါလျှင် ၎င်းရွာနိမိတ် အတွင်းရှိ သံဃာများကို သိမ်ဆည်း၍ ကံပြုနိုင်ပါသည်။

ဤသို့ တစ်ရွာလုံးကို သိမ်ဆည်း၍ ကံပြုခြင်းသည် သဘောတူ ရဟန်းများချည်းသာဖြစ်က အလွယ်တကူ ဖြစ်နိုင်သော်လည်း သဘောတူရဟန်းများချည်း မဟုတ်ပါက မလွယ်ကူ(ပါ) မဖြစ်နိုင် ။

ထို့ကြောင့် ၎င်းရွာထဲကပင် အပါး ၂၁-ပါး ဆံ့သော မြေကွက်တစ်နေရာကို ပိုင်းခြား၍ ကမ္မဝါစာဖြင့် သမုတ်လျှင် ခဏ္ဍသိမ်၊ ဗဒ္ဓသိမ်ဟုခေါ်ပါသည်။ (တစိတ်တဒေသမျှကို ကမ္မဝါစာဖြင့် ဖွဲ့စည်းသတ်မှတ်ထားသော သိမ်ဟု အဓိပ္ပာယ်ရပါသည်။)

**ဝိသုံဂါမ အမိန့်ခံ၍သမုတ်ပုံ။** ။တစ်ရွာလုံးကိုနယ်သိမ်း၍သိမ်သမုတ်ခြင်းသည်လည်း သံဃာ သိမ်းဆည်းရ ခက်သောကြောင့် မလွယ်ကူ။

လွယ်ကူအောင် အစိုးရမင်းများထံ သိမ်နေရာ တစ်ကွက်စာမျှကလေး ပိုင်းခြားသတ်မှတ်၍ (ဝိသုံ-အသီးအခြား၊ ဂါမ-ရွာဖြစ်စေ) ဟု အမိန့်ခံယူ ရရှိသမုတ်ကြက အလွန်ပင် သမုတ်ရလွယ်တော့သည်။

သမုတ်ရန်မှာ-မိမိသမုတ်လိုသော နေရာကို သိမ်နုတ်၊ ရေနိမိတ်၊ ကျောက်နိမိတ်စသည် ကြိုက်ရာကို အရပ်ရှစ်မျက်နှာ သတ်မှတ်၍ သိမ်သမုတ်ကမ္မဝါ ဖတ်ရွတ်သမုတ်ရုံ ဖြစ်သည်။

**အမှာ။** ။သိမ်နုတ်ပုံ၊ နိမိတ်ကြားပုံ၊ သိမ်သမုတ်ပုံမှာ နယ်သိမ်း၏ သိမ်သမုတ်ပုံနှင့် တူသဖြင့် ၎င်းတွင် တပေါင်းတည်း ပြပေအံ့။

**နယ်သိမ်း၏ သိမ်သမုတ်ပုံ။** ။အထက်ဖော်ပြပါအတိုင်း ရွာတစ်ရွာတွင်း၌ ဝိသုံဂါမသိမ်မိန့်မပါဘဲ နယ်သိမ်သမုတ်လိုလျှင် အောက်ပါ အစီအစဉ်အတိုင်း သမုတ်ပါ။ (ရန်ကုန် ဗ-ထပ်ကြီးဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ 'အဂ္ဂမဟာပဏ္ဍိတ' ပေးသောနည်းဖြစ်ပါသည်။

၁။ သိမ်သမုတ်လိုသော နေရာကို တတ်နိုင်သမျှ ညီအောင် မြေညှိ သန့်ရှင်းခြင်းပြုပါ။ (မြေမညီလျှင် သိမ်မဖြစ်ဟု မဆိုလို၂ါ၊ ကြည့်၍လှအောင် ဖြစ်ပါသည်။)

၂။ ၂၁-ပါး အနည်းဆုံး နေနိုင်လောက်အောင် ကျယ်ပါစေ။ သူတစ်ပါးသမုတ်ထားသော သိမ်အကျယ်အဝန်း အနေအထား စသည်ကို နမူနာယူပါ။)

၃။ ၎င်းနေရာ၌ ကျောနပ်အောင်ကြိုတင်၍သိမ်နုတ်ထားပါ။

၄။ သံဃာ သိမ်းဆည်းရလွယ်သော အသွားအလာနည်းသည့် ညဉ့်သန်းခေါင်အခါမျိုး၌ သိမ်သမုတ် ကမ္မဝါစာကို ဖတ်ပါ။ (အသိမ်းရ လွယ်ကူစိတ်ချပါက အချိန်မရွေးပါနှင့်။)

၅။ သိမ်သမုတ်မည့် သူကြီးတစ်ပိုင် (ယခုခေတ် ရပ်ကွက်တစ်ပိုင်) အတွင်းသို့ သိမ်သမုတ်ချိန်တွင် ရဟန်းတော်များ

မဝင်ရန် ကြိုတင်သတိပေးခြင်း၊ ထိုအချိန်တွင် စိတ်ချရမည့် နေရာမှ စောင့်ကြပ်ခြင်း၊ အစောင့် ချထားခြင်း ပြုလုပ်ပါ။

၆။ ၎င်းသူကြီး တစ်ပိုင်တွင်းရှိ ရဟန်းမှန်သမျှကို သိမ်သမုတ်ချိန်တွင် ဆန္ဒသော်လည်းကောင်း ယူထားပါ။

သို့မဟုတ် သမုတ်မည့် သိမ်တော်ဘွင်း၌ သော်လည်းကောင်း ကြွနေအောင် ပင့်ထားပါ။

သို့မဟုတ် ရှိပြီးသိမ်တစ်ခုခု အတွင်းသို့သော်လည်း ကြွနေပါစေ။

သို့မဟုတ် တခြား ရွာတစ်ရွာ (သူကြီးတစ်ပိုင်) အတွင်းသို့ သော်လည်း ကြွနေပါစေ။ (မြစ်၌လှေဖြင့်သွားသော ရဟန်းကို မိမိဘက် ဂါမခေတ်ကမ်းသို့ မကပ်ပါစေနှင့်။ လေယာဉ်ဖြင့် ဖြတ်ပျံသော ရဟန်းကား ဂါမခေတ်သို့ မသက်၍ မဆိုင်ပြီ။)

၇။ သိမ်သမုတ်မည့်အချိန်၌ ကြေးစည်စသည်ထိုး၍အချက် ပေးပါ။ သံဃာများ သမုတ်မည့်နေရာသို့ စုဝေးပါစေ။

၈။ သူကြီး တစ်ပိုင်အဘွင်းရှိ ဂိလာန ဇရာဒုဗ္ဗလကြောင့် မကြွနိုင်သော သံဃာများထံမှ ဆန္ဒကိုယူလာလျှင် သံဃာအား ဆန္ဒကို ပြောကြားပါ။

၉။ အချိန်ရပါက သမန္တာမှစ၍ မေဘ္ဘာသုဘ်ရွတ်၍အခမ်း အနားဖွင့်ပါ။

၁၀။ အချိန်ရပါက ထပ်မံ၍ သိမ်နုတ်ကမ္မဝါစာကို ဖတ်ပါ။

၁၁။ နိမိတ်စောင့် ရှစ်ပါးချထားပါ။ ရှစ်ပါးမရှိကတစ်ပါးတည်းက နေရာရွှေ့၍ပြောပါ။ (လူ၊ ရှင်၊ ရဟန်း မည်သူမဆို သိမ်နိမိတ်စောင့် လုပ်နိုင်သည်။)

၁၂။ မထေရ်ကြီးများက အလှည့်ကျ နိမိတ်ကြားပါ။ (တစ်ပါးပါးက တစ်ကြိမ်မျှ ကြားလျှင်လည်း ပြီးသည်၊)

၁၃။ သမာနသံဝါသ သီမာသမ္မုတိ ကမ္မဝါစာကို အလျှင်ဖတ်ပါ။ ၃-ပါ.တစ်တွဲစီ။

၁၄။ အဝိပ္ပဝါသ သီမာသမ္မုတိ ကမ္မဝါစာကို ဖတ်ပါ။ ၃-ပါး တစ်တွဲစီ။

၁၅။ သိမ်အောင်ပြီဖြစ်၍ သိမ်အောင်စာတန်းဖတ်ပါ။

၁၆။ ဇယန္တော ဗေဓိယာ မူလေ ဂါထာရွတ်၍ သိမ်းပါ။

၁၇။ အားလုံး သာဓုခေါ်ကြရန်။ (ပြီး၏။)

မှတ်ချက်။ ။ကြေးသည်စသည် တီး၍ ကြိုတင် အသိပေးခြင်းစသည်မှာ ကြိုတင်အသိပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ သံဃာသိမ်းဆည်းနိုင်မှုသာ လိုရင်းပါ။ ကြိုတင် အသိပေးပါက ရန်သူရဟန်းများလာရောက် နှောက်ယှက်မည်စိုးလျှင် အသိမပေးဘဲ သူကြီး တစ်ပိုင်ရွာတွင်းရှိ ရှိသံဃာများကို (ဝဂ်)မကွဲအောင် သိမ်းဆည်းနိုင်မှုသာ လိုရင်းဖြစ်ပါသည်။

**နိမိတ်။** ။ယာခုခေတ်သုံး ကျောက်တိုင် များကို နိမိတ်အဖြစ် ထား၍လည်း သမုတ်နိုင်သည်။ ရေနိမိတ်ကိုထား၍ လည်း သမုတ်နိုင်သည်။

**ကျောက်တိုင်ကိုထားလိုပါက။** ။သူတစ်ပါးသိမ်တို့၌သုံးသော ကျောက်တိုင်များကို နမူနာ ကြည့်ပါ။ သို့မဟုတ် အသင့်လုပ်ပြီးသော ကျောက်တိုင်နိမိတ် များရှိပါသည်။

**ရေနိမိတ်သုံးလိုလျှင်။** ။နိမိတ်လုပ်မည့် အရပ်ရှစ်မျက်နှာ၌ရေ တွင်းငယ်များ တူး၍ ရေထည့်ကာ နိမိတ်အဖြစ်သုံးနိုင်သည်။

**ရေပမာဏမှာ။** ။သမ္မာန သံဝါသ သီမာသမ္မုတိကမ္မဝါစာ တစ်ကြိမ်ဖတ်၍ ဆုံးသည်ထိ ခံလျှင် အောင် မြင်၏။

ရေနိမိတ်ပြု၍ သမုတ်ပြီးပါက ၎င်းနေရာ၌ ကျောက်တိုင် မစိုက်ဘဲ အခြားကြိုက်ရာ တိုင်ကို စိုက်လိုလျှင်လည်း ရေဖြင့်သိမ် အောင်မြင်ပြီးဖြစ်၍ ပြီးသည်ဟုမှတ်ပါ။ ရေ တာရှည်ခံအောင် မပြုပြင်ရ။ ပကတိအတိုင်းသာ ရေခံရမည်။ ရေကို ကြိုတင်၍ အကြိမ်ကြိမ်ကား လောင်းထားနိုင်သည်။ ရေနိမိတ်၊ ကျောက် နိမိတ်ကိုသာ ဤနိုင်ငံ၌သုံး၍ သမုတ်ကြရိုး ရှိပါသည်။ တော နိမိတ် လမ်းနိမိတ်စသည်ကို ဤနိုင်ငံ၌ သုံးရိုးမပြုကြ၍ ထည့် မရေးလိုက်တော့ပါ။ ဗဟုသုတ လိုအပ်က ကျမ်းဂန်များ၌ ယူပါလေ။

## နိမိတ်တိုင်စိုက်ပြီးသော သိမ်ပုံ




အထက်ပါ သိမ်ပုံတွင် အတွင်းက လေးထောင့်သည်သာလျှင် သိမ်ဖြစ်သည်။

အပြင်က လေးထောင့်မှာ သီမန္တရိက်အတွက် ဖြစ်သည်။ (ပကတိရွာနှင့် သိမ်ကို ခွဲခြားထားသော စည်းဟုဆိုလိုသည်။)

နိမိတ်ကြားသောအခါ အဘွင်း နိမိတ်တိုင် ဂ-လုံးကိုသာ ကြားရန်လိုသည်။

သိမန္တရိက်ကို တစ်ထွာခန့်မှ တစ်တောင် နှစ်တောင်ထား နိုင်သည်။ သူတစ်ပါး သိမ်ကိုကြည့်ပါ။

ကမ္မဝါစာ ဖတ်ပြီးသောအခါ အတွင်းနိမိတ်များ၌ နိမိတ်ကို ပယ်၍ ကျန်မြေများသည် သိမ်ဖြစ်လေပြီ။ ၎င်း မြေပေါ်၌ ဆောက်သော အဆောက်အအုံလည်း သိမ်၊ ၎င်း အပေါ်၌ ပေါက်သော သစ်ပင် စသည်လည်း သိမ်။ ၎င်း သစ်ပင်ပေါ် တက်၍ ကံပြုလောက်လျှင်လည်း ပြုနိုင်က ပြုလေ၊ ကံ အောင်မြင်သည်သာ။

သိမ်နုတ်ရန်။ ။သိမ် အလျား အနံကို လိုက်၍ဘယ်နှစ်ကွက် ရေးရမည်ဟု မဆိုလို။ ရဟန်းတစ်ပါး နေသာသော အကွက် (နှစ်တောင်ပတ်လည် အကွက်) ငယ်များကို တဘက်ပါ ဂဏန်းစဉ်အတိုင်း ထုံးဖြင့်မျဉ်းကြောင်း အကွက်ချပါ။ ကြိုးဖြင့်မတန်းရ၊ ငုတ်ကလေးများဖြင့်လည်း အကွက် ရိုက်နိုင်သည်။

## သိမ်နုတ်ရန် အကွက်ချပုံ

| | | | | | |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁၂ | ၁၁ | ၁၀ | ၉ | ၈ | ၇ |
| ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ |
| ၂၄ | ၂၃ | ၂၂ | ၂၁ | ၂၀ | ၁၉ |
| ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ |
| ၃၆ | ၃၅ | ၃၄ | ၃၃ | ၃၂ | ၃၁ |

အထက်ပါ အကွက်များတွင် သံဃာများ နေသောအခါ တစ် နှစ် သုံး လေး အစဉ်အတိုင်း နေပါ။ သံဃာရှိသမျှ အကွက်အစဉ်အတိုင်း နေပါ။ အနည်းဆုံး ၄-ပါးရှိမှ ကမ္မဝါစာဖတ်နိုင်သည်။

ဖတ်ရာတွင် အစဉ်အတိုင်း ၃-ပါးစီတစ်တွဲ ဖတ်ရိုးပြုသည်။ တစ်တွဲဖတ်စဉ် အခြားအတွဲများက မဖတ်ဘဲ ရပ်နေပါ။ ဤသို့ အကွက်များကို ရွှေ့၍ရွှေ့၍ အကွက်ကုန်အောင် ဖတ်ပါ။ အထပ်ထပ် ဖတ်နိုင်သမျှ အချိန်ယူ၍ ဖတ်ပါလေ။

## သိမ်နုတ် ကမ္မဝါစာ

အဝိပ္ပဝါသ သိမ်နုတ် ကမ္မဝါစာကို အလျင်ဖတ်ပါ။

(နမောတဿ သုံးခေါက်ဆို)

ဉတ်။ ။သုဏာတု မေ ဘန္တေ သံဃော၊ ယော သော သံဃေန တိစီဝရေန အဝိပ္ပဝါသော သမ္မတော။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော တံ တိစီဝရေန အဝိပ္ပဝါသံ သမူဟနေယျ။ ဧသာ ဉတ္တိ။

ကမ္မဝါစာ။ ။သုဏာတု မေ ဘန္တေ သံဃော။ ယော သော သံဃေန တိစီဝရေန အဝိပ္ပဝါသော သမ္မတော သံဃော တံ တိစီဝရေန အဝိပ္ပဝါသံ သမူဟနတိ။ ယဿာ ယသ္မတော ခမတိ ဧတဿ တိစီဝရေန အဝိပ္ပဝါသဿ သမုဂ္ဃါတော၊ သော တုဏှဿ ယဿ နက္ခမတိ၊ သော ဘာသေယျ။

နိဂုံး။ ။သမူဟတော သော သံဃေန တိစီဝရေန အဝိပ္ပဝါသော။ ခမတိ သံဃဿ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။

ထို့နောက် သမာနသံဝါသ သိမ်နုတ်ကမ္မဝါစာကိုဖတ်ပါ။

ဉတ်။ ။သုဏာတု မေ ဘန္တေ သံဃော။ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော တံ သီမံ သမူဟနေယျ သမာနသံဝါသံ ဧကူပေါသထံ။ ဧသာ ဉတ္တိ။

**ကမ္မဝါစာ၊** ။သုဏာတု မေ ဘန္တေ သံဃော။ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ။ သံဃော တံ သီမံ သမူဟနတိ သမာနသံဝါသံ ဧကူပေါသထံ၊ ယဿာယသ္မတော ခမတိ ဧတိဿာ သီမာယ သမာနသံဝါသာယ ဧကူပေါသထာယ သမုဃ္ဃါတော၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော သာသေယျ။

**နိဂုံး။** ။သမူဟတာ (သာ) သီမာ သံဃေန သမာနသံဝါသာ ဧကူပေါသထာ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝ မေတံ ဓာရယာမိ။

သိမ်နုတ်ပြီး၏။

**သိမ်သမုတ်ရန်။** ။သိမ်အရပ် ရှစ်မျက်နှာ၌ သိမ်နိမိတ်များကို ထားပါ။ ရေဆိုလျှင် တွင်းများကိုရေဖြည့်ထားပါ။ ထို့နောက် နိမိတ်ကြားပါ။

## ကြားပုံ

(မထေရ်ကြီးက သိမ်အလယ်က နေ၍ဖြစ်စေ၊ နိမိတ်တိုင်သို့ သွား၍ဖြစ်စေ၊ သိမ်တွင်းကနေ၍ မေးပါ။ သိမ်နိမိတ် စောင့်သူက အပြင်ကနေပါ။)

ကြီးမေး။ ။ပုရတ္ထိမာယ ဒိသာယ ကိံနိမိတ္တံ။
ငယ်ဖြေ။ ။ဥဒကံ ဘန္တေ။
ကြီးကြား။ ။ဣဒံ ဥဒကံ နိမိတ္တံ။
ငယ်ဝန်ခံ။ ။အာမ ဘန္တေ။

ဤကား အရှေ့မျက်နှာအတွက်။

ထို့နောက် အရပ်မျက်နှာ အစဉ်အတိုင်း-

ပုရတ္ထိမာယ အနုဒိသာယ (အရှေ့တောင်အတွက်)
ဒက္ခိဏာယ ဒိသာယ (တောင်အရပ် အတွက်)
ဒက္ခိဏာယ အနုဒိသာယ (အနောက်တောင်)
ပစ္ဆိမာယ ဒိသာယ (အနောက်)
ပစ္ဆိမာယ အနုဒိသာယ (အနောက်မြောက်)
ဥတ္တရာယ ဒိသာယ (မြောက်အရပ်အတွက်)
ဥတ္တရာယ အနုဒိသာယ (အရှေ့မြောက်)

ထို့နောက် ပုရတ္ထိမာယ ဒိသာယ (အရှေ့အရပ်အတွက်) ဤသို့ အရှေ့အရပ်ကို နှစ်ခါထပ်မှ နိမိတ်စပ်သည်ဟုမှတ်။ (စ၍ ကြားရာ နိမိတ်ကို ၂-ခါထပ်၍ ကြားရမည်။)

ကျောက်နိမိတ်ကြားလိုလျှင်။ ။ပါသာဏော ဘန္တေဟုအငယ် ကဖြေ။အကြီးက ပြန်၍"အယံ ပါသာဏော နိမိတ္တံ" ဟုပြန်ကြား။ ဤကားနိမိတ် အနီးမှ နေ၍

ကြားပုံတည်း။ (အကယ်၍ အပေးက(ဝါ) သိမ်အလယ်ကနေ၍ ကြားလိုလျှင် ဧတံ ဥဒကံ၊ ဧသော ပါသာဏော နိမိတ္တံဟု ကြားပါ။)

ဤသို့ တစ်ကြိမ်နှစ်ကြိမ် နိမိတ်ကြားပြီးနောက် အောက်ပါအတိုင်း ကမ္မဝါစာဖတ်ပါ။

## သမာနသံဝါသ သီမာသမ္မုတိ ကမ္မဝါစာ

နမောတဿ ၃-ခေါက်။

**ဉတ်။** ။သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော ဧတေဟိ နိမိတ္တေဟိ သီမံ သမ္မန္နေယျ သမာနသံဝါသံ ဧကူပေါသထံ။ ဧသာ ဉတ္တိ။

**ကမ္မဝါစာ။** ။သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ။ သံဃော ဧတေဟိ နိမိတ္တေဟိ သီမံ သမ္မန္နတိ သမာနသံဝါသံ ဧကူပေါသထံ။ ယဿာယသ္မတော ခမတိ ဧတေဟိ နိမိတ္တေဟိ သီမာယ သမ္မုတိ သမာနသံဝါသာယ ဧကူပေါသထာယ၊ သော တုဏှဿ၊ ယဿ နက္ခမတိ သော ဘာသေယျ။

**နိဂုံး။** ။သမ္မတာ (သာ) သီမာ သံဃေန ဧတေဟိ နိမိတ္တေဟိ သမာနသံဝါသာ ဧကူပေါသထာ။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ (သိမ်အောင်မြင်ပြီ)

ထို့နောက် သင်္ကန်းနှင့် ကင်း၍ နေခွင့် ရအောင် အောက်ပါ အဝိပ္ပဝါသ သမ္မုတိကမ္မဝါစာကို ဖတ်ပါ။

ဉတ်။ ။သုဏာတု မေ ဘန္တေ သံဃော၊ ယာသာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော တံ သီမံ တိစီဝရေန အဝိပ္ပဝါသံ သမ္မန္နေယျ ထပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ။ ဧသာ ဉတ္တိ။

ကမ္မဝါစာ။ ။သုဏာတု မေ ဘန္တေ သံဃော။ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ။ သံဃော တံ သီမံ တိစီဝရေန အဝိပ္ပဝါသံ သမ္မန္နတိ ထပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ ယဿာ ယသ္မတော ခမတိ ဧတိဿာ သီမာယ တိစီဝရေန အဝိပ္ပဝါသာယ သမ္မုတိ ထပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

နိဂုံး။ ။သမ္မတာ သာသီမာ သံဃေန တိစီဝရေန အဝိပ္ပဝါသာ ထပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။

## သိမ်ကိုချဲ၍ (သို့မဟုတ်) နေရာလွှဲ၍ သမုတ်ပုံ

ဝိသုံဂါမ ပေးထားသောနေရာက ကျဉ်း၍ဖြစ်စေ၊ အခြား အကြောင်း တစ်စုံတစ်ရာကြောင့် ဖြစ်စေ ပကတိ ဂါမသို့

ချွဲသမုတ်လိုပါက သမုတ်နိုင်သည်။ မူလ ဝိသုံဂါမကို လွတ်၍ ကား မသမုတ်နိုင်၊ ချွဲရုံသာ ချွဲနိုင်သည်။)

ထိုသို့ သမုတ်လိုလျှင်

(၁) ဝိသုံဂါမ ပေးထားသော နေရာ မြေအပါအဝင် ပကတိ ဂါမမြေကို မိမိလိုသလောက် သိမ်နိမိတ်များသတ်မှတ်ပါ။ (ဝိသုံဂါမမြေက သံဃာ ၄-ပါး အနည်းဆုံး နေနိုင်လောက်အောင် ပါ,ပါစေ။)

(၂) ပကတိဂါမ မြေပေါ်ရှိ ရဟန်းများကို သိမ်းဆည်းလိုက သိမ်းဆည်းပါ။

(၃) သတ်မှတ်ထားသော နိမိတ် အတွင်းရှိ သံဃာ မှန်သမျှကို "ဝိသုံဂါမ ပေးထားသော မြေ" ပေါ်၌သာ နေစေ၍ ကမ္မဝါစာ ဖတ်ပါစေ။ (နိမိတ်ကြားစဉ် ဘယ်ကနေ၍ ကြား, ကြား ဖြစ်သည်။)

ဤနည်းအတူ သမုတ်ပြီး ဗဒ္ဓသိမ်က ငယ်နေ၍ နေရာချွဲလိုလျှင် ချွဲလိုသမျှ နိမိတ်သတ်မှတ်၍ ဗဒ္ဓသိမ် (သမုတ်ပြီး သိမ်) တွင်းမှနေ၍ ကမ္မဝါစာ ဖတ်ပါလေ။

အကယ်၍ ဗဒ္ဓသိမ်က သေးငယ်သဖြင့် အပြင်သို့ ချွဲကာ ကျောင်း၊ တန်ဆောင်း ဆောက်လိုပါက သိမ်ကိုချွဲ၍မသမုတ်ဘဲ ဆောက်နိုင်သည်။ ဂါမနှင့် ဗဒ္ဓသိမ်မှာ (နိဿယ နိဿိတ ဖြစ်သောကြောင့်) စပ်သဖြင့် အပြစ်မရှိပါ။

သို့သော် ကံဆောင်စဉ် မီးကြိုးစသည်ကိုကား ဖြုတ်ရမည်။ အကြောင်းမှာ မီးကြိုးစသည်တို့သည် အခြား ဗဒ္ဓသိမ်များနှင့်လည်း ဆက်သွယ်နေတတ်သောကြောင့်တည်း။ အုတ်၊ အင်္ဂတေ ခုံ၊ သံပိုတ်လုံးတို့ဖြင့် ဆက်စပ်ခြင်းမှာ ဘူမိဂတိက ဖြစ်၍ သိမ်မပျက်။

## ရေသိမ်အကြောင်း

မြစ်၌ လည်းကောင်း၊ တစ်စုံ တစ်ယောက်သော သူသည် မတူးအပ်ဘဲ အလိုအလျောက် ဖြစ်နေသော ပတ်ဝန်းကျင်မှ လာသော ရေဖြင့်ပြည့်နေသော ဇာတဿရအိုင်၌လည်းကောင်း၊ ပင်လယ် သမုဒ္ဒရာ၌လည်းကောင်း ရေသိမ်လုပ်နိုင်သည်။

သိမ်လက္ခဏာလောက်သော မြစ်ဟူသည် ပင်လယ်သမုဒ္ဒရာသို့ဖြစ်စေ၊ တစ်ဘက်ဆည်ကန်သို့ဖြစ်စေ စီးဝင်သော မြစ်ကိုခေါ်သည်။ အတိုအရှည် မသတ်မှတ်။ နွေရာသီ၌ရေမရှိသော်လည်း မိုးတွင်း၌ ရေမပြတ် ရှိရမည်။

ရေမပြတ်ဟူသည်- သင်းပိုင်ကို ဒူးအောက် လက်ရှစ်သစ်ချ ဝတ်၍ ဖြတ်ကူးသွားသော ဘိက္ခုနီမ၏ သင်းပိုင်းကို လက်တစ်သစ်၊ နှစ်သစ်ခန့်မျှ ရေစိုလျှင် မိုးတွင်း ရေ မပြတ်ပြီဟု မှတ်ရမည်။

ဇာတဿရဒိုင်ဟူသည်- အထက်ပါ လက္ခဏာနှင့် ပြည့်စုံ၍ မြစ်လက္ခဏာ၌ ဆိုခဲ့သည့်အတိုင်း မိုးတွင်း၌ရေရှိရမည်။

ပင်လယ်၌ ပကတိလှိုင်းတံပိုးတို့သည် လွှမ်းမိုး၍ တည်ကုန်သော ကမ်းနေရာမှစ၍ ကံပြုနိုင်သည်။ (ကံပြုစဉ် ပင်လယ်ရေရှိ, မရှိ မဆိုင်ပြီ။)

အဆောက်အအုံဆောက်လုပ်လိုလျှင်- သစ်, ဝါးနှင့်ဆောက်ပါ။ သံ, အုတ်, ကျောက်နှင့် မဆောက်လုပ်ရ။ တိုင်ကိုပင် သံ, အုတ်, ကျောက်နှင့် မဆောက်လုပ်ရ။ ကံဆောင်စဉ် ကမ်းနှင့် သိမ်ကို အဆက်ဖြတ်ထားရမည်။ လှေကို ထိုး၀ါးစိုက်၍လည်း လှေပေါ်၌ ကံပြုနိုင်သည်။

**ရေသိမ်အကျယ်အဝန်း။** ။ရေသိမ်တစ်ခု၏အကျယ်အဝန်းမှာ မဇ္ဈိမအားရှိသောယောကျ်ားသည် ယှဉ်၍ ပစ်အပ်သော ပတ်ဝန်းကျင်မှ ရေတစ်ကျ, သဲတစ်ကျ အရပ်အထိ ပမာဏကျယ်၏ဟု မှတ်ရမည်။

မြစ်တစ်ခုတည်း၌ ရေသိမ် ၂-ခုပြုလိုလျှင် ဥပစာအလိုငှာ သိမ် ၂-လုံးအလယ်မှ ဥဒကုက္ခေပ တစ်ခုစာမျှချန်ထားရမည်။

## ကံမပြုထိုက်သော ရေသိမ်ပုံ



အမှာ။ ။အထက်ပါသိမ်ပုံတွင် စင်္ကြံသည့် ဂါမသိမ်နှင့် ဆက်နေသဖြင့် ဂါမသိမ်ဖြစ်နေ၏။၎င်းစင်္ကြံက ဥဒကုက္ခေပ တွင်းသို့ ရောယှက်နေသောကြောင့် ကံမပြုထိုက်။

## ကံပြုထိုက်သော ရေသိမ်ပုံ



**အမှာ။** အထက်ပါပုံတွင် စကြံသည် ဥဒကုက္ခေပအတွင်း၌ ဆောက်နေ၍ စကြံပင်လျှင် ဥဒကုက္ခေပ ဖြစ်နေ၏။ ဂါမသိမ်မှလည်းလွတ်နေ၏။ ထို့ကြောင့် ကံပြုရန် အပ်၏။

သိမ်သမုတ်ခြင်း အားလုံးပြီး၏။

## ပရိဝါသ် မာနတ်ဆောက်တည်ခန်း

အမှာ။ ။ရဟန်းတော်များ၌ အာပတ် ၇-ပုံတွင် သံဃာဒိသေသ ခေါ်သော အာပတ်သင့်တတ်ပါသည်။ ထိုအခါ ပရိဝါသ် ဆောက်တည်မှ ပြေလည်ပါသည်။ ထိုပရိဝါသ် ဆောက်တည်ခြင်းကို လောကဝေါဟာရအားဖြင့် ဝါသ်ဆောက်တည်သည်ဟု ခေါ်ပါသည်။ ဆောက်တည်နေကျဖြစ်သော အသုံးများသည့် ဝါသ်ဆောက်တည်ပုံကို ရေးပြပါမည်။

ဖုံးလွှမ်းခြင်း။ ။ရဟန်းတစ်ပါးသည် သံဃာဒိသေသ်အာပတ် သင့်လျှင် အရုဏ်မတက်မီ ဒေသနာ ကြားရပါသည်။ မကြားမိဘဲ အရုဏ်တက်မိလျှင် တစ်ရက် ဖုံးလွှမ်းလေပြီ။ နှစ်အရုဏ်တက်လျှင် နှစ်ရက်ဖုံးလွှမ်းလေပြီ။ ဤသို့အားဖြင့် ထိုအာပတ်ကို ဒေသနာမကြားသမျှ ဖုံးလွှမ်းမိလေပြီ၊ ထိုဖုံးလွှမ်းမိသမျှ တစ်လဖြစ်စေ၊ တစ်နှစ်ဖြစ်စေ ပရိဝါသ်နေရမည်။ ထိုသို့နေရာ၌ အောက်ပါနည်းကို အသုံးများကြသည်။

ရဟန်းများသည် အချင်းချင်း ဒေသနာ မကြားမိဘဲ နေခဲ့သည့် ရက်သဲမှ အကြာဆုံး ရက်ကိုမှတ်၍ (အများအားဖြင့် ၁၀-ရက်၊ ၁၅-ရက်) ပရိပါသ် အစောင့်များကြပါသည်။

အဘယ်ကြောင့်ဆိုသော် ရဟန်းတိုင်း ၁၅-ရက် တစ်ကြိမ် ဥပုသ်ပြုကြသောအခါ ဒေသနာ ကြားမြဲ ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် ၁၀-ရက်၊ (သို့မဟုတ်) ၁၅-ရက် ပရိဝါသ် စောင့်ကြခြင်း ဖြစ်၏။

## အသုံးများသော (အဂ္ဃသမောဓာန) ပရိဝါသ် အစီအစဉ်

မိမိအပြင် အခြားရဟန်း အနည်းဆုံး (၄) ပါးကို သိမ်ထဲသို့ ပင့်ဆောင်ပါ။ ပြီးလျှင် ဆောင့်ကြောင့်ထိုင် လက်အုပ်ချီလျက် ပရိဝါသ် တောင်းပါ။

ပရိဝါသ်တောင်းပုံ။ ။အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ သမ္ဗဟုလာ အာပတ္တိယော ဒွီဟပ္ပဋိစ္ဆန္နာယော (ပ) တီဟ၊ စတူဟ၊ ပဉ္စာဟ၊ ဆာဟ၊ သတ္တာဟ၊ အဋ္ဌာဟ၊ နဝါဟ၊ ဒသာဟ၊ ဧကာဒသာဟ၊ ဒွါဒသာဟ၊ တေရသာဟ၊ စုဒ္ဒသာဟ၊ ပက္ခပ္ပဋိစ္ဆန္နာယော။ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃသမောဓာနပရိဝါသံ ယာစာမိ။ (၃) ခေါက်။

အမှာ။ ။၁၅-ရက်ထိပြထားပါသည်။ ၎င်းအထဲမှ ဆယ်ရက်ခေါင့်လိုက ဆယ်ရက်ဟော (ဒသာဟ)မှာ အဆုံးသတ်ပါလေ။ ၁၅-ရက်ကို ပါဠိတွင် ပက္ခဟု ဆိုရပါသည်။

### ပရိဝါသ်ပေးပုံ

သံဃာက ပရိဝါသ်ပေးပါ။ ကမ္မဝါစာ ရွတ်ဖတ် လှူယ်ကူစေရန် ပရိဝါသ်စောင့်မည့် ရဟန်းကို တိဿဟု နာမည်မှည့်ပါ၏ဟု ရဟန်းတစ်ပါးက သံဃာများကို ကြိုတင်အသိပေး ပြောကြားပါ။

ဉတ်။ ။သုဏာတု မေ ဘန္တေ သံဃော။ အယံ (တိဿော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ။ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ပ၊ သမ္ဗဟုလာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံသမ္ဗဟုလာနံ အာပတ္တီနံယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစတိ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော (တိဿဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံယာ အာပတ္တိယော ပက္ခပ္ပဋိ-စ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ဒဒေယျ။ ဧသာ ဉတ္တိ။

ကမ္မဝါစာ။ ။သုဏာတု မေ ဘန္တေ သံဃော။ အယံ (တိဿော) ဘိက္ခု သမ္ဗဟုလာ သံဃာ-ဒိသေသာ အာပတ္တိယော အာပဇ္ဇိ။ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော (ပ) သမ္ဗဟုလာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစတိ။ သံဃော (တိဿဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ဒေတိ၊ ယဿာ ယသ္မတော ခမတိ (တိဿဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆ-န္နာယော၊ တာသံ အဂ္ဃေန သမောဓာန ပရိဝါသဿဒါနံ၊

သော တုဏှဿ။ ယဿနက္ခမတိ၊ သော ဘာသေယျ။ (ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။)

နိဂုံး။ ။ဒိန္နော သံဃေန (တိဿဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာန ပရိဝါသော။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။

ပရိဝါသ်ပေးပြီးလျှင် ဝါသ်ဆောက်တည်သော ရဟန်းက သိမ်အတွင်း၌ပင် လက်ရှိသံဃာများကို ပရိဝါသ်ကို ဆောက်တည် ကြားပြီး၊ ဝါသ်ချပါလေ။

## ပရိဝါသ် ဆောက်တည်ပုံ၊ ကြားပုံ၊ ချထားပုံ

**ဆောက်တည်ပုံ။** ။ပရိဝါသံ သမာဒိယာမိ။ ဝတ္တံ သမာဒိယာမိ။ (၃-ကြိမ်)။

**ကြားပုံ။** ။အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ။ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ပ။ ပက္ခပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘဝန္တံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ၊ ယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစိံ။ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော၊ တာသံ

အမဂ္ဂန သမောဓာန ပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသာမိ၊ ဝေဒယာ မယံ ဘန္တေ။ ဝေဒယတီတိ မံ သံဃော ဓာရေတု။

**အမှာ။** ။တစ်ပါး'သွာ'၊ နှစ်ပါး 'န္တာ'၊ သုံးပါးမှာ 'န္တော'၊ လေးမှာ'ယော' ဟူသော နိဂ္ဂဟိတ်နှင့်အညီ တစ်ပါးရှိလျှင် (အာယသ္မာ ဓာရေတု)၊ နှစ်ပါးရှိလျှင် (အာယသ္မန္တာ ဓာရေန္တု)၊ သုံးပါးရှိလျှင် (အာယသ္မန္တော ဓာရေန္တု)၊ လေးပါးရလျှင် (သံဃော ဓာရေတု) ဟု ဆိုပါလေ။

**ဝါသ်ချခြင်း။** ။ဝါသ်ကြားပြီးလျှင် ထိုသိမ်ဟောင်း၌ပင် ဝါသ်ကို ချပါ။

**ဝါသ်ချပုံ။** ။ပရိဝါသံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ။ (၃-ခေါက်)။

**အမှာ။** ။ဝါသ်ချရန် မှာကြားရသည်မှာ သံဃာ သိမ်းဆည်းရ ခက်မည်စိုးသောကြောင့်တည်း။ အကယ်၍ သံဃာ အသွားအလာ မရှိရာ၌မူ ဝါသ်မချဘဲသည်း နေနိုင်သည်။

ညဉ့်အခါ သံဃာ အသွားအလာဆိတ်ရာ အချိန်ကိုမှတ်၍ လူဃာ အသွား အလာ ဆိတ်ပြီဟု ယူအရလျှင် ဝါသ်ကို ပြန်ဆောက်တည်ရမည်။ (ဝါသ် ဆောက်တည်စဉ် သံဃာ အနည်းဆုံး တစ်ပါးရှိလျှင် ဖြစ်သည်။ မာနတ်ဆောက်တည်စဉ် ၄-ပါးအနည်းဆုံး ရှိရသည်ဟု မှတ်)။

ညဉ့်အခါဟုဆိုသော်လည်း သံဃာ အသွားအလာ ဆိတ်မှ သည်ထာ ပဓာနဖြစ်သည်။

ဝါသ်ကို ပြန်၍ ဆောက်တည် ကြားလိုသော် ထိုအချိန်၌ ကျောင်းတိုက်အတွင်း၌ သံဃာများကို ရှိသမျှ တစ်နေရာတွင် စု၍ဖြစ်စေ၊ မိမိက လိုက်ကြား၍ဖြစ်စေ၊ တစ်ပါးတည်းသာရှိက ၎င်းတစ်ပါးကိုဖြစ်စေ၊ ၎င်းကြားလောက်ရာကနေ၍ ပြန်လည် ဆောက်တည်ပါ။ (သံဃာစုံသို့ ကြားမှသာ လိုရင်း ဖြစ်၏)။

ဆောက်တည်ပုံ။ ။ပရိဝါသံ သမာဒိယာမိ။ ဝတ္တံ သမာဒိယာမိ။ (၃-ကြိမ်)။

၎င်းနောက် ယခင်အတိုင်း ပရိဝါသ်ကြားပါ။ ဒီတစ်ခါ ပြန်မချသေးဘဲ သံဃာ သိမ်းဆည်းလွယ်လျှင် ကျောင်းတိုက် တွင်း၌ပင် မိမိတစ်ပါးတည်း အိပ်ပါ။

ဝါသ်ဆောက်တည်သူကို ဒကာ်သားခေါ်၍ ဝါသ်မဆောက် တည်သူတို့ကို ပကတတ်ရဟန်းဟု ခေါ်သည်။ ဒကာ်သားနှင့် ဒကာ် သားချင်းလည်းကောင်း၊ ပကတတ်နှင့်လည်းကောင်း အတူတူ မအိပ်ရ။

အရုဏ်တက်မည့်အချိန်ကို မှတ်လျက် အရုဏ်တက်ပြီဆိုလျှင် တစ်အရုဏ် (ဝါ) တစ်ရက်ရပြီဖြစ်သောကြောင့် ပကတတ် ရဟန်းရှိရာ တစ်ပါးပါးထံ၌သွား၍ (ပရိဝါသံနိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိဟု ဆိုလျက် ချပါ)။

ဤသို့ ချထားလျှင် မိမိသည်လည်း ပကာဘတ်အရာ၌ တည်သဖြင့် အခြားမည်သည့် ရဟန်းသစ်လာလာ ကြားစရာမလို ပြီ။

ဝါသ်ကို ဆောက်တည် ထား စဉ် မ ကြား ရ သေး သော အသစ်ရဟန်းကိုတွေ့လျှင် ကြားရသည်၊

အသစ် ရဟန်းဆိုရာ၌ အရာမ်ရှိက အရာပ်၊ အရာမ် မရှိက အရာမ်ထိုက်သော အရပ်အတွင်းသို့ ဝင်သမျှ ကြားရမည်။ ဤကား ကျောင်းတိုက်ငယ်အတွက် ဖြစ်သည်။

သံဃာများသော ကျောင်းတိုက်ကြီးဖြစ်အံ့၊ ဝါသ်ပေးရာ သိမ်၌ပင်လျှင် ဝါသ်ကို ချထားပါ။ ပြီးလျှင် မိုးသောက်ယံ အခါ၌ အရုဏ်မတက်မီ အဖော်ရဟန်း တစ်ပါး,နှစ်ပါးနှင့်တကွ အရာမ်ရှိသော ကျောင်းဖြစ်ပါက အရာမ်မှ၊ အရာပ်မရှိပါက အရပ်ထိုက်ရာ အရပ်မှ ခဲနှစ်ပစ်အရပ်သို့ သွားပြီးလျှင် လမ်းမ ကြီးမှ ဖဲခွာ၍ ချုံစောင်ရန်း စသည်ဖြင့် ဖုံးကွယ်ရာ၌ (ဆိတ်ကွယ်ရာရပေမြင်းဝှာ) နေအပ်၏။

နေပြီးလျှင် ထိုနေရာ၌ပင် ဝါသ်ကို ဆောက်တည်၍ ကြားပါ။ (မလျှပါနှင့်)။ အသစ် တစ်ပါးပါးလာအံ့၊ ထိုရဟန်း မြင်အံ့၊ ကြားအံ့-၎င်းရဟန်းကိုပါ ဝါသ်ကြားရမည်။

ဝါသ်စောင့်သူ မသိ, မမြင်, မကြားသော်လည်း ဝါသ် စောင့်ရာမှ ၁၂-တောင်အတွင်းသို့ ရဟန်းတစ်ပါးပါးဝင်ဖြတ် သွားအံ့၊ ဝါသ်မကြားလိုက်မိပါမူ ၎င်းညဉ့်ပျက်၏။

အရုဏ်တက်လျှင် ဝါသ်ကို မိမိအဖော်ယံ၌ ချပါ။ (ချပုံ ပြပြီးပြီ)။

အကယ်၍ မိမိအဖော် တစ်နေရာ ကိစ္စရှိ၍သွားလိုက သွားပါစေ၊ ရဟန်းမရှေးအဲ ပထမတွေ့သည့် ပကတတ် ရဟန်းထံ၌ ချပါလေ။ (ဤကား သံဃာသိမ်ဆည်းရန် ခဲယဉ်း၍ကျောင်းတိုက်မှ အပြင်သို့သွားပြီး ဝါသ်စောင့်ပုံဖြစ်သည်)။

အပှာ။ ။အချို့က အဋ္ဌကထာ၌ "နေ့ လေနှုပါတေ အတိက္ကမိဿာ"ဟုဆိုသောကြောင့် ခဲနှစ်ကျအတွင်းမှာ ဝါသ် မစောင့်အပ်။ မိမိတို့ အရပ်၏ ခဲ့နှစ်ကျအတွင်းရှိ အခြားကျောင်းတိုက်က သံဃာကိုလည်း ကြားရမည် ဆိုသည်မှာ မသင့်။ (ခဲ့နှစ်ကျဆိုသည်မှာ ကြားရမည့်အပိုင်းအခြားကို ပြသည်မဟုတ်။ သရဇ္ဈာယ်သံကို ကြားမှာစိုး၍သာ ဆိုသည်ဟုမှတ်)။

"ဝါသ်ကြားရမည့်ခေတ်" (အပိုင်းအခြားအကျယ်အဝေး) ကား အရပ်ရှိက အရပ်အတွင်း၊ အရပ်မရှိက အရပ်ထိုက်သော အရပ်တည်း။ ၎င်းသို့ဝင်လာသမျှ ကြားရမည်။ (အရပ်ထိုက်အရပ်ဟူသည် ၁၂-တောင်တွင်းတည်း)။ ဝင်လာသည်ကို မသိလိုက်၍ မကြားမိပါကလည်း ၎င်းည၌ပျက်၏။ (ဤကား ကျောင်းတိုက်အတွင်း၌ ဝါသ်စောင့်ပုံဖြစ်၏)။

"ကျောင်းတိုက်တွင်း၌ ဝါသ်စောင့်သူ ဖြစ်စေ၊ အပြင်၌ ဝါသ်စောင့်သူဖြစ်စေ' ရဟန်း၏အသံကို ကြားလျှင် ကြားရာအရပ်၊ ရဟန်းအဆင်းကို မြင်လျှင် မြင်ရာအရပ်သည် ကြားရမည့် (အာရောစန) ခေတ်မည်၏။

"ဝါသ်ဆောက်တည်ရာ၌ ညွှန်ပြုတ်ခြင်းတို့သည်"—

(၁) သဟာဝါသ=ပကတတ် ရဟန်းနှင့် ဖြစ်စေ၊ ဝါသ် စောင့်သူချင်းဖြစ်စေ အတူ တစ်မိုး တစ်ရမ်တည်း သောကျောင်း၌ အိပ်ခြင်း။

(၂) ဝိပ္ပဝါသ=ပကတတ်ရဟန်းနှင့်ကင်း၍ အရဏ်တက် ခြင်း။

(၃) ကြားရမည့်ခေတ်အတွင်း ရောက်လာသည့် ရဟန်းကို မကြားမိခြင်း ၃-ပါးတို့ ဖြစ်၏။

အမှာ။ ။"အသံကြားရာဟု ဆိုသဖြင့် အချို့က ကြေးစည် ထိုးသံ၊ ခေါင်းလောင်းထိုးသံအပေါ်၌ သံသယရှိ၍ ဝါသ်စောင့်စဉ် ရဟန်းတော်များ ကြေးစည် ခေါင်းလောင်း မထိုးပါနှင့်ဟု တစ်ပါးသောကျောင်းတိုက်သို့သွား၍ တားမြစ် ကြ၏။ သံသယ ပိုလွန်းသည်သာ။

စင်စစ်မူ အသံ ဟူရာ၌ ကြေးစည်သံကဲ့သို့ ဥတုဇ သဒ္ဒကို မဆိုလို။ စာဆိုသံ၊ ချောင်းဟန့်သံ စသည့် စိတ္တဇအသံသာ လိုရင်း ဖြစ်သည်။

ထို့ပြင် အသံကြားရာ ဆိုသဖြင့် လူသံ မှန်သမျှ သံသယ မဝင်သင့်။ "သမဏော အယန္တိ ဝဝတ္ထာန မေဝ ပမာဏံ" ဟူသည်နှင့် အညီ ရဟန်းအသံ၊ ရဟန်းအဆင်းဟု တိကျစွာ သိမှတ်ဆုံးဖြတ်နိုင်ခြင်းသာ ပမာဏဖြစ်၍ သံသယဖြင့်ကြားစရာ မလိုဟု မှတ်။

## မာနတ်ကျင့်ရန် အစီအစဉ်

ဤနည်းဖြင့် မိမိစောင့်လိုသော ရက်အထိ ဝါသ်စောင့်ပြီးသောအခါ မာနတ် ၆-ရက် ကျင့်ရမည်၊

မာနတ်ကျင့်ရာ၌ ကမ္မဝါစာဖတ်စဉ်၌ လည်းကောင်း၊ စောင့်စဉ်၌ လည်းကောင်း အနည်းဆုံး မိမိ အပြင် သံဃာ ၄-ပါး ရှိရမည်။

သိမ်ထဲ၌ သံဃာ စုမိသော အခါ မိမိက ယခင် အတိုင်း ပရိဝါသ်ကို ဆောက်တည်၍ ကြားပါ။ - မချပါလေနှင့်။ ထို့နောက် မာနတ်တောင်းပါ။

**မာနတ်တောင်းပုံ။** ။အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော ။ပ။ ပက္ခပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစိံ။ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ အဒါသိ။ သောဟံ ဘန္တေ ပရိဝုတ္ထပရိဝါသော။ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစာမိ။ (၃-ခေါက်)။

## မာနတ်ပေး ကမ္မဝါစာ

ဉတ်။ ။သုဏာတု မေ ဘန္တေ သံဃော။ အယံ (တိဿော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ ပ။ သမ္ဗဟုလာ အာပတ္တိယော ပဉ္စာဟပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ပဉ္စာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ယာစိ။ သံဃော (တိဿဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ပဉ္စာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထ ပရိဝါသော။ အယံ (တိဿော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော (တိဿဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာ တ္တံ ဒဒေယျ၊ ဧသာ ဉတ္တိ။

ကမ္မဝါစာ။ ။သုဏာတု မေ ဘန္တေ သံဃော။ အယံ (တိဿော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ။ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော ။ ပ ။ ပဉ္စာဟပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ပဉ္စာဟပ္ပဋိ-

စ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစိ။ သံဃော(တိဿဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ အဒါသိ။ သော ပရိဝုတ္ထ ပရိဝါသော။ အယံ (တိဿော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစတိ။ သံဃော (တိဿဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ဒေတိ။ ယဿာ ယသ္မတော ခမတိ (တိဿဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တဿ ဒါနံ၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ၊
တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။

နိဂုံး။ ။ဒိန္နံ သံဃေန (တိဿဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ။ ဧဝ မေတံ ဓာရယာမိ။

ထို့နောက် သိမ်ထဲ၌ပင် မာနတ်ကို ဆောက်တည်ပါ။

မာနတ် ဆောက်တည်ပုံ။ ။မာနတ္တံ သမာဒိယာမိ။ ဝတ္တံ သမာဒိယာမိ။ (၃-ကြိမ်ဆို)။

ထို့နောက် သိမ်ထဲ၌ပင် မာနတ်ကြားပုံ။

**မာနတ်ကြားပုံ။** ။အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ။ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော (၊) ပက္ခပ္ပဋိစ္ဆန္နာယော သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစိံ။ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ အဒါသိ၊ သော ဟံ ဘန္တေ ပရိဝုတ္ထပရိဝါသော။ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿမေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ မာနတ္တံ၊ စရာမိ၊ ဝေဒယာမဟံ ဘန္တေ။ ဝေဒယတီတိ မံ သံဃော ဓာရေတု။

ထို့နောက် သိမ်ထဲ၌ပင် မာနတ်ချပါ။

**မာနတ်ချပုံ။** ။မာနတ္တံ နိက္ခိပါမိ။ ဝတ္တံ နိက္ခိပါမိ။ (၃) ခေါက်။

**အမှာ။** ။မာနတ်စောင့်စဉ် သံဃာ အနည်းဆုံး ၄-ပါး လိုပါသည်။ ၎င်းထံ၌ မာနတ်ကြားရမည်။ ၆-ရက် အနည်းဆုံး မာနတ်ကျင့်ရမည်။

## အဗ္ဘာန်သွင်းရန် အစီအစဉ်

၆-ရက် မာနတ်ကျင့်ပြီးလျှင် သံဃာ (၂၀) အနည်းဆုံး ရှိသော သိမ်ထဲ၌ မာနတ်ဆောက်တည်၍ ကြားပါ။ (မချပါလေနှင့်။) ကြားပြီးလျှင် အဗ္ဘာန်သွင်းရန် တောင်းပါ။

**အဗ္ဘာန်တောင်းပုံ။** ။အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ သမ္ဗဟုလာ အာပတ္တိယော ကောပေ ပဋိစ္ဆန္နာယော (ပ) ပက္ခပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပဋိစ္ဆန္နာယော၊ တာသံအဂ္ဃေန သမောဓာနပရိဝါသံ ယာစိံ။ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ အဒါသိ။ သောဟံ ဘန္တေ ပရိဝုတ္ထပရိဝါသော။ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော။ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿမေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ။ သောဟံ ဘန္တေ စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစာမိ။ (၃) ခေါက်တောင်းပါ။

## အဗ္ဘာန်သွင်း ကမ္မဝါစာ

**ဉတ်။** ။သုဏာတု မေ ဘန္တေ သံဃော။ အယံ (တိဿော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော

အာပတ္တိ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ပ။ ပက္ခပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဂေန သမောဓာနပရိဝါသံ ယာစိ။ သံဃော (တိဿဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာ ယော၊ တာသံ အဂ္ဂေန သမောဓာနပရိဝါသံ အဒါသိ။ သော ပရိဝုတ္ထပရိဝါသော။ အယံ (တိဿော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ သာရတ္တံ မာနတ္တံ ယာစိ၊ သံဃော (တိဿဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ သာရတ္တံ မာနတ္တံ အဒါသိ။ သောစိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ။ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော (တိဿံ) ဘိက္ခုံ အဗ္ဘေယျ။ ဧသော ဉတ္တိ။

**ကမ္မဝါစာ။** ။သုဏာတု မေ ဘန္တေ သံဃော။ အယံ။ (တိဿော) ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေ-သာ အာပတ္တိယော အာပဇ္ဇိ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ပ။ပက္ခပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာ ယော၊ တာသံ အဂ္ဂေန သမောဓာနပရိဝါသံ ယာစိ။ သံဃော (တိဿဿ) ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော၊ တာသံ၊ အဂ္ဂေန သမောဓာနံ ပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော၊ အယံ (တိဿော)

ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော။ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ သာရတ္တံ မာနတ္တံ ယာစိ၊ သံဃော (တိဿဿ) ဘိက္ခုနော တာသံ၊ သမ္ဗဟုလာနံအာပတ္တီနံ၊ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ သာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ သံဃော (တိဿံ) ဘိက္ခုံ အဗ္ဘေတိ၊ ယဿာ ယသ္မတော ခမတိ (တိဿဿ) ဘိက္ခုနော အဗ္ဘာနံ၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။
တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ။

နိဂုံး။ ။အဗ္ဘိတော သံဃေန (တိဿော) ဘိက္ခု ခမတိ သံဃဿ၊ တသ္မာ တုဏှိ။ ဧဝမေတံ ဓာရယာမိ။

## ပရိဝါသ် မာနတ် အဗ္ဘာန် ကံအားလုံးပြီး၏။

**အမှာ။** ။ပရိဝါသ်ဆောက်တည်ရာ၌ ဤအဂ္ဂသမောဓာန်ကိုသာ အလွန်ကောင်းသဖြင့် ဆောက်တည်လေ့ရှိကြ၍ အဂ္ဂသမောဓာန်မျှကိုသာ ရေးလိုက်ပါသည်။ တစ်ထောင်သော အာပတ်တို့ကို ညဥ့်တစ်ရာဖုံးလွှမ်းသော ရဟန်းသည် ဆယ်ညဥ့်မျှ ပရိဝါသ်နေသဖြင့် အာပတ်စင်ကြယ်၏။ ဤနည်းကား အဂ္ဂသမောဓာန ပရိဝါသ်ဖြစ်သည်။ ဤမျှပင် ကောင်းလှပါသည် ဟူလို။

## အခန်း (၄)

### ဆက်ဆံရေးကဏ္ဍ

ကျောင်းထိုင်ရဟန်းတော်သည် လူမှုဆက်ဆံရေးနှင့်မကင်းတော့ပြီ။ လူမှုဆက်ဆံရေး ပညာ ဆိုသည်ကား ကျယ်ဝန်းလှ၏။ ရှုပ်ထွေးလှ၏။ သို့ကလောက် ရှုပ်ထွေး ကျယ်ဝန်းလှသော လောကအလယ်၌ မောဖွယ်မကြုံရအောင် ကျင့်သုံးတတ်ရမည်။

ပထမဦးစွာ သတိထားရမှာက "ငါသည် လူတွေနှင့်ဆက်ဆံနေရသော်လည်း ရဟန်းတော်တစ်ပါး၊ ဘုရားသားတော်သာ ဖြစ်သည်" ဟု အစဉ် မိမိကိုယ်ကို သတိပေးပါ။ လူအချင်းချင်း ရောနှော ဆက်ဆံနည်းမျိုး မဖြစ်မိအောင် သတိပြုရမည်။ ရဟန်းနှင့် လူ ဆက်ဆံနည်းမျိုးသာ ဖြစ်စေရမည်။

ရဟန်းနှင့် လူဆက်ဆံနည်းမျိုးကား- ရဟန်းက ဓမ္မအမွေ၊ ပညာအမွေကို ပေး၍ လူက ၎င်းကို ခံယူ ကျင့်သုံးခြင်းတည်း။ ဘုရားရှင်က သိင်္ဂါလောဝါဒသုတ်၌-

(၁) မကောင်းမြစ်တား၊ (၂)ကောင်းရာညွှန်လစ်၊
(၃) အသစ် ဟောကျူး၊ (၄) နာဖူးထပ်မံ၊
(၅) နတ်ထံတင်ရာ၊ (၆) မေတ္တာလည်းပြု
ရဟန်းမှု၊ ခြောက်ခု လွန်သေချာ။

ဤကား— ရဟန်း၏ စည်းကမ်း၊ လျှောက်ရမည့်လမ်း ဖြစ်ပေသည်။

ဤလမ်း ၆-ခုဝယ် မေတ္တာနောက်နားက ပါနေသော်လည်း သူသာ အချက်အချာ ပဓာန ဖြစ်ပေသည်။ မေတ္တာဟုဆိုလိုက်သဖြင့် ကရုဏာလည်း ပါပြီးသား ဖြစ်သည်။ မေတ္တာ ကရုဏာနှစ်ပါးသည် အရာရာကို ပြီးစေတတ်သော 'အောင်သိဒ္ဓိ' ဖြစ်သည်။ တစ်ယောက်သောသူသည် တစ်ယောက်သောသူအား မေတ္တာ, ကရုဏာရှိလာပါက အနစ်နာခံနိုင်သည်။ ခွင့်လွှတ်နိုင်သည်။ သည်းခံနိုင်သည်။ သူ့အတွက် ဘာအကျိုးကို ဆောင်ရ, ဆောင်ရ ဆောင်နိုင်သည်။ သုမေဓာ ရသေ့ငယ်အား အနန္တဒုက္ခသံသရာကို ပန်းခင်းလမ်းပမာ ထင်မှတ်စေ၍ ဖြတ်ကူးနိုင်သည်မှာ ဤမေတ္တာ, ကရုဏာပင် ဖြစ်ပါသည်။ နောက်ဆုံး ဗုဒ္ဓအဖြစ်သို့ ပို့ဆောင်နိုင်သည်မှာလည်း ဤမေတ္တာ,ကရုဏာပင် ဖြစ်ပေသည်။

ထို့ကြောင့် အောင်မြင်သော ကျောင်းထိုင် ရဟန်းတော်တစ်ပါးဖြစ်လိုပါက တပည့်ဒကာတို့အပေါ်၌ မေတ္တာ, ကရုဏာ အပြည့်ရှိပါစေ။

ထိုအခါ မေတ္တာ, ကရုဏာ၏ စေ့ဆော်ချက်ဖြင့် စာမတတ်သေးက တတ်လာမည်၊ တရားမဟောတတ်သေးက ဟောတတ်လာမည်။ စကားမပြောတတ်သေးက ပြောတတ်လာမည်။

ဆက်ဆံရေး မပြေသေးက ပြေလာပါမည်၊ ရဟန်း ကျင့်ဝတ် ၆–ချက်လုံး ပြည့်ဝုံလာပါလိမ့်မည်။ တပည့်–ဒကာ တို့အား တတ်နေချင် မြတ်နေချင်လှသော မေတ္တာကရုဏာသာ ဆောင်ပါ၊ အောင်ရမည်၊ အာမခံပါသည်။

ထိုသို့ရဟန်းက မေတ္တာ ကရုဏာ အစစ်ကို ဆောင်သော အခါ တပည့် ဒကာများက–

(၁) မေတ္တာစိတ်သက်၊ (၂) ဆောင်ရွက်ချစ်ခင်၊
(၃) ခင်မင်နွတ်ချို၊ (၄) လိုလျှင် ဖိတ်ထား၊ (၅)
တတ်အားလှူဝေ ကျောင်းတွေ ကျင့်လေဒါယကာ–

၅–ချက်တို့ဖြင့်တသွင်သွင်စီးသော သဒ္ဓါတရားများ သွန်းလောင်းကြပါလိမ့်မည်။

**သတိထားစရာ။** ။ကျောင်းထိုင် ပုဂ္ဂိုလ်သည် စကတည်းက "ခင်ဗျားတို့မှာဒကာကျင့်ဝတ်တွေရှိတယ်။ ဒါတွေကို ကျင့်ရမယ်၊ လှူရမယ်၊ စသည်ဖြင့် ဆောက်နှင့်မထွင်းပါလေနှင့်၊မိမိသည် သူတို့၏ မိဘအရာမှာနေပါ။မိမိက ခေါင်းဆောင်သာ ဖြစ်ပါသည်။ မိဘသည် သားသမီးငယ်တို့အား ကိုယ်ကသာ ကျွေးချင်မွေးချင်သည်။ သူတို့ထံမှ မတောင်းမယူလိုပါ၊ ထို့အတူမိမိက မေတ္တာ ကရုဏာများဖြင့် သရုပ်ပေါ်အောင်ထိ ကြိုးစားအားထုတ်ပါ။ ထိုအခါ တပည့်ဒကာတို့ဘက်မှ ကျင့်ဝတ်ငါးပါး အလိုလိုပြည့်လာရုံတွင်မက ပိုလျှံသွားပါလိမ့်မည်။

## မေတ္တာ ကရုဏာ သရုပ်ပေါ်အောင်

လူ၌စီးပွား၊ ကျန်းမာ၊ ပညာ အရေး ၃ - ခုရှိရာတွင်ရဟန်းသည် စီးပွားရေး၌ ဘယ်ခါမျှ မပါဝင်လေနှင့်။ ပညာနှင့် ကျန်းမာရေးကို မိမိနှင့် စပ်သမျှ ဒကာ ဒကာမများ အပေါ် အခွင့်ရသမျှ ဖြန့်ချိဒါနပြုပါ။

**ပညာရေးဖြန့်ရန်။** ။ဒကာ—ဒကာမများအား နတ်ရွာနိဗ္ဗာန် ကောန်ရောက်ကြောင်းတရားကောင်းများကို ရှာဖွေဟောကြားပါ၊ ဝါ ဘယ်လိုဟောရရင် သူတို့ ပိုပြီး နားလည်မလဲဟု နားလည်လွယ်သော နည်းများ ဖွေရှာ၍ ဓမ္မရတနာများပေးပါ။ (တရားဟောပါ။)

တရားဟောစဉ် လူတို့ကို ချမ်းသာစေလိုသော စေတနာ မေတ္တာထားပါ။ တရားသည် တမလွန်ချောက်မှချမ်းသာစေသည် မဟုတ်၊ ခုဘဝ၌ပင် ချမ်းသာစေသဖြင့် သူ့ကိုဘတွေ့ယခုဘဝပင် တရားသဘောပေါက်၍ စိတ်ချမ်းသာစေလိုသော စေတနာဖြင့် သဘောပေါက်လွယ်အောင် တရားဟောနည်း ကြိုးစားပါ။

လူငယ်ပိုင်း ကလေးပိုင်း အရွယ်များကိုလည်း အခြေခံ ငါးပါးသီလမှစ၍ ဘုရားရှင်၏အကြောင်း အကျဉ်းချုပ်များ၊ သရဏဂုံ၊ ဆွမ်းကပ်၊ ရေကပ်မှစ၍ကိုယ်ကျင့် ကောင်းမွန်အောင် ၎င်းတို့အားမည့်အချိန် (ဥပုသ်၊ တနင်္ဂနွေ၊ ကျောင်းပိတ်ရက်များ၌ဖြစ်စေ ညနေပိုင်း အားလပ်ချိန်၌ဖြစ်စေ) သင်ပေးပါ။

"ကျေးရွာ၌ အစိုးရကျောင်း ရှိပါက"မိမိသည် ၎င်းကျောင်းချိန်၌ဝင်မရှုက်ပါနှင့်၊ ၎င်းတို့ကျောင်းအားလပ်ချိန်၌သာလျှင် လိမ္မာရေးရာများကိုသင်ပေးပါ။အစိုးရကျောင်းများသည် လိမ္မာရေးသို့ပို၍သော ကြိုယာဖြစ်၍ မိမိက အားပေးပါ။ တတ်နိုင်လျှင်ကျောင်းသူ၊ ကျောင်းသားတို့အား ကူညီသင်ပေးပါ။ဤကား အမြဲ ဖြစ်ပါသည်။ အမြဲအနေလိုက်၍ ပညာရေးတို့ကို အားပေးပါလေ။

ကျန်းမာရေး။ ။မိမိနေရာသည် တောရွာများ ဖြစ်ပါလျှင် ကျန်းမာရေးပညာ ချို့တဲ့ တတ်ပါသည်။ ထို့ကြောင့်မိမိကျောင်း၌ဖြစ်စေ၊ ကျေးရွာလူကြီးအိမ်၌ ဖြစ်စေ ကျေးလက် ကျန်းမာရေးအတွက် မြန်မာဆေး၊ ဥပဒေဖြင့်ခွင့်ပြုထားသော ဓာတ်ဆေးများကို စုဆောင်းထား၍ဆေးပေးခန်းဖွင့်နိုင်ရန် ဟောကြားပါ၊ကြိုးစားပါ မိမိက ၎င်းဆေးပေးမှုကူညီမှုကို ကိုယ်တိုင်မလုပ်ပါနှင့်၊ သင့်တော်သောသူကာ တစ်ဦးဦးကို ကိုယ်တိုင် ကိုင်တွယ်ပါစေ။

အမှာ။ ။ကျောင်းထိုင်ရဟန်းတော်သည်အဆိုပါပညာရေး၊ ကျန်းမာရေး နှစ်ခုကိုသာလျှင်မိမိ၏ ရဟန်းဘောင်အတွင်းမှ ဆောင်ရွက်၍ စီးပွားရေး၊ နိုင်ငံရေးကိုကား မဝင်ပါလေနှင့်။

အမိကြိုးစားပေးအနေနှင့် ဓမ္မရေးရာကိုသာ ကြိုးစားမှုဖွေဟောကြားပါ။ကိုယ်တိုင်လည်း ကျင့်ပါလေ။ ဤမျှဖြင့် ကျောင်းထိုင်ပုဂ္ဂိုလ်အတွက် "ဆက်ဆံရေး လမ်းညွှန်ချက်" ပြည့်စုံလောက်ပါလိမ့်မည်။

# မေတ္တာလက်ဆောင်

## ငါး ရံ မင်း ပရိတ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

၁။ ပူရေန္တော ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တော မစ္ဆယောနိယံ။
အစရိ ဟိတဉ္စ ဉာတတ္တံ၊ မဟာမေဃံ ပဝဿယိ။

၂။ သက္ကေသု နိဂြောဓာရာမေ၊ ဝသန္တေန မဟေသိနာ။
သာရိပုတ္တဿထေရဿ၊ ဘာသိတံ တံဘဏာမ ဟေ။

၃။ ပုနာပရံ ယဒါ ဟောမိ၊ မစ္ဆရာဇာ မဟာသရေ။
ဥဏှေ သူရိယသန္တာပေ၊ သရေ ဥဒက ခီယထ။

၄။ တတော ကာကာ စ ဂိဇ္ဈာ စ၊ ကင်္ကာ ကုလလ သေနကာ၊
ဘက္ခယန္တိ ဒိဝါ ရတ္တိံ၊ မစ္ဆေ ဥပသနိ သီဒိယ။

၅။ ဧဝံ စိန္တေ သဟံ တတ္ထ၊ သဟဉာတီဟိ ပီဠိတော၊
ကေန နု ခေါ ဥပါယေန၊ ဉာတီ ဒုက္ခာ ပမောစယေ၊

၆။ ဝိစိန္တယိတွာန ဓမ္မတ္ထံ၊ သစ္စံ အဒ္ဒသ ပဿယံ။
သစ္စေ ဌတွာ ပမောစေသိံ၊ ဉာတီနံ ယံ အတိက္ခယံ။

၇။ အနုဿရိတွာ သတံ ဓမ္မံ၊ ပရမတ္ထံ ဝိစိန္တယံ။
အကာသိ သစ္စကိရိယံ၊ ယံ လောကေ ဓုဝသဿတံ။

၈။ ယတော သရာမိ အတ္တာနံ၊ ယတော ပတ္တော သ္မိ ဝိညုတံ။
နာဘိ ဇာနာမိ သဉ္စိစ္စ၊ ဧကံ ပါဏံ ပိ ဟိံသိတံ။
ဧတေန သစ္စဝဇ္ဇေန၊ ပဇ္ဇုန္နော သဘိဝဿတု။

၉။ အဘိတ္ထနယ ပဇ္ဇုန္န၊ နိဓိံ ကာကဿ နာသယ။
ကာကံ သောကာယ ရန္ဓေဟိ၊ မစ္ဆေ သောကာ ပမောစယ။

၁၀။ သဟကတေ သစ္စဝရေ ပဇ္ဇုန္နော အဘိဂဇ္ဇိယ။
ထလံ နိန္နဉ္စ ပူရေန္တော၊ ခဏေန အဘိဝဿထ။

၁၁။ ဧဝရူပံ သစ္စဝရံ၊ ကတွာ ဝိရိယ မုတ္တမံ။
သစ္စေန မေ သမော နတ္ထိ၊ ဧသော မေ သစ္စပါရမီ။
မစ္ဆရာဇပရိတ္တံ နိဋ္ဌိတံ။

## ဝါရဏ ပရိတ်တော်

(မြတ်စွာဘုရား၏ အာဝေဏိကဂုဏ်တော် ၁၈-ပါး)

၁။ ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

၂။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၃။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

၄။ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊ နတ္ထိ ဝီရိယဿ ဟာနိ၊ နတ္ထိ ဝိပဿနာယ ဟာနိ၊ နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

၅။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိ အပ္ဖုဋံ၊ နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ အဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ၊ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သက္ကတွာ သမ္မာသမ္ဗုဒ္ဓါနံ။

၆။ နတ္ထိ တထာဂတဿ ကာယဒုစ္စရိတံ နတ္ထိ တထာဂတဿ ဝစီဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ မနောဒုစ္စရိတံ၊ နတ္ထိ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ၊ နတ္ထိ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ၊ နတ္ထိ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ၊ နတ္ထိ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ ဣမံဓာရဏံ။ အမိတံ အသမံ ဆာဏ

သတ္တာနံ တာဏံ လေဏံ သံသာရဘယ ဘီကာနံ
အဂ္ဂံ မဟာတေဇံ။

၇။ ဣမံ အာနန္ဒ ဓာရဏပရိတ္တံ ဓာရေဟိ ဝါရေဟိ
ပရိပုစ္ဆာဟိ။ တဿ ကာယေ ဝိသံ န ကမေယျ၊
ဥဒကေန လဂ္ဂေယျ၊ အဂ္ဂိနုဍဟေယျ၊ နာနာဘယ-
ဝိဓေကော န စောဟာရကော န ဒွိဟာရကော န တိဟာ-
ရကော န စတုဟာရကော န ဥဇ္ဈတ္တကံ န မုဋ္ဌကံ။
မနုဿေဟိ အမနုဿေဟိ န ဟိံ သက္ကာ။

၈။ တံ ဓာရဏံ ယထာ ကတမေ၊ ဇာလော မဟာ-
ဇာလော ဇာလိနေတ္တ မဟာဇာလိ တ္တ၊ ပဒုဂ္ဂ မဟာ-
ပဒုဂ္ဂ၊ သမ္ပတ္တေ မဟာသမ္ပတ္တေ၊ ဘူဘင်္ဂမို တမင်္ဂလံ။

၉။ ဣမံ ခေါ ပနာနန္ဒ ဓာရဏပရိတ္တံ သတ္တ သတ္တတိ
သမ္မာသမ္ဗုဒ္ဓကောဋီဟိ ဘာသိတံ၊ ဝတ္တေ အာဝတ္တေ၊
ဂန္ဓဝေ အဂန္ဓဝေ၊ ငနာဒမ အဒနာမေ သေဓဝ
အဓသေဓဝ၊ ကာယေ အကာယေ၊ ဓာရဏေ အဓာ-
ရဏော၊ ဣလ္လိ၊ မိလ္လိ၊ တိလ္လိ၊ မိလ္လိ၊ ယောဇကွေ မဟာ-
ယောဇကွေ၊ ဘူဘင်္ဂမို တမင်္ဂလံ၊

၁၀။ ဣမံ ခေါ ပနာနန္ဒ ဓာရဏပရိတ္တံ နာနုဘိသာ
သမ္မာသမ္ဗုဒ္ဓကောဋီဟိ ဘာသိတံ၊ ဒိဋ္ဌိလာ ဒဏ္ဍိလာ
မန္တိလာ ရောဂိလာ ခရလာ ဒုက္ခိလာ။
ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

ဓာရဏပရိတ္တံ နိဋ္ဌိတံ။

## ကပ္ပိယကုဋိ သမုတ်ပုံ

ယာဝ၊ ယာမကာလိက နှစ်ပါးကို သိုမှီးထားသော်လည်း အပြစ်မှ လွတ်စေခြင်းငှာ ကပ္ပိယကုဋိလေးမျိုးကို ဘုရားရှင်က ခွင့်ပြုအပ်ပေသည်။

## ကပ္ပိယကုဋိ လေးမျိုး

၁၊ ဥဿာ ဝနန္တိကာ ကပ္ပိယကုဋိ=ရှေးဦးစွာ စိုက်ထူအပ်သော သံဃိက, ပုဂ္ဂလိက ရဟန်း ပိုင် တိုင်ကို ရဟန်းက ကိုင်လျက် "ကပ္ပိယ ကုဋိ ကရောမ" ဟု ဆို၍ ချပါ။ စကားအဆုံးနှင့် တိုင်အကျ ညီပါစေ။ (ရဟန်းတစ်ပါးတည်း မ မနိုင်လျှင် လူ ရဟန်း ဝိုင်း မ ပါ။)

၂။ ဂေါနိသာဒိကာ ကပ္ပိယကုဋိ=အကာ၊ စည်းရိုး ဝန်းကျင် မတ်လည် ထက်ဝက်မျှ မပြည့်သော ကျောင်း။

၃။ ဂဟပတိ ကပ္ပိယကုဋိ =လူ ဒကာများက "ကပ္ပိယ ကုဋိ ဒေမ" ဟု ဆို၍ လှူသော ကျောင်း။

၄။ သမ္ဘုတိ ကပ္ပိယကုဋိ — ဉတ္တိ ဒုတိယ ကမ္မဝါစာဖြင့် သီးသန့် သမုတ်သော ကျောင်း၊

အားဖြင့် ကပ္ပိယကုဋိ လေးမျိုးရှိပါသည်။

ထို ၄-ပါးတို့တွင် သမ္ဘုတိ ကပ္ပိယကုဋိသမုတ်ပုံ

ကမ္မဝါစာမရွတ်မီ ထိုကျောင်းသည် ဂါမခေတ်၌တည်အံ့၊ ထိုဂါမခေတ်ရှိ ရဟန်းများကို သုတ်သင်အပ်၏၊ အနည်းဆုံး ရဟန်း ၄-ပါး ကျောင်းပေါ်၌ လည်းကောင်း၊ ကျောင်း၏ ဟတ္ထပါသ်၌ လည်းကောင်း နေ၍ ကျောင်းအမည်ဖြင့် ကမ္မဝါစာဖတ်ပါ။ ကျောင်းကို ပထမဦးစွာ (ဇေတဝန, ဝေဠုဝန) စသည်ဖြင့် နာမည်မှည့်ပါ။

ဉတ်။ ။သုဏာတု မေ ဘန္တေ သံဃော ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော (ဇေတဝနံ) ဝိဟာရံ ကပ္ပိယ ဘူမိံ သမ္မန္နေယျ။ ဧသာ ဉတ္တိ။

ကမ္မဝါစာ။ ။သုဏာတု မေ ဘန္တေ သံဃော။ သံဃော (ဇေတဝနံ) ဝိဟာရံ ကပ္ပိယဘူမိံ သမ္မန္နတိ။ ယဿာ ယသ္မတော ခမတိ (ဇေတဝနဿ) ဝိဟာရဿ ကပ္ပိယ-ဘူမိယာ သမ္မုတိ၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

နိဂုံး။ ။သမ္မတာ သံဃေန (ဇေတဝနော) ဝိဟာရော ကပ္ပိယဘူမိ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝ မေတံ ဓာရယာမိ။

# အာသီသ

ယမန်နှစ်က တပေါင်းလတွင် “စိတ်၏ဖြေရာ” စာအုပ်ကို ရေးသား ထုတ်ဝေခဲ့ပါသည်။ လောကသားတို့၏ သောကပရိဒေဝတို့ကို သိမ်းဆည်းနိုင်၍ အေးမြသောဘဝကို ရနိုင်ကြပါစေဟု ဆန္ဒမွန်ဖြင့် ဖြစ်ပါသည်။

စာဖတ်ပရိသတ်များက မိမိတို့သည် ဤစာအုပ်ကို ဖတ်ရှုရ၍ စိတ်ချမ်းသာမှု ရကြပါကြောင်း သတင်းကောင်း များကို စာဖြင့်လည်းကောင်း, လူကိုယ်တိုင်လည်းကောင်း အကြောင်းကြားကြသဖြင့် ဝမ်းသာရပါသည်။

ယခု တစ်ဖန် ကျောင်းထိုင်ပျိုနု အခြေပြု ရဟန်းတော်များ အဖို့ အထူးရည်စူးလျက် ကျောင်းထိုင်ရေးရာ အဖြာဖြာကို လွယ်ကူစွာဆောင်ရွက်နိုင်စေခြင်းငှာ ဤမည်သော “ကျောင်းထိုင်ဘုန်းကြီး ရေးရာ ပဒေသ” စာအုပ်ကိုရေးသားလိုက်ရခြင်း ဖြစ်ပါသည်။ ဤစာအုပ်သည် စာရေးသူ၏ လုံးချင်းစာအုပ်များတွင် ဆဋ္ဌမမြောက် ဖြစ်ခဲ့ပါပြီ။ စာအုပ် ရေးသားခြင်းဖြင့် ကျမ်းပြုဆရာဟူသော ဘွဲ့ကိုမျှော်လင့်ခြင်း မဟုတ်ပါ။ မိမိကိုယ်ကိုလည်း ကျမ်းပြုဆရာဟု ယခုထိ မထင်မှတ်မိသေးပါ။

မိမိကို မိဘ ဆရာသမားများသည် ငယ်စဉ်ကစ၍ ယနေ့ကျအောင် လောကီရေးရာ၊ လောကုတ္တရာရေးရာ အဖြာဖြာတို့ကို သင်ကြားလိမ္မာစေခဲ့ပါ၏။ လောကကြီးကလည်း ထိုသည့်ရေးရာ အဖြာဖြာတို့ကို သိစေ မှတ်စေ သင်ကြားဘတ်မြောက်စေခဲ့ပါ၏။ မိမိ သင်ကြားသည်းပူး၍ ရခဲ့သမျှ သိမှတ်ဖွယ်ရာ အဖြာဖြာတို့မှာ တကယ် စင်စစ်အားဖြင့် ဆိုရလျှင် အံနန္တကောင်းကင်အလယ်မှ မှိတ်တုတ်မှိတ်တုတ် လင်းနေရှာသော ကြယ်ငယ်ကလေးတစ်လုံးမျှသာ ရှိပါသေးသည်။ မိမိ ရရှိခဲ့သည့် ထိုပမာဏကလေးကိုပင် လောကသားတို့အား ထပ်ဆင့်ဝေငှ ပေးလိုသော ဆန္ဒမျှသာ ဖြစ်ပါသည်။

ငွေလမင်းကြီး ထင်းထင်းထိန်ဝါ သာနေသော လပြည့်ညများ၌ မှိတ်တုတ်မှိတ်တုတ် ကြယ်ရောင်ကလေးများကို ခရီးသည်အဖို့ အားကိုးပြုစရာ မလိုပါ။ သို့ပါသော်လည်း ငွေလမင်းကြီး ထင်းထင်းသာသော ညဥ့်များချည်း ဤလောက၌ ရှိရိုးမဟုတ်ခဲ့ပါ။ လသာသော ညဥ့်များသက် လမိုက်သော ညဥ့်များကသာလျှင် ဤလောကဝယ် ပိုများပါသည်၊ ထိုလမိုက်ညဥ့်များ၌ ခရီးသွားရသူတို့အတွက် ဤစာအုပ်ဘည်းဟူသော မှိတ်တုတ်မှိတ်တုတ် ကြယ်ရောင်ကလေးက အလင်းရောင် ထွန်းပြုပါစေ၊ စာရေးသူ၏ ဆန္ဒက ဤမျှသာ ဖြစ်ပါသည်။ တကယ်တော့ မှိတ်တုတ်မှိတ်တုတ် ကြယ်ရောင်ကလေးများကို အားပြု၍ခရီးသွားကြရသော ခရီးသည်များသာလျှင် ဤလောကဝယ်ပို၍များကြသည် မဟုတ်ပါလား။

ညဥ့်အမှောင်တွင်ကြယ်ရောင်တစ်ပွင့်ထွန်းပစေရန်အားပေးကြသော လုပ်အား ကူညီကြသော တပည့်ဖြစ်သူ ဦးနန္ဒိမာအရိယာမဏ္ဍိုင်ကျောင်း၊ ရန်ကုန် နှင့် တက္ကအောင်ဗိမာန်ပုံနှိပ်တိုက်ပိုင်ရှင်အဘ အတုလဆရာအောင်အားလည်းကောင်း၊လင်္ကာလောကတိုက်ပိုင်ရှင်ဦးညွန့်လွင်-ဒေါ်လှလှ မိသားစုအားလည်းကောင်း၊ ဒေါ်တင်တင်အေး မိသားစု၊ တင်တင်အေးပိဋကတ် စာအုပ်ဆိုင် (ရွှေတိဂုံဘုရား တောင်ဘက်မုခ်) အားလည်းကောင်း၊ ဦးသိန်းအောင် မိသားစု (နှပ်မဟာက်ရိတ်သာ၊ ရန်ကုန်) အားလည်းကောင်း၊ စာရေးသူ၌ အားလပ်ချိန်မရလွန်းသဖြင့် ပရူဖတ်ရန် စာပြင်ရန် ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ပေးသော ဆရာဦးကျော်ဟန် (ဓမ္မာစရိယ ပါဠိပါရဂူ) အားလည်းကောင်း၊ အထူးပင် ကျေးဇူး တင်အပ်ပါကြောင်း ဖော်ပြလိုပါသည်။

# နိဂုံး

* သုသိဒ္ဓိတော အယံ ဂန္ထော၊ သမ္ပုဏ္ဏော သုဒ္ဓနိဋ္ဌိတော။
သာသနံ စိရဋ္ဌိတာယ၊ အန္တရာယ ဝိဒသာခယံ။

* ပုညေနာနေန စဒေညနှ၊ ပပ္ပေယျံ ဥဇုကံ သိဝံ။
သံသာရေ သံသရေန္တောပိ၊ ကာယ စိတ္တသုခိ ဘခေ။

* ပတိရူပ ပဒေသေ စ၊ သဒ္ဓေ ကုသလ ဇာတိယာ။
သန္တာ ကာယဝါစာ စိတ္တာ၊ သမေယျံ သနုရာမနံ။

* ဗာလံ န သေဝေ န သုဏော၊ န စ ဗာလေ န သံဝသေ။
ဗာလေ နာလပ သလ္လာပံ၊ န ကရေန စ ရောစယေ။

* မိရံ ပသေဝ သုဏောမိရံ၊ ဓိရေန သဟ သံဝသေ။
ဓိရေနာလာပ သလ္လာပံ၊ တံ ကရေ တဒူ ရောစယေ။

## အမျှဝိဒသ ရပါစေ

ကြိုးစားပြုစု မြတ်ကောင်းမှုကို
ကွယ်လွန်လေပြီးသော မွေးသမိခင်
အနန္တဂုဏ်အင် ကျေးဇူးရှင်
မေတ္တာသခင် (မယ်တော် ဒေါ်ကေလေး) အား
လည်းကောင်း၊
မွေးသမိခင်နှင့် အလားတူသော
အဘွား ဒေါ်ကြင်းရေ၊ ဒေါ်စိန်ပွင့်တို့အားလည်းကောင်း
အမျှဝိသေ ရပါစေကြောင်း
မေတ္တာရေ စွေကာလောင်းပါ၏။

# ဆရာတော် ရေးသော အခြားရနိုင်သည့် စာအုပ်များ

၁။ ဂါထာတစ်ထောင်–ပထမတွဲ

၂ ။ –ဒုတိယတွဲ

၃။ စိတ်၏ဖြေရာ

ဤကျမ်းစာအုပ်တွင် -

ရဟန်းတော်များ၏ အရေးအရာနှင့် ပတ်သက်၍ ကံကြီးကံငယ် အသွယ်သွယ်ကို ဆောင်ရွက်ပုံ နည်းမျိုးစုံနှင့် ရဟန်းခံ ရှင်ပြု၊ တရားဟော၊ ရေစက်ချ၊ သီလပေး၊ ပရိတ်ရွတ်နည်းများပါမကျန်၊ ရဟန်းကိစ္စ ဟူဟူသမျှ စုံလင်စွာ ပြုစုထားသဖြင့် "ပဒေသာ" ဟူသောနာမည်နှင့် ကိုက်ညီလှကြောင်းကို တွေ့ရသည်။

ကျောင်းထိုင်ရဟန်းတော်ကြီးငယ်များ လက်စွဲ၍ အမြဲသွားလေရာရာ ဆောင်သွားပါက "ဣန္ဒြာသယ" လိုတရရွှေအိုးကို ဆောင်ထားဘိသကဲ့သို့ လိုရာလိုရာ လွယ်ကူစွာ ကောက်ယူသုံးစွဲနိုင်သောကြောင့် "ကျောင်းထိုင်ဘုန်းကြီးလက်စွဲ" ဟူသော နာမည်နှင့်လည်း ကိုက်ညီလှသည်ကို တွေ့ရသည်။

တကယ်စင်စစ်မူကား ကျောင်းထိုင်သည် ဖြစ်စေ၊ မထိုင်သည် ဖြစ်စေ ရဟန်းတော်မှန်သမျှ လက်စွဲပြုရမည့် "ရဟန်းတော်များ လက်စွဲကျမ်း" ဖြစ်သည်။

ဝိပဿနာ တရားတော်များကို စကားပြေဖြင့် တစ်မျိုး၊ သာကေ ပါဠိပါဋ္ဌိများဖြင့် တစ်ဖုံ စုံလင်စွာ ဟောပြသည့် အခန်းပါဝင်နေပြန်သဖြင့် ရဟန်းတင်မက ယောဂီမှန်သမျှ အသုံးကျသည့်ကျမ်းလည်း ဖြစ်နေသည်ကို တွေ့ရပြန်သည်။

ထို့ကြောင့် ဤကျမ်းကို ရဟန်းရှင်လူ မည်သူမဆို လက်စွဲပြုသင့်သည့် "ဓမ္မဝိနယပဒေသာ လက်စွဲကျမ်း" ဟု အမည်ကင်ပွန်း ထပ်ဆင့်လွှမ်း၍ ပေးသင့်ကြောင်း တွေ့ရသည်။